www.burmeseclassic.com

ဂျူး

# တိမ်နဲ့ညှိတဲ့ကြိုး

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဒေလှကားထစ်တွေပေါ်မှာ
လမ်းမတွေပေါ်မှာ
ရှုပ်တိုက်ပြေးလွှားနေတဲ့
သစ်ရွက်ကြွေတွေကို မင်းမမြင်ဘူးလား။
သူတို့ ပြန်ပြီးစိမ်းလန်းနိုင်လေဦးမလား။

၁

အနွေးထည်သုံးထည်၊ အဝတ်အစား လေးငါးစုံနှင့် တောင်တက်ရန် သင့်တော်မည့်အားကစားဖိနပ်တစ်ရံ၊ စိတ်ကျဝေဒနာအတွက် ဆေးကဒ်ပေါင်းသုံးဆယ်။ လက်နှိပ်ဓါတ်မီး၊ ဓါတ်ခဲရေဒီယိုတစ်လုံး၊ နားကြပ်ဖြင့်နားထောင်ရသည့် ခရီးဆောင်စီဒီ ဓါတ်ပြားဖွင့်စက်တစ်လုံးနှင့် အကြိုက်ဆုံးဓါတ်ပြားဆယ့်လေးငါးချပ် စသည်တို့ပါဝင်သော ခရီးဆောင်အိတ်တစ်လုံးကို သယ်ဆောင်၍ ကလေးမြို့သို့ နံနက်ဆယ့်တစ်နာရီခွဲလောက်မှာ ငွေဝန်းသော်တာ ရောက်လာခဲ့သည်။

မျက်နှာသို့ လာရောက်တိုက်ခတ်လိုက်သောလေက ပူနွေးလွန်းပါလား။ ရန်ကုန်မှာတုန်းက မိုးမပြတ်ရွာနေခဲ့သဖြင့် လိုရမည်ရ ဟုဝတ်လာခဲ့သော ဂျင်းဂျက်ကက်ကို ချွတ်ပစ်လိုက်ရ၏။ ရင်ထဲက အပူကိုများ ပိုသက်သာစေမလား။

လေဆိပ်က မြို့ထဲမှာ။ လေဆိပ်နှင့် မျက်နှာချင်းဆိုင် တောင်ဇလပ်ဟိုတယ်သို့ လမ်းဖြတ်ကူးလိုက်ရုံနှင့်ရောက်ပါသည်။

တောင်ဇလပ် ဟူသောနာမည်က သူမကို စိတ်ဝင်စားလာသိုင်း

www.burmeseclassic.com



မှိုင်းစေသည်။ ထိုနာမည်သည် ငွေဝန်းအတွက် ဒဏ်ရာတစ်ခုလိုပင် ဖြစ်သည်။ သည်နာမည်ကို ရှေ့ဆက်ပြီး အကြိမ်ပေါင်းများစွာကြားရတော့မည်။ ထို့ပြင်ညွတ်နူးလွမ်းမောဖွယ်ရာ လှပသော အဖြူအနီတောင်ဇလပ်တို့ကို မြင်ရပေဦးမည်။

သူမ ရှေ့ခရီးဆက်ဖို့ ကားငှားပေးသည့်ကိစ္စကို ညော့်ကြိုဌာနက မေတ္တာဖြင့် ဆောင်ရွက်ပေးမည်ဆိုတော့ ဟိုတယ်သို့ ငွေဝန်းဝင်ကိုဝင်ရပါသည်။

ကားငှားပေးထားသည်။ သည်ကနေ့ပင် ခရီးဆက် ထွက်နိုင်ပြီ။

'အစ်မ ဟားခါးကို ကားကြုံလိုက်ချင်တဲ့သူတစ်ယောက် ရှိတယ်။ ကားခကျသင့်ငွေကို တစ်ဝက်စိုက်ပါမယ် တဲ့'

ညော့်ကြိုစာရေးမလေးကတော့ ကူညီလိုက်သည့် မျက်နှာထားမျိုးပဲ၊ ငွေတစ်သိန်းကိုးသောင်းမှ တစ်ဝက်တိတိ သက်သာရာရပြီးကိုးသောင်းခွဲပဲ ကုန်ကျတော့မည့်အဖြစ်ကို ဘယ်သူမဆို ကြိုဆိုမှာပဲဟု တွက်ထားပုံရသည်။ ဒါပေမဲ့ သူမ မသိသေးတာက ငွေဝန်းအတွက်က ငွေသက်သာဖို့ထက် အဖော်မပါဖို့ ပို အရေးကြီးသည်။ ဘာဖြစ်လို့လဲ ဆိုတော့ နွမ်းနယ်နေသောစိတ်ကို ဟန်ဆောင်လျက် လောကဝတ်စကားများ ပြောနိုင်လောက်အောင် အင်အားမရှိသောကြောင့်ဖြစ်၏။

ငွေဝန်းသည် အမျိုးသမီးလေးကို ရုတ်တရက် ဘာပြောလိုက်ရမှန်းမသိ။ ငြင်းလိုက်ဖို့ စကားလုံးကို ရွေးနေသည်။

အနီးမှာ အိတ်နှစ်လုံးဘေးချလျက် ရပ်နေသူတစ်ယောက်။ သူပဲဖြစ်မည်။ ငွေဝန်း အကဲခတ်ကြည့်လိုက်သည်။

အသက်အစိတ်နှင့်သုံးဆယ်ကြားဟု ခန့်မှန်းရသည့် လူငယ်တစ်ယောက်။ ပိန်ပိန်သွယ်သွယ်၊ အနည်းငယ်ကိုင်းသည့် ကိုယ်ဟန်အနေအထားဖြစ်သည်။ နိုင်ငံခြားဖြစ်မှန်းသိသာသည့် ‹စပို့ရှပ်အဖြူလက်တိုနှင့်။ သူ့ပခုံးမှာ ကင်မရာတစ်လုံးလွယ်ထားသည်။



'ကျွန်တော့်နာမည် ပိုပဲမုံး မေ့ခေါ်ပါတယ်ခင်ဗျာ'

သူက ခေါင်းကိုညွတ်လျက် သူ့ကိုယ်သူမိတ်ဆက်သည်။ ယဉ်ကျေးဖွယ်ရာဟန်ဖြစ်ပေမယ့် သူ့မျက်နှာမှာတည်တည်။ သူ့ကိုယ်သူ ယုံကြည်မှုအပြည့်ရှိသလိုပဲ။

'ကျွန်တော် အစ်မငှားထားတဲ့ကားကို မျှပြီးသုံးပါရစေ။ ကျွန်တော် ဟားခါးကို ဒီကနေ့ပဲ ရောက်အောင်သွားချင်ပါတယ်၊ ကျွန်တော်က မြန်မာဘိုင်အိုဒိုင်ဗာစီတီပရောဂျက်အတွက်လာခဲ့ရတဲ့ ဖိုတိုဂျာနယ်လစ်စ်(တ်)ပါ'

'ဆောရီး'

ငွေဝန်းသော်တာ ခပ်အမ်းအမ်းပြုံးလျက် ငြင်းလေသည်။

'ကိုယ်က တစ်ယောက်တည်းပဲ ခရီးသွားချင်တယ်'

လူငယ်က အနည်းငယ် မျက်နှာပျက်သွားသည်။ ရှေ့သို့ ခြေ တစ်လှမ်းတိုးလိုက်၏။

'အစ်မ၊ ကျွန်တော်တောင်းပန်ပါတယ်နော်။ ကျွန်တော့်အတွက်က တစ်ရက်ဆိုတစ်ရက် အချိန်ကအရေးကြီးနေလို့ပါ အစ်မရယ်။ ကျွန်တော့်ကို ကူညီပါနော်'

ငွေဝန်း၏ မျက်လုံးတွေ စူးတောက်သွားသည်။

'ကိုယ့်အတွက်တော့ တစ်ရက်လည်းအရေးမကြီး နှစ်ရက်လည်း အရေးမကြီးပါဘူး။ ဒါပေမဲ့ ခရီးသွားတဲ့အခါ တစ်ယောက်တည်းသွားရဖို့တော့အရေးကြီးတယ်'

သူမ တစ်ချက်ပြုံးလိုက်ပြီး လှည့်ထွက်လိုက်သည်။

'ဒီတော့ ကိုယ် မကူညီနိုင်တဲ့အတွက် စိတ်မကောင်းပါဘူး'

'အစ်မ'

ဟိုတယ်ညော့်ခန်းအဝင်က လှေကားထစ်များကို ငွေဝန်းဆင်းနေချိန်တွင် နောက်မှ လူငယ်၏ခေါ်သံကို ကြားရသည်။ လှည့်ကြည့်လိုက်တော့ သူအပြေးလိုက်လာသည်။

'အစ်မ၊ ကျွန်တော် တစ်ခုပြောပါရစေနော်'

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးသည် မျက်မှောင်ကြုတ်လိုက်သော်လည်း ရပ်ပြီး နားထောင်ပေးသည်။

'တစ်ယောက်သွားလည်း ဓါတ်ဆီက ဒီပမာဏပဲ ကုန်မှာ၊ နှစ်ယောက်သွားလည်း ကားတစ်စီးရဲ့ ဓါတ်ဆီကုန်မယ့် ပမာဏက ဒီလောက်ပဲ။ ဒီတော့ နှစ်ယောက်အတွက် ကားနှစ်စီးနဲ့ လောင်စာဆီ နှစ်ဆ ဖြုန်းတီးမယ့်အစား ခွေ့တာလိုက်ရင်မကောင်းဘူးလား အစ်မ ရယ်'

အလို။ သူကများ ရာရာစစ ငါလိုမိန်းမကို လောင်စာဆီ ထိန်းသိမ်းရေးတရားတွေ လာ ဟောရတယ်လို့။ လောင်စာဆီနှစ်ဆ ကုန်တော့ ဘာအရေးလဲ။ ကမ္ဘာကြီးမှာ လောင်စာဆီတွေ ကုန်ခန်းသွား တော့ကော ဘာအရေးလဲ။

'လောင်စာဆီတွေကို ဘယ်သူကအရေးစိုက်နေမှာလဲ'

'အစ်မများ စိတ်လည်မလားလို့ တတ်သမျှ မှတ်သမျှ နည်းတွေနဲ့ စည်းရုံးကြည့်တာပါ အစ်မရယ်'

သူ ပြုံးလျက်ပြောသည်။ သူ့အပြုံးက အသက်မပါလှ။

သူမ ကားဆီသို့ လျှောက်သွားလိုက်သည်။ သူ လေ့ကား ထစ်တွေပေါ်မှာ ကျန်ရစ်ခဲ့၏။

လောင်စာဆီခွေ့တာဖို့ အကြောင်းပြချက်ကတော့ ကြောင် လွန်းပါသည်။ တခြား အကြောင်းပြချက်ဆိုလျှင် နားထောင်လို့ကောင်း ဦးမည်။ ဥပမာ ကျွန်တော့်အနေနဲ့ တစ်သိန်းကိုးသောင်းဆိုတဲ့ ငွေကြေး ပမာဏက များလွန်းလို့ပါ။ ကျွန်တော်မျှပြီး တစ်ဝက်ပဲ စိုက်ပါရစေ၊ ကျွန်တော့်ကိုလိုက်ခွင့်ပေးပါ ဆိုတာမျိုး။

ကားမောင်းသမားလေးဖွင့်ပေးထားသော နောက်ခန်းကား တံခါးမှ ဝင်လိုက်ပြီးသည့်နောက် ငွေဝန်းသော်တာသည် နောက်သို့ တစ်ချက် ပြန်လှည့်ကြည့်လိုက်သည်။ လှေကားထစ်ပေါ်မှာ စိတ်ပျက် လက်ပျက် ထိုင်ချလိုက်သောလူငယ်ကို တွေ့ရသည်။ သူ့ကြည့်ရ



သည်မှာ ငြင်းပယ်ခံလိုက်ရလို့ အောင့်သီးအောင့်သက် ဖြစ်နေသလိုလို မကျေမချမ်း ဖြစ်နေသလိုလို။

အို ဘာကို ဂရုစိုက်ရမှာလဲ။

ကားစက်နှိုးလိုက်သည့်အခါ ငွေဝန်းက ကားမှန်ပြတင်းကို ချလျက် သူ့ထံသို့ ခေါင်းပြူကြည့်လိုက်သည်။

'ဟေ့'

သူမ၏အသံကြောင့် သူ ပြန်၍ခနဲမော့ကြည့်လိုက်၏။ သူမ သိသည်။ သူ့အကြည့်မှာ မျှော်လင့်မှုတစ်ခုပါသည်။ သူမများ ထွက် ခွာခါနီးမှာ စိတ်ပြောင်းသွားသလားဟူသည့် အားတက်သရော အမူ အယာကို သူ့မျက်နှာတွင် အသေအချာမြင်လိုက်ရသည်။

'မင်းရဲ့အချိန်က တစ်ရက်ဆိုတစ်ရက် အရေးကြီးတယ် ဆိုရင် နောက်တစ်ခါ ဘယ်ခရီးကိုပဲသွားသွား၊ စနစ်တကျ ကြိုကြို တင်တင်စီစဉ်ပြီးမှသွားပေါ့၊ ဟုတ်လား'

ထိုစကားကို အထက်ဆီးက ပြောလိုက်ပြီးသည့်နောက်တွင် သူမ ကျေနပ်သွားသည်။

လူငယ်၏မျက်လုံးများလက်ခနဲ စူးရှတောက်ပသွားသည်။

'ကျွန်တော် ကြိုတင်စီစဉ်ပြီးမှလာတာပါအစ်မ။ ဒါပေမယ့် ကျွန်တော် မှာထားတဲ့ကားက ဒီမနက်မှ အတင်းအကြပ် အကူအညီ တောင်းတာကို ပါသွားတယ်။ ကျွန်တော့်အစီအစဉ်တွေ ပျက်ကုန်တာ ပေါ့။ ဒါက ဒီနိုင်ငံမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ သဘာဝလေ။ ကျွန်တော်တို့ ဘာမှမတတ်နိုင်ဘူး'

ထိန်းချုပ်ထားသော ခပ်ရှရှလေသံဖြင့် သူပြောသည်။

ငွေဝန်း ပခုံးကိုအသာတွန့်လိုက်သည်။ စိတ်မကောင်းပါ

တောင်ဇလပ်ဟိုတယ်မှ ကားကလေးထွက်ခွာလာချိန်တွင် သူမသည် နည်းနည်းမျှ ဆက်လက် မမျိုသိပ်နိုင်တော့။ လက်ဆွဲ အယ်လ်ဘမ်စာအုပ်ကို ဖွင့်လိုက်သည်။

ပထမဆုံးအယ်လ်ဘမ်စာမျက်နှာ။

www.burmeseclassic.com

www.burmeseclassic.com



ဖြူလွလွတိမ်တွေက တောင်ခါးပန်းတွင် ပတ်လည်ဝိုင်းရံလျက် ပြာလဲ့စိမ်းမှောင်ကာ မှုန်မှိုင်းနေသည့် ချင်းတောင်တန်းကြီး။

ရင်ထဲမှာ လှုပ်ခတ်တုန်ရီသွားသည်။ တော်ပြီ၊ ချင်းတောင်စဉ်တောင်တန်း၏မြင်ကွင်းထက်လွန်ပြီး မလှန်ဖြစ်၊ သည်နေရာမှာပဲ ရပ်ပစ်လိုက်သည်။ သိပ်မကြာမီမှာ သည့်နောက်မှာရှိသည့်ဓါတ်ပုံတွေကို သူမ ကြည့်နိုင်ပါလိမ့်မည်။

အဲသည်တောင်တန်းကြီး၏ တစ်ခုသော ကမ်းပါးယံတွင် လွန်ခဲ့သည့်ဆယ့်ခြောက်နှစ်က မိန်းကလေးတစ်ယောက် မတ်တတ်ရပ်နေခဲ့ဖူးသည်။

အဲဒါ ဓါတ်ပုံမဟုတ်။

မိန်းကလေး၏အဝတ်အစားများသည် မညာမတာ တိုက်ခတ်လျက်ရှိသော ကြမ်းတမ်းအေးခဲသည့်လေဖြင့် အရှိန်ပြင်းပြင်း လွင့်ပါနေခဲ့ဖူးသည်။

အဲဒါ ဓါတ်ပုံထဲမှာမပါ။

မိန်းကလေးသည် တောင်ကမ်းပါးစွန်း၏အောက် ချောက်ထဲသို့ အချိန်ကြာမြင့်စွာ ငုံ့ကြည့်နေခဲ့သည်။

ဓါတ်ပုံထဲမှာမပါ။

နောင်တတွေ တုန်လှုပ်မှုတွေ...

ငါးမိနစ်၊ ဆယ်မိနစ်၊ ဆယ့်ငါးမိနစ်...

လောကကြီးတစ်ခုလုံးတိတ်ဆိတ်နေခဲ့သည်။

ဟောသည်အယ်လ်ဘမ်ထဲမှာမပါ။

◆



ဒို့ရဲ့ငယ်ဘဝအိပ်မက်တွေ
မပြည့်ဝသေးဘူးလား?
ဒီမနက်ခင်း နှင်းတွေလို...

၂

ပေ၅၀၀၀ အမြင့်သို့ ပြန်ရောက်လာပြီဖြစ်၍ တောင်အတက်ကားလမ်းသည် ကျဉ်းမြောင်းကာ ကြမ်းတမ်းလာသည်။ တစ်ဘက်မှာက မြင့်မားသီခေါင် တောင်ကမ်းပါးယံကြီး၊ ကားလမ်းကျဉ်းကျဉ်း၏အခြားဘက်မှာက မတ်စောက်လှသည့် ချောက်ကမ်းပါးကြီး။ ထိုနှစ်ခုအကြားတွင် ကားလေးသည် မြေစိုင်မြေခဲများ ကျောက်တုံး ကျောက်ခဲများကို ရှောင်ကွေ့လျက်တက်နေရသည်။

ရာသီဥတုသည် ရုတ်ချည်းပင် ပြောင်းလဲလာခဲ့ပြန်ပြီ။ ပူနွေးသည့် လေက အောက်ဘက် ဗားရဲချောင်းချိုင့်ဝှမ်းဆီမှာ ကျန်ရစ်ခဲ့ပြီး အေးစိမ့်သောလေဆီသို့ ပြန်ရောက်လာခဲ့ပြီ။

တောင်ကမ်းပါးယံတို့တွင် တွယ်ကပ်နွယ်ပင်တွေကို တိုးလိုးတွဲလောင်း မြင်နေရသည်။ ပတ်ဝန်းကျင်သည် တိမ်အုံ့ဆိုင်းကာမှောင်လာလိုက်၊ နေရောင်ဖြာကာ လင်းလာလိုက်။ ကျောက်တောင်နံရံကြီးသည် မဲမှောင်လာလိုက်၊ စိမ်းညို့သွားလိုက်။

ပိုင်စိုးသည် မိမိငှားလာသောကားတွင် ချင်းအဘိုးကြီး

www.burmeseclassic.com



တစ်ယောက်နှင့် ချင်းကောင်မလေးတစ်ယောက်ကို ခရီးကြုံခေါ်တင်လာခဲ့၏။ သူတို့နှစ်ယောက်က အသိတွေတော့မဟုတ်။ ဖလမ်းချင်းနှင့်ဟားခါးချင်းမို့ စကားလည်း နည်းနည်းတော့ကွာသည်။ တစ်ခွန်းစနှစ်ခွန်းစသာ စကားပြောပြီး တော်တော်ကြာကြာ ငြိမ်သက်နေကြ၏။ ကားမောင်းသူ ကိုသန်းလင်းက ချင်းမဟုတ်သော်လည်း ချင်းကိုသဘောကျဟန်တူသည်။ သီချင်းဖွင့်တာကို ချင်း အဆိုတော်၏သီချင်းကို ရွေးဖွင့်လေသည်။

တွန်းဇံမြို့သား ထွဏ်းခမ် တဲ့။ ပျောက်ဆုံးဝိညာဉ် ဟူသောတေးစီးရီးစ်ဖြစ်သည်။

ပိုင်စိုးက သီချင်းကို ယခုမှကြားဖူး၏။ ပါလာသည့် ချင်းမလေးကတော့ လိုက်ညည်းနေသည်။

လမ်းတွေက တော်တော်ကျဉ်းသည်။ တချို့နေရာတွေမှာ ကားလမ်းသည် ဆယ်ပေတောင်ကျယ်မည်မထင်။ ကားတစ်နံ ဘီးနှစ်ဘီးချနိုင်ရုံသာသာပဲ ရှိမည်။ မြင်ကွင်းမှ ကားလမ်းဘေးအနားသတ်က ပျောက်ပျောက်သွားပြီး ကားဘီးက ချောက်နှုတ်ခမ်းကိုဟိုဘက်ထိလွန်သွားပြီဟုထင်ရတာ ခဏခဏ။

တစ်ခါတစ်ခါ တောင်ကမ်းပါးယံဆီသို့ ဦးတည်ပြီး ကားကမောင်းသွားနေသလိုလို၊ တောင်အကွေ့ကွေ့ခါနီးတွင်လည်း ကားလမ်းကို မမြင်ရ။ ချောက်ထဲသို့ ထိုးစိုက်ချပစ်လိုက်တော့မလိုလို ထင်ရသည်။ တောင်ပေါ်လမ်းများတွင် ကားမောင်းရသည်မှာ အတွေ့အကြုံက တော်တော်အရေးကြီးလိမ့်မည်။

ချိုင့်ဝှမ်းလွင်ပြင်ရယ်လို့မရှိ၊ တစ်ခုပြီးတစ်ခု မြင့်တက်သွားသော တောင်စဉ်တောင်တန်းများသည် ဓါတ်ပုံသမားတစ်ယောက်မျက်စိမလွှဲနိုင်လောက်အောင် လှပလေသည်။ အနီးမှာလည်းတောင်၊ ခပ်ဝေးဝေးမှာလည်းတောင်၊ တောင်၏ဟိုမှာဘက်ကလည်း တောင်။



တောင်နံရံမှာ အဖြူရောင်တိမ်ငွေ့တိမ်တန်းများခြံရံလျက် စိမ်းစိုညို့မှိုင်းသော မြင့်မားသော တောင်တန်းကြီးများသည် အံ့မခန်း မြင်ကွင်းဖြစ်သည်။

ပိုင်စိုး၏ဘဝတွင် ခုနစ်တန်းအရွယ်မှစပြီး ကင်မရာကို ကိုင်ဖူးခဲ့သည်။ မေမေက အလှပြင်ဆိုင်နှင့်တွဲလျက် ဓါတ်ပုံဆိုင်ဖွင့်ထားသဖြင့် မေမေ့ကို ပိုင်စိုးက အမြဲကူညီရသည်။ အများအားဖြင့်တော့ လိုင်စင်ဓါတ်ပုံနှင့်အလှဓါတ်ပုံများဖြစ်သည်။

ဓါတ်ပုံရိုက်သည့်အခါ မေမေ့ဖောက်သည်များက မျက်နှာကိုဖွေးနေမှကျေနပ်သည်။ မီးတွေကို ရှေ့ရောဘေးရောမှ ထိုးလျက်အလင်းရောင်များများနှင့် ရိုက်ပေးတာကိုသဘောကျသည်။ ပိုင်စိုးကသဘာဝအလင်းဖြင့် ရိုက်ရသည့်အရသာကို နှစ်သက်သည်။ မေမေ့ဆိုင်တွင် ပိုင်စိုးအတွက် လက်စွမ်းပြစရာ သိပ်အကြောင်းမရှိ။ ထိုအခါပိုင်စိုးက မေမေ့ကင်မရာအဟောင်းကို အပိုင်ယူလိုက်ကာ ရွာနီးချုပ်စပ်သို့ လှည့်လည်လျက် ဓါတ်ပုံရိုက်ကွင်းကို ရှာဖွေလေသည်။

ရွာမှာဘယ်သူမှ အရေးတယူမလုပ်သော သစ်ပင်ကြီးတွေ၊ ဒါးဖောင်တွေ၊ မြစ်ပြင်ပေါ်က တံငါလှေတွေ၊ သဲသောင်ခုံပေါ်က ကံ့ငါတဲလေးတွေသည် ပိုင်စိုး၏လက်စွမ်းပြ ဓါတ်ပုံမော်ဒယ်လ်တွေဖြစ်လာခဲ့သည်။

ထို့နောက် ပိုင်စိုးသည် ပဲခူးရိုးမတစ်နေရာရှိ ဆင်စခန်းသို့တစ်နေ့နှင့်တစ်ညခရီး ကုန်းတစ်တန် ရေတစ်တန်ဖြင့် သွားရောက်ကာဆင်တွေကို ဓါတ်ပုံရိုက်ပေးရသည်။ ဆင်တွေကို မှတ်ပုံတင်လုပ်ဖို့ဖြစ်သည်။ ထို့နောက် ကျွန်းပင်တွေကို ဓါတ်ပုံရိုက်ပေးရပြန်သည်။ ကျွန်းသစ်တော၏အခြေအနေကို မှတ်တမ်းတင်ရန်ဟုဆိုသည်။

သည့်နောက်ပိုင်းမှာ ပိုင်စိုးအတွက် စဉ်းစားစရာတွေ များလာခဲ့သည်။

ကင်မရာသည် အဝေးတစ်နေရာမှအသံကို မြင်စေ

www.burmeseclassic.com



ကကြားနိုင်အောင် သက်သေဖြင့်တင်ပြနိုင်သည့်အရာဟု ယုံကြည်ထားခဲ့ရာမှ ကင်မရာအား လိမ်လည်ရာတွင် မမှန်သက်သေအဖြစ် အသုံးချလိုသူများလည်းရှိတတ်သေးကြောင်း သိလာရသည်။

ထို့ကြောင့် ပိုင်စိုးသည် ဓါတ်ပုံပညာဖြင့် တစ်ခုခုကို အများသိအောင် ပြောချင်လာသည်။ သစ်တောထဲက ပင်စည်ငုတ်တိုများ၊ လတာပြင်ရွှံ့ရေထက်မှ အရိုးပြိုင်းပြိုင်းပေါ်နေသည့်အမြစ်များ၊ စက္ကူစက်ရုံတည်ဆောက်နေသည့် အလုပ်သမားများနှင့် သူတို့၏ အလုပ်ခွင်မြင်ကွင်းများ၊ အလုပ်သွားအလုပ်ပြန် ဝါးခမောက်လေးများ ဆောင်းလျက်၊ ထမင်းချိုင့်လေးများဆွဲလျက် သုတ်သီးသုတ်ပျာ လျှောက်နေကြသောအလုပ်သမလေးများစသည်ဖြင့် သူ့ဓါတ်ပုံများသည်တဖြည်းဖြည်း ဘာသာရပ်တွေများလာသည်။

ဖြစ်ရပ်တစ်ခုခု တကယ်ဖြစ်ခဲ့ကြောင်း ခိုင်လုံသက်သေအဖြစ်ဖော်ထုတ်ပေးနိုင်သည့် ဓါတ်ပုံပညာ၏အခန်းကဏ္ဍ၊ မတရားမှုကို ခံစားလိုက်ရသူတို့ဘက်မှ ရှေ့နေလိုက်ပေးနိုင်သည့် ဓါတ်ပုံပညာ၏ အခန်းကဏ္ဍ၊ မလျော်ညီသောလူမှုသဘောထားများကို ပြုပြင်ပေးနိုင်ဖို့ လှုံ့ဆော်နိုင်သည့် ဓါတ်ပုံပညာ၏အခန်းကဏ္ဍ၊ လူထု၏ပါဝင်ဆောင်ရွက်မှုအတွက် စည်းရုံးပေးနိုင်သည့် အခန်းကဏ္ဍ စသည်ဖြင့် ဓါတ်ပုံပညာ၏အကျိုးတရားများစွာကို ယုံကြည်သူဖြစ်လာသည်။

မေမေက သူ့ကို လူတော်တစ်ယောက်ဖြစ်မည်ဟုယုံကြည်ထားပြီးသား။ လူ့လောကကို ကောင်းကျိုးပြုမည့် တူးချွန်သူဖြစ်အောင် ကြိုးစားပါဟု တဖွဖွသွန်သင်ဆုံးမခဲ့သည်။ လောကတစ်ခုလုံးတွင် ပိုင်စိုးအတွက် အရေးကြီးဆုံးလူသားမှာ မေမေဖြစ်သဖြင့် မေမေ့ဆန္ဒကို အကောင်နိုင်ဆုံးပြည့်ဝစေဖို့ ပိုင်စိုးကြိုးစားသည်။

မမျှော်လင့်ဘဲ မိခင်သေဆုံးသွားပြီးနောက် ဖခင်က နောက်အိမ်ထောင်ပြုလိုက်သောအခါ သူ့ဘဝ၏ မူလကဝေဝါးနေသော ရည်မှန်းချက်က သေချာသွားတော့သည်။



ဓါတ်ပုံဆိုင်ရာသတင်းသမားဘဝဖြင့် အသက်ရှင်ရပ်တည်တော့မည်။

အသက်ရှင်နေသမျှ အခိုက်အတန့်တွင်လည်း မိမိ၏ပတ်ဝန်းကျင်ကို မိမိနိုင်သလောက် ကူညီပေးသွားမည်။

ပိုင်စိုးသည် မေမေဂုဏ်ယူနိုင်သောလူတစ်ယောက်ဖြစ်ရမည်။ ပိုင်စိုးချစ်မြတ်နိုးရသောမေမေသည် ပိုင်စိုးကိုမွေးဖွားပေးလိုက်သူအဖြစ်လောကကြီးကို ကောင်းကျိုးချမ်းသာ မင်္ဂလာပြည့်စုံစေခဲ့သူဖြစ်ရမည်။

ထိုဆုံးဖြတ်ချက်ဖြင့် ပိုင်စိုးသည် ကမ္ဘာကြီးကို ပိုကောင်းအောင် ပုံဖော်ပေးခဲ့သော ပုဂ္ဂိုလ်ကြီးများကို စံပြထားကာ ကိုယ့်ကိုယ်ကိုတည်ဆောက်ဖို့ ကြိုးစားမိတော့သည်။ ထိုအခါ အင်္ဂလိပ်စာကို သည့်ထက်ပိုတတ်ကျွမ်းဖို့လိုသေးပါလားဟု သိသွားသည်။ ဘာကြောင့်လဲဆိုတော့ သူလေ့လာချင်သည့်အကြောင်းအရာ တော်တော်များများကို လေ့လာနိုင်ဖို့ ကြားခံနယ်မှာ အင်္ဂလိပ်စာ ဖြစ်နေသောကြောင့်ပင်။

အဲသည်လိုနှင့် နိုင်ငံတကာဓါတ်ပုံပညာရှင်တွေ၊ ဓါတ်ပုံဆိုင်ရာသတင်းပညာရှင်တွေကို စိတ်ဝင်တစားလေ့လာမိသည်။

အမေရိကန်ဓါတ်ပုံဆရာမ ဒေါ်ရသီယာလင်း၊ အမေရိကန်ဓါတ်ပုံပညာရှင် အန်ဆယ်အဒမ်စ်၊ ယူဂျင်းစမစ်သ်တို့ကို အထပ်ထပ်အခါခါ လေ့လာမိသည်။

ထိုအခါ ဓါတ်ပုံပညာ၏ အခန်းကဏ္ဍများက ပိုင်စိုးအတွက် ပို၍ပြတ်သားထင်ရှားလာသည်။

နောက်ဆုံး သူရွာမှထွက်ခွာကာ ဆွေမျိုးမိတ်ဆွေမရှိသော ရန်ကုန်သို့ တစ်ယောက်တည်း စွန့်စားပြီးရောက်လာခဲ့တော့သည်။

ဓါတ်ပုံသတင်းပညာရှင်အဖြစ် အသက်မွေးလို့မရနိုင်သေးသောကာလတွင် သူသည် အင်္ဂလိပ်စာပြဆရာကလေးအဖြစ် ရှင်သန်ခဲ့ရသည်။ နောက်တော့ သူ၏ဓါတ်ပုံဝါသနာကို ကောင်း...

www.burmeseclassic.com

www.burmeseclassic.com



သောဆရာတစ်ယောက်က သူ့အသိ နိုင်ငံခြားသားသတင်းထောက် တစ်ယောက်နှင့် မိတ်ဆက်ပေးသည်။

ပထမဦးဆုံးအကြိမ် ထိုနိုင်ငံခြားသားနှင့်တွေ့ဆုံခွင့်ရသော နေ့က သူ ရင်တဒိတ်ဒိတ် မြန်ဆန်စွာ ခုန်နေခဲ့၏။

သူ ငါ့ကို ဘာတွေ မေးမှာလဲ ။ ဘာတွေကို ဓါတ်ပုံရိုက်ခိုင်း မှာလဲ။ သူပြောတဲ့အင်္ဂလိပ် စကားကို ငါနားလည်ပါ့မလား။

ပိုင်စိုးသည် တောနယ်ကလာသူ ဖြစ်သဖြင့် နိုင်ငံခြားသား တစ်ယောက်ကိုမှ စကားမပြောဖူးပေ။ ထို့ကြောင့် ဘီဘီစီနှင့် ဗွီအို အေ အင်္ဂလိပ်ပိုင်းအစီအစဉ်မှ အင်္ဂလိပ်စကားသံများကိုသာ နားထောင် ခဲ့ရသော ပိုင်စိုးအနေဖြင့် လူစင်စစ်ကို ကိုယ့်ရှေ့မှာထားလျက် ဘယ် လိုစကားပြောရပါ့မလဲဟု တွေးပူနေခဲ့သည်။

တကယ်တော့ အဆင်ပြေပါသည်။ တစ်ခုပဲလွဲသည်။ သူ မျှော်လင့်ထားသည်က အမျိုးသားသတင်းထောက်၊ သူတွေ့လိုက်ရ တာက အမျိုးသမီးဖြစ်နေသည်။

ထိုနိုင်ငံခြားသူက သူ့အား ပထမဆုံးသော မေးခွန်းအဖြစ် 'မင်းမှာကင်မရာရှိသလား' ဟုမေးသည်။ သူနားလည် အောင် ခပ်ဖြည်းဖြည်းမေးခြင်းဖြစ်သည်။ ပထမဆုံးမေးခွန်းက အလွန် လွယ်သည့်အခါ သူ စိတ်သက်သာရာရသွား၏။

'ဟုတ်ကဲ့ ရှိပါတယ်'

'ဘာအမျိုးအစားလဲ'

'ယာရှီကာ'

သူသည် သူ့လက်ရာဓါတ်ပုံများကိုများ ထိုသူက စိတ်ဝင်စား မလားဟု ကြိုတင်တွေးကာ သူရိုက်သမျှထဲမှ အကောင်းဆုံးဟု ထင်မိ သော ဓါတ်ပုံများကို ကျောပိုးအိတ်လေးထဲမှာ ထည့်လာခဲ့မိ၏။

သို့သော် ထိုအမျိုးသမီးက သူမ၏အိတ်ထဲမှ ကင်မရာတစ် လုံးကိုသာ ထုတ်ယူသည်။

'ဒီကင်မရာမျိုး ကိုင်ဖူးလား'

ကင်နွန် အက်စ်အယ်လ်အက်စ်4F ဖြစ်သည်။

'မကိုင်ဖူးဘူး။ ဒါပေမဲ့ သူများကိုင်တာမြင်ဖူးတယ်'

အမျိုးသမီးက တစ်စက်မျှမပြုံးဘဲ သူမကင်မရာကို သူ့အား ကမ်းပေးသည်။

'ရော့ အဲဒီကင်မရာနဲ့ ဒီနေ့တစ်နေ့လုံး ဓါတ်ပုံတွေရိုက်ယူ ခဲ့။ ဖလင်တစ်လိပ်ပဲ ရိုက်နော်။ ပြီးရင် မနက်ဖြန်ကျရင် အဲဒီဖလင်လိပ် ငါ့ကိုပေး'

ပိုင်စိုးသည် သတိကြီးစွာဖြင့် သူမ၏ကင်မရာကို လှမ်းယူ လိုက်ရသည်။

အံမာလေး။ အဖိုးတန်ကင်မရာ။ အနည်းဆုံး ရှစ်သိန်း လောက်တန်မယ့်ဟာ၊ ငါ့ကြောင့်များ ပျက်စီးသွားရင် အကြီးအကျယ် ပြဿနာပဲ။

'ကျွန်တော်ဘာကို ရိုက်ရမလဲ၊ ဘယ်အကြောင်းအရာကို ရိုက်ရမလဲ'

'ငါ ဘာမှ သတ်မှတ်မပေးဘူး။ မင်းဟာမင်း ရိုက်ရမှာ။ ဘယ်အကြောင်းအရာက ဓါတ်ပုံရိုက်ဖို့သင့်တော်မယ်ဆိုတာ ကိုယ်တိုင် ရှာပါ'

ဟုတ်တာပေါ့။ အဲဒါက ပညာပဲ။

သူ့အရည်အချင်းကို စိန်ခေါ်လိုက်တာပဲ။

ထိုနေ့တစ်နေ့လုံး သူသည် ရန်ကုန်မြို့တစ်ဝိုက်တွင် ကင်မရာ ခြင်းလှည့်ပတ်သွားလာလျက် ဓါတ်ပုံရိုက်လေတော့သည်။

ဘတ်စ်ကားစောင့်နေကြသောလူများ၊ လမ်းဘေးအသုပ်ဆိုင်တွင် ထိုင်စားနေကြသောလူများ၊ ရေခဲရေရောင်းနေသောကလေး ငယ်၊ ခိုတာရောင်းနေသူများနှင့်ခိုစာကျွေးနေသူများ၊ ဇရက်လေးတွေ စာကလေးတွေကို သံဇကာနှင့်အုပ်ပြီး ငှက်လွှတ်လိုသူများအား

www.burmeseclassic.com

www.burmeseclassic.com







ထိုင်ရောင်းနေသောသူများ။

ဖလင်ကို တစ်လိပ်သာပေးရမည်ဖြစ်သဖြင့် သူ့အနေနှင့် အကြောင်းအရာရွေးချယ်ရာတွင် အကန့်အသတ်ရှိနေသည်။

နောက်ဆုံးတော့ ညနေငါးနာရီခွဲတွင် သုံးဆယ့်ခြောက်ကွက် ပြည့်သွားသည်။

နောက်တစ်နေ့ ထိုအမျိုးသမီးဆီကင်မရာနှင့်ဖလင်လိပ်ကို အပ်လိုက်သည်။

သူမက ဘာမှမပြော။ ဖလင်ကို ကူးဆေးကြည့်မည်။ ပြီးလျှင် အကြောင်းပြန်မည်ဆို၏။

ပိုင်စိုးဘဝတွင် စာမေးပွဲရလဒ်ကို ဘယ်တုန်းကမှ ရင်တခုန်ခုန်ဖြင့် မစောင့်ခဲ့ရဖူးပေ။ အဲသည်သုံးလေးရက်ကတော့ စားလို့လည်း သိပ်မဝင်၊ အိပ်လို့လည်းနှစ်နှစ်ခြိုက်ခြိုက်မပျော်။

ငါ ဓါတ်ပုံသတင်းသမားအရည်အချင်းမှ ရှိပါ့မလား။ သူက ငြင်းလိုက်ရင် ငါ နောက်ထပ် ဘယ်လိုထပ်ကြိုးစားရဦးမလဲ။

ပိုင်စိုး ကံကောင်းသည်ဟု ပြောရမလားမသိ။

နောက်သုံးရက်အကြာတွင် သူ့ကို သူမ၏လက်ထောက် ဓါတ်ပုံဆရာအဖြစ် အလုပ်ခန့်လိုက်လေသည်။

အဲသည်တော့မှ သိရသည်မှာ သူမသည် ရောဝတီမြစ်ရေ သန့်စင်ရေးစီမံချက်၏ မှတ်တမ်းတင်ဓါတ်ပုံသတင်းထောက်ဖြစ်သည်။ သူမနှင့်အတူ ပိုင်စိုးသည် ရောဝတီမြစ်တစ်လျှောက် အထက်အောက် ဝန်းဆန်သွားလာ ဓါတ်ပုံရိုက်ရလေသည်။

ထိုအချိန်တွင် ပိုင်စိုးသည် မြစ်ဖြင့်အသက်မွေးရသော လုတန်းစားများကို ထဲထဲဝင်ဝင် မြင်တွေ့ရသည်။ အထူးသဖြင့် သူတို့၏ ကလေးလေးများ။ ပိုင်စိုးသည် ကလေးတွေကိုတွေ့လျှင် စိတ်ကအလိုလို ညွှတ်သွားသည်။ အမိုးအကာမလုံမလဲ၊ ခြုံစရာစောင် အလုံအလောက်မရှိ၊ စားစရာငါးအသေးအမွှား။ ကုသဖို့အလွန် လွယ်ကူသော

ရောဂါလေးတွေဖြင့် တဖြုတ်ဖြုတ်သေဆုံးနေကြရသော ကလေးများ။

ထိုအချိန်မှစ၍ ပိုင်စိုးသည် ဘဝတွင် ကိုယ့်တစ်ယောက်တည်းအတွက်ချည်း အသက်ရှင်နေထိုင်သွားဖို့ မဖြစ်နိုင်ဟု သိသွားသည်။ သူ့မှာ သူကူညီဖေးမချင်သည့်ကလေးတွေအများကြီး ရှိသည်။ ထိုကလေးများသည် နယ်အရပ်ရပ်တွင် ရှိနေသည်။ နယ်အရပ်ရပ်မှ သူ့ကို လှမ်းခေါ်နေသလို ခံစားရသည်။

'အယ် မြင်းတွေ တိုက်တော့မယ်'

ချင်းမလေး၏လွှတ်ခနဲ ရေရွတ်သံ။

ပိုင်စိုး၏အာရုံက တောင်ပေါ်လမ်းဆီသို့ ပြန်ရောက်လာ၏။

ရှေ့ ကားလမ်းပေါ်၌ မြင်းငါးကောင်အုပ်စုတစ်စုကို ဖြုန်းခနဲ တွေ့လိုက်ရသည်။ တောင်ပေါ်လမ်းတွေက ကျဉ်းရသည့်အထဲ အကွေ့တွေက ရာထောင်ချီ၍ များပြားလှသောကြောင့် တောင်ကိုပတ်၍ ကွေ့တိုင်း ဟွန်းတစ်ခါတီးရသည်။ မြင်းတို့သည် ကားဟွန်းသံကြောင့် ဆတ်ခနဲခုန်ပေါက်သည်အထိ လန့်သွားကြပါ၏။ သို့သော် ကားလမ်းပေါ်မှ ဘေးသို့ တိမ်းရှောင်မပေးချေ။

ကားကိုအရှိန်လျှော့လျက် ခပ်ဖြည်းဖြည်းသာ မောင်းရသည်။ မြင်းတွေက ပထမ ဟိုဟိုသည်သည် ခုန်ပေါက်နေသေး၏။ နောက်တော့ ကားလမ်းအတိုင်း ရှေ့တည့်တည့်သို့ သုံးချောင်းထောက် ခပ်သွက်သွက် ပြေးလေသည်။

မြင်းနှစ်ကောင်က တောင်ကမ်းပါးယံဘက်သို့ ကပ်ပြီးပြေးသဖြင့် ထိုနှစ်ကောင်ကို ဘတ်စ်ကားက ကျော်လွန်ခဲ့သော်လည်း ကျန်မြင်းတွေက ကားရှေ့မှ တန်းတန်းမတ်မတ် မဖယ်မတိမ်း ပြေးနေဆဲ။

'ဟောတော် သူတို့ကလဲ ဘာဖြစ်လို့ ဘေးကပ်ရှောင်မပေးရ တာလဲ'

ချင်းမလေးက လွှတ်ခနဲ ညည်းညူ၏။

www.burmeseclassic.com

www.burmeseclassic.com



သူနောက်ခန်းသို့ လှည့်ကြည့်လိုက်သည်။

'သူတို့က ပြေးပြီဆိုရင်ဘယ်တော့မှ နောက်ပြန်လှည့်မကြည့်တတ်ဘူး။ ကားကို အန္တရာယ်အဖြစ် သူတို့သိတယ်။ ဒါကြောင့် သူတို့ပြေးတယ်။ ခြေကုန်သုတ်ပြေးမှ အန္တရာယ်ကလွတ်မယ်လို့ သူတို့ရဲ့ဗီဇသဘာဝက သင်ထားတယ်၊ တောထဲမှာ သူတို့ရဲ့အန္တရာယ်က ကျား ဒါမှမဟုတ် ခြင်္သေ့လေ။ တောကောင်တွေလိုက်လို့ ပြေးရပြီဆိုရင် သူတို့အနေနဲ့ နောက်မလှည့်တမ်းပြေးရမှာ။ နောက်ပြီး တည့်တည့်ပြေးရမှာ။ တည့်တည့်ပြေးနေသမျှ ကျားက သူ့လည်ဂုတ်ကို မကိုက်နိုင်ဘူး။ လှည့်ကြည့်လို့ ဒါမှမဟုတ် ဘေးကိုစောင်းပြေးလို့ လည်ဂုတ်ပေါ်သွားရင် အဲဒီလည်ဂုတ်ကို ကျားက ခုန်ပြီးခဲလိုက်မှာပေါ့'

'သြော်'

ရှေ့မှပြေးနေသော မြင်းတွေသည် နောက် တောင်အကွေ့ရောက်တော့ တောင်နံရံဆီသို့ ဦးတည်ကပ်သွားကြသည်။ နောက်ပြီး တောင်နံရံကမ်းပါးမြင့်က သစ်ရွက်သစ်ခက်များကို စားနေသည်။ မြင်းတွေက စိုစိုပြေပြေရှိ၏။ မြေပြန့်ကမြင်းတွေလို ပိန်လှီမနေဘဲ လုံး၍ဝနေသည်။ နောက်ပြီး လည်ဆံမွေးတွေက သည်အတိုင်း ရှည်လျားစွာ ရှိနေသဖြင့် နိုင်ငံခြားရုပ်ရှင်ဇာတ်ကားတွေထဲက သဘာဝမြင်းအရိုင်းတွေကို ကြည့်နေရသလိုရှိသည်။

ရွာကလေးတွေကို တစ်ခုပြီးတစ်ခု ကျော်လာခဲ့သည်။ ရွာဆိုပေမယ့် ကားလမ်းဘေးတစ်လျှောက်မှာသာ အိမ်တွေတန်းစီနေပြီး အားလုံး ဆယ့်လေးငါးအိမ်သာ ဖြစ်သည်။ အိမ်က ချောက်နှုတ်ခမ်းမှာ။ ကားလမ်းကို မေးတင်လျက် နက်ရှိုင်းလှသော ချောက်ကမ်းပါးနံရံတွင် ဆောက်ထားသော ခြေတံရှည်အိမ်များဖြစ်သည်။

အိမ်တွေမှာ လူကြီးရယ်လို့မတွေ့ရ။ တွေ့ရသမျှက ကလေးတွေချည်းပဲ ဖြစ်သည်။ တစ်နှစ်ခွဲသားအရွယ်လောက်ကစပြီး ဆယ်နှစ်ဆယ့်နှစ်နှစ်သားအထိ အရွယ်စုံ၊ ဆိုက်စုံ။ တံခါးပိတ်ထားသော အိမ်များ၏ရှေ့တွင် ကလေးတွေ တန်းစီပြီးမတ်တတ်ရပ်နေကြသည်မှာ ဆင်တုလေးတွေ။



ကလေးတွေက ကားကို လက်ပြကြသည်။ တချို့က ဟေးခနဲ အော်ဟစ်နှုတ်ဆက်ကြသည်။ မိုးရိပ်မိုးငွေ့နှင့် တိမ်ရိပ်တိမ်ငွေ့တို့ ရောယှက်အုံ့မှိုင်းနေသည့် အမြင့်ပေ ခြောက်ထောင် ပတ်ဝန်းကျင်တောင်ပေါ်တွင် ကလေးတို့သည် အဝတ်အစားမစုံလင်ပေမယ့် ချမ်းအေးပုံမရ။

ကလေးတွေသည် အိမ်ရှေ့ကားလမ်းအစပ်မှာ ရပ်နေကြခြင်းဖြစ်သည်။ သူတို့၏ရှေ့မှာက တစ်လှမ်းနှစ်လှမ်းလှမ်းလိုက်ရုံနှင့် အဝေးပြေးကားလမ်း။

'ကလေးတွေအတွက် အန္တရာယ်များတယ်နော်'

ကိုသန်းလင်းကို ပြောမိသည်။

'သူတို့ ဘာမှမဖြစ်ပါဘူး'

'ကားတွေက သူတို့ ရှေ့နားကနေ ကပ်ကပ်လေး အရှိန်ပြင်းပြင်းနဲ့ ဖြတ်သွားနေတာ'

ကိုသန်းလင်းက ပြုံးရယ်သည်။

'သဘာဝကပေးတဲ့ အန္တရာယ်သတိ သူတို့မှာရှိပါတယ်'

ဟုတ်မှာပါ။ သူငယ်ငယ်ကလည်း မြစ်နား ကမ်းနားမှာ ကြီးပြင်းခဲ့သည်။ ရေနစ်တဲ့ကလေးရယ်လို့ မရှိပေ။

အခု တောင်ပေါ်ကကလေးတွေလည်း သည်အတိုင်းပေါ့။

အိမ်တိုင်းအိမ်တိုင်းတွင် တူညီသည်က အိမ်အောက် ခြေတံရှည်တိုင်တွေကြားမှာ သစ်သားစင်ဆင့်ရိုက်လျက် စီစီရီရီ ထပ်ထားသော ထင်းပုံကြီးများနှင့် အကွက်ကျဲကျဲ သစ်သားတိုင်[illegible]များပတ်လည်ကာရံထားသော ဆိတ်ခြံ၊ ဝက်ခြံများ ဖြစ်[illegible]

သူတို့အိမ်များသည် လေထဲတွင် လွင့်နေသ[illegible]

www.burmeseclassic.com

www.burmeseclassic.com



ကြပါစို့။ အိမ်နောက်ဘက်တွင် ကြီးမားကျယ်ပြန့်လှသော တိမ်ငွေ့တိမ်လိပ်တန်းများကို တောင်နံ့ရံနောက်ခံဖြင့် မြင်နေရသည်။

◆



ဘယ်အရာမဆို
အဆုံးကတော့ ရှိစမြဲပါကွယ်။
အမှောင်ထုရဲ့
အထီးတည်းရှိမှုဟာ
သူ့တိုင်းကြုံတွေ့ရစမြဲပါကွယ်။

၃

ဘုရားကယ်တော်မူပါ။ ဒီဒဏ်ရာကြီးနဲ့ ဘယ်လိုလုပ်ပြီး ရွာဆီပြန်ရောက်ပါ့မလဲ။ ခြေချင်းဝတ်မှာ ဆူးချွန်တစ်စဖောက် ဝင်ထားသောဒဏ်ရာက နာလွန်းလို့ မျက်ရည်ကျမိသည်။ ခြေထောက်သွယ်တိုင်း တစစ်စစ်နာကျင်ကိုက်ခဲလျက်ရှိသည်။ ခြေချင်းဝတ်မှ သွေးခတောင် တစိမ့်စိမ့်ယိုနေသည်။

ငွေဝန်းသော်တာသည် လမ်းကြုံခရီးဖော် ချင်း မိန်းကလေးကိုအားပြုလျက် ထော့နဲ့ထော့နဲ့ဖြင့် ရွာရှိရာတောင်ခါးပန်းဆီသို့ ပြန်တက်ဖို့ကြိုးစားနေရလေသည်။

'ရွာရောက်ဖို့ လိုသေးလားဟင်'

နာကျင်မောဟိုက်စွာ မေးမိသည်။

'နည်းနည်းပါ'

ကလေးမ၏နည်းနည်းကို မယုံချင်တော့ပါ။ ရွာကိုတောင် ပြန်ရောက်ဖို့ သည်လောက်ခက်ခဲနေလျှင် ဟားခါးကို ဆက်[illegible]နိုင်ဖို့ ပိုလို့တောင် ဝေးဦးမည်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆို အခုအချိန်မှာ ဟားခါးကိုရောက်နေရမှာ။ အခုတော့ ဟားခါးကို မှန်ပျပျလှမ်းမြင်နိုင်လောက်သော အကွာအဝေးရောက်ပါလျက် ရှေ့ဆက်ဖို့ခရီးက မသေချာ။

ငွေဝန်းသော်တာသည် အတိတ်တို့နိမိတ်တို့ကို မယုံကြည်သော်လည်း စိတ်ထဲက ခပ်ထင့်ထင့်ဖြစ်နေရပြီ။

ကလေးမြို့က ထွက်လာခါစကတော့ အဆင်ပြေချောမွေ့လို့၊ ချင်းပြည်နယ်ထဲဝင်သောအခါ အခက်အခဲတွေ တစ်ခုပြီးတစ်ခု ကြုံရတော့သည်။

ငွေဝန်းငှားလာသောကားသည် ဖလမ်းမှ တော်တော်လေးလွန်ခဲ့ချိန်တွင် ဘီးပေါက်သွား၏။ ဘီးအပိုကို ဖြုတ်လဲတပ်ကာ ဆက်မောင်းလာလို့မှ ဘယ်လောက်မှမကြာသေး၊ လေးကျိုးသွား၏။

တော်ပြီ။

ငွေဝန်းသည် ရှေ့ခရီးကို လေးကျိုးနေသည့်ကားဖြင့် ဆက်သွားဖို့ စိတ်လေးလံသွားသည်။ ထို့ကြောင့် ဟားခါးမရောက်မီ လမ်းခုလတ်မှာ ရွာတစ်ရွာကိုတွေ့တော့ ခရီးကို ရပ်နားလိုက်သည်။

မှားလိုက်တာ။

မှားလ်ဇုန်ရွာသည် ရွာကြီးဖြစ်သည်။ ကားလမ်းပေါ်မှာပဲ တည်ရှိသည်။ သည်ကနေ ကားတားမည်။ ဘတ်စ်ကားဖြစ်ဖြစ်၊ ကိုယ်ပိုင်ကားဖြစ်ဖြစ်။ စီးလာခဲ့သည့်ကားမဟုတ်လျှင် တော်ပြီ။

သို့သော် ကံဆိုးချင်တော့ ကားကြုံတစ်စီးမှ မလာ၊ ဘတ်စ်ကားကတော့ နောက်တစ်နေ့ နံနက်မှ ကလေးက ထွက်လာမည်ဟု ဆိုသည်။ ညအိပ်ရမလား။ သုံးလေးမိုင်ခရီးပဲ၊ ချင်းအဖော် သုံးလေးယောက်နှင့်အတူ ဟားခါးသို့ ခြေလျင်လျှောက်ပြီး လိုက်သွားမလား။

ထိုအချိန်မှာ ငွေဝန်း၏အာရုံက ဟိုး ခပ်နိမ့်နိမ့်တောင်ခါးပန်းဆီမှာ ရှေ့ကြုံသော သစ်ပင်ပင်စည်တို့တွင် ကပိုကယို ဝေဆာနေသော ဖြူဖွေးသည့်သစ်ခွတို့ကို မြင်သွားသည်။ သစ်ခွတို့သည် စိတ်ညစ်ညူးနေသောသူမအား ဆွဲဆောင်နိုင်သေး၏။ ထိုသစ်ခွတို့ကို တစ်ပင်ဖြစ်ဖြစ်



ခူးဖြစ်အောင် ခူးလိုက်ချင်သည်။ မှောင်ရိပ်မပျိုးမီ၊ ကားကြုံတစ်စီးမလာမီ၊ ရှေ့ခရီးမဆက်မီ။

ကားလမ်းမပေါ်က စျေးဆိုင်လေးတစ်ခုမှာ ခရီးဆောင်အိတ်ကို ထားခဲ့ပြီး တောင်ခါးပန်းအတိုင်း ဆင်းသွားလိုက်သည်။

တောင်ပေါ်မှာက ထူးဆန်းစွာလှပသောသစ်ခွချည်း ရှိတာမဟုတ်။ မမြင်ရသောဆူးခက်ထောင်ချောက်တွေလည်း ရှိပါလား ဟု နောက်ကျမှ သိရသည်။

ဒဏ်ရာဖြင့် ခဲရာခဲဆစ် တက်လာခဲ့ပြီး တောင်ပေါ်လူသွားလမ်းလေးသို့ရောက်တော့မှ ချင်းမလေးတစ်ယောက် အဖော်ရသည်။

ပထမဆုံးအရေးကြီးသည်က တောင်ခါးပန်းကို ပြန်တက်ပြီး ရွာဆီသို့ပြန်ရောက်ဖို့။ ဒုတိယအရေးကြီးသည်က ဟားခါးသို့သွားမည့် ကားကြုံကို တားဖို့။

အခုလို သွေးထွက်သံယိုဒဏ်ရာရပြီးမှ ဘယ်လိုလုပ်ပြီး လမ်းလျှောက်နိုင်ပါတော့မလဲ။ မိန်းကလေးကလည်း သေးသေး ကွေးကွေး၊ သူမက အားပြုလိုက်တော့ ကလေးမ ယိုင်ယိုင်သွားသည်။

တောင်တက်လမ်းသည် အလွန်မတ်စောက်၏။ မိုးရေနှင့် မထိတွေ့ရတာကြာခဲ့သော တောင်ကမ်းပါးယံသည် ခြောက်သွေ့လွန်းသဖြင့် အက်ကွဲတင်းမာနေသည်။ နွေအကုန် မိုးဦးအစ မိုးမတိုတတ်သေးသည့်ရာသီ။ အချို့သောချုံနွယ်ပင်တို့ ညှိုးလျော် ခြောက်သွေ့နေ၏။ မာလာဖူးပင်တို့ကတော့ ကျောက်သားမြေမှာ တစ်ပင်ချင်း တွယ်ကပ်လျက် အသက်ရှင်အောင် ထိန်းနေရသလိုရှိသည်။

ငွေဝန်းသည် ကိုယ့်သွေးကိုယ်ကြည့်ရင်း မူးဝေလာ၏။

'ကျွန်မတော့ မူးနေပြီ။ ခဏနားဦးမှနဲ့တူတယ်'

'ခက်ပြီရော'

ချင်းမလေးက ငယ်ထိပ်မှာ ကြိုးဖြင့်သိုင်းကာ ကျောပိုးထမ်းလာသော ပလိုင်းလေးကို ကပျာကသီဖြုတ်ချလိုက်ကာ ငွေဝန်းကို ထိုင်နိုင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



ငွေဝန်းသည် တဆတ်ဆတ်တုန်အောင် နာကျင်နေသော ခြေချင်းဝတ်က ညွတ်ကျတော့မည်ဟု သိလိုက်ချိန်မှာပင် အားလျှော့ပစ်လိုက်တော့သည်။

ပတ်ဝန်းကျင်သည် တိမ်တွေဖုံးသဖြင့် မှောင်ရီပျိုးစပြုလာပြီ။

စောစောတုန်းက သာယာလိုက်တာဟုထင်မိခဲ့သော တောတောင်ရှုခင်းသည် ယခုအခါ စိတ်ဓါတ်ကျစရာ၊ မလွတ်မြောက်နိုင်တော့သော တောင်တက်ခရီးတစ်ခုအဖြစ် ပြောင်းလဲသွားတော့သည်။

'ကျွန်မ အဖေကို သွားခေါ်မယ်။ ဒီနားမှာစောင့်နေနော်'

'ကျေးဇူးတင်လိုက်တာ ညီမလေးရယ်'

မိန်းကလေးသည် ငွေဝန်းကို သစ်ပင်အောက်မှာ ထိုင်မိအောင် ကူညီပေးခဲ့ပြီးမှ တောင်စောင်းအတိုင်း ခပ်သွက်သွက်တက်သွားသည်။

သူမစိတ်ထဲမှာ ကားသံလိုလို ကြားလိုက်သည်။ ကိုယ့်ကိုယ်ကို ကျိန်ဆဲလိုက်မိသည်။ ကားလမ်းဘေးမှာသာ ရပ်နေခဲ့ရင် အဲဒီကားကို တားလိုက်ရုံပဲ။

သို့သော် အခုတော့ လွန်ခဲ့ပြီ။ သည်နေ့အဖို့ ဟားခါးနှင့်တော့ ဝေးပါပြီ။ ဘယ်မှာ တစ်ညတည်းခိုရပါ့။ ဘုရားဘုရား။

ငွေဝန်းသည် မူးဝေလာသောမျက်စိအစုံကို ခဏမှိတ်ထားလိုက်၏။ နတ်သမီးပုံပြင်တွေထဲကလို မင်းသမီးလေးအခက်အခဲ ကြုံတွေ့နေသည့်အချိန်တွင် မင်းသားလေးက မမျှော်လင့်သည့်နေရာမှ ရုတ်တရက်ပေါ်လာပြီး ကယ်တင်သွားသည့်အဖြစ်မျိုးအပြင် လောကမှာ ဘာဖြစ်လို့မရှိတာလဲ။

ဘာဖြစ်လို့လဲဆိုတော့ နေ့ခင်းတုန်းက ကလေးမှာ လူတစ်ယောက်ကို ကူညီနိုင်တဲ့အခြေအနေရှိရက်သားနဲ့ မကူညီဘဲ မျက်နှာလွှဲခဲ့လို့။

အို မဟုတ်နိုင်ပါဘူး။ ဒါဟာ မကူညီတာပဲရှိတာ။ သူများကို ဒုက္ခရောက်အောင်လုပ်တာမဟုတ်ဘူး။



သစ်ရွက်ခြောက်တွေနင်းမိ[illegible]

မိန်းကလေးလား။

ဟင် မဖြစ်နိုင်ဘူး။ ဒီလောက်မြန်မြန်...

အလန့်တကြားမျက်လုံးဖွင့်ကြည့်လိုက်သည်။

'အမေ့'

ငွေဝန်းရှေ့တည့်တည့်မှာ မားမားကြီးအုပ်မိုးနေသော အရိပ်သဏ္ဍာန်တစ်ခု။

'ဟော့ ဘာဖြစ်နေလဲ'

စကားသံဝဲဝဲ၊ သွက်သွက်။

ငွေဝန်းသည် အန္တရာယ်ကို ချက်ချင်းပင်တွေးမိသွားသဖြင့် ကျောပိုးအိတ်ကို လက်ကစမ်းလိုက်မိသည်။ ကျောပိုးအိတ်ထဲမှာ ဓါးမြှောင်ရှိသည်။

ငွေဝန်း၏ရှေ့ကလူသည် ဆံပင်ခပ်ရှည်ရှည်နဖူးပေါ်မှာဝဲကျသျှက် ဖိုးယိုးဖားယားစောင်ကြီးတစ်ထည်ကို သိုင်းခြုံထားသည်။

'ဘာဖြစ်လဲ၊ ဟာ သွေးတွေ'

ထိုလူက ငွေဝန်းရှေ့မှာ ပြုန်းခနဲထိုင်ချလိုက်သည့်အခါ ငွေဝန်း ဒိန်းခနဲရင်ခုန်သွား၏။

'မထိနဲ့'

ထိုသူက ငွေဝန်းစကားကိုမကြားသလိုပင် ငွေဝန်း၏ခြေသောက်ကို ဖတ်ခနဲကိုင်လိုက်သည်။ သူ့လက်တွေက နွေးပူနေတာသာ။ သူမခြေထောက်ကပဲ အေးစက်နေတာလား။ သူမ မသိတော့။

'အာ ခင်ဗျား ဟိုဘက်တောင်ကြားထဲသွားခဲ့သလား'

ငွေဝန်းမဖြေ။

'ခဏလေးထိုင်နေ။ ကျွန်တော်ဆေးထည့်ပေးမယ်'

ဆေး၊ တောထဲတောင်ထဲ ဘယ်ကဆေး အဆင်သင့်ရှိမှာလဲ။ ငွေဝန်း မယုံသင်္ကာဖြင့် မျက်မှောင်တွန့်သွားသည်။

သို့သော် နယ်ခံချင်းလူမျိုးမှန်းသိလိုက်ရပြီဖြစ်၍ စောစောက

www.burmeseclassic.com

www.burmeseclassic.com



လိုတော့ ကြောက်ရွံ့တုန်လှုပ်မှု မရှိတော့ပေ။

သူသည် ကျောမှာပိုးထားသော ပလိုင်းကိုဖြုတ်ချလျက် ခြေလှမ်းကျဲကျဲဖြင့် ထွက်သွားသည်။ တောင်တစ်ဘက်စွန်းရှိ တောင်ဇလပ်ပင်များအကြားတွင် သူလျင်မြန်စွာ ပျောက်ကွယ်သွားတော့မှ ငွေဝန်းအနားမှာ လူတစ်ယောက်ယောက်ရှိနေသည်က စိတ်သက်သာရာရစေမှန်း သိလိုက်ရသည်။ တောထဲတောင်ထဲ တစ်ယောက်တည်းဆိုလျှင် စိတ်သည် သည်လိုပဲ ညှိုးနွမ်းခွေလျော့တတ်ပါကလား။

သူထားရစ်ခဲ့သော ပလိုင်းအတွင်းမှာ ပြောင်းဖူးနှင့် ပန်းဂေါ်ဖီများ၊ ဖရုံရွက်လိုအရွက်များကို တွေ့လိုက်ရသည်။

နီးနီးလာမည့်ကားသံကို စောင့်မျှော်နေသော်လည်း ကားသံကို မကြားရ။ လူတွေစကားပြောသည့်အသံသဲ့သဲ့ကိုလည်း မကြားရ။ တစ်ချီတစ်ချီတွင် စူးစူးရှရှအော်မြည်လိုက်သော ငှက်သံတချို့ကိုသာ ကြားရသည်။ သစ်ရွက်လေတိုးသံ။ အဝေးဆီမှ မြေပြိုသံ။ ကျောက်တုံးလိမ့်ဆင်းသံ။ အဲ တစ်ယောက်ယောက်တော့ လာနေပြီ။

မိန်းမလေးလား။

မဟုတ်။ စောစောကလူ။ မားမားမတ်မတ်လျှောက်လာသော ထိုလူ၏လက်ထဲတွင် အစိမ်းတောက်တောက် အရွက်ဝိုင်းအပင်ပုလေးတွေ ပါလာသည်။

ထိုအပင်ကို မြင်လိုက်သောအခါ မိုက်ခနဲပင် မျက်လုံးတွေပြာဝေသွားလေသည်။

အရွက်ပုံစံကို ကြည့်လိုက်ရုံနှင့် ဒါ ဘာပင်လဲဟု သိလိုက်ပါပြီ။

ချင်းတောင်တန်းတစ်လျှောက်လုံးမှာ အတိတ်ဟောင်းနှင့် ဘယ်လိုမှ မလွတ်နိုင်တော့ပါလားဟု ကောက်ချက်ချလိုက်မိသည်။

ရှပြီ

သူ့အသံကာခဲခဲ၊ ငွေဝန်းရှေ့မှာဒူးထောက်ထိုင်ချလိုက်၏။ နှုတ်ဆက်သံမှန်း။



သူမ မျက်လုံးတွေမှာ မျက်ရည်စတို့ စိမ့်အိုင်လာသည်။ မြင်ကွင်းသည် ဝေဝါးသွားလေသည်။

သေချာပါသည်။ ကားဘီးပေါက်ခြင်း၊ လေးကျိုးခြင်း သိနိုက်ဒဏ်ရာရခြင်း။ နောက်ထပ်ဘာအန္တရာယ်များ ကြုံရဦးမလဲ။

အဲဒါ ပြစ်ဒဏ်တစ်ခုလား။ စီရင်ချက်တစ်ခုလား။

ထိုသူက လက်ထဲက အရွက်ဝိုင်းများကိုဆွဲဆုပ်ချေမွလိုက်သည်။ ပြီးနောက် ငွေဝန်း၏ဒဏ်ရာကို ထိုအရွက်စိမ်းအရည်အဖတ်များဖြင့် သိပ်ရန်ပြင်လိုက်တော့ စိတ်ပြန့်လွင့်နေရာမှ လန့်ဖျပ်သွားလေသည်။ အားနာမနေနိုင်တော့ပဲ ချက်ချင်းပင် အော်လိုက်သည်။

'မလုပ်နဲ့'

'ဟာ ခင်ဗျားအနာပျောက်အောင်လို့'

'အို ဒီအတိုင်းရေမဆေးဘဲလုပ်ရင် ဖုံတွေအမှိုက်တွေနဲ့ ပိုးဘာဘာတွေဝင်ကုန်မှာပေါ့၊ ဟင့်အင်း'

သို့သော် သူမ နောက်ကျသွားသည်။ သူမ၏သွေးစိမ့်ယိုနေသောဒဏ်ရာပေါ်သို့ သူ့လက်ထဲက အရွက်စိမ်းဖတ်များပိကျလာသည်။

အမလေး။ ငွေဝန်းအံကြိတ်လျက် အော်လိုက်မိအောင်ပင် စပ်သွားသည်။

'အစ်မ'

စိုးရိမ်တကြီးအော်လျက်ပြေးဆင်းလာသော မိန်းကလေး၏အသံ။

'အော'

သူတို့နှစ်ယောက် ချင်းဘာသာဖြင့် ခပ်သွက်သွက် အပြန်အလှန်ပြောကြသည်။ ပြီးမှ ကလေးမက သူမအား ပြောသည်။

'ရှေ့နားကားလမ်းမှာ တောင်ပြိုနေတယ်။ ကားတွေ အများကြီးပဲ တဲ့။ အဖေ အဲဒီသွားလားမသိဘူး။ မတွေ့ခဲ့ဘူး'

'ရပါတယ်ကွယ်'

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးအဖော်ရပြီ ဟူသော အသိကြောင့် သူမ စိတ်အားတက်သွားသည်။ တောင်ပေါ်ရောက်အောင် ခြေလျင်တက်ချင်တက်ရပါစေတော့။ သည်မိန်းကလေးနှင့်သာဆိုလျှင် အတူလိုက်ဖို့အားတင်းပါမည်။

ဒဏ်ရာကို အရွက်ဖြင့်သိပ်ပြီးနောက် သူလည်ပင်းမှာပတ်ထားသောချည်စောင်ပါးပါးကိုဆွဲဖြုတ်ကာ ကြပ်ကြပ်စည်းနှောင် ပေးလိုက်၏။ ထို့နောက်ငွေဝန်း ထိုင်ရာမှထရပ်ကာ လမ်းလျှောက်တာကို သူစောင့်ကြည့်သည်။ နောက်တော့ စိတ်မရှည်နိုင်တော့ဟန်ရှိသည်။ တစ်လှမ်းချင်း တွန့်ဆုတ်စွာခြေလှမ်းလှမ်းနေသော ငွေဝန်းအား ဘာမပြောညာမပြော ကောက်ယူပွေ့ချီသည်။ ငွေဝန်း မျက်လုံးတွေ ပြာဝေသွားလေသည်။

'ဘာလုပ်တာလဲ၊ မလုပ်နဲ့'

'ခင်ဗျားမလျှောက်နိုင်ဘူး'

ဟောတော်။

သူတို့ကားလမ်းပေါ်ရောက်ရန် လမ်းရယ်လို့မရှိသော တောင်ကြောအတိုင်း သစ်ပင်ချုံနွယ်တွေအကြား အနည်းဆုံးဆယ်မိနစ်ခန့်တက်လာရသည်။ တောင်ခါးပန်း၏အောက်ဘက်မှာက နက်ရှိုင်းသောချောက်ကမ်းပါးကြီး။

အလိုလေး။ ပြုတ်မကျဘူးလို့ ဘယ်သူက အာမခံမှာလဲ။ ငွေဝန်းသည် လူတစ်ယောက်၏ ခွန်အားပေါ်တွင် မိမိ၏အသက်ကို ပုံအပ်ထားရသည့်အဖြစ်ကို အလွန် အသဲယားလေသည်။

သည့်ထက်ပိုဆိုးတာက ကိုယ့်ကိုပွေ့ချီထားသူသည် ကိုယ်မသိသော သူစိမ်းယောက်ျားတစ်ယောက်ဖြစ်နေခြင်းပင်တည်း။

မတ်စောက်သောတောင်ကမ်းပါးယံကို လွန်လာပြီးနောက် ရွာဆီရောက်သည်။ ရွာဆိုတော့ ကားလမ်းမဆီပေါ့။ သို့သော် ကားတစ်စီးမှ မရှိပါ။

'ရပြီ။ ကျေးဇူးတင်ပါတယ်'

ကလေး လူကြီးအားလုံးက သူမအား အထူးအဆန်းသဖွယ်ဝိုင်းကြည့်ကြသည့်အခါ သူမ ရှက်နေ၏။

'ဘယ်သွားမှာလဲ'

'အဲဒီဆိုင်ပဲ'

သူ ငွေဝန်းကို ဆိုင်ရှေ့မှာ ချပေးလိုက်သည်။ သူမ၏ခရီးဆောင်အိတ်နှင့် ပစ္စည်းအချို့ကို သူ မြင်သွားသည်။ သူမ ရှင်းပြစရာမလို ဟု ယူဆလိုက်ချိန်မှာပင် ဈေးဆိုင်က အဘွားကြီးက ချင်းစကားဖြင့် သူ့ကို သူမအကြောင်းပြောနေသည်။ ဟားခါး ဟူသော စကားလုံးကို သတိထားလိုက်မိသည်။

'အစ်မ တောင်ပြိုတဲ့နေရာမှာ ကားကြုံတွေ ရနိုင်တယ်'

အတူ တက်လာခဲ့သော ချင်းမလေးက သူမအား သတင်းကောင်းပေးသည်။ ဟုတ်တာပေါ့။ တောင်ပြိုသည့်နေရာ။

'ကောင်းသားပဲ။ သွားလိုက်မယ်လေ'

အပင်ထူထပ်သောတောထဲမှာတုန်းက အလင်းရောင်မှုန်ဝါးဝါးမို့ မကြည့်ဖြစ်ခဲ့သော ကယ်တင်ရှင်ကို ငွေဝန်းအခုမှ မျက်နှာကိုမော့ကြည့်မိသည်။ နှုတ်ဆက်ရန်ဖြစ်ပါသည်။ မျက်နှာကျောတင်းတင်း။ အသားကအဖြူမှာ နေလောင်ထားသည့်ပုံမျိုး။ မျက်ခုံးထူထူမဲမဲ၊ နှုတ်ခမ်းကပန်းသွေးရောင်ဖျော့ဖျော့။

အိတ်ရှိရာကို သူမ လက်လှမ်းလိုက်သည့်အခါ သူက ခပ်ကြမ်းကြမ်းပင် ဆွဲယူလိုက်၏။

'လိုက်ပို့ပေးမယ်'

မောင်မင်းကြီးသားကို ကျေးဇူးတင်ရပါသည်။ သူသာလိုက်ပို့မပေးလျှင် ခြေလျင်လျှောက်ဖို့အနိုင်နိုင်ဖြစ်သော သူမအနေဖြင့် ကားစောင့်ရပ်ထားရသည်ဆိုသော တောင်ပြိုရာသို့ ဘယ်လိုနည်းနှင့်မှ လျှောက်နိုင်။

www.burmeseclassic.com

www.burmeseclassic.com



'ကလုမ်းအော်အီး'

တစ်ခွန်းတည်းသော ချင်းဘာသာစကားဖြင့် သူ့ကို ပြောလိုက်သည်။ သူ၏ခပ်တင်းတင်းမျက်နှာသည် အနည်းငယ်ပြုံးသွား၏။

သူက ရှေ့မှ ခြေလှမ်းကြဲများဖြင့် ခပ်သွက်သွက်လှမ်းသွားသည့်အခါ ငွေဝန်းက ဒဏ်ရာရသောခြေထောက်ကို ဆတတဖြင့်ထိန်းလျက် နောက်မှ နှေးကွေးစွာလိုက်ပါသွားရသည်။

◆



အို လေ့ရှင်
မှောင်မိုက်ခြင်းနှင့်မုန်တိုင်းတို့ကို
သင်ဂရုမထားနိုင်ရသည်မှာ
မည်သည့်အကြောင်းကြောင့်များပါနည်း။

၄

ကားတန်းကြီးက အရှည်ကြီး။

တောင်အကွေ့၏သည်ဘက်ခြမ်းတွင် ရှေ့ဆင့်နောက်ဆင့်ရပ်နေသော ကားလေးစီးကို မြင်နေရသည်။ ညာဘက်တွင် အနက်ရောင် တောင်ကြီးသည် တမျှော်တခေါ် မြင့်မားလှသည်။ တောင်စောင်းမှ အနက်ရောင် ကျောက်သားကျောက်လွှာ အပိုင်းပိုင်းအစစပြိုသည့် မိုးရေ၊ တောင်ကျရေဖြင့် ယိုစီး လိမ့်ဆင်းပြီးခဲ့ဟန်ဖြင့် စီးကြောင်းရာများ ထင်ကျန်လျက်ရှိသည်။ ဘယ်ဘက်မှာတော့ ချုံနွယ်ပိတ်ပေါင်းလေးများကို လွန်သည့်အခါ ကျယ်လွင့်သည့် ချောက်ကမ်းပါးကြီး၊ တိမ်တို့သည် ချောက်ကမ်းပါးတွင် ပါးလျားကျယ်ပြန့်စွာ ဆင့်မျောလျက်ရှိသည်။

သည်ဘက်အစွန်ဆုံးမှာရပ်နေသောကားသည် ကုန်ကားကြီးဖြစ်သည်။ သူ့ရှေ့မှာက ဗင်ကားဖြူလေးတစ်စီး။ ဗင်ကား၏ရှေ့မှာက လင်းရိုဗာအစိမ်းရောင်။ ရှေ့ဆုံးကကားကတော့ ပစ်ကပ်ကားတစ်စီး။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ကားကို အကူအညီတောင်းရပ့်။

ခြေထောက်မှ ဒဏ်ရာသည်တစစ်စစ်ကိုက်နေ၏။ ခြေချင်းဝတ်ကို စည်းနှောင်ထားသော ချည်ပဝါက တင်းကြပ်လွန်းသောကြောင့် ထင်ပါရဲ့။

'ဒီမှာထိုင်နေ ကျွန်တော်သွားပြောပေးမယ်'

ချင်းက ခရီးဆောင်အိတ်ကို တောင်ခြေ၌ချကာ ရှေ့ဆက်ထွက်သွားသည်။

တယ်လည်း သဘောကောင်းလိုက်ပါလား။

တောင်ကတော်တော်မြင့်သလားမသိ။ အေးလိုက်သမှ ခိုက်ခိုက်တုန်မတတ်ပါပဲလား။ ပတ်ဝန်းကျင်တစ်ခုလုံး ဖြူဖွေးသော မြူငွေ့တို့ဖြင့် ပိတ်ဆီးလုနီးပါးဖြစ်သည်။ အကွယ်အကာမရှိသော တောင်နံရံဟင်းလင်းပြင်မှ လေသည် တဝုန်းဝုန်း ဆူညံစွာ တိုက်ခတ်လေသည်။

တောင်နံရံနှင့်ကမ်းပါးစွန်းအကြား လမ်းလုပ်ထားသော မြေပြင်က ကျဉ်းကျဉ်းလေးပါလား။ ကားနှစ်စီး ရှောင်လို့ရသည်ဆိုတာ မယုံချင်စရာပဲ။ ဘေးသို့နည်းနည်းတိုးလိုက်လျှင် လမ်းပဲ့ကာ ချောက်ထဲကျသွားတော့မည်ဟု ထင်နေသည်။ မြေပြင်ကလည်း မိုးရွာထားသလိုပင် စိုစွတ်သောမြေပြင်မို့ ပျော့အိကာ ချက်ချင်းပင် ပြိုကျတော့မလို ထင်ရသည်။ ဘယ်ပြောနိုင်မလဲ၊ တောင်စောင်းက အချိန်မရွေးပဲ့ရွဲ့သွားနိုင်တာပဲ။

ငွေဝန်းသည် ကျောက်တုံးတစ်ခုပေါ်တွင် ထိုင်ချလိုက်ပြီး ပတ်တီးကို ဖြည်လိုက်သည်။ ခြေထောက်နှင့်ပတ်တီးက မမျှ။ သူ့ပဝါက အကြီးကြီး။

ဟင် အခုမှ ကြည့်မိသည်။ သူ့ပဝါက နုကိုအနီရောင်မှာ ချေးတင်ပြီး ညိုနီနီဖြစ်နေပါကလား။ ပဝါအနား ချည်ဖွားတွေဆိုလျှင် မဲတောင်မဲနေသည်။ သွားပါပြီ။ သစ်ရွက်ကဖုံကြောင့် မေးခိုင်ရောဂါမဝင်ဘဲ သူ့ပဝါကချေးကြောင့် မေးခိုင်ရောဂါဝင်တော့မှာပဲ။ သို့သော်မတတ်နိုင်။ ကိုယ့်မှာက ဆေးသေတ္တာမှ မပါလာဘဲ။ သွေးတိတ်



အောင် စည်းနှောင်ပေးသူကိုပဲ ကျေးဇူးတင်ရပါမည်။

ပတ်တီးပြင်စည်းပြီးတော့ ရှေ့လမ်းပေါ်က မြင်ကွင်းကို စိတ်ဝင်တစားကြည့်မိသွားသည်။

ကားသွားဖို့လမ်းရယ်လို့မှ မရှိတော့ဘဲ။ တောင်စွန်းမြေပြင်တစ်ခုလုံး ကြီးမားလှသောကျောက်တုံးကျောက်ခဲများဖြင့် အပုံလိုက်ဖြစ်နေသည်။ လူဆယ်ယောက်လောက်ဝိုင်းဝန်းကာ ကျောက်တုံးများကို မ ရွှေ့နေကြသည်။ ကျောက်တုံးကြီးတစ်ခုက ကြီးမားလှသဖြင့် လူလေးယောက်လောက် မ ရ၏။

ကျောက်တုံးတွေကို သူတို့အင်နှင့်အားနှင့် မပြီး ချောက်ထဲပစ်ချနေရပုံကို ကြည့်ရတာ တော်တော် အန္တရာယ်ကြီးသည်ဟု ခန့်မှန်းမိသည်။ ကျောက်တုံးကိုမနေစဉ်မှာ လူက ယိမ်းယိုင်ပြီး လဲကျသွားနိုင်သည်။ သာမန်လမ်းတစ်ခုမှာ ယိမ်းယိုင်လဲကျတာ ဘာမှ စိုးရိမ်စရာမရှိ။ ခြေဆုတ်စရာသိပ်မကျန်သော ချောက်ကမ်းပါးတစ်ခုတွင်တော့ သတိလက်လွှတ် လဲကျလို့မဖြစ်။ မတော်တဆ အောက်ဘက် ချောက်ထဲသို့ လိမ့်ကျသွားလျှင်။ နောက်ပြီး ကျောက်တုံးကိုပစ်ချရင်း အရှိန်လွန်လျက် လူပါ ပါသွားခဲ့လျှင်။

ကုန်ကားရှေ့ခန်းတွင်ထိုင်နေသော မိန်းမတစ်ယောက်က ငွေဝန်းကိုမြင်တော့ ကားပေါ်က ဆင်းလာသည်။ သူမ ဝတ်ပုံစားပုံက ခပ်ရိုးရိုး။ ခါးကြီးပါတိတ်နီညိုရောင် အထက်အောက်ဆင်တူ ဝတ်ထားသည်။ ခြေညှပ်ဖိနပ်ပါး အဖြူရောင်ကိုစီးထားသည်။ မြန်မာနှင့်တူသည်။ ကုန်သည်ဖြစ်လိမ့်မည်။

'လမ်းတွေက ဆိုးတယ်'

သူမက ခပ်ပြုံးပြုံးပြော၏။ ငွေဝန်းပြုံးပြလိုက်သည်။

'တစ်ခါတစ်ခါဆို ကားသွားလို့မရလို့ ကျွန်မတို့ ဟိုဘက် ဒီဘက် ကားချင်း လဲပြောင်းစီးရတယ်'

'လူတော့ လမ်းလျှောက်လို့ရတယ်ပေါ့နော်'

www.burmeseclassic.com

www.burmeseclassic.com



မြင်နေရသော ကျောက်တုံးပုံကြီးကတော့ တောင်ကမ်းပါးယံ အစွန်းထိ ခြေချစရာနေရာပင် မမြင်ရလောက်အောင် ကြီးမားပိတ်ဆို့ နေပါသည်။

'လွတ်လွတ်ကျွတ်ကျွတ်တော့ ဘယ်ဟုတ်မလဲ။ ဘုရားတ ပြီး လျှောက်ရတာပေါ့။ မြေကြီးကလည်း ရွှံ့ရေတွေကြောင့် ပျော့အိ နေတာ။ ကိုယ့်အလှည့်ကျမှ ပဲ့ထွက်သွားရင်လည်း ကိုယ့်ကံပေါ့'

ပြောပြီးအမျိုးသမီးက ရယ်မောသည်။

လူလေးယောက်အုပ်စု ကျောက်တုံးကြီးတစ်တုံးကို ညာသံ ပေးလျက် ပစ်ချလိုက်သည်။ ကျောက်တုံးကြီး ချောက်ထဲသို့လိမ့်ဆင်း ကျသွားတာ အရှိန်ပြင်းသဖြင့် မြေကြီးတစ်ခုလုံးသိမ့်ခနဲသိမ့်ခနဲ တုန်သွားလေသည်။

'တစ်ခါတုန်းက အဲဒီလို ဟိုဘက်ဒီဘက်ကူးရင်း ကောင် လေးတစ်ယောက် ချောက်ထဲ ပြုတ်ကျသွားဖူးတယ်'

မိန်းမက ရုပ်ရှင်ဇာတ်ကားတစ်ခုအကြောင်း ပြန်ပြော နေသလို မထူးခြားမှုမျိုးဖြင့်ပြော၏။ ငွေဝန်းရင်ထဲမှာ ထိတ်ခနဲတုန်လှုပ် ကာ မျက်နှာဖြူဖျော့သွားသည်။

ဟင့်အင်း

အဲသည်အဖြစ်မျိုးကို မကြားချင်ပါ။ သို့သော်

'ဘာဖြစ်သွားလဲဟင်'

'သေသွားမှာပေါ့။ ကျွန်မတို့ သူ့ကို မြင်တောင်မမြင်ရတော့ ဘူးလေ'

ငွေဝန်း၏လက်ဖျားတွေ အေးစက်လာခဲ့သည်။

'သူ့ကို ပြန်ရှာမကြည့်ကြဘူးလား'

အမျိုးသမီးက သူမအား သနားကရုဏာအကြည့်ဖြင့် ကြည့် သည်။

'ဘယ်လိုလုပ်ရှာမလဲ။ အသူတရာနက်တဲ့ချောက်ထဲ ဘယ် လို ဆင်းမလဲ။ ကြိုးနဲ့တွယ်ဆင်းဖို့တောင် ကြိုးအရှည်က မီမှာမဟုတ် ဘူး။ ဒီတောင်တွေက ပေခြောက်ထောင် ခုနစ်ထောင်မြင့်တယ်လေ'

ဒါပေမဲ့ လူတစ်ယောက်အသက်ဟာ ကျန်တဲ့ လူတွေက ပေခြောက်ထောင်အမြင့်ကို ကြိုးစားဆင်းကြည့်ရလောက်အောင် မတန် ဘူးလား။

နှလုံးသားထဲမှာ မွန်းကြပ်နေသည်။

ချောက်ကမ်းပါးဆီမှ မျက်နှာလွှဲလိုက်သည်။ ကျောက်တုံး ပုံကြီးဆီသို့ဖြစ်သည်။

သူတို့ ဝိုင်းမဖို့ကြိုးစားနေသော ကျောက်တုံးကြီးသည် ရုံး စားပွဲတစ်လုံးစာလောက်ကြီး၏။ လူတွေ မလို့မနိုင်သဖြင့် သံဒုတ် ကြီးတစ်ခုဖြင့် ကုတ်သဖွယ်အသုံးပြုကာ ကော်နေကြသည်။

ဘုရားရေ၊ အဲသည်လောက်ကြီးမားသော ကျောက်တုံးကြီး တစ်ခုသာ ကိုယ်ပေါ်သို့ ပြုတ်ကျလာခဲ့လျှင်။

အတွေးဖြင့်ပင် လန့်သွားသဖြင့် စိတ်အာရုံကို ဖွတ် ဖျောက် ဖျက်ပစ်လိုက်ရပါသည်။

မျက်လုံးကို တစ်ဘက်သို့လွှဲယူလိုက်တော့လည်း တောင်နံရံ အမြင့်ကြီးသည် မိမိတို့အပေါ်မှာ အုပ်မိုးနေသည်။ မဲနက်သော ကျောက်လွှာအထပ်လေးတွေလေတိုက်စားမိုးတိုက်စားသဖြင့် ပြို အက် ကွဲကြေကာ ကျောက်မှုန်သေးသေးလေးများလည်း ဖြစ်ပေါ် နေခဲ့ဟန်တူသည်။ နံရံမှ သဲမှုန်တွေဆင်းသလို ကျောက်ခဲ ကျောက် လွှာသေးသေးလေးတွေ တစ်ချက်တစ်ချက် လျှောကျလိမ့်ဆင်း နေ သည်ကို သတိထားမိသည်။

'ခင်ဗျား ကံကောင်းတယ်'

စောစောကချင်း ငွေဝန်းဆီသို့ ပြန်ရောက်လာသည်။

'ကားတစ်စီးက ခေါ်သွားမယ်တဲ့'

'ဪ'

www.burmeseclassic.com

www.burmeseclassic.com



သူမ ဝမ်းသာသွားပါသည်။ ဘုရားမတာပဲ။

ဟေးခနဲအော်ဟစ်လိုက်သည့်အသံကို ကြားလိုက်ရ၏။ စိတ်ပေါ့ပါးသွားသူတို့၏အသံဖြစ်သည်။

ရသွားပြီနဲ့တူတယ်။

လူတွေဘက်သို့လှည့်ကြည့်လိုက်သည်။

သူတို့သည် နောက်ဆုံးအတားအဆီးဖြစ်နေသော အကြီးဆုံးကျောက်တုံးကြီးကို ချောက်ထဲသို့ တွန်းချလိုက်နိုင်ခဲ့ပြီ။

'အဲ ဟိုမှာ ဟိုကား'

သည်ဘက်သို့ ပြန်လျှောက်လာနေသူများကို မြင်ရသည်။

နေစမ်းပါဦး၊ တီရှတ်အဖြူနဲ့လူကို ငွေဝန်းမြင်ဖူးပါသည်။ သူကလည်း ချောက်ကမ်းပါးစွန်း ကျောက်တုံးပေါ်မှာ ထင်ထင်ရှားရှားကြီး ထိုင်နေသော ငွေဝန်းကို မြင်သွားသည်။ မျက်လုံးချင်း ဆုံလိုက်လျှင်ပင် ထိုသူ့ကို မှတ်မိသွားသည်။

ဘုရား။

ငွေဝန်းကို ကားကြုံခေါ်တင်မည်ဆိုတာ သူလား။

မိမိရောက်နေသောတောင်ကြီးတစ်ခုလုံးအက်ကွဲကာ ငွေဝန်းကို စုပ်ယူသွားရင်တောင် သည်လောက် စိတ်ညစ်သွားမှာမဟုတ်။ ငွေဝန်းတော့ နေရာကနေ ပျောက်ကွယ်သွားလိုက်ချင်တာပဲ။

'ဩော် ဘယ်သူများလဲလို့ အစ်မပါလား'

ဖိုတိုဂျာနယ်လစ်စိတ်ဆိုတဲ့လူ...

သူ့မျက်နှာတွင် အပြုံးကို မြင်လိုက်ရသည်။ ထိုအပြုံးကြောင့် ငွေဝန်းရင်တစ်ခုလုံး ပူပြင်းလောင်မြိုက်သွားသည်။ ဒါ အထက်ဆီးအပြုံးမဟုတ်လား။

'အစ်မ ခုထိဟားခါးကို မရောက်သေးတာလား'

သူမ မဖြေ။

'ဒဏ်ရာရတယ်ဆို ဘယ်လိုဖြစ်တာလဲ'



သူ့အသံက အအေးမိတ်ကြောင့် အနည်းငယ်တုန်နေသော အသံသာမက တစ်ကိုယ်လုံးလည်း ခိုက်ခိုက်တုန်နေသည်။

ငွေဝန်းသည် ပူနွေးလာသောမျက်နှာကို တစ်ဘက်လွှဲလိုက်၏။

'ထောင်ချောက်ကို တက်နင်းတာဗျ'

ချင်းက သူမကိုယ်စား ပြောလိုက်သည်။

'လာလေ အစ်မ၊ ဒီနေရာက သိပ်အေးတယ်။ လာ ကားထဲကိုလာ။ အစ်မ ဘာပစ္စည်းတွေ သယ်စရာပါလဲ'

သူက မကြာသေးမီက ငွေဝန်း၏ကားကြုံဖြင့် လိုက်ပါခွင့်ကို ငြင်းပယ်ခံထားရတာမဟုတ်သလိုပင် အိန္ဒြေမပျက်ပြောသည်။

ငွေဝန်း သူနှင့်မလိုက်လို။ ဘယ်လိုမှလိုက်လို့မဖြစ်။

သို့သော်...

'အစ်မ ဒဏ်ရာကို ဆေးထည့်ပြီးသားလား။ ကျွန်တော့်မှာ ဆေးသေတ္တာပါလာတယ်။ လာထည့်ရအောင်။ ကိုသန်းလင်းရေ ဒီအစ်မကို ကျွန်တော်တို့ဆေးထည့်ပေးရအောင်ကူညီပါဦး'

'နေပါစေကွယ်။ ကျေးဇူးတင်ပါတယ်။ ကိုယ်ဟားခါးရောက်ရင် ဆေးခန်းတစ်ခုခုမှာ သွားပြမှာပါ'

မျက်နှာထားခပ်တည်တည်ဖြင့် ပြောပြီးနောက် ထိုင်ရာမှ ဒိတ်လိုက်မာန်ပါထရပ်လိုက်သည်။

ဒီရွာမှာ ညအိပ်လည်း ဖြစ်တာပဲ။ သူ့ကားနှင့်တော့ မလိုက်နိုင်။

ထိုအချိန်တွင် ခြေချင်းဝတ်မှာ သွေးဖြင့်ရွှဲစိုနေသည်ကို မြင်လိုက်ရ၍ ရင်ထဲကမူးနောက်နောက်ဖြစ်သွားလေသည်။

ဓါတ်ပုံဆရာက ကမန်းကတန်း ဝင်တွဲလိုက်တော့မှ သူမ နည်းနည်းယိုင်သွားခဲ့သည်ကို သတိပြုလိုက်မိသည်။

'အစ်မ ဒဏ်ရာက သွေးထွက်နေတယ်'

www.burmeseclassic.com

www.burmeseclassic.com



ကယ်တယ်ရှင် ချင်းကို အားကိုးတကြီး လိုက်ရှာသော်လည်း မတွေ့တော့။ ဘယ်အချိန်က လှစ်ဆို ပျောက်သွားမှန်းမသိ။

သူမ စိတ်ဒုံးဒုံးချကာ ပူထူနေသော ခြေလှမ်းများဖြင့် လိုက်သွားရသည်။

ကားပေါ်မှာမထိုင်မီ ဓါတ်ပုံဆရာက ဆေးသေတ္တာကို ထုတ်သည်။ ငွေဝန်း၏ဒဏ်ရာကို ရေသန့်ပုလင်းထဲကရေဖြင့် ဆေးကြောသည်။ အစိမ်းဖတ်များကို ရေဖြင့် တော်တော်ခက်ခက်ခဲခဲ ဆေးချရလေသည်။ ဖောက်စူးသည့်ဒဏ်ရာဖြစ်၍ အနားမညီမညာ စုတ်ပြဲနေသည်။

'အစ်မ ဘာရွက်တွေနဲ့သိပ်ထားတာလဲ'

'အဲဒါလား မသိပါဘူး။ တောထဲကအရွက်တွေ၊ စောစောက ချင်းက ရှုးပြီးသိပ်ပေးလိုက်တာ၊ သူလည်းသူတတ်သလောက်ပေါ့'

နတ်ဆေးဂမုန်းဟု သူမ မပြောမိ။

'အစ်မကားက ဘယ်ရောက်နေလို့လဲ'

'ကားက လေးကျိုးသွားတာနဲ့ အမေ့...'

ရုတ်တရက် ဆေးရည်တစ်ခုနှင့်လောင်းထည့်လိုက်သဖြင့် ငွေဝန်းမှာ အသဲခိုက်အောင်နာကျင်စပ်ရှသွားကာ လွှတ်ခနဲယောင်အော်မိတော့သည်။

'ရပြီ။ လောလောဆယ် ပတ်တီးနဲ့ပဲ စည်းထားလိုက်မယ်။ ပိုးမဝင်လောက်ဘူးထင်တာပဲ။ ဆေးခန်းရောက်မှ ဆေးထိုးပေါ့။ ကျွန်တော့်မှာ ကာကွယ်ဆေးနည်းနည်းတော့ ပါတယ်။ လိုရင်သုံးပါ'

ငွေဝန်းသော်တာတစ်ယောက် ကျေးဇူးတင်ဖို့ မျက်နှာ အပူရဆုံးသောသူတစ်ယောက်ကို ကျေးဇူးတင်လိုက်ရတော့သည်။

◆



[illegible]မ်းပျောက်သွားတဲ့အတွက်
[illegible]ောက်တဲ့နေရာမှာပဲ
[illegible]ပ်နေခဲ့...

၅

ဒဏ်ရာရသွားသူကို ဂျစ်ကားပေါ်တင်ပေးလိုက်ပြီးနောက် ထျွန်းအုခ်ထန်သည် တောင်ရိုးအတိုင်း ခပ်သွက်သွက်ပြန်တက်ခဲ့၏။

သူ့ပလိုင်းချထားခဲ့ရာနေရာရောက်တော့ ပလိုင်းအပြင် သစ်ခွပင်တစ်ပင်ကိုပါ တွေ့လိုက်ရသည်။ ဒါ ဟိုမိန်းမကျန်သွားခဲ့တာပဲ။ သူသည် သစ်ခွပင်ကို ပလိုင်းထဲကောက်ထည့်လိုက်သည်။ ပြီးနောက် တောင်ချောက်ရှိရာချုံစပ်ဆီသို့ တက်လာခဲ့သည်။

ထောင်ချောက်သည် ယုန်စသည့် အကောင်ငယ်လေးတွေ အတွက် ဖြစ်သည်။ သစ်ရွက်ခြောက်တွေနှင့်ဖုံးပြီး သေသေသပ်သပ်လုပ်ထားခဲ့ခြင်းဖြစ်သည်။ ထိုထောင်ချောက်ကိုမှ ဆိုက်ဆိုက်မြိုက်မြိုက်နင်းမိသွားသူမှာ တော်တော်ကံဆိုးပါသည်။

ထျွန်းအုခ်ထန်သည် ကိုယ့်ကိုယ်ကို ဘယ်လိုပဲထိန်းချုပ်ထိန်းချုပ် မရ။ အမဲလိုက်သည့်ဝါသနာကို မစွန့်လွှတ်နိုင်။

သူပထမဆုံးအမဲတစ်ကောင်ပစ်လိုက်နိုင်သောနေ့က ခံစားချက်ကို သူ့ဘဝတွင် ဘယ်တော့မှမေ့နိုင်တော့မှာမဟုတ်

www.burmeseclassic.com

www.burmeseclassic.com



သူ့ပထမဆုံးအမဲသည် ပြောင်တစ်ကောင်ဖြစ်သည်။ သူတို့အုပ်စုတွင် သူတစ်ယောက်သာလူလားမမြောက်သေးသည့် လူငယ်လေး။ ကျန်သည့်လူတွေမှာ ယောက်ျားကြီးတွေဖြစ်လျက် အမဲကောင်ပေါင်းများစွာရခဲ့ပြီးပြီ။ အဖေဆိုလျှင် သူ့ခေတ်သူ့အခါက ကျားတစ်ကောင်ပင်ရခဲ့ဖူးသည်။ ထိုကျားအရေခွံကို အိမ်ဧည့်ခန်းတွင်ခင်းထားခဲ့၏။ အဖေမရှိသောအခါ ထိုကျားအရေခွံကို သူတန်ဖိုးထားစွာဖြင့် အိမ်နံရံတွင် အလှချိတ်ထားခဲ့သည်။ ထိုကျားအရေခွံမှာ မစုတ်မပြဲ ပကတိအကောင်အထည်မပျက် သေသပ်လွန်းသဖြင့် မြင်သူတိုင်း သဘောကျကြသည်။ ထိုအရေခွံကို ဝယ်လိုသူတွေအများကြီးလာ၏။ သူမရောင်းနိုင်ပါ။ အဖေ့အမွေအနှစ်ဖြစ်သည်။

အဖေသေသွားသောအခါ အဖေ့အတွက် သူ ခမ် ဟုခေါ်သော ကျောက်တိုင်ခုံ တည်ဆောက်ပေးခဲ့သည်။ အဖေ့ကျောက်တိုင်ခုံနောက်မှီကျောက်ပြားတွင် ချင်းဘာသာ၊ အင်္ဂလိပ်ဘာသာတို့ဖြင့် အဖေ့ဂုဏ်ပုဒ်များကို သူ ဖော်ထုတ်ရေးသားခဲ့သည်တွင် ကျား တစ်ကောင်နှင့် ပြောင်သုံးကောင်ပါဝင်သည်မှာ ဂုဏ်ယူစရာပင်။ စိုင်နှင့် ဆတ်တို့ကိုတော့ ထည့်ရေးစရာပင်မလိုတော့ပေ။ သား ထျန်းအုခ်ထန်နှင့်သမီး ဆုန်ကျဲလျန် တို့၏ဖခင်။

သူ့ပထမဆုံးသော အမဲမှာ ပြောင်ကြီးတစ်ကောင်ဖြစ်သောကြောင့် သူသည် အမဲလိုက်ခြင်းကို အနှစ်နှစ်ဆယ်လုံးလုံး ရင်ခုန်နေခဲ့သည်။ သည်တုန်းက သူ့အသက်၁၅နှစ်။ လူပျိုပေါက်အရွယ်ပဲရှိသေးသည်။ လုံကို မနိုင်တနိုင်ကိုင်ခဲ့ရသည့်အရွယ်။ သို့သော်သေနတ်ကိုတော့ သူ နိုင်နင်းကျွမ်းကျင်ပြီ။

အဲသည်တုန်းက သူတို့အိမ်တွင် ဝမ်းသာစရာနှစ်ခုဖြစ်ခဲ့၏။ ပထမတစ်ခုက သူက ပြောင်တစ်ကောင်ပစ်လိုက်နိုင်သည်။ ပြောင်က ဘယ်လောက် ကြီးသလဲဆိုလျှင် အသားကို တစ်ရွာလုံးစားလို့မကုန်နိုင်။ ဒုတိယတစ်ခုက အမေက သူ့အတွက် ညီမလေးတစ်ယောက်



ညားရှားပါးပါး မွေးပေးခဲ့သည်။ ထိုညီမလေးကို သူအလွန်ချစ်လေသည်။ ညီမလေးနှင့်သူ ဆယ့်ငါးနှစ်ကွာခြားသည်။ ညီမလေးမတိုင်ခင်က အမေသည်ယောက်ျားလေးတစ်ယောက်၊ မိန်းကလေးတစ်ယောက် မွေးသေးသော်လည်း အဖတ်မတင်ခဲ့ပေ။ ညီမလေးကို ကိုယ်ဝန်ရှိသောအခါ နှစ်ခြင်းဘာသာဝင်ဖြစ်နေပါလျက် အဖေက နတ်မေးပြီးနတ်ကို ပူဇော်ပသခဲ့သည်။ နောက်ထပ်တစ်ယောက် ထပ်မဆုံးပါရစေနဲ့ ဟု အဖေက ခဏခဏရေရွတ်ခဲ့တာ သူမှတ်မိနေသည်။

ထျန်းအုခ်ထန်သည် သည်ကနေ့ ညီမလေးကို ယုန်သားဖြင့် ညစာကျွေးနိုင်မလား ဟု မျှော်လင့်ထားခဲ့၏။ အခုတော့ တစ်ခုတည်းသောထောင်ချောက်ကို ယုန်ကမနင်းဘဲ လူကနင်းခဲ့ပြီ။

အော် တော်တော်နာကျင်မှာပဲ။

အမျိုးသမီးလေး၏ခြေထောက်မှ သွေးတို့ကို ယခုတိုင် သူမြင်ယောင်နေဆဲ။ သူ့မှာအပြစ်မရှိပါဘူးဟု ဘယ်လိုပဲစိတ်ကိုဖြေသိမ့်ကြည့်ပေမယ့်မရ။ ထိုဒဏ်ရာသည် သူ့ထောင်ချောက်ကိုတက်နင်းမိလို့ရတာ။

ဒီမိန်းမကလည်း ဆိုက်ဆိုက်မြိုက်မြိုက် သူ့ထောင်ချောက်ရှိရာကိုမှ လာရသလား။ ဒဏ်ရာကြောင့် တစ်ခုခုဖြစ်လျှင် မိမိမှာအပြစ်ဖြစ်ရဦးမည်။

ထိုအတွေးဖြင့် သူသည်အိမ်အပြန်ခရီးတစ်လျှောက်လုံး စိတ်မသက်မသာဖြစ်နေသည်။

မီးထွန်းချိန်မရောက်မီ အိမ်ပြန်ရောက်သည်။

သူတို့အိမ်သည် ဟားခါးမြို့အဝင် မှာလ်ဖုန်ရွာတွင် ရှိသည်။ သူတို့အိမ်သည် အားလုံးထဲတွင် အကောင်းဆုံးဖြစ်သည်။ သူကိုယ်တိုင်ရွေးခုတ်ထားသော ထင်းရှူးသားသစ်တို့သည် ဝင်းဝါကာ တောက်ပနေ၏။ အိမ်ကပြင်သည် အများလို ဝါးကြမ်းခင်း မဟုတ်။ ခင်းထားသည်မှာ သစ်တိုသစ်စခင်းလည်းမဟုတ်။ ညီညာသော သစ်မာတို့ကိုရွေးချယ်

www.burmeseclassic.com

www.burmeseclassic.com



စေ့စေ့ညီညီခင်းထားခြင်းဖြစ်သည်။ တောင်ကမ်းပါးယံတွင် မေးတင်လျက် ဆောက်ထားသောအိမ်သည် လေထဲတွင်လွင့်နေပြီး တိမ်တွေကပိုင်းရံလျက်ရှိလေသည်။

ယုန်သားမရပေမယ့် ကြွက်သားတော့ရခဲ့သည်။ မီးမွှေးလျက် ကြွက်ကြီးကို တံစို့ဖြင့်ကင်လိုက်သည်။ ထမင်းက နံနက်တုန်းက ချက်ထားခဲ့ပြီးသား။ ပြောင်းဖူးစေ့ကြိတ်ထောင်းပြီးခပ်ထားသော ဖရုံရွက်ဟင်းချိုကတစ်ခွက်။ ငရုတ်သီးမီးကင်ဆားထောင်းကတစ်ခွက်။ မွှေးကြိုင်နေသောကြွက်သားကင်ကတစ်ခွက်။

ညစာချက်ပြုတ်ပြီးသွားချိန်တွင် သူသည် ထင်းရှူးဆီမီးတိုင်ကို ထွန်းလိုက်သည်။ သူကိုယ်တိုင်ရွေးခုတ်ထားသော ထင်းရှူးသားအနှစ်တို့သည် အဆီဖြင့်ကျစ်ပြီးပြောင်လက်နေသည်။ မီးထွန်းပြီးတော့ သူ ခေါင်းရည်အိုးထဲမှခေါင်ရည်အနည်းငယ်ကို ဝါးပိုက်တံကလေးဖြင့်စုပ် သောက်လိုက်သည်။

သူ့တစ်ကိုယ်လုံးသည် မိုးတိမ်ငွေ့တို့ဖြင့် အေးစက်နေရာမှ နွေးခနဲပူသွားသည်။ အိမ်နံရံမှာချိတ်ထားသော ကျားအရေခွံ၏ အဝါနှင့်အနက်စင်းကျားတို့သည် ထင်းရှူးဆီမီးရောင်ဖြင့် တောက်ပနေသည်။ အမွေးနုလေးများကိုပင် မြင်နေရသည်။

ပြောင်ခေါင်းတွေ နွားနောက်ခေါင်းတွေကို အထက်အောက်ဆင့်ပြီး တန်းစီချိတ်ထားသည့်အနက် အကြီးဆုံးခေါင်းသည် သူ့အသက်၁၄နှစ်အရွယ်က ပစ်သတ်ခဲ့သည့်ပြောင်ခေါင်းဖြစ်သည်။ ထိုအချက်က သူ့ကိုယ်သူ ဂုဏ်ယူ စိတ်မြင့်မားစေ၏။ တစ်ခါတစ်ခါ သူ့အလုပ်နားလျှင် အိမ်ဦးခန်းမှာထိုင်လျက် နံရံပေါ်က ခေါင်းများကို ငေးကြည့်ကာ အတိတ်ဆီက အကြောင်းအရာများကို တွေးနေမိတတ်သည်။ ထိုအခါများတွင် ခေါ်သနှင့် အဆုံးသတ်သွားလေ့ရှိသည်။

သူ့ခေအေ ပြန်မြင်ယောင်မိသည်။

အမဲလိုက်သည့်အုပ်စုတစ်စု။ တောနက်ထဲမှာ ညာသံပေး၍



တောချောက်သံများ၊ လှုပ်ရှားနေသောခြေထောက်များ။ တိရစ္ဆာန်တို့၏အသက်လုပြီးပြေးသည့်အသံများ၊ သေနတ်သံများ။ အားရွှာအော်ဟစ်လိုက်သည့်အသံများ။ မချင့်မရဲညည်းညူအော်ဟစ်သံများ။

ထို့နောက် အမဲလိုက်အုပ်စုတွင် အုပ်စုကွဲသွားသည်။ အဖေနှင့်သူကတစ်ဘက်၊ ဗန်ဘွေမှူးမ်ပါးနှင့်ဆွေမျိုးများက တစ်ဘက်။

ထိုနေ့က သူတို့အုပ်စု၏ဦးတည်ရာအမဲက ဆတ်ကြီးဖြစ်သည်။ ထိုဆတ်ကြီးက တောချောက်သည့်အဖွဲ့နှစ်ဖွဲ့တွင် ဘယ်ကိုပြေးရမှန်းမသိ။ သင်းကွဲဖြစ်နေသည်။ အကောင်ကြီးသည် ပြေးမိပြေးရာ ကွင်းပြင်လွတ်ဆီသို့ပြေးသည်။ အဖေက နောက်ကလိုက်သည်။ သူက တောင်ကမ်းပါးယံစောင်းမှ ကိုင်းပင်များကြားတွင် ကျန်ခဲ့သည်။

နောက်တော့ သူ နားစွင့်နေသည့်သေနတ်သံ။ တစ်ချက်။ နောက်တစ်ချက်။ ဒါအဖေ့သေနတ်သံမဟုတ်ဘူး။ သို့သော် အုပ်စုလိုက်အမဲလိုက်တာ ဘယ်သူပစ်လို့ပဲထိထိ အဖွဲ့အနေနှင့် ကျေနပ်တက်ကြွစရာချည်းပဲမဟုတ်လား။

ထိုသေနတ်သံသည် တောင်ကမ်းပါးယံမှ ပဲ့တင်ထပ်လျက် ခပ်သဲ့သဲ့ပြန်မြည်လာသည်။ ထိုပဲ့တင်သံသည် အက်ကွဲကွဲပေါက်ကွဲသံအဖြစ် သူ့နားထဲသို့ဝင်လာသည့်အချိန်တွင် ထင့်ခနဲ စိတ်လေးသွားသည်။ သေနတ်သံသည် သူ့အတွက် နတ်ဆိုး၏ကျိန်စာလိုလို။

အဲသည်နောက်တော့ သူဘယ်လိုမှ မျှော်လင့်မထားသော အဖြစ်အပျက်တွေကို ရင်ဆိုင်ရတော့သည်။

သွေးအိုင်ထဲတွင် လဲနေသောအဖေ။

'ပါး'

သူ့ကို အဖေက စကားပြောချင်လို့ နှုတ်ခမ်းတွေတဆ... နေသည်။ သူ ခြောက်ခြားတုန်လှုပ်စွာ အဖေ့အနားတောင်... မြေပြင်မှာထိုင်ချလိုက်သည်။

အဖေသည် ရင်ဘတ်တွင် သွေးပွက်ပွက်...

www.burmeseclassic.com

www.burmeseclassic.com



တဆတ်ဆတ်တုန်နေပြီ။ စကားတစ်ခွန်းမှ မပြောနိုင်တော့။ လက်ကို အသာမြှောက်သည်ဆိုရုံလေးမြှောက်ပြီး တစ်ခုခုပြောဖို့အားယူရင်း ခေါင်းငိုက်စိုက်ကျသွားသည်။

'ကပါး'

တစ်တောလုံးဟိန်းသွားသည့် အက်ကွဲသံဖြင့် သူအော်ဟစ်ပစ်လိုက်တော့သည်။

အဖေ့ကို သေစေသည့်သေနတ်ကျည်ဆန်သည် ဇန်ဘွေမှူးမ်ပါး၏သေနတ်ဖြစ်သည်ဟု သိလိုက်သည့်အခါ သူသည် ဝက်ဝံတစ်ကောင်လိုပင် ထိုသူအားခုန်အုပ်လျက် ဓါးဖြင့်လည်ကိုလှီးဖြတ်လိုက်သည်။ သူကံကောင်းတာလား။ ထိုသူကံကောင်းတာလား မသိ။ သူ့လက်ကို ဦးလေးက လျှင်မြန်စွာဖမ်းဆွဲလျက် သူ့ကို ချုပ်နှောင်ထားလိုက်လေသည်။

'မလုပ်နဲ့။ ဒါ မတော်တဆဖြစ်တာပါ။ ငါသိပါတယ်။ ငါမြင်ပါတယ်'

သူသည် မတော်တဆဟူသောစကားကို နားမဝင်နိုင်။ ပေါ့ဆလျှင်လည်း လူတစ်ယောက်အသက်သေစေသည်အထိ ပေါ့ဆသည့်အပြစ်ဒဏ်ကို မခံထိုက်ဖူးလား။

သူသည် အဖေ့အလောင်းကို သင်္ဂြိုဟ်ပြီးနောက်မှာတော့ လက်စားချေမည်ဆိုသည့် ဒေါသစိတ်ကိုလျှော့ချနိုင်ခဲ့သည်။ ဒါ သေစေလိုသည့် စိတ်ယုတ်မာနှင့်သတ်ခဲ့တာမဟုတ်။ သို့သော် အဖေ့ကိုသေစေအောင်ထိပေါ့ဆသူအား ထိုက်သင့်သည့်ပြစ်ဒဏ်တော့ ကျခံစေရမည်ဟု တွေးသည်။ ထို့ကြောင့် အမှုဖွင့်လိုက်တော့သည်။

ဆိုလှ ထောင်ဒဏ်နှစ်နှစ်ကျသွားသည်။

ထောင်ဒဏ်နှစ်နှစ်ဆိုသည်မှာ သေသူဘက်ကလည်း စိတ်ပြေစရာ၊ ကျသူဘက်ကလည်း သိပ်မများသည့်အတွက် သက်သာသည်ဟုပြောနိုင်သည်။ သူ ကျေနပ်သွားပါသည်။ သို့သော် တရားခံဘက်ကမကျေနပ်နိုင်သည်က ထောင်ကျချိန်တွင် ထိုလက်နက်ကို သိမ်းဆည်းလိုက်ခြင်းကိစ္စ။

ထောင်ကပြန်လွတ်လာသည့်အခါ ထိုလက်နက်ကို ထိုလူက ပြန်တောင်းသည်။ တရားသူကြီးကမပေး။ ထိုအခါ မကျေမနပ်စကားတွေများကြရပြန်သည်။

နောက်ဆုံးတော့ တစ်နှစ်နှစ်နှစ်လောက်အကြာတွင် ထိုသူသူ့လက်နက်ကိုပြန်ကိုင်ခွင့်ရသွားသည်။ ဒါကိုတော့ သူမကျေနပ်ပါ။ သူ နောက်တစ်ခါ မတော်တဆဖြစ်ပြီး နောက်လူတစ်ယောက်အသက်ကို မသေစေနိုင်ဘူးလား။

ယခုအခါ

'အစ်ကိုစားပြီးပြီလား'

ညီမ၏အသံ။

သူ မော့ကြည့်လိုက်သည်။ ညီမသည် လွယ်အိတ်ကို စလွယ်သိုင်းလွယ်လျက် အိမ်အဝင်တွင် မတ်တတ်ရပ်နေသည်။ သူ ခပ်သွက်သွက် ထရပ်သည်။

'ညီမလေး။ ညဉ့်နက်နေပြီ'

'ဝိုင်အမ်စီအေမှာ ဒီနေ့ ဆရာမအသစ်ရောက်တယ်အစ်ကို'

ဆရာမအသစ်ရောက်တာနှင့် ညီမအိမ်ပြန် နောက်ကျတာဘာမှ မဆိုင်။ သူ့မျက်မှောင်ကြုတ်နေဆဲ။

'ဆရာမကို ကူညီနေလို့။ သူက လမ်းမှာ ဒဏ်ရာရခဲ့တာ။ သစ်ခွခူးရင်း ထောင်ချောက်မှာမိတာလို့ပြောတယ်'

'ဟာ'

သူ ခေါင်းတစ်ချက်ကုတ်လိုက်သည်။

'သူ့ကို ဆေးခန်းလိုက်ပို့ပေးရတယ်'

ဆေးခန်းသွားရလောက်အောင် ဒဏ်ရာများသည်ဟု သူ မထင်ခဲ့။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ညီမကို ဘာမှမမေးမိ။ ညီမကသာ သူ့အနားမှာ ဝင်ထိုင်ရင်း ဆက်ပြောနေသည်။

'သူက ငါတို့စင်တာမှာ အင်္ဂလိပ်စာသင်ဖို့လာတာ။ ဒါပေမဲ့ သစ်ခွတွေကို လိုက်စုဆောင်းတာ ဝါသနာပါတယ်။ သူက ဒီချင်း ဘောင်ကသစ်ခွတွေကို သုတေသနလုပ်မှာတဲ့'

'သစ်ခွ...'

သေချာပါပြီ။ ထျန်းအုခ်ထန်သည် ပလိုင်းထဲမှထုတ်ထားပြီး မီးဖိုဆောင်ကြမ်းခင်းမှာ ချထားခဲ့သော အဖြူရောင်ပန်းပွင့်နှင့် သစ်ခွပင်ကို မျက်စိရောက်သွားသည်။

ပန်းပွင့်လေးက သူ့အား အမှောင်ထဲမှ ခေါင်းထောင်ကြည့်နေသည်။



သင်၏လွတ်လပ်မှုသည်
ငါ၏လွတ်လပ်မှုလည်း ဖြစ်ပေ၏ဟု
မြားကိုမပစ်မီ လေးညို့ကဆို၏။

၆

ပိုင်စိုးသည် ထင်းခုတ်သူတွေနှင့်အတူ တောထဲသို့လိုက်သာခဲ့သည်မှာ တစ်ရက်နှင့်တစ်ညရှိပြီ။

တောသည်ခပ်ကျဲကျဲသာဖြစ်သည်။ အပင်ကြီးတွေမရှိ။ သူရွာခြေနီးသည့်တောဖြစ်သဖြင့် အပင်တွေရော အကောင်တွေ နည်းပါးကုန်တာဖြစ်မည်ဟု သူတွေးသည်။

'ဒီထက်သစ်ပင်ထူထပ်တဲ့တော ရှိလား' သူမေးကြည့်သည်။

'ဒီနားမှာတော့ မရှိဘူး။ ကနေဒီတောင်ဘက်မှာတော့ သစ်ပင်ကြီးတွေများတယ်'

သူ တီးတိန်သို့ သွားလျှင် ကနေဒီတောင်ကိုဖြတ်ကျော်ရမည်ဖြစ်သည်။

'ကျွန်းပင်တွေက ဘယ်အပိုင်းမှာရှိလဲဗျ'

'အဲဒါက သစ်တောကြိုးဝိုင်းတွေမှာပဲပေါ့။ ကျွန်းတော်တွေများသိပ်မရှာဘူး'

'မြန်မာနိုင်ငံကကျွန်းသစ်တွေထဲမှာ အခုင်းပြည်တော

www.burmeseclassic.com

www.burmeseclassic.com



ကျွန်းသစ်ကအရည်အသွေးအကောင်းဆုံးဗျ'

မနေ့ကညစာစားပွဲမှာ တာဝန်ရှိပုဂ္ဂိုလ်တစ်ယောက်က ပြောလိုက်တာကို မှတ်မိသည်။

'တခြားကြိုးဝိုင်းတွေမှာက ဒီလောက်ကောင်းတဲ့ကျွန်း မရှိတော့ဘူးလေ'

ထင်းရှူးပင်တွေကို သူတို့အများဆုံးခုတ်ကြသည်။ မိုးမခပင်၊ ဝက်သစ်ချပင်။ အပင်တစ်ပင်ပြီးတစ်ပင်။

သူတို့ထင်းခုတ်နေသည့်အခိုက် ပိုင်စိုးက အနီးအနားတောင်ပေါ်သို့တက်ပြီး လေ့လာသည်။ ငှက်တချို့တွေ့သည်။ ရှဉ့်တွေ တွေ့သည်။ သင်းခွေချပ်တစ်ကောင်ကို ဓါတ်ပုံရိုက်လိုက်နိုင်သည်။

သို့သော် တောတစ်ခု၏တကယ့်အသက်ကို မြင်ချင်လျှင် ညအချိန်သည် အကောင်းဆုံးဖြစ်သည်တဲ့။ ထို့ကြောင့် သူသည်ထင်းခုတ်သူတွေနှင့်အတူ မီးလှုံနေရာမှ သူတို့အိပ်ပျော်သည့်အခါ တဲမှ ထွက်လာခဲ့တော့သည်။

ညသည်လရောင်ဖြင့် ဆလိုက်ထိုးထားသလိုရှိသည်။ အနီးသစ်တောမှာအရောင်က စိမ်းမှောင်ရင့်ရင့်၊ အဝေးတောင်ပေါ်တောက မီးခိုးဖျော့ဖျော့။ တောင်တန်းသည် အဝေးအနီး၊ အရင့်အနု တစ်ဆင့်ပြီးတစ်ဆင့် ဟိုးအဝေးထိ မဆုံးနိုင်တော့သော အံ့မခန်းမြင်ကွင်းဖြစ်သည်။

သူသည် အကောင်ပလောင် တိရစ္ဆာန်လေးတွေ ရှိခဲ့လျှင် လန့်မသွားစေရန် ခြေလှမ်းကို တတ်နိုင်သမျှအသံမမြည်အောင် ချွတ်နင်း၍ လျှောက်လေသည်။ ထို့နောက် သဖန်းပင်ကြီးတစ်ပင်အောက်တွင် သူ ခဏရပ်သည်။

ဘိတ်ဆိတ်နေသောပတ်ဝန်းကျင်တွင် ဟိုမှသည်မှ ချီးချီး ချွတ်ချွတ်မြည်သံလေးတွေကြားရသည်။

မြေပြင်ဆီမှာ သစ်ရွက်ကြွေတို့အကြား တစ်ခုခု ဖြတ်



လျှောက်သွားသလို အသေးစားခြေသံလေးတစ်ခု။ ဘာကောင်လဲဟု မသိလိုက်ရသေးမီမှာပင် လေတိုးသံတစ်ချက်သာ ဝှစ်ခနဲကြားလိုက်ရပြီး သစ်ပင်ပေါ်မှ ငှက်တစ်ကောင်က ထိုအရာလေးကို ကုတ်ချီသွားတော့သည်။ သူ ထိုအဖြစ်အပျက်ကို ကြိုတင်မမှန်းဆခဲ့သဖြင့် ဓါတ်ပုံရိုက်ဖို့ မမီလိုက်တော့ပေ။

ညကြည့်မီးနှင့်မှန်ပြောင်းကို အဆင်သင့်လုပ်ပြီး မလှုပ်မယှက်စောင့်သည့်အခါမှာတော့ ဘာအဖြစ်အပျက်ကိုမှ မတွေ့ရပြန်။

မတ်တတ်ရပ်နေရာမှ ပိုင်စိုး၏နားထဲတွင် ခပ်သဲ့သဲ့အသံတချို့ကို ကြားလာရပြန်သည်။ မြေကြီးကို လက်သဲဖြင့် ကုတ်ခြစ်နေသည့်အသံမျိုး။ အသံလာရာက ပိုင်စိုး၏နောက်တည့်တည့်ဖြစ်သည်။ သူလှည့်ကြည့်တော့ ချုံနွယ်အုပ်စုတစ်စုအတွင်းမှ အသံဟု သူခန့်မှန်းလိုက်သည်။ ထို့နောက် ကုတ်ခြစ်သံအပြင် တအီအီအော်သံသေးသေး တိမ်တိမ်ကိုပါကြားရသည်။

ပိုင်စိုးသည် အသံကြားလိုက်ရုံဖြင့် ဒါ ဘာကောင်ဖြစ်မလဲဟု မခန့်မှန်းနိုင်ပေ။

အီသံက ပိုကျယ်လာသည်။ ခွေးတစ်ကောင်၏ညည်းသံမျိုးဖြစ်သည်။

သူ ထိုနေရာသို့ ခြေသံလုံအောင်ထိန်းလျက် လျှောက်လာခဲ့သည်။ သိပ်တော့မလွယ်လှပါ။ သစ်ရွက်ကြွေတွေက နေရာအနှံ့အပြားမှာရှိနေသဖြင့် သူခြေလှမ်းလှမ်းတိုင်း တချွတ်ချွတ်မြည်နေသေးသည်။ သူချုံပင်စုစုအတွင်းသို့ ငုံ့ကြည့်လိုက်သည်။ သူ့နဖူးမှာတပ်ထားသော ဓါတ်မီးအလင်းရောင်က ချုံပင်အစုထဲသို့ ကွင်းကွင်းကွက်ကွက်ရောက်သွားသည်။

ဟား။ တွေ့ပြီ။ မျက်စိသူငယ်နှင့် လှုပ်လှုပ်ရွရွ...သော အမွေးဖွားဖွားကြောင်လေးတစ်ကောင်။ မျက်လုံး... သီးလို၊ အင်းလေ ဇီးသီးထက်တောင် ဝိုင်းစက်နေ...

www.burmeseclassic.com

www.burmeseclassic.com



အဲ ကြောင်နှင့်တူသည်။ သို့သော် ကြောင်ထက် ကြီးမားသည်။ မျက်နှာတွင် အစင်းကျားလေး နှစ်ခုလောက်ပါသည်။ ကိုယ်လုံးက မီးခိုးရင့်ဖြစ်မလား။ အနက်ဖြစ်မလား။

ထိုသတ္တဝါလေးသည် ညာဘက်ခြေထောက်က ထောင်ချောက်ထဲမှာညှပ်ဖိခံနေရသည်။ နာကျင်မှုကြောင့်သွေးရူးသွေးတန်း ရုန်းကန်လေ ထောင်ချောက်ဆူးတို့က သူ့ခြေထောက်သို့ နစ်ဝင်စိုက်လေဖြစ်သည်။ ထိုအခါ သတ္တဝါသည် တအီအီအော်နေတော့သည်။

သူ မြေပြင်တွင် ဒူးထောက်ထိုင်ချလိုက်သည်။ သတ္တဝါလေး၏လွတ်နေသည့်လက်တွေက ကြောက်အားလန့်အားဖြင့် သူ့ကို ကုတ်ဖဲ့ရန်ကြိုးစားသည်။

'ရှူး ရှူး'

သူအသာလေးနှစ်သိမ့်ပြီး ထောင်ချောက်ကို ဖြုတ်ပေးဖို့ ကြိုးစားမိသည်။

ဆူးချွန်တွေနှင့်နွယ်ကြိုးကို ကွင်းအဖြစ်လုပ်ထားခြင်းဖြစ်သည်။ တက်နင်းမိသည့်သတ္တဝါ၏ခြေထောက်သည် လုံးဝလွတ်ဖို့ အကြောင်းမရှိ။

'ဟေး ဟေး ခဏလေးပါကွာ။ ငါက မင်းကို လွှတ်ပေးမလို့ပါ။ ငြိမ်ငြိမ်လေးနေ'

သူ လေသံလေးဖြင့်ချော့မော့ပြီး အကောင်လေး၏လည်ကုတ်အမွေးကို အသာပွတ်သပ်ပေးလိုက်သည်။ အကောင်လေး ငြိမ်သက်သွား၏။ ထိုအခါကျမှ ကျော့ကွင်းကို လက်ဖြင့်ဖြုတ်ခွင့်ရသည်။ အကောင်လေးသည် သူ့ကို ရန်မူမည့်သူမဟုတ်မှန်းသိသွားသလားမသိ။ တအီအီမြည်လျက် အသာလေးငြိမ်ခံလေသည်။

ကွင်းကို ခြေထောက်မှ ဖြုတ်လို့ရတော့မည့်ဆဲဆဲတွင် နောက်ဖက်မှ သစ်ရွက်ခြောက်နင်းသံ ခပ်လေးလေး၊ ခပ်ပြင်းပြင်းကို



ကြားလိုက်ရသည်။

သူ ခေါင်းထဲတွင် ပူထူသွားသည်။ အကောင်လေးမှာ အမေ အတူပါလိမ့်မည်ဟု သူဘာကြောင့်မတွေးခဲ့မိပါလိမ့်။ အမေဆိုသည်မှာ သားဖေဖြင့် မြင်မြင်ရာကို ရန်သူသဖွယ်တဟုန်ထိုး တိုက်ခိုက်နိုင်၏။ သူ အလန့်တကြားလှည့်ကြည့်လိုက်သည်။ ခုန်အုပ်မည့်အကောင်ကို ကာသည့်အနေအထားဖြင့် လက်ကို မျက်နှာရှေ့တွင် ကာလျက်။

သူအံ့သြသွားသည်။

စိတ်သက်သာရာလည်း ရသွားသည်။

တော်ပါသေးရဲ့။

အကောင်မဟုတ်။ လူတစ်ယောက်။

ထိုလူသည် သူ့ဆီသို့ ခပ်သွက်သွက်ခြေလှမ်းဖြင့် လျှောက်လာနေသည်။

ပိုင်စိုး၏နဖူးမှ မီးရောင်သည် အောက်စိုက်ထားခြင်းဖြစ်သဖြင့် ထိုလူ၏မျက်နှာဆီထိမရောက်။ ခါးဆီသို့သာရောက်သည်။ သူသည် ချင်းလူမျိုးဖြစ်သည်။ ခပ်ပါးပါး ချည်စောင်အစင်းကျားကို ခြုံထားသည်။

'မင်းဘယ်သူလဲ'

စကားသံတော်တော်ဝဲသည်။

ပိုင်စိုးသည် နဖူးပေါ်မှ မီးကို ခလုတ်ပိတ်လိုက်၏။ သူလည်း မီးမပါ။ ကိုယ်လည်း မီးမပါ။ သဘာဝလရောင်နှင့်ကြယ်ရောင်သည်သာ သူတို့၏အလင်းရောင်ဖြစ်သည်။

'ကျွန်တော်က ဓါတ်ပုံဆရာပါ'

'ဘေးကိုဖယ်'

သူက ပိုင်စိုးရှိရာသို့ တစ်လှမ်းတိုးလာသည်။ ပိုင်စိုးဆီသို့ မဟုတ်။ ပိုင်စိုးနောက်ဘက်မှ သတ္တဝါလေးဆီသို့ဖြစ်သည်။

အကောင်လေးသည် ထောင်ချောက်မှမလွတ်သေး။

ထိုလူ၏နောက်ကျောတွင် မြားတွေထည့်ထားသေး

www.burmeseclassic.com

www.burmeseclassic.com



ဖူးတစ်ခုလွယ်ထားသည်ကို တွေ့ရသည်။

သူသည် ထောင်ချောက်ပိုင်ရှင်ဖြစ်မည်မှာ သံသယဖြစ်စရာ မလိုပေ။

ပိုင်စိုးသည် သူ့ရှေ့မှ ကမန်းကတန်းရပ်လိုက်သည်။

'အဲ အစ်ကို၊ ဒီအကောင်လေးကို အစ်ကို ဘာအတွက် ဖမ်းတာလဲ'

သူက မဖြေပါ။ မဖြေသည့်အပြင် ထိုမေးခွန်းကိုပင် မကြားသလိုရှိသည်။

ပိုင်စိုးသည် သူ့မေးခွန်းနည်းနည်းမှားသွားသည်ကို သတိထားမိသဖြင့် ပြင်ပြောလိုက်၏။

'အစ်ကို ဒီအကောင်လေး ကျွန်တော့်ကို ရောင်းပါဗျာ'

ကောင်းကင်ဆီမှလာသော အလင်းမှိန်မှိန်အောက်တွင် သူ့မျက်နှာထားတင်းမာသွားသည်ကို ကောင်းကောင်းမမြင်ရပါ။ သို့သော် ခံစားသိဖြင့် သိလိုက်သည်။ ဒီလူ တင်းသွားပြီ။

ပိုင်စိုးသည် သည်ဒေသတွင် လူစိမ်းသာဖြစ်သဖြင့် စကားများလျှင် ပြန်လည်ဖြေရှင်းလို့လွယ်မှာမဟုတ်။

'မရောင်းဘူး'

သွားပြီ။ ငါပဲ ချဉ်းကပ်ပုံမဟန်လို့များလား။

ပိုင်စိုးသည် ထင်းခုတ်ဖော်တွေဆီသွားနိုးရလျှင် ကောင်းမည်လားဟု တွေးသည်။ သူတို့အချင်းချင်းပြောတာက ပိုကောင်းလိမ့်မည်။

'ခဏလေးနော်။ ဒီအကောင်ကို မသတ်ပါနဲ့ဦး ကျွန်တော် ပြန်လာခဲ့မယ်'

လှည့်ထွက်မည်ပြုပြီးမှ ကိုယ့်ကိုယ်ကို မိတ်ဆက်ဖို့သတိရသည်။

'ကျွန်တော့်နာမည် ပိုင်စိုးလို့ခေါ်ပါတယ်။ ကျွန်တော်က



ဓါတ်ပုံဆရာပါ။ ဒီအကောင်လေးကို ဓါတ်ပုံရိုက်ချင်လို့ပါ။ အဲဒါ ခွင့်ပေးပါဗျာ'

ထိုသူက အေးတိအေးစက် လက်ကမ်းပေးသည်။

'ထျန်းအုခ်ထန်'

ဒါ သူ့နာမည်ကို ပြောတာပဲ။ သူ့ကို လိုက်လိုက်လျောလျောဟန်အမူအယာမို့ သူ ဝမ်းသာသွားသည်။

'ခဏလေးစောင့်ပါ'

အကောင်လေးဆီလက်ညှိုးညွှန်လျက် လက်ကာပြထားခဲ့ပြီး အဖော်တွေရှိရာသို့ အပြေးသွားမိသည်။ သူတို့နှစ်ယောက်ကို အိပ်ရာမှနှိုးရ၏။ ချမ်းအေးလှသောညတွင် မီးဖိုဘေးမှာကွေး အိပ်နေရာမှ အနှိုးခံလိုက်ရသောအခါ သူတို့တော်တော်စိတ်ညစ်သွားမည်။ သို့သော် သူနှင့်အတူ လိုက်လာခဲ့ပါသည်။

သူတို့အချင်းချင်း အသိအကျွမ်းတွေမဟုတ်သည့်တိုင် ရင်းရင်းနှီးနှီး ပြောကြဆိုကြသည်ကို မြင်ရ၏။ ပိုင်စိုးစိတ်သက်သာရာရသွားသည်။

'ဒီအကောင်ကို ကျွန်တော်ဝယ်ယူချင်ပါတယ်။ အဲဒါ ဘယ်လောက်နဲ့ရောင်းမလဲလို့မေးပေးပါ'

မရောင်းပါဘူး ဟူသောအဖြေကိုသာရရသည်။

မသတ်စေချင်လို့ ဝယ်လိုခြင်းဖြစ်ကြောင်း သူတို့ကို ပြောခိုင်းရသည်။ မုဆိုးသည် တော်တော်တော့ ခေါင်းမာပုံရသည်။ မရောင်းပါဘူးဟု အကြောက်အကန်ငြင်းဆန်နေသေးသည်။ နောက်တော့ သဘောတူလိုက်သည်။ ခေါင်းညိတ်သည်။

ပိုင်စိုးသည် သူစိတ်ပြောင်းမသွားမီ ကမန်းကတန်းငွေထုတ်ပေးလိုက်မိသည်။

'မပေးပါနဲ့ အလကားယူပါ'

သည်လိုတော့လည်း သည်လူက မဆိုးပါလား။

www.burmeseclassic.com

www.burmeseclassic.com



'ပေးစရာမလိုပါဘူး။ ဒဏ်ရာနဲ့မိန်းမကို ကားနဲ့ခေါ်တင်တဲ့လူမဟုတ်လား'

ခြော်။ မိမိရှေ့က ချင်းကို လရောင်မှိန်ပျပျအောက်မှာ တအံ့တသြကြည့်မိသည်။

'ဟုတ်ပါတယ်'

ဟားခါးအဝင်တစ်နေရာမှာ တွေ့ဆုံခဲ့သူအဖြစ် ဆက်စပ်မှန်းဆကြည့်လိုက်သော်လည်း ရုပ်ရည်ကို သူ မမှတ်မိ။

ပိုင်စိုးသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်၍ အနည်းငယ် တရားဟောလိုက်ချင်သေး၏။ သို့သော် ညအချိန်၊ ကိုယ့်သားကောင်ကို လူစိမ်းတစ်ယောက်အား မပေးချင်ပေးချင် အလကားပေးလိုက်ရသည့် မုဆိုးတစ်ယောက်၏ခံစားချက်ကို သူရိပ်မိသည်။ သူ့တရားကိုနာနိုင်မည့် စိတ်အခြေအနေမဟုတ်။

သူ့ လိပ်စာကိုမေးမိသည်။

'မွာလ်ဖုန်'

ဒါပဲပြောပြီး ထောင်ချောက်ကိုဖြုတ်ပေးကာ ထွက်သွားသည်။ ပိုင်စိုးသည် ကြောင်အကြီးစားလေးကို အသာပွေ့ယူလိုက်တော့သည်။

'လာ မင်း တိရစ္ဆာန်ရုံကို သွားမလား။ ငါ့တိုက်ခန်းမှာနေမလား'

◆



ကောင်းကင်ပြင်ဟာ
လက်နဲ့ဆေးချယ်ထားတဲ့ နာရီတစ်လုံး။
တစ်ခါတစ်ရံမှာ နေ
တစ်ခါတစ်ရံမှာ လ။

မာရှာ ဂျဲန်ဆန်။

၇

ငွေဝန်း ပိုင်အမ်စီအေမှာ အုပ်ချုပ်ရေးမှူးနှင့် စကား ပြောပြီး တည်းခိုခန်းသို့ပြန်ခဲ့တော့ ညနေ မှောင်စပျိုးနေပြီ။

ရေချိုးခန်းမှာ ထားပေးသောရေနွေးကုန်နေပြီမို့ ရေအေးနှင့်ပဲ ရေချိုးလိုက်သည်။ ရေချိုးခန်းမှာ ပြတင်းမှန်ကို ငွေဝန်းသိပ်စိတ်မချ။ မှန်က ရိုးရိုးမှန်မို့ အပြင်ကလူတစ်ယောက် သတိထား၍ ကြည့်လျှင် အတွင်းမှလူကို မြင်ရနိုင်သည်ဟုထင်သည်။

ယခုမိမိငှားမည့်အိမ်မှာ တခြားဘယ်အခန်းမှပါပါမပါပါ။ လုံခြုံသည့်ရေချိုးခန်းတော့ပါဝင်ချင်သည် ဟု အုပ်ချုပ်ရေးမှူးဦးရွှန်ကို ပြောမှ ထင်ပါရဲ့။ အုတ်သမံတလင်းခင်းနှင့်ပေါ့။ သူက ရယ်မောလျှင်လည်း ကျွန်မက ရန်ကုန်သူဇာတိ မပျောက်သေးဘူးရှင့် ဟု ဆင်ခြေပေးရတာပေါ့လေ။

ရေချိုးပြီးတော့ အခန်းဆီသို့ ပြန်အဝင်မှာ ဧည့်ခန်း၌ မမှော် လင့်သောလူတစ်ယောက်ကို တွေ့ရသည်။

ဟောတော်။

www.burmeseclassic.com

www.burmeseclassic.com



ငွေဝန်းကို ကားလမ်းဆီသို့ပို့ပေးခဲ့သောချင်းပါလား။

သူသည် အဲသည်တုန်းကတွေ့ခဲ့သည့်အတိုင်းပဲ။ အပေါ်က ရုတ်အင်္ကျီဖြူ။ လည်ပင်းမှာ ပဝါလိုချည်စရှည်ရှည်ကို တစ်ပတ် ပတ်ထားသည်။ နောက်ပြီး ညာဘက်ပခုံးမှ ချည်လွယ်အိတ်တစ်ခု လွယ်ထားသည်။ လွယ်အိတ်က နီညိုရင့်ရောင်။ ခေါင်းပေါင်းကလည်း ပါလိုက်သေးသည်။ ငွေဝန်းသည် ထိုသူကို အမှတ်တမဲ့ကြည့်မိစဉ်က အသက် လေးဆယ်လောက်လို့ထင်ရသည်။ သူ့အသွင်အပြင်က ရှေးရိုးချင်းလူမျိုး တစ်ယောက်အတိုင်းပဲ။ ငွေဝန်းရောက်သည့်အချိန်မှစ၍ တွေ့ဖူးသမျှသောချင်းတွေထဲမှာ သည်တစ်ယောက်ပဲ ချင်းဝတ်စုံနှင့်မြင်ရသေးသည်။

သေသေချာချာကြည့်တော့လည်း အသက်ကငယ်ငယ်ပဲ။ မိမိထက်တောင်ငယ်ဦးမည်။

'ဆရာမ'

အခန်းဒေါင့်မှာ မတ်တတ်ရပ်နေရာက သူမကိုမြင်တော့ အသာပြုံးပြသည်။

အလို။ ငါ ဆရာမမှန်း သူဘယ်လိုလုပ်သိပါလိမ့်။

'ကျွန်မဆီလာတာလား'

'အေး'

ဖြေရင်း သူ့မျက်စိက ငွေဝန်း၏ခြေထောက်ဆီသို့ ရောက်သွားသည်။ ဒဏ်ရာကို သူစိတ်ဝင်စားနေဟန်ရှိသည်။

'ခဏစောင့်နော်'

'အေး'

သူ့အဖြေကြောင့် ငွေဝန်းရယ်ချင်သွားသည်။ သူသည် ငွေဝန်းထက်ငယ်နိုင်။ သို့သော် အဘိုးကြီးတစ်ယောက်စကား ပြောနေသလိုပဲ။ သူ့မျက်နှာက ခပ်နုနု။ သူ့မျက်လုံးတွေက တောက်ပသည်။ သို့သော် သူက ကြီးအသွင်ဆောင်နေသည်။



ငွေဝန်းသည် အခန်းလေးထဲဝင်ပြီး အဝတ်အစားလဲရင်း သူ ဘာလာလုပ်တာပါလိမ့်ဟု စဉ်းစားနေမိသည်။ ဩော် သိပြီ။ ပတ်တီးအဖြစ်ချည်ပေးလိုက်တဲ့ သူ့ချည်ပဝါလေး ငါ့ဆီမှာပါလာတာ။ အဲဒါကို ပြန်ယူချင်သလားမသိ။

တော်ပါသေးရဲ့။ သူ့ချည်ပုဝါလေးကို ဖွတ်လျှော်ပေးထားမိပေလို့။ အကွက်သိပ်မပေါ်အောင် ချေးအထပ်ထပ်ဖြစ်နေသော ပဝါသည် သန့်ရှင်းလှပသွားအောင် လျှော်ဖွတ်ကာ မီးပူတိုက်ပေးလိုက်သောအခါ တော်တော်ကိုလှသည်။ လက်ဖြင့်ရက်လုပ်ထားသော ခေါင်စုံကွက်စိပ်ပဝါဖြစ်သည်။ ပဝါအနားက ချည်ကြိုးတန်းလန်းလေးတွေနှင့်။ အကွက်လေးတွေဖော်ထားပုံက အစိမ်း၊ အနီ၊ အနက်၊ အဖြူ တစ်ကန့်စီတစ်ကွဲစီ။ ချည်လုံးသေးသေးကျစ်ကျစ်မို့ အလွန်အဖိုးတန်မည့်အနုပညာထည်တစ်ခုဖြစ်သည်။

'ရော့ ရှင့်ပဝါလေး'

ညှော်ခန်းရောက်ရောက်ချင်း ပဝါခေါက်လေးကိုသူ့အား ကမ်းပေးလိုက်သည်။

'ဆရာမကိုပေးထားတာလေ။ ကျွန်တော်မယူပါဘူး။ ဆရာမနေကောင်းလားလို့ လာကြည့်တာ'

ဟင် တစ်မျိုးပါလား။

'ဆရာမအတွက် လက်ဆောင်တွေယူလာခဲ့တယ်'

သူက ညှော်ခန်းစားပွဲပေါ်မှ အပေါက်ကျဲကျဲ ခြင်းကြားရှည်လေးကို ညွှန်ပြသည်။ ခြင်းထဲတွင် ပန်းသီးများ ပန်းဂေါ်ဖီပွင့်များကို မြင်နေရသည်။ သူမကို အံ့သြသွားစေသည်က သူ့လက်ထဲက သစ်ခွပင်ကလေး။

ဒဏ်ရာရသောနေ့က ကျောက်တောင်ကြားမှ နှုတ်ယူခဲ့ပြီးနောက် နာကျင်ဆင်းရဲဝေဒနာဖြင့် မေ့လျော့ထားခဲ့မိသော သစ်ခွလေးမှန်း သတိရသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'အို ဘယ့်နှယ်အလုပ်ပိုအောင်။ အသီးတွေကို ဘာဖြစ်လို့ ယူလာရတာလဲ။ ပြန်ယူသွားပါ။ မဟုတ်တာ။'

ငွေဝန်း အကြောက်အကန်ငြင်းသည်။ သူက ဖွတ်ပေးသည်။

'အဲဒါ ဆရာမအတွက်လေ'

သူမ သူ့အသီးတွေကို ဘာလုပ်ရမှန်းမသိပေ။ သစ်ခွကို တော့ ပြန်ယူမည်ဟု စဉ်းစားထားသည်။

'ဆရာမ ဒီမှာ ကြာကြာနေမှာလား'

'မသိသေးပါဘူး'

'အကြာကြီးနေပါ'

'ထိုင်ဦးလေ'

'မထိုင်ဘူး။ ခိုင်းစရာရှိရင် ကျွန်တော့်ကိုခိုင်းပါ။'

'အို မဟုတ်တာ'

'အစ်မ နေကောင်းလား'

ညှော်ခန်းတံခါးဝမှ ပိုင်စိုးဝင်လာသည်။ သူ့လက်ထဲမှာ ကင်မရာနှင့်။ သူ့တစ်ကိုယ်လုံး နွမ်းဖျော့နေသည်။ ခြေလျင်ခရီးရှည်ကြီး လျှောက်ခဲ့ရဟန်ရှိသည်ဟု သူမတွေးသည်။

'အေး'

ယခုအခါ ငွေဝန်းသည် ပိုင်စိုးကို မျက်နှာပူပူနှင့် ကျေးဇူး တင်နေရပြီဖြစ်သည်။ သို့သော် ကြည်ကြည်ဖြူဖြူတော့မဟုတ်။ ဒေါသ တကြီးတင်နေရခြင်းဖြစ်သည်။

'မနက်ဖြန် မနက်စောစော ကျွန်တော် တီးမစ်ချောင်းဘက် ကို သွားမလို့။ အစ်မ မှာစရာရှိရင်'

'ဟင့်အင်း မမှာပါဘူး'

အသံပြတ်ဖြင့် ငွေဝန်းငြင်းမိသည်။ သူ့ကို ကားကြုံတင် မခေါ်ခဲ့သည့်မိန်းမကို သူ့ကားဖြင့် တင်ခေါ်လာခြင်းကိုက သူ ဘယ် လောက်သဘောထားကြီးပါသည်ဆိုတာ မဖြစ်ဖြစ်အောင် ပြနေခြင်း



ဟု ငွေဝန်းထင်သည်။ ဒါကိုက မရိုးသားတာပဲ မဟုတ်ဘူးလား။

ထို့နောက် ပိုင်စိုးသည် ညှော်ခန်းမှာမတ်တတ်ရပ်နေသူကို တွေ့သွားပြီး မျက်မှောင်ကြုတ်သွားသည်။

'ဩော်'

အာမေဋိတ်သံ။

ထို့နောက် 'ထျန်းအုခ်ထန်' ဟု တိုးတိုးရေရွတ်သည်။

သည်ချင်း၏နာမည်ဘယ်သူပါလိမ့်။ မိမိကိုပြောခဲ့ဖူးသလား စသည်ဖြင့် စဉ်းစားနေမိသော ငွေဝန်းသည် နာမည်ကြားတော့မှ မကြားဖူးပါဘူးဟု ကောက်ချက်ချလိုက်သည်။

အင်းလေ။ သူတို့နာမည်တွေက ကြားရုံနှင့်မရေရွတ်တတ်။ စာနှင့်ပေါင်းပြမှ ဖတ်လို့တတ်သည်။

ပိုင်စိုးက သူ့ကို သိနေသလို။

သူတို့၏ မျက်နှာထားတွေမှာ တစ်ယောက်နှင့်တစ်ယောက် ခင်မင်ရင်းနှီးသည့်ဟန်တော့မဟုတ်။

'ဆရာမ ကျွန်တော်သွားမယ်'

ထျန်းအုခ်ထန်က နှုတ်ဆက်ပြီး စားပွဲပေါ်ကခြင်းကို ဖျတ်ခနဲ မယူပေးသည်။ သူမ ယူပြီး စားပွဲပေါ်ပြန်ချလိုက်ရသည်။ သူ့ခြင်းက တော်တော်လေးသောကြောင့်ဖြစ်သည်။ သို့သော် သစ်ခွပင်လေးကို တော့ အသာကိုင်ထားလိုက်မိသည်။ ရွှရွှလေး။ ရတနာတစ်ပါးလို။

'အို ဟုတ်ကဲ့ ကျေးဇူး'

'ခဏလေး ကိုထျန်းအုခ်ထန်'

ပိုင်စိုးက ထွက်တော့မည့်သူကို ခဏတားထားလိုက်သည်။

'ခဏနေပါဦးလားဗျ'

'သွားမယ်ဗျ'

သူတို့နှစ်ယောက်သည် ငွေဝန်းမသိလိုက်ခင်မှာ [illegible] တော့ဖြစ်ခဲ့ကြပြီးပြီ။ သူမရိပ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်တို့ စကားအေးအေးဆေးဆေးပြောကြရအောင်ပါ။ ကျွန်တော်သိချင်တာလေးတွေ ကိုထျုန်းအုန်ထန်ကိုမေးချင်လို့'

'ကျွန်တော် မအားဘူးဗျ။ နောက်နေ့ တွေ့ပါမယ်။ အခုတော့ အလုပ်တွေရှိနေသေးတယ်'

'ဟုတ်လား။ ထောင်ချောက်တွေဆင်ရဦးမှာလား'

ပိုင်စိုးက ရယ်မောလျက် လွှတ်ခနဲပြောလိုက်သည်။ ထျုန်းအုန်ထန် မျက်နှာပျက်သွားသည်။

'ဘာထောင်ချောက်လဲဟင်' သူမမေးတော့မှ ပိုင်စိုး ခပ်အမ်းအမ်းဖြစ်သွားကာ ဘာမှမပြောတော့ဘဲ ပါးစပ်ပိတ်သွား၏။

'ပိုင်စိုး'

ပိုင်စိုးသည် ပြောမိသွားသောစကားအတွက် နောင်တရသွားလေသည်။

'ဘာထောင်ချောက်လဲလို့'

ပိုင်စိုးက ခပ်အမ်းအမ်းဖြစ်နေခိုက်မှာ ထျုန်းအုန်ထန်က ဝင်ပြောသည်။

'အကောင်ပလောင်လေးတွေကို ဖမ်းတဲ့ထောင်ချောက်'

ငွေဝန်း ဇဝေဇဝါဖြစ်သွား၏။

'ရှင်က ထောင်ချောက်လုပ်သလား'

'တစ်ခါတလေပါ'

ဘုရားရေ။ ဒါဖြင့် သူမနင်းခဲ့မိသောထောင်ချောက်...

သူမသည် ဖြစ်နိုင်ချေတစ်ခုကို ယခုမှပင်တွေးမိသွားသည်။

'ကျွန်မနင်းမိတာတော့ ရှင့်ထောင်ချောက်မဟုတ်ပါဘူးနော်'

'ကျွန်တော့်ကို တရားမစွဲပါနဲ့ဗျ'

'အို'

ဒါဖြင့် ဒါ သူ့ထောင်ချောက်လို့ ဝန်ခံလိုက်တာလား။

ငွေဝန်းသည် ရယ်လည်းရယ်ချင်၊ စိတ်လည်းတိုနေကာ



ဘာပြောရမှန်းမသိ။

'ကြည့်စမ်း'

သူမ တော်တော်နှင့်စကားမပြောနိုင်။

'အဲဒီဒဏ်ရာကြောင့် ကျွန်မ လမ်းလျှောက်ဖို့တော်တော်ခက်တယ်။ ရှင်အမြင်ပဲလေ'

ကိုရွှေချင်းက မျက်နှာငယ်သွားကာခေါင်းညိတ်၏။

'ဆေးထိုးဆေးစား၊ အလုပ်လည်းသိပ်ရှုပ်သွားတယ်'

သူ ခေါင်းညိတ်ပြန်၏။

'ဒီတော့ ကျွန်မအနေနဲ့ ကိုထန်ကိုတောင်းပန်ချင်တာ တစ်ခုပဲရှိပါတယ်။ အကောင်လေးတွေကို ဖမ်းတာဖမ်းပေါ့။ ဒါက ကျွန်မတို့ တားဆီးခွင့်မရှိပါဘူး။ ဒါပေမဲ့ ကန့်သတ်ထားတဲ့ ရှားပါးတိရစ္ဆာန်တွေကိုတော့မဖမ်းပါနဲ့ '

'ဆရာမ ကျွန်တော့်ကို စိတ်မဆိုးဘူးပေါ့'

'အို စိတ်မဆိုးပါဘူး။ ကျွန်မကိုယ်တိုင်က ရှင့်ထောင်ချောက်ရှိတဲ့နေရာကို သွားမိတာကိုး။ လူတွေမသွားတဲ့တောထဲကို သွားမိတာကိုး'

'ကျွန်တော်တောင်းပန်ပါတယ်၊ လျော်ကြေးလည်း ပေးမယ်'

သူက ယဉ်ကျေးဖွယ်ရာစွာလည်း တောင်းပန်လေသည်။

လျော်ကြေးဟူသောစကားကြောင့် ငွေဝန်း ပြာပြာသလဲခေါင်းခါလိုက်၏။

'မပေးရပါဘူး။ ဘယ်လိုမှစိတ်အနှောင့်အယှက်မဖြစ်ပါနဲ့'

ကိုယ့်ကြောင့် တစ်ယောက်ယောက်ထိခိုက်သွားလို့များ လျော်ကြေးပေးရမယ်ဆိုရင် ငွေဝန်းဘဝမှာ အသက်ပင်ရှင်စရာလမ်းမရှိတော့ချေ။

'ပေးပါမယ်။ ဆရာမကို နွားနောက်တစ်ကောင်ပေးမယ်'

'အို'

www.burmeseclassic.com

www.burmeseclassic.com



နွားနောက်တစ်ကောင်...သူ့နွားနောက်ကို မိမိက ဘာလုပ်ရမှာလဲ။ သူမ ရယ်ချင်သွား၏။

'မလိုချင်ပါဘူး'

'ယူပါဗျ'

အော် ခက်တော့တာပဲ။

'မယူချင်ဘူး'

'ဒါဖြင့် ဆရာမ ဘာလိုချင်လဲ။ လိုချင်တာပေးမယ်'

'ဟယ်။ ဒီချင်းကတော့ သူ့နောက်ကြောင်းအေးအောင် ငါ့ကိုဖွတ်ကို လျော်ကြေးပေးနေတော့တာပဲ'

သူမ ရယ်မောလျက်ညည်းမိသည်။

သူနှုတ်ဆက်ပြီးထွက်ခွာသွားချိန်တွင် ချည်ပဝါလေးကို ပေးဖို့ သူမ လှမ်းအော်လိုက်သည်။

'အို ဒီမှာ ရှင့်ပဝါကို ယူသွားအုံးလေ'

ပဝါက စားပွဲပေါ်မှာ အခေါက်လိုက်။ သူ လှည့်မကြည့်တော့။ ဟင်၊ ဒါ ဘာလဲ။ အမှတ်တရ သိမ်းထားဖို့လား။ တွေးမိတော့ သူမ ပါးပြင်တွေ နွေးခနဲပူသွားသည်။

အလို။ ငါဘယ်လိုဖြစ်တာပါလိမ့်။

ချည်ထည်ချင်းစောင်ကြီးကို တစ်ချိန်လုံးခြုံထားတဲ့ ခေတ်နောက်ပြန်ဆွဲနေတဲ့ ချင်းတစ်ယောက်ကို...။

သူမ ပခုံးလေးကျုံ့လျက် အသံထွက်ရယ်မောလိုက်သည်။

ထို့နောက် မိုးဦးညချမ်း၏လတ်ဆတ်အေးစိမ့်သော လေထုအောက်တွင် လန်းဆန်းနေသော သစ်ခွပင်လေးကို ငေးကြည့်နေမိသည်။

အင်း အတုံ့အလှည့်ဆိုတာ ဒါမျိုးကစတာပဲ ထင်ပါရဲ့။

◆



သေထဲတွင် ငါ့တောင်ပံ၏အရိပ်တို့
မကျန်ရစ်ခဲ့ပြီ။
သို့တိုင် ငါပျံသန်းနိုင်ခဲ့ခြင်းအတွက်
ငါ ဝမ်းမြောက်၏။

၁

သူမမိဘများ၏ခြံတွင် သူမ၏သစ်ခွအိမ်တစ်ခုရှိခဲ့ပြီး ယခုအခါ မိမိ အလွမ်းဆုံးအရာသုံးခုထဲ၌ ထိုသစ်ခွခြံပါဝင်သည်ဟု ဘယ်သူ့ကို ပြောပြခဲ့ပြီးပြီလဲ သတိမရတော့။ သို့သော် ပိုင်စိုးကိုတော့ ပြောမပြမိတာ သေချာသည်။ သို့ပါလျက် ပိုင်စိုးက သူမကို သစ်ခွပင် တစ်ပင် လက်ဆောင်ပေးလာသည်။

'အစ်မ အိမ်တက်မင်္ဂလာအတွက် ကြိုပေးထားမလို့'

သစ်ခွတစ်ပွင့်မဟုတ်၊ သစ်ခွပင်တစ်ပင်။ စိမ်းစိုသော အရွက်တွေနှင့် ဥယောင်ပင်စည်တွေအကြားမှာ အဖြူရောင်ပန်းပွင့် သုံးပွင့် ပါလာသော သစ်ခွပင်။ ကြယ်ပုံသဏ္ဍာန် ဘေးသို့ဖြာထွက်နေသော ပွင့်ချပ်နှင့်ပွင့်ဖတ် ရှည်လျားလျားငါးခုက အဖြူဆွတ်ဆွတ်။ နှုတ်ခမ်းအဖြစ် အသွင်ပြောင်းသွားခဲ့သည့် ပွင့်ချပ်လေးက အဝါနုရောင်၊ ရနံ့က သင်းသင်းလေးမွှေးသည်။

'အစ်မရဲ့သစ်ခွခြံမှာစိုက်ဖို့ ပထမဆုံးသစ်ပင်'

သူ ကမ်းပေးလိုက်တော့ သူမ လန့်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကိုယ် သစ်ခွခြံဆောက်မယ်လို့ မင်းကို ဘယ်သူပြောလဲ'

'ဘယ်သူမှ မပြောပါဘူး။ အစ်မ သစ်ခွပင်လေးကို ကြည့်နေတုန်းက အစ်မ မသိအောင် ကျွန်တော် ဓါတ်ပုံရိုက်လိုက်တယ်။ ညတုန်းက အဲဒီဓါတ်ပုံကိုပြန်ကြည့်မိတော့ အစ်မမျက်လုံးတွေမှာ ထူးခြားတဲ့တွယ်တာမှုတစ်ခုကို တွေ့တယ်။ ဒီတော့ ဘာရယ်လို့မဟုတ်၊ အစ်မများ သစ်ခွပင်လေးတွေ စိုက်ချင်မလား လို့ တွေးမိသွားတယ်လေ'

သူမလက်ထဲက သစ်ခွပင်လေးကို အမြတ်တနိုးငုံ့ကြည့်လိုက်မိသည်။ ပင်စည်များသစ်ခွထဲက Coelogyne အမျိုးအစား ဖြစ်သည်။ ငွေနှင်းဖြူဟုခေါ်သော Coelogyne cristata မျိုး ဖြစ်မည်လားမသိ။ စားပွဲတင်ပန်းအိုးအနေဖြင့် စိုက်ပျိုး၍ရသည်။ လှပခမ်းနားသည်။

'ဒါ ဘယ်က ယူလာတာလဲ'

'ကျွန်တော် ဒီနေ့သွားတဲ့တောင်မှာ အများကြီးပဲအစ်မရဲ့။ ကျွန်တော်က မသိလို့၊ တခြားသစ်ခွတွေလည်းရှိသေးတယ်။ ကျွန်တော့်စိတ်ထဲ ဒီအမျိုးကို မြင်တွေ့နေကျမဟုတ်လို့ ရှားတယ်ထင်တာနဲ့ နှုတ်လာခဲ့တာ'

'ဒါနဲ့ ကိုယ့်ဓါတ်ပုံကို ကိုယ်မသိဘဲရိုက်လိုက်တာ လူ့ဘစ်ဘက်သားရဲ့ အခွင့်အရေးကို ချိုးဖောက်တာလို့ မင်းမခံစားရဘူးလား'

ငွေဝန်း ခပ်တည်တည်မေးမိသည်။

'ဟာ အစ်မကလဲ'သူက ပကတိဖြူစင်လေဟန် မျက်နှာပေးဖြင့် ငွေဝန်းအားကြည့်သည်။

'ကမ္ဘာကြီးမှာ ဓါတ်ပုံသမားပေါင်းများစွာက Snapshot တွေရိုက်လာခဲ့တာ ကင်မရာရဲ့သက်တမ်းနဲ့အမျှပဲ။ အစ်မနဲ့ကျခါမှပဲ ဒီမေးခွန်းကို မေးခံရတော့တယ်'

'ကိုယ်ကတော့ အဲဒီ[illegible]ကိုလိုချင်တယ်၊ ဖျက်ဆီးပစ်ချင်တယ်'

အားမနာဘဲ သူမပြောလိုက်ပါသည်။ သူက ခေါင်းညိတ်သည်။

'အိုကေ၊ ကျွန်တော်အခု တစ်ကိုယ်လုံး ပေရေစုတ်ပြတ်လာလို့ ရေချိုးလိုက်ဦးမယ်။ ပြီးရင် အဲဒီဓါတ်ပုံကို အစ်မကို ပြမယ်။ အဲဒီနောက်မှာမှ အစ်မကြိုက်သလိုဆုံးဖြတ်ပေါ့'

သူအခန်းတွင်းသို့ ဝင်သွားသည့်အခါ ဧည့်ခန်းမှာ ငွေဝန်းတစ်ယောက်တည်း သစ်ခွပင်တစ်ပင်နှင့် ကျန်ရစ်ခဲ့သည်။ ဟောဒီသစ်ခွပင်ကို သူမ၏အိမ်ဝိုင်းထဲမှာ စိုက်ရမည်။ ကြိုးတန်းဖြင့် ချိတ်ဆွဲမည်မဟုတ်။ လက်ရှိသစ်ပင်တွေပေါ်မှာ ရေညှိပင်တို့ဖြင့် သူ့အတွက် ရှင်သန်စရာကြားခံအရာလုပ်ပေးပြီး သူရှင်သန်ခဲ့သည့် သဘာဝနှင့်တူနိုင်သမျှတူအောင်ဖန်တီးမည်။

နေစမ်းပါဦး၊ သူပေးသည့်သစ်ခွပင်ကျတော့လက်ခံယူပြီး သူ ရိုက်သည့်ဓါတ်ပုံကျတော့ဖျက်ဆီးခိုင်းမည်ဆိုတော့ တရားနည်းလမ်းကျရဲ့လား။

သူပြမည်ဆိုသော ဓါတ်ပုံမှာ တကယ်တော့ ဓါတ်ပုံအဖြစ်ဘူးရသေးသည်မဟုတ်။ ကွန်ပျူတာ မော်နီတာပေါ်မှာ ဒစ်ဂျစ်တယ်ရုပ်ပုံလွှာအဖြစ် မြင်တွေ့ရခြင်းဖြစ်သည်။

ပိတ်ကားမျက်နှာပြင်မော်နီတာအပြည့် မြင်ကွင်းတွင် သူမ၏ မျက်လုံးတွေက သူပြောသလိုပင် နူးညံ့တွယ်တာလျက် ရှိသည်။ သူမကိုယ်တိုင်အံ့သြရလေသည်။

'တွေ့လားအစ်မ၊ သစ်ခွပင်လေးနဲ့ အစ်မနဲ့ ဘယ်လော[illegible] ရင်းနှီးလိုက်သလဲ။ ဘယ်လောက်တွယ်တာလိုက်သလဲ'

ငွေဝန်းသည် သစ်ခွပင်တွေကို လူတွေထက်[illegible]

www.burmeseclassic.com

www.burmeseclassic.com



တာမိလေသလားမသိ။

'ဒီဓါတ်ပုံကို ကြည့်မိတဲ့လူဟာ ရှေ့မြင်ကွင်းမှာ မိန်းကလေးနဲ့သစ်ခွရဲ့ နူးညံ့မှု၊ နောက်ခံမှာက ထျန်းအုခ်ထန်ရဲ့ ကြမ်းတမ်းတဲ့မျက်နှာနဲ့ ပလိုင်းထဲက အသီးအနှံတွေရဲ့စုစည်းမှုအား၊ နှစ်ခုလုံးကို တစ်ပြိုင်တည်း မြင်လိမ့်မယ်'

သူမသည် ထိုဓါတ်ပုံကို ဖျက်ဆီးပစ်ရန် နည်းနည်းတော့ ဝန်လေးသွားပါသည်။

'ဒီပုံကို ဖျက်စေချင်တယ်ဆိုရင် အလွယ်လေးပဲအစ်မ၊ လက်နဲ့ တစ်ချက်နှိပ်လိုက်ရုံပဲ။ ဒါကို မဖျက်သေးခင် အစ်မကို ကျွန်တော်ပြချင်တာတွေရှိတယ်။ ဟိုးနှစ်ပေါင်းများစွာကတည်းက ကာယကံရှင်မသိလိုက်ဘဲ လျှပ်တပြက်ရိုက်ခဲ့တဲ့ဓါတ်ပုံပေါင်းများစွာရဲ့ အစွမ်းသတ္တိဘယ်လောက်တောင် စွမ်းအားကြီးလိုက်သလဲဆိုတာပြမယ်။ နော်'

သူက အနီးမှ ကွန်ပျူတာသုံး ဓါတ်ပြားချပ်လေးတစ်ခုကို ကွန်ပျူတာထဲထည့်လိုက်ပြီး ဖွင့်လိုက်ပါသည်။

'ဒီဓါတ်ပုံတွေက ကမ္ဘာကျော်တွေပေါ့။ ကမ္ဘာကြီးရဲ့တစ်နေရာမှာ ဖြစ်နေတဲ့အဖြစ်အပျက်တွေကို ကမ္ဘာကြီးရဲ့ တခြားတစ်နေရာကပြည်သူတွေသိအောင်၊ အသိအမြင်တွေ စာနာစိတ်တွေပေါ်အောင် မျှဝေပေးဖို့ ဓါတ်ပုံက လုပ်ပေးနိုင်တယ်'

သူက ဓါတ်ပုံပေါင်းများစွာကို တစ်ခုပြီးတစ်ခုကျော်သွား၏။ နောက်တော့မှ တစ်ပုံကို ထုတ်ပြသည်။ စိတ်ရှုပ်ထွေးငေး ငိုင်နေဟန်ကလေးအမေ အမျိုးသမီးတစ်ယောက် ထိုင်နေသောပုံ။ သူ့ရင်ခွင်ထဲမှာ နို့စို့ကလေးလေး၊ သူ့ညာဘက်ပခုံးကိုမျက်နှာအပ်မှီပြီး အိပ်ငိုက်နေသောကလေးကတစ်ယောက်၊ သူ့ဘယ်ဘက်ပခုံးမှာက နောက်တစ်ယောက်။

'ဒီဓါတ်ပုံကို ရိုက်တဲ့သူက အမျိုးသမီးဓါတ်ပုံဆရာမ၊ ဒေါ်ရသီယာလင်းဂ်ျ တဲ့။ အလွန်နာမည်ကြီးတဲ့ ဓါတ်ပုံဆရာမပါ။ ဒီဓါတ်ပုံကလည်း အမေရိကန်ပြည်ထောင်စုမှာ အလွန်ကျော်ကြားခဲ့တဲ့



ပုံပဲ။ ၁၉၃၆ခုနှစ်မှာ ရိုက်ခဲ့တာ၊ စီးပွားရေးကြပ်တည်းတဲ့ခေတ်၊ စိတ်ဓါတ်ကျခြင်းရဲ့ခေတ်လို့ နာမည်ကြီးတဲ့နှစ်တွေပေါ့။ ဒီအမျိုးသမီးကိုကြည့်မြင်ရခြင်းအားဖြင့် လူမှုစီးပွားရေးဆိုင်ရာကြေကွဲစရာဖြစ်ရပ်တွေကို မြင်နိုင်တယ်။ ဒီအမျိုးသမီးကို ကြည့်မိတဲ့လူတွေက အသက်၅၀သို့ ထင်ကြလိမ့်မယ်။ ဒါပေမဲ့ တကယ်မေးကြည့်တဲ့အခါ သူ့အသက်က ၃၂နှစ်ပဲရှိသေးတယ်။ ကလေး ခုနစ်ယောက်တဲ့'

ငွေဝန်းမှာ သူဘာကိုပြောချင်လို့ သည်ဓါတ်ပုံကိုပြသလဲဟု နားမလည်နိုင်ဖြစ်ရသည်။ သူမ သူ့ကို မော့ကြည့်မိ၏။

'ဓါတ်ပုံပညာရဲ့အခန်းကဏ္ဍထဲမှာ လူအများကိုစည်းရုံးခြင်း၊ တစ်နည်းအားဖြင့် Advocacy ဟာ အရေးကြီးတဲ့နေရာကနေ ပါနေတယ်၊ တချို့လူတွေမှာ အသံမရှိဘူးအစ်မ၊ တစ်နည်းနည်းနဲ့ အသံပျောက်နေတယ်။ အဲဒီအသံမဲ့သူတွေရဲ့ကိုယ်စား ဓါတ်ပုံပညာက ဖွင့်ဟ ပြောပြပေးနေတယ်။ နောက်တစ်ပုံ ပြမယ်နော်'

သူနောက်ထပ်ပုံတွေကို တစ်ကွက်ပြီးတစ်ကွက်ကျော်သွားပြီးနောက် ရုပ်ပုံတစ်ခုမှာ ရပ်လိုက်သည်။

ထိုဓါတ်ပုံမှာ လူတစ်ယောက်က လက်ပြန်ကြိုးတုပ်ထားခံရသည့် လူတစ်ယောက်အား နားထင်သို့ သေနတ်ဖြင့် ချိန်ပစ်နေပုံဖြစ်သည်။

'ဒါက ဗီယက်နမ်စစ်တုန်းက ဓါတ်ပုံပေါ့။ ပစ်နေတဲ့လူက တောင်ဗီယက်နမ်စစ်ဗိုလ်၊ အပစ်ခံလိုက်ရတဲ့လူက သစ္စာဖောက်လို့ စွပ်စွဲခံရတဲ့ ဗီယက်ကောင်းအရာရှိတစ်ယောက်။ ဒီဓါတ်ပုံက အမေရိကန်ပြည်သူပြည်သားတွေကို ဗီယက်နမ်စစ်ကို အလုံးအရင်းနဲ့ ဆန့်ကျင်ဆန္ဒပြဖို့ စည်းရုံးလှုံ့ဆော်ပေးခဲ့တယ်။ ပစ်တဲ့လူရဲ့ အာဏာနဲ့ပိုင်စိုးမှု၊ အပစ်ခံရတဲ့လူရဲ့ အားကိုးရာမဲ့မှု၊ တုန်လှုပ်ကြောက်လန့်မှု၊ ဘေးကလူတွေရဲ့မထူးခြားမှု အဲဒါတွေကို တစ်ကွက်တည်းမှာ ပေါ်အောင်ဖော်ပြခွင့်ရတဲ့ လျှပ်တပြက်ဓါတ်ပုံပေါ့။ အဲဒီဓါတ်ပုံဟာ ပ

www.burmeseclassic.com

www.burmeseclassic.com



ရခဲ့တယ်'

သူမ ထိုဓါတ်ပုံမှ ရုတ်ခြည်းမျက်နှာလွှဲပစ်လိုက်မိသည်။ သူက အနည်းငယ်ပြုံးလျက် အခြားဓါတ်ပုံတစ်ပုံကို ရှာယူပြန်သည်။

'ဟောဒါက ဂျပန်ဓါတ်ပုံဆရာတစ်ယောက် ရိုက်ခဲ့တာ။ ဟီရိုရှီးမားကို အဏုမြူဗုံးကြဲပြီးနောက် ဆယ်မိနစ်အကြာတဲ့'

ပေါက်ကွဲမှုတွေ၊ အပျက်အစီးတွေနှင့် ပေရေစုတ်ပြတ်နေသောလူအုပ်စုကြီး ကင်မရာကိုကျောပေးလျက် ပေါက်ကွဲခဲ့သည့် အပျက် အစီးများကို ကြောက်လန့်တကြား၊ ခိုကိုးရာမဲ့စွာ လှမ်းကြည့်နေပုံဖြစ်သည်။

'ဟောဒါက ယူဂျင်းစမစ်သ်ရဲ့ အလွန်နာမည်ကြီးတဲ့ ဓါတ်ပုံတစ်ပုံ'

ကလေးနှစ်ယောက် သစ်တောအုပ်အမှောင်ထဲမှ အလင်းရောင်ဆီသို့ လက်တွဲလျက်လျှောက်သွားသည်ကို နောက်ဘက်မှ ရိုက်ထားသော ဓါတ်ပုံဖြစ်သည်။ ကလေးမလေးက ဂါဝန်လေးဖြင့် မတ်တတ်ပြေးခါစအရွယ်၊ ကောင်လေးက သုံးနှစ်သားလောက်ဖြစ်မည်။ သူတို့သည် အမှောင်ထဲမှ အလင်းထဲသို့ လက်ချင်းတွဲဆုပ်တိုးဝင်သွားနေလေသည်။ မြင်လိုက်ရသည့် သူမအတွက် စိတ်သက်သာရာရမှုကို ခံစားလိုက်ရသည်။ ကြည်နူးမှုကို ရလိုက်သည်။ မျှော်လင့်မှုကို ရလိုက်သည်။ ဒါကိုတော့ သူမကြိုက်လေသည်။

'ဒါတွေကို ကိုယ့်ကိုပြတာက ဘာအတွက်လဲ'

'ဓါတ်ပုံဆိုတာက လူတွေအတွက် အကောင်းဆုံးမျက်မြင်သက်သေလည်း ဖြစ်တယ်။ ဖုံးကွယ်ထားတဲ့ အရာတစ်ခုကို ဖွင့်ချထုတ်ဖော်တဲ့ အရာလည်းဖြစ်တယ်'

'အဲဒါနဲ့ ကိုယ့်ဓါတ်ပုံကို ဖျက်ဆီးတဲ့ကိစ္စနဲ့ ဘာများသက်ဆိုင်လို့ပါလိမ့်'

ငွေဝန်း မျက်မှောင်ကြုတ်၍မေးမိသည်။



'ဓါတ်ပုံတစ်ကွက်အပေါ် အစ်မ အလေးထားချင်စိတ်များ ဝင်လာမလားလို့လေ၊ မမျှော်လင့်ဘဲ ဒီဓါတ်ပုံက အလင်းအမှောင် နောက်ခံမြင်ကွင်းနဲ့ အဓိကအရာနှစ်ခုကြားက ဆန့်ကျင်တဲ့အား အစစအရာရာ အဆင်ပြေသွားလို့ပါ။ နောက်တစ်ခါ အစ်မကို ရိုက်ခွင့်ရခဲ့ရင်တောင် ဒီလောက်ပြည့်စုံတဲ့ပုံကိုတော့ မရနိုင်တော့ပါဘူး'

သူက တောင်းပန်ပြုံးဖြင့် ပြောတော့ သူမ မျက်နှာမော့ပင့်ပစ်လိုက်သည်။

'မိန်းမတစ်ယောက် ပန်းပင်ကိုကြည့်နေတဲ့မြင်ကွင်းကတော့ သွမ်းလောက်စရာမရှိပါဘူးကွယ်'

◆

www.burmeseclassic.com

www.burmeseclassic.com



'ငါ့မီးအိမ်ကို ထွန်းပါရစေ။
အမှောင်ကို ဖယ်ရှားနိုင်စွမ်းရှိမရှိကို
အငြင်းအခုံမလုပ်ကြပါနှင့်'ဟု
ကြယ်ပွင့်က ပြောသည်။

၉

ပိုင်စိုးရောက်သွားသော စာကြည့်ခန်းသည် ဝိုင်အမ်စီအေ အဆောက်အဦးအတွင်းတွင် ဖွဲ့ထားသော အခန်း လေးငါးခန်းအနက် တစ်ခန်းဖြစ်သဖြင့် ကျဉ်းတော့ကျဉ်းလေသည်။ သို့သော် သင်ကြားမှု အထောက်အကူကိရိယာတွေ ရှိသည်။ ကွန်ပျူတာတစ်လုံး၊ ကက်ဆက်သုံးလုံးနှင့်နားကြပ်များရှိသည်။ အင်္ဂလိပ်ဘာသာစကားကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာနိုင်ရန်ဖြစ်၏။

ပိုင်စိုးက လူငယ်လေးတွေကို ဘာမှ မမေးရခင် သူတို့က အရင်ဆုံးမေးလေသည်။

'အစ်ကို ချင်းတောင်မှာအကြိုက်ဆုံးအရာက ဘာလဲ'

လူငယ်လေးတစ်ယောက်က ပိုင်စိုးကို ပြုံးခနဲမေး၏။

'သဘာဝပတ်ဝန်းကျင်ဗျ။ တောင်တွေက ကျွန်တော့်ကိုကိုယ့်ကိုယ်ကို အမြင့်ကြီးကိုရောက်နေပါလား ဆိုတဲ့ခံစားချက် ပေးတယ်။ တိမ်တွေက လွင့်မြောပေါ့ပါးစိတ်ကိုပေးတယ်။ အိပ်မက်ထဲကိုရောက်နေရသလို ဒါမှမဟုတ် နတ်ဘုံနတ်နန်းကို ရောက်နေရသလို တော်တော် နေလို့ကောင်းတယ်ဗျာ'



'ဒါဖြင့် မကြိုက်ဆုံးတစ်ခုကိုပြောပါဦး'

ဒါကတော့ မိန်းကလေးငယ်လေးတစ်ယောက်က မေးခြင်းဖြစ်သည်။ သူ တစ်ခဏလောက် စဉ်းစားရသေးသည်။ ပြောသင့်သလား။

'မကြိုက်ဆုံးကတော့ အရက်တွေပေါနေတာပဲဗျ'

မိန်းကလေးတွေရယ်သည်။

'အရက်ကတော့ ပေါတယ်အစ်ကို၊ ဘယ်လောက်ပေါသလဲဆိုရင် အရက်ပုလင်းခွံတွေအရောင်းအဝယ်လုပ်တာတောင် သူဌေးဖြစ်တယ်' မျက်နှာဝိုင်းဝိုင်းနှင့်လူငယ်ကပြောသည်။

'ခင်ဗျားရော သောက်သလား'

'သောက်တယ်ဗျ'

'ဘာဖြစ်လို့သောက်တာလဲ'

'တခြားဘာမှ လုပ်စရာမရှိဘူးလေ'

မိန်းကလေးတွေ ဝါးခနဲရယ်ကြသည်။

'ကျွန်တော်ကတော့ ချမ်းလို့သောက်တာ'

ပိုင်စိုးဘေးကတစ်ယောက်က ထပြောတော့ သူတို့ရယ်ကြပြန်သည်။

'ဒါဖြင့် ကျွန်တော်မေးပါရစေဦး။ ခင်ဗျားတို့မှာ အခုလောလောဆယ် ကိုယ့်အတွက် ဖြစ်ချင်တဲ့ဆန္ဒတစ်ခုကိုပြောပါဆိုရင် ဘာဖြစ်ချင်သလဲ'

ထိုစကားအဆုံးတွင် သူတို့တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြပြီးမှ ဖြေသည်။

'ဟားခါးမှာ ကောလိပ်ရှိစေချင်တယ်'

'ကားခတွေဈေးလျော့စေချင်တယ်'

သူတို့အားလုံးသည် ကြောက်ရွံ့တုန်လှုပ်ခြင်းမ[illegible] ပန်ခြင်းမရှိ။ အေးအေးဆေးဆေးပင် စကားပြောဖို့ အ[illegible]

www.burmeseclassic.com

www.burmeseclassic.com



နေကြသည်။

သူတို့အထဲတွင် ပိုင်စိုးနှင့်သိကျွမ်းသူ တစ်ဦးသာရှိပြီး ထိုသူမှာ ဆုန်ကျဲရ်လျှန်ဖြစ်သည်။

'အစ်ကိုက အယ်ဒီတာလား'

'မဟုတ်ပါဘူး။ ဓါတ်ပုံသမားပါ။ သတင်းဓါတ်ပုံဆရာလို့လည်း ပြောနိုင်ပါတယ်။ သက်ရှိဇီဝတွေ အမျိုးစုံစုံရှိနေခဲ့ရာက အခုဆိုရင် တချို့သက်ရှိတွေဟာ ပျောက် ဆုံးကုန်ပါပြီ။ ဒါကြောင့် အခုအခြေအနေနဲ့ ရသလောက်ကို ပြန်ပြီး ထိန်းသိမ်းကာကွယ်ပေးဖို့ ပရောဂျက်တစ်ခု ကျွန်တော် ဆောင်ရွက်နေပါတယ်'

သူတို့က မေးချင်တာတွေမေးကြသည်။ ပိုင်စိုးလည်း ဖြေနိုင်တာတွေဖြေလိုက်သည်။

'ဘာသိချင်လို့ ဒီချင်းတောင်ကို လာခဲ့သလဲ၊ ဒီချင်းတောင်မှာ ဘာရှိသလဲ'

'ဒီချင်းတောင်မှာ တိမ်သစ်တောတွေရှိတယ်။ တိမ်ငွေ့တွေနဲ့ ထိစပ်ပြီး အေးစိမ့်နေလို့ မိုးသစ်တောလိုပဲ သစ်ပင်တွေစိုစွတ်တယ်။ အဲဒီမှာ သတ္တဝါတွေအများကြီးအသက်ရှင်နေထိုင်ကြတယ်။ ဒါကို ကျွန်တော်ဓါတ်ပုံရိုက်ပါတယ်'

'အစ်ကိုအခုယူလာခဲ့တဲ့စာအုပ်တွေမှာ ပိုင်စိုးလို့လက်မှတ်တွေထိုးထားတာတွေ့တယ်။ ဒါတွေအားလုံး အစ်ကို ဖတ်ပြီးသွားပြီလား'

'ဒါတွေအားလုံး ကျွန်တော်ဖတ်ပြီးသွားပါပြီ။ ကျွန်တော် သဘောကျတဲ့စာအုပ်တွေပါ'

'အများကြီးပဲ'

ဆုန်ကျဲရ်လျှန်က အားကျသလိုပင် တီးတိုးရေရွတ်သည်။

'နင်လည်း သူ့အသက်အရွယ်လောက်ရောက်ရင် ဒီလောက်အများကြီးဖတ်နိုင်မှာပေါ့'

ဆုန်ကျဲရ်လျှန်နှင့်တွဲလျက် ထိုင်နေသောလူငယ်က ပြော ပြီးအခါကျမှ သူ ထိုလူငယ်ကိုသတိထားကြည့်လိုက်မိသည်။ ပျော့ ချောင်းသောဆံပင်နီညိုဖျော့ဖျော့နှင့်၊ တီရှပ်အနက်ရောင်ကို ဝတ်ထားသည်။ မျက်နှာသွယ်သွယ်၊ မျက်နှာထားတည်တည်တင်းတင်း။

'ကျွန်မလည်း စာဖတ်တာဝါသနာပါတယ်'

အသားဖြူဖြူအရပ်ပုပုကောင်မလေးတစ်ယောက်က ပြောသည်။

'ဟုတ်လား။ ဘာစာအုပ်တွေဖတ်လဲ'

'အင် အစုံပါပဲ'

'ဒါဖြင့်ကျွန်တော် တစ်ခုမေးမယ်။ စိတ်ကူးယဉ်ပြီး ဖြေပေါ့နော်။ အခု ကျွန်တော် ပြန်သွားပြီးတဲ့နောက် ကျွန်တော့်အသိ တစ်ယောက် ဟားခါးကိုလာမယ်ဆိုပါတော့။ ဥပမာနော်။ လာချင်မှလည်း လာမယ်။ လာချင်လည်း လာမယ်။ အဲလို လူကြုံတစ်ယောက်လာလို့ နေ့ကုန်ကနေ ညီမတစ်ခုခုမှာခွင့်ရမယ်ဆိုရင် ညီမအတွက် ဘာလိုချင်သလဲ ဘာကိုမှာယူချင်သလဲ'

ကလေးမက ခစ်ခနဲ ရယ်သည်။

'စာအုပ်ပေါ့'

'ဟုတ်ပြီ ဘာစာအုပ်မျိုးလိုချင်လဲ'

'အထုပ္ပတ္တိစာအုပ်မျိုးကို ကြိုက်တယ်'

'ဘာကြောင့် အထုပ္ပတ္တိစာအုပ်ကို ဖတ်ချင်တာလဲ'

'ကျွန်မက တော်တဲ့လူတွေကို သဘောကျတယ်။ သူတို့ ဘယ်လို တော်အောင်လုပ်လဲလို့ သိချင်တယ်။ အတုယူချင်တယ်။ ကျွန်မဘေးက သူငယ်ချင်းတွေကိုလည်း အဲလိုလူမျိုးကို အတုယူစေချင်တယ်'

ပိုင်စိုးအံ့ဩလျက် ကျေနပ်သွားသည်။

'ဒါဖြင့် ဘယ်သူ့အထုပ္ပတ္တိကိုရရင် ဖတ်ချင်လဲ၊

www.burmeseclassic.com

www.burmeseclassic.com



သက်ချာတို့ အင်ဒီရာဂန္ဒီတို့ ဂိုလ်ဒါမေယာတို့'

ပိုင်စိုး လေချွန်မိမတတ်ဖြစ်သွားသည်။ တယ်ဟုတ်ပါလား။

'ဒါဖြင့် ညီမက မိန်းမခေါင်းဆောင်တွေကို စိတ်ဝင်စားတယ်ပေါ့'

'ဟုတ်တယ်လေ။ ဒါမှ ကျွန်မ ခေါင်းဆောင်လုပ်ဖို့ အရည်အချင်းတွေမီအောင် ဘယ်လိုဖြည့်ရမလဲဆိုတာသိမှာပေါ့'

ထိုစကားအဆုံးတွင် အားလုံးပိုင်းရယ်ကြ၏။ ကလေးမက သူငယ်ချင်းတွေကို မျက်စောင်းထိုးလေသည်။

'ဘာရယ်တာလဲ။ နင်တို့ ငါခေါင်းဆောင်ဖြစ်မှ ငါ့ဆီကနေ အခွင့်အရေးတွေလာမတောင်းကြနဲ့ မပေးဘူး'

ရယ်ကြပြန်သည်။

သူတို့ကိုကြည့်ရသည်မှာ ပျော်ရွှင်စရာ။ တက်ကြွသည့်စိတ်ဓါတ်တွေနှင့် လန်းဆန်းတောက်ပနေကြသည်။ အသက်တွေက ဆယ့်ခြောက်နှစ်ဆယ့်ရှစ်နှစ်မှ နှစ်ဆယ်သာသာတွေပေါ့။ မိမိထက် လေးငါးနှစ်လောက်ငယ်လိမ့်မည်ဟု ခန့်မှန်းရသည်။

သူတို့ထဲတွင် တစ်ချက်မှ မရယ်မောဘဲ မပြုံးတပြုံးဖြင့်သာ ငြိမ်သက်နေသောလူငယ်လေးကို သူသတိထားမိသည်။ ဆုန်ကျဲ့ရ်လျှန်၏ သူငယ်ချင်းလေးဖြစ်သည်။

ပိုင်စိုးသည် သူတို့၏အတွေးအမြင်တွေဘယ်လောက်ဝေးဝေး ပြေးသလဲဟု သိချင်လာ၏။ တောင်ပေါ်သားလေးတွေမို့ဟု လျှော့တွက်လို့တော့မရပေ။

'စောစောကညီမပြောတဲ့စာအုပ်တွေထဲက အင်ဒီရာဂန္ဒီနဲ့ မာဂရက်သက်ချာစာအုပ်တွေ ကျွန်တော်လှူတဲ့အထဲမှာ ပါပါတယ်'

မိန်းကလေးသည် အံ့သြတကြီးဝမ်းသာသွားကာ လက်ခုပ်တီးလျက် ရယ်လေသည်။

'ပျော်လိုက်တာ'



'နောက်ထပ်လည်း လှူကြုံရှိတဲ့အခါ ဒါမှမဟုတ် ကျွန်တော် လာဖြစ်တဲ့အခါ စာအုပ်တွေသယ်လာပါမယ်။ သိပ်တော့မချောင်ဘူး ဗျ။ စာအုပ်သယ်ရတဲ့စရိတ်က စာအုပ်စရိတ်ထက်တောင် များသေးတယ်။ ဆင်ဖိုးထက်ချွန်းဖိုးကြီးတယ် ဆိုတဲ့မြန်မာစကားပုံလိုပဲ။ ကျွန်တော် ဒီကိုလာတော့ ကျွန်တော့်အတွက် ရန်ကုန်–ကလေး လေယာဉ်ခ သုံးသောင်းခုနစ်ထောင်ပေးရတယ်။ စာအုပ်တွေအတွက် သုံးသောင်းပေးရတယ်ဗျ'

'ဟာ'

သူတို့ အလန့်တကြား ရေရွတ်ကြသည်။

'စိတ်မပူပါနဲ့ဗျာ။ ကျွန်တော် ခင်ဗျားတို့မှာတဲ့စာအုပ်အတွက် ခရိတ်မယူပါဘူး။ ကျွန်တော် စိုက်မှာပါ'

သူတို့ ရယ်မောကြပြန်သည်။

'ဒီတော့ ကျွန်တော် စာရင်းလေးနဲ့ယူသွားမယ်။ တွေ့ရင် ဝယ်ထားမယ်။ ဒီကလာတဲ့လူကြုံရှိရင်လည်း ကျွန်တော့်ဆီကို ဆက်သွယ်ပြီး လာယူပေးပါ'

စောစောက ကလေးမလိုချင်သည့်စာအုပ်ကို ပိုင်စိုး မှတ်စုထဲမှာရေးလိုက်၏။

'ပြီးတော့ရော ဘယ်သူတွေက ဘာစာအုပ်ဖတ်ချင်ကြသေးသလဲ'

ထိုအခါ သူတို့ တစ်ယောက်တစ်မျိုး အမှာတွေပေးတော့သည်။

'ကျွန်တော်ကတော့ မာတင်လူသာကင်း'

'ကျွန်တော်ကတော့ အလက်ဇန္ဒြားသည်ဂရိတ်'

'ကျွန်တော်ကတော့ နှလုံးသားအဟာရလို စာအုပ်မျိုး'

'ကျွန်မက ကဗျာတွေကို သဘောကျတယ်။ က... တွေ လိုချင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပြီ။ ကျွန်တော် တတ်နိုင်သမျှပါအောင် သယ်ပါ့မယ်။ ဒီအတွက် ကျွန်တော့်ကို ခင်ဗျားတို့က တစ်ခုခုတော့ ကျေးဇူးပြုရလိမ့်မယ်။ ဘယ့်နှယ်လဲ'

သူတို့ အနည်းငယ်လှုပ်လှုပ်ရွရွဖြစ်သွားကြသည်။ အချင်းချင်းလည်း မေးမြန်းနေကြသည်။

'အစ်ကိုကို ကျွန်တော်တို့က ဘာပေးရမှာလဲ'

ဆံပင်နီညိုညိုနှင့်လူငယ်လေးက လက်ညှိုးထောင်ပြလျက်မေးသည်။

'ခင်ဗျားတို့အနီးအနား တောထဲမှာရှိတဲ့ အင်းဆက်ကအစ သတ္တဝါလေးတွေကို တတ်နိုင်သမျှ စုံစမ်းလေ့လာပေးဖို့ပါ။ ပြီးတော့ သူတို့ကိုကာကွယ်ဖို့ ကျွန်တော်တို့လူငယ်တွေ လုပ်နိုင်တဲ့နည်းလမ်းတွေ ရှိတယ်။ ကျွန်တော်ရောက်နေတဲ့ လေးငါးရက်မှာ ခင်ဗျားတို့ကို ကျွန်တော်သိတဲ့နည်းတွေကို ပြောပြချင်ပါတယ်'

သူတို့ စိတ်ဝင်စားကြပုံပေါ်ပါသည်။

'ခင်ဗျားတို့ထဲက အဲဒီကိစ္စကို စိတ်ဝင်တစားလုပ်ပေးနိုင်သူရှိရင် ညဦးပိုင်းမှာ ဖွဲ့မာန်တည်းခိုခန်းကို လာခဲ့ပါ။ ကျွန်တော် မနက်ဖြန်ညအထိ အဲဒီမှာရှိမယ်'

ပိုင်စိုးသည် တည်းခိုခန်းမှာညအိပ်ရုံလောက်ပဲရှိပြီး တစ်နေကုန် အပြင်ရောက်နေတတ်သည်။ ငွေဝန်းသော်တာနှင့် အဝင်အထွက်ဆုံရတတ်သော်လည်း အိမ်ငှားပြီးလို့ အိမ်တက်ဖို့ပြင်ဆင်နေသော ငွေဝန်းနှင့်သိပ်မတွေ့ရတတ်။

ကံကောင်းထောက်မစွာ ထျန်းအုခ်ထန်တစ်ယောက် တည်းခိုခန်းသို့ နောက်တစ်ကြိမ်ရောက်လာသည်။ ပိုင်စိုး တောထဲသို့မသွားမီ နံနက်စာ ကော်ဖီသောက်ရန် လဘက်ရည်ဆိုင်သို့အသွား သူ့ကို ခြံဝတွင် တွေ့ရလေသည်။

'ဟော အစောကြီးပါလားဗျ'



ထျန်းအုခ်ထန်၏ဟန်က သိပ်လိုက်လိုက်လျောလျောမရှိ ဘာသိဘာသာနေချင်ပုံရသည်။

'အေး'

သူ ဒါပဲဖြေသည်။ သူလွယ်ထားသည့်ပလိုင်းထဲမှာ ပစ္စည်းတချို့ကို မြင်ရသည်။ တိရစ္ဆာန်အမွေးမှန်းသိသာသော အမွေးဖွားဖွားဦးထုပ် တစ်လုံး။ ဦးထုပ်တွင် တပ်ဆင်ထားသည်က အကြေးခွံလိုအရာမျိုး ဖြစ်သည်။ အကြေးခွံကပြောင်လက်နေသည်။ သူ့စိတ်ထင်တော့ သင်းခွေချပ်အကောင်၏ အကြေးခွံဖြစ်လိမ့်မည်။ တော်တော်လှပါသည်။ ဆရာမကို လျော်ကြေးပေးဖို့ဖြစ်မည်။

ပလိုင်းထဲတွင် ပေါက်ချွန်းလေးပါသည်။ ဓါးမတစ်ချောင်းပါသည်။

'ကိုထန် လဘက်ရည်သောက်ရအောင်လေ'

'မသောက်ဘူးဗျ။ ထင်းတွေ သွားသယ်မလို့'

ထင်း ဆိုတော့ သူစိတ်ဝင်စားသွားသည်။ မေးချင်နေတာအတော်ပဲ။

'ဒါပေမဲ့ စကားပြောရအောင်ပါဗျာ၊ ကျွန်တော် ခင်ဗျားကို မေးစရာလည်း ရှိလို့ပါ'

သူ အင်တင်တင်ဖြစ်ခိုက် ဖွတ်တိုက်တွန်းရသည်။

'လာပါဗျ။ ကျွန်တော်လည်း ခဏနေရင် တောင်ပေါ်ကို သွားတော့မှာပါ'

လဘက်ရည်ဆိုင်ရောက်တော့ တောင်တန်းကြီးတွေကိုမြင်နိုင်သည့်ပြတင်းပေါက်အနီးမှာ ထိုင်ဖြစ်ကြသည်။ ထျန်းအုခ်ထန်က ကုလားထိုင်ပေါ် ခြေထောက်ပါတင်လျက်ထိုင်၏။ သူ့ခေါင်ကျားကြီးကို ဆောချွတ်လိုက်သည့်အခါ သူ့ကိုယ်အပေါ်ပိုင်းမှာ အကျႌမပါ[illegible] တွေ့လိုက်ရသည်။ လည်ပင်းမှာတော့ ချည်ပဝါတစ်ခုကို [illegible]

www.burmeseclassic.com

www.burmeseclassic.com



စောင်လို ရစ်ပတ်ထားသည်။

လဘက်ရည်နှင့်မုန့်မှာပြီးပြီးချင်း သူမေးသည်။

'ကိုထျန်းအုခ်ထန် တစ်နှစ်ကို ထင်းဘယ်နှတန်ကုန်လဲ ခင်ဗျ'

ထျန်းအုခ်ထန်၏မျက်နှာတည်သွားသည်။

'သုံးတန်'

'အဲဒီထင်းက လောင်စာအတွက်ပဲလား။ ဒါမှမဟုတ် မီးလှုံဖို့ ရော ပါသေးလား'

'မီးလှုံဖို့လည်း ပါတာပေါ့'

'နှစ်ခုလုံးအတွက် သုံးတန်ပဲပေါ့နော်'

သူ မဖြေသေးဘဲ ပိုင်စိုးအား အကဲခတ်သည့်အကြည့်ဖြင့် ခပ်စိမ်းစိမ်း ကြည့်သည်။ ပိုင်စိုးက ပြုံးလိုက်၏။

'ကျွန်တော် မှတ်တမ်းတစ်ခုလုပ်နေလို့ပါ'

'ခင်ဗျား ဘာသိချင်တာလဲ'

သူ မပြုံးမရယ်မေး၏။ ပိုင်စိုးက သိမ်မွေ့သည့်အပြုံးဖြင့် ခေါင်းတစ်ချက်ညွှတ်သည်။

'ကျွန်တော် ဒီဒေသရဲ့ လောင်စာစွမ်းအင်အခြေအနေကို သိချင်ပါတယ်ခင်ဗျာ၊ အိမ်တစ်အိမ်ဟာ တစ်နှစ်ကို လောင်စာထင်း ဘယ်လောက်ကုန်သလဲဆိုတာမျိုး...'

'နောက်ပြီး ဒေသတစ်ခုလုံးအတွက် တစ်နှစ်ကို ထင်း ဘယ်နှတန် ခုတ်ရသလဲ။ နောက်ဘယ်နှနှစ်ကြာရင် ပတ်ဝန်းကျင်က သစ်တောတွေ ဘယ်လောက်ကုန်မလဲ၊ ခင်ဗျားသိချင်တာ ဒါပဲ မဟုတ်လား'

သူ့လေသံက နည်းနည်းမာသည်။ ပိုင်စိုးစိတ်ညစ်သွားသည်။

'ခင်ဗျားစိတ်ထဲမှာ ကျွန်တော်တို့အားလုံး သစ်ပင်တွေကို ခုတ်နေတဲ့အတွက် ဘယ်လိုထင်လို့လဲ'



'ဒါဟာ ဖြေရှင်းဖို့ခက်ခဲတဲ့ပြဿနာလို့တော့ ကျွန်တော် တွေး မိပါတယ်၊ ကျွန်တော် ကိုထန်တို့ကို အပြစ်တင်ချင်လို့မဟုတ် ဘူးနော်'

'တင်ချင်လို့လည်း မရဘူးလေ။ လျှပ်စစ်စွမ်းအင် လုံလုံ လောက် လောက်မရှိဘူး၊ ဓါတ်ငွေ့စွမ်းအင် သုံးလို့မရဘူး၊ လူတွေ ဘယ်ကနေ လောင်စာစွမ်းအင် ယူရမလဲ။ ဒီလောက်အေးတဲ့ဒေသမှာ အနွေးဓါတ်အတွက်လောင်စာ လိုကိုလိုတယ်။ ပတ်ဝန်းကျင်က သစ် ပင်တွေကလွဲလို့ ဘယ်ကရမလဲ'

ထျန်းအုခ်ထန်ခပ်မြန်မြန်ပြောချလိုက်တော့ ပိုင်စိုး၏အပြုံး ပျောက်သွားသည်။

ရိုးရိုးအအ ခေတ်မမီသည့်ချင်းတစ်ယောက်ဟု ထင်ထားမိ သော ပိုင်စိုးသည် ပါးစပ်အဟောင်းသားဖြစ်သွားသည်။ သူ့ကို ပြေရာ ပြေကြောင်းပြောဖို့လိုမည်။

'ကျွန်တော်ဒါကို တွေးမိပါတယ်။ ဒီကိစ္စမျိုးက ဘယ်သူ့ကိုမှ ဘယ်သူကမှ အပြစ်တင်လို့မရအောင် အခြေအနေတွေက ဖန်တီး နေတယ်။ ဒါပေမဲ့ ပြဿနာကို စနစ်ကျကျသိဖို့လည်း အရေးကြီး ဘယ်မဟုတ်လား။ ဒါမှ နည်းလမ်းတွေရှာတဲ့အခါ အမှန်နဲ့နီးစပ်မှာ ပေါ့။ ကျွန်တော်က အခြေအနေကို အရင်းအတိုင်းပဲ သိချင်တာ။ ခင်ဗျားပြောသလို ကျွန်တော် ဘာမှစီစဉ်မပေးနိုင်ပါဘူး။ ကျွန်တော့် ဘာဝန်က ပြဿနာကို အရှိအတိုင်းချပြပေးဖို့ပဲ။ စီစဉ်ပေးနိုင်တဲ့လူတွေ အလွယ်တကူသိဖို့ စာတမ်းတစ်စောင်တင်ပြပေးလိုက်ရုံပါပဲ။ ဒါကြောင့် ကျွန်တော့် မေးခွန်းနောက်ကွယ်မှာ ဘာအဓိပ္ပါယ်မှ မပါပါဘူး ကိုထန် သုံ့ပါ'

ပိုင်စိုးက အလေးအနက် ရှင်းပြသည့်အခါ ထျန်းအုခ်ထန် သက်ပြင်းတစ်ချက်ချလိုက်လေသည်။

'ကျွန်တော့်ကို ရန်လိုတယ်လို့ ခင်ဗျားထင်သွားရင်လည်း

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မတတ်နိုင်ဘူး။ သစ်ပင်တွေ ကုန်နေတာကို ကျွန်တော်တို့လောက် ခင်ဗျားတို့ခံစားရမှာမဟုတ်ပါဘူး’

သူက ခပ်တည်တည်ပြောတော့ ပိုင်စိုးက အသံထွက်ရယ်မောလိုက်သည်။

‘မှန်ပါတယ်ခင်ဗျာ၊ ကိုထန်က ဒီဒေသမှာနေတဲ့လူမို့ ပိုပြီးခံစားရမှာ ကျွန်တော်လက်ခံပါတယ်’

‘ကျွန်တော်တို့ နေ့စဉ်မြင်နေတာပဲ။ နှစ်စဉ် နွေရာသီဆိုရင် ထင်းခုတ်နေရတာ။ ဒါပေမဲ့ ကျွန်တော်တို့ခုတ်တာက ထင်းရှူးနဲ့ တခြားသစ်ညှံ့တွေပါလေ’

ဆိုင်ပြတင်းမှ လှမ်းမျှော်ကြည့်လိုက်လျှင် တောင်ကြီးတစ်ခုလုံးကို မြင်နေရသည်။ တစ်တောင်လုံးပြောင်မှိုင်းလျက်။ တောင်ခါးပန်းတွင် ဖြူလွှသောတိမ်တွေအဆုပ်လိုက် ပြန့်ကျဲနေတော့သည်။

ထိုတောင်တန်းတွင် သစ်ပင်ကြီးကြီးတွေသိပ်ရှိဟန်မတူ။

‘ကောင်းပြီလေ’

ထျုန်းအုခ်ထန်က အရင်စကားပြန်စသည်။

‘စောစောကပြောတဲ့ ကျွန်တော်တို့အိမ်သုံး ထင်းကိစ္စမှာ သုံးတန်ဆိုတာက အများနဲ့တူမှာမဟုတ်၊ ကျွန်တော်တို့က လူနည်းတယ်။ ညီမလေးနဲ့ကျွန်တော် နှစ်ယောက်တည်းလေ။ နောက်ပြီး ထမင်းဟင်းချက်ရင် ဖွဲမီးဖိုကို အဓိကသုံးတာ။ ထင်းချွေတာဖို့ပေါ့’

ပိုင်စိုးက ပြုံးသည်။

‘ကိုထန်က တက္ကသိုလ်ကောလိပ်ဘွဲ့ရထားသလား’

ထျုန်းအုခ်ထန် အနည်းငယ်ရှက်သွားသည်။

‘ဘာဘွဲ့မှ မရပါဘူး၊ ကျွန်တော်က ကိုးတန်းနဲ့ကျောင်းထွက်လိုက်တာ၊ ခင်ဗျားကတော့ ဘွဲ့ရမှာပေါ့နော်။ ဘာဘွဲ့လဲဗျ’

‘ကျွန်တော်က စာပေးစာယူနဲ့ပဲ ကျောင်းပြီးတာပါ။ သတ္တဗေဒအဓိကနဲ့ ပါ’’



‘ဒီကို ဘာအလုပ်နဲ့ လာခဲ့တာလဲ’

‘ကျွန်တော်ဒီကို ပတ်ဝန်းကျင်ထိန်းသိမ်းရေး စာတမ်းတစ်စောင်အတွက်လာခဲ့တာပါ ခင်ဗျာ။ ဇီဝမျိုးစုံကွဲပြားမှု လို့ ခေါ်တဲ့ Biodiversity အတွက်လေ့လာတဲ့စာတမ်းပါ’

‘ကျွန်တော်တို့ချင်းပြည်နယ်ကို ဘယ်လိုမြင်လဲဗျ’

‘အလွန်လှပတဲ့နေရာ၊ အေးချမ်းမှုနဲ့ တိတ်ဆိတ်မှုကို ရှာဖွေနေတဲ့လူအတွက် ပြီးပြည့်စုံတဲ့နေရာပါ’

◆

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်အနှံ့တွင်
တောင်ပံဖြန့်၍ပျံသန်းရခြင်းကို
သိုက်မြုံအဝင် တောင်ပံရုပ်၍
ရပ်နားရခြင်းဖြင့်အဆုံးသတ်ပါစေတော့။

၁၀

ငွေဝန်းသော်တာသည် ခပ်လှမ်းလှမ်းမှနေ၍ ထမင်းစားပွဲကို အကဲခတ်နေမိသည်။

ချင်းလူမျိုးတို့၏အိမ်တက်မင်္ဂလာနှင့် မြန်မာလူမျိုးတို့၏အိမ်တက်မင်္ဂလာ ကွာခြားမှုဘယ်လောက်ရှိသလဲ ငွေဝန်းမသိ။ ငွေဝန်း၏အိမ်တက်မင်္ဂလာအခန်းအနားကတော့ ချင်းထုံးစံတစ်ဝက် ဗမာထုံးစံတစ်ဝက်သာတည်း။

စားပွဲက ကြမ်းပြင်ပေါ်မှာထိုင်စားရမည့် စားပွဲဝိုင်းအပုဖြစ်သည်။ သင်ဖြူးဖျာအစား မြက်ဖျာကိုသုံးထားသည်။ စားပွဲခင်းက ခ[illegible]ည်ထည်စစ်စစ်။

အိမ်တက်မင်္ဂလာအတွက် ယျန်းအုခ်ထန်က တောင်ယာကွက်တစ်ကွက်ပေးသည်။ စိုက်ပျိုးဖို့ အဆင်သင့်မြေတစ်ခု ဖြစ်သည်။ ပေးရုံမျှမက စိုက်ပျိုးသည့်ကိစ္စကိုပါ သူပဲ ဆောင်ရွက်ပေးရဦးမည်ဆိုတာ သူ မသိမှာမဟုတ်။

ဝိုင်အမ်စီအေမှ ဦးရွှန်ကတော့ ငွေဝန်း၏ရှေ့မှာပင် ထျန်းအုခ်



'အုခ်သဲရေ၊ မင်းတော့ ထောင်ချောက်လေးတစ်ခါထောင်မိ[illegible]ဘာ ရှိသမျှစည်းစိမ်တော့ ပြုတ်တော့မယ်။ လျှော်ကြေးက ပေးလို့ပဲ[illegible]ဆုံးတော့ပါလား'

ဘာပဲဖြစ်ဖြစ် ငွေဝန်းကတော့ နေရမည့်အိမ်ကို သဘော[illegible]၍ မဆုံးတော့ပေ။ အိမ်ထဲသို့ လွင့်မျောလျက် ဝင်ရောက်လာသော [illegible]မ်တွေက သူမမျက်နှာကိုပွတ်တိုက်သွားသည့်အခါ အသည်းအေး[illegible]က် အသက်ရှူပင်မှားမှားသွားသည်။

ဧည့်သည်တွေ အချိုပွဲစားရန် ငှက်ပျောသီးတွေသွားယူရ[illegible]မည်။ အိမ်နောက်ဖေးဘက်သို့လာရင်းက ထျန်းအုခ်ထန်တစ်ယောက် [illegible]မင်းလာမစားသေးဟု သတိရသွားသည်။ သူ ဘယ်သွားနေပါလိမ့်။ [illegible]ာစောကပဲ အိမ်ကပြင် ကြမ်းခင်းက မပြီးတပြီးဖြစ်နေတာကို အပြီး [illegible]ချောသတ်နေသေးသည်။ သူ ထမင်းဆာရောပေါ့။ သူ့ကို ဘယ်သူ[illegible] သွားမခေါ်လို့ မစားရသေးတာလား။ သို့မဟုတ် မီးဖိုခန်းထဲမှာပဲ [illegible]နှမက ထမင်းပြင်ဆင်ကျွေးမွေးနေခဲ့ပြီလား။

မီးဖိုခန်းဘက်မှာလည်း မရှိ။

အိမ်နောက်ဘေးဘက်မှာများလား။ မီးဖိုခန်းပြတင်းမှ လှမ်း[illegible]ည့်တော့လည်း တိမ်တွေကလွှမ်းနေသဖြင့် အပင်ကြိုအပင်ကြားမှာ [illegible]အရိပ်အယောင်ကို ရှိဦးတော့၊ မြင်ရမည်မထင်။ သူ ငှက်ပျော[illegible]များသွားခူးတာလား။ ခပ်စောစောကပဲ သူမတစ်ခိုင်ခုတ်ထားခဲ့ပြီး [illegible]

ဧည့်သည်များ ထမင်းစားနေကြစဉ် ငွေဝန်း မီးဖိုမှ အောက်[illegible]က်သို့ လှေကားဖြင့် ဆင်းသွားလိုက်သည်။

ရေတံလျှောက်အဖြစ်အသုံးပြုထားသော ထင်းရှူးသစ်လုံး[illegible]င်းပိုက်တန်းကို ငုံ့ကြော်လိုက်သည့်အခါ ခပ်လှမ်းလှမ်းက အုင်[illegible]ကန်ဘေးတွင် မတ်တတ်ရပ်နေသောထျန်းအုခ်ထန်ကို မြင်[illegible]သည်။

www.burmeseclassic.com

www.burmeseclassic.com



‘ငှက်ပျောသီးက ခူးပြီးသားနော်’

တိမ်ငွေ့တွေထဲမှာမို့ အနားရောက်မှ သူ့ကို သဲသဲကွဲကွဲ မြင်ရသည်။

‘အေး အေး’

သူ့ကိုယ်ခန္ဓာ အပေါ်ပိုင်းမှာ အဝတ်မပါ။ ရုတ်အင်္ကျီအဖြူ လက်ရှည်ကို ချွတ်ထားသည်။

သူမ အသာလှည့်ထွက်တော့မည်ပြင်ပြီးမှ တစ်ခုခုတော့ ထူးခြားနေသည်ဟု စိတ်က ထင့်ခနဲဖြစ်သွားသည်။ ထို့ကြောင့် သူ့ဆီပဲ ဆက်လှမ်းဖြစ်သွားသည်။ သူ့ပခုံးဆီမှာ သွေးတွေ။

‘ကိုထျန်းအုခ်ထန်’

မျက်နှာငုံ့လျက် ပခုံးကို ရေဖြင့်ဆေးနေရာက သူ မော့ကြည့်သည်။

‘အို ဘာဖြစ်တာလဲ’

‘ရှသွားလို့’

‘အို’

သူ့ပခုံးစွန်းမှ ဒဏ်ရာက ရေဖြင့်ဆေးချနေပေမယ့် သွေးတွေ စီးယိုနေဆဲဖြစ်သည်။

‘မှန်းစမ်း များသလား’

‘မများဘူး၊ ဆူးခြစ်သလောက်ပဲ’

ဆူးခြစ်သလောက်မဟုတ်တာတော့ သူမအမြင်ပဲ။

‘ဟင့်အင်း ရေတွေနဲ့ဆေးမပစ်နဲ့လေ၊ ရောဂါပိုးတွေဘာတွေ ဝင်ကုန်မှာပေ့ါ၊ ကျွန်မ ရေနွေးနဲ့ဆေးပေးမယ်’

‘ပြီးပြီ’

သူက ခပ်ပြတ်ပြတ်ပြော၏။ သူမ ဘာလုပ်ရမှန်းမသိ။ ဆုန်ကျဲရှဲလျှန်ကိုပဲ ပြေးခေါ်လိုက်ရမလား။ သူမကိုယ်တိုင်ပဲ လုပ်ပေးလိုက်ရမလား။



‘နေနေ ကျွန်မ လုပ်ပေးမယ်’

သူမ သူ့ဒဏ်ရာရှိရာပခုံးကို ထိကိုင်ဖို့ ကြိုးစားမိတော့ သူက ဘိမ်းရှောင်သွားသည်။

‘ရတယ်’

‘ဘယ့်နှယ်ရရမလဲ။ ရေနွေးနဲ့ဆေးမှ ဖြစ်မှာပေ့ါ’

‘မလိုဘူး’

ပြောရင်းဆိုရင်း ရေဆေးတာလုံလောက်ပြီဟုယူဆလို့လား သို့မဟုတ် သူမရှုပ်နေသည်ဟုခံစားရပြီး ပြီးပြီးရောလုပ်ပစ်တာလား မသိ။ အနီးက ငှက်ပျောပင်ပေါ် သူတင်ထားခဲ့သော မူလဝတ်လက်စ ချွေးစိုနေသည့် အင်္ကျီကို ပြန်ဝတ်ဖို့ဟန်ပြင်သည်။

‘အို မဝတ်နဲ့လေ အဲဒါကို’

ငွေဝန်း ကမန်းကတန်း ဖမ်းဆွဲတားလိုက်သည်။ သူက သူမအား ငဲ့ကြည့်၏။

‘အဲဒီအင်္ကျီက အညစ်မဟုတ်လား။ ချွေးစိုနေမှာပေ့ါ။ ချွေးနဲ့ ဒဏ်ရာနဲ့ မထိစေချင်ဘူး’

သူ ခံတန်တန်မျက်နှာပေးသို့ ပြောင်းသွားသည်။

‘ဒီအင်္ကျီကအသစ်။ နှစ်ရက်ပဲ ဝတ်ရသေးတယ်’’

နှစ်ရက်ဝတ်ပြီးသားအင်္ကျီကို အသစ်လို့ ပြောလိုက်တော့ သူမ နှာခေါင်းရှုံ့သွားသည်။

အိုး ဘာပဲဖြစ်ဖြစ် သူ့ကို မရမက အမိန့်ပေးရလိမ့်မည်။

‘ကျွန်မ ပြောတဲ့စကားကိုနားထောင်ပါ။ ကျွန်မက ရှင့်ဒဏ်ရာ မရင်းစေချင်လို့၊ နော်။ ပတ်တီးလေးစည်းလိုက် ဟုတ်ပြီလား’

မျက်နှာထားတည်တည်ဖြင့်ပြောတော့မှ သူ ခေါင်းညိတ်[illegible]

ငွေဝန်းသည် ဆေးဘူးထဲမှ ဆေးနှင့်ပတ်တီးကို အပြေး[illegible] ခဲ့ရသည်။

‘ဆရာမ ဘာဖြစ်လို့လဲ’



www.burmeseclassic.com

www.burmeseclassic.com



ငွေဝန်းကို အကဲခတ်နေသောဘွေပီးက စိုးရိမ်စွာမေးသည်။

'အော်၊ ထျန်းအုခ်ထန် ဒဏ်ရာရသွားလို့။ ဆေးထည့်ပေးမလို့'

'ကျွန်တော်ကူမယ်လေ ဆရာမ'

ဘွေပီးက ငွေဝန်းနှင့်အတူလိုက်လာသည်။

ဘွေပီးကို မြင်လိုက်တော့ ထျန်းအုခ်ထန်မျက်နှာက ပို၍တင်းသွားသည်။

'ကျွန်တော်ကြည့်ပါရစေ'

ဒဏ်ရာကို ဘွေပီးက ကြည့်သည်။ ဒဏ်ရာက ဟက်တက်ကွဲဒဏ်ရာ။

'ချုပ်ဖို့လိုမယ်ဗျ'

'ဘွေပီးရယ် ကြည့်လုပ်ပေးလိုက်ပါကွယ်'

ဘွေပီးနားနားကပ်လျက် သူမ တိုးတိုးပြောမိ၏။

သူက ကြားသွားကာ မျက်မှောင်ကြုတ်သည်။

'မလိုဘူးဆရာမ'

'အမာရွတ်ကြီးဖြစ်နေမယ်။ တော်တော်နဲ့လည်း ကျက်မှာမဟုတ်ဘူး'

'ဘာနဲ့ခိုက်မိတာလဲဗျ'

'သစ်သားချွန်နဲ့စူးလိုက်မိတာကွ'

'အို'

သူမ အူထဲက ယားသွားသဖြင့် ပခုံးတွန့်လိုက်မိသည်။

'ကျွန်မအိမ်ကပြင်ကို ဆောက်ပေးရတာနဲ့ ရှင့်မှာထိခိုက်ဒဏ်ရာရသွားတာ ကျွန်မစိတ်မကောင်းဘူး။ ဖြစ်မှဖြစ်ရလေ။ ဒါကြောင့် ကျွန်မ ပြောတာ... ....'

'ဒဏ်ရာဆိုတာတော့ ယောကျ်ားတိုင်းရမှာပဲလေ။ ဒါ စိတ်မကောင်းဖြစ်စရာမဟုတ်ဘူး။ နောက်ပြီး တောင်တန်းဒေသမှာ မတော်



တဆထိခိုက်မှုတွေက ဖြစ်တတ်တာပဲ။ ကျွန်တော့်မှာ အနာရွတ်တွေအများကြီးပဲ။ ခြေထောက်ရောလက်ရော ကျောရော၊ ကျောက်တောင်နှန်းနဲ့ ရှတယ်။ သစ်ငုတ်စူးတယ်။ ဓါးပြတ်တယ်'

'အို တော်ပါတော့'

သူမ ခပ်မှုန်မှုန်ပြုံးလျက် တားမြစ်လိုက်မိသည်။

'ကဲ ဒီလိုလုပ်မယ်။ ဆေးခန်းမှာလည်း ဒီအချိန်ဆရာဝန်ရှိဦးမှာမဟုတ်ဘူး။ ကျွန်တော် ပလတ်စတာနဲ့ ဆွဲပြီးထိန်းပေးလိုက်မယ်'

'ရပ့်မလားဘွေပီး'

'စိတ်ချပါဆရာမရဲ့'

ဘွေပီးက ပလတ်စတာဘူးကို ယူလိုက်သည်။ ထို့နောက်ကတ်ကျေးဖြင့် နှစ်လက်မအရွယ်ရှိ ပလတ်စတာတစ်ဖြတ်စီ သုံးဖြတ်ဖြတ်သည်။ ထိုပလတ်စတာတစ်ဖြတ်ချင်းကို ဘေးအစွန်းနှစ်ဘက်အပြား လိုက်ချန်လျက် အနားပြားကြီးကြီးအတိုင်းထား၊ ပလတ်စတာ၏အလယ်ပိုင်းကိုတော့ ကြိုးမျှင်မျှင်သေးသေးပမာဏမျှ ချန်ထားလိုက်သည်။ ဒဏ်ရာအပြကို ဆွဲစေ့လိုက်ပြီး ကြိုးမျှင်လိုဖြစ်နေသောအလယ်ပိုင်းကို ဟက်တက်ကွဲနေရာမှာ ချန်၊ ဘေးနှစ်ဘက်အစွန်းကတစ်ဘက်တစ်ချက် ဆွဲထိန်းပေးထားလိုက်သည်။ ထိုအခါ ဒဏ်ရာနေရာမှာက ကြိုးမျှင်အရွယ်ပလတ်စတာ၊ ဒဏ်ရာ၏ဘေးအနားတွေကတော့ ပလတ်စတာပေါ့။

အဲ ဒီနည်းလည်း ဟန်ကျသည်။ ချုပ်တာမဟုတ်ပေမယ့် ချုပ်ထားသလိုပါပဲ။

'ကောင်းတယ်။ ဒီအတိုင်းဆိုရင် ချုပ်စရာမလိုတော့ဘူး'

သူမ ကျေနပ်သွားသည်။

'ဆေးလိမ်းဖို့ရော'

'မလိုတော့ဘူး။ ဒါက ချုပ်သလိုပဲလေ။ ဘာဆေးမှ

www.burmeseclassic.com

www.burmeseclassic.com



မလိုဘူး'

'ကလုမ်းအော်အီးဇက်'

ထျန်းအုခ်ထန်က ဘွေပီးကို ခပ်တင်းတင်းမော့ကြည့်လျက် ပြောသည်။ အလို။ ကျေးဇူးတင်စကားပြောသူ၏ မျက်နှာထားက လည်း လူသတ်တော့မယ့်ရုပ်ပါလား။

သူမတို့အနီးသို့ ဆုန်ကျဲ့ရှ်လျန်ရောက်လာသည်။

ဆုန်ကျဲ့ရှ်လျန်သည် အနီရောင်ဟားခါးချင်းဝတ်စုံလေးဖြင့် နှင်းဆီဖူးငုံလေးတစ်ပွင့်လိုပင် လန်းဆန်းလှပနေသည်။

'အစ်ကို ဘာဖြစ်လို့လဲ'

'ဝါးချွန်ရှလို့'

'အို'

'ဘာမှမဖြစ်ဘူး။ နဲနဲလေး။ ပျောက်ပြီ'

ဆုန်ကျဲ့ရှ်လျန်၏မျက်ဝန်းတွေက ထျန်းအုခ်ထန်ဆီမှာ ခဏ သာရောက်သွားပြီး ဘွေပီးထံသို့ ဖျတ်ခနဲပြောင်းသွားသည်။ ဘွေပီး မျက်လုံးတွေက ကလေးမကို မြင်လိုက်သည့်အခါ နူးညံ့နွေးထွေးသွား လေသည်။ ထို့နောက် ချက်ချင်းပင် နေရာမှ လှည့်ထွက်သွားသည်။ ဆုန်ကျဲ့ရှ်လျန်က သူ့နောက်မှလိုက်မည့်ဟန် ပြင်လိုက်သည်။

သူတို့နှစ်ယောက်က အတွေးတူ၊ အမြင်တူသည်။ ငွေဝန်း၏ တပည့်လေးတွေထဲမှာ သူမအရင်းနှီးဆုံးကလေးနှစ်ယောက်။

'ဂျူလီယာ'

ထျန်းအုခ်ထန်၏အသံမာမာက သူမအနီးမှ ဟိန်းထွက်လာ သဖြင့် သူမလန့်သွားသည်။

ဆုန်ကျဲ့ရှ်လျန်လည်း တုန့်ခနဲရပ်သွားသည်။

'ဘာလဲအစ်ကို'

ထျန်းအုခ်ထန်ဆီသို့ လျှောက်သွားသည်။

သူ့အစ်ကို၏ပခုံးမှ ပတ်တီးအုပ်ထားသောဒဏ်ရာကို လက်



ဖြင့် ပွပွကိုင်လိုက်၏။ ထျန်းအုခ်ထန်က သူ့ညီမလက်ကို ခပ်ကြမ်း ကြမ်းဖယ်ထုတ်လိုက်သည်။

'ဖယ်။ နင်ပြန်တော့'

ဆုန်ကျဲ့ရှ်လျန် မျက်နှာနီသွားသည်။

'အို၊ မဖြစ်သေးဘူးလေ။ ဆရာမတစ်ယောက်တည်း ဘယ် ဖြစ်မလဲ အကုန်သိမ်းပေးရဦးမှာ'

'ငါသိမ်းပေးမယ်။ နင်ပြန်'

ဆုန်ကျဲ့ရှ်လျန်သည် အစ်ကို၏စကားကို တစ်သွေမတိမ်း လိုက်နာ၏။ ပြန်ဆိုသည်နှင့် ချက်ချင်းပင် သုတ်ခနဲ လှည့်ထွက်လေ သည်။

ငွေဝန်းက နားမလည်နိုင်သဖြင့် ကလေးမနောက်က လိုက် သွားသည်။

'ဂျူလီယာ၊ နင်ပြန်တော့မလား'

ဗန်ဘွေမှူမ်းက ဆုန်ကျဲ့ရှ်လျန်ထွက်လာတော့ ဆီးကြိုမေး သည်။

'အေး။ ဘွေပီး နင်ငါ့နောက်က မလိုက်ခဲ့နဲ့နော်'

ကလေးမက တိုးတိုးကြိတ်မှာတာကို ငွေဝန်းကြားဖြစ်အောင် ကြားလိုက်သည်။

ဘွေပီးသည် မလိုက်ခဲ့နဲ့ဆိုတာနှင့် နေရာတွင် ရပ်ကျန်ခဲ့ လေသည်။ နောက်တော့ အိမ်ဘက်သို့ လှမ်းကြည့်သည်။ သူကြည့် ရာသို့ ငွေဝန်းပါ လိုက်ကြည့်မိသည်။

ထျန်းအုခ်ထန်က သည်ဘက်ကို ခပ်တင်းတင်းလှမ်းကြည့် နေလေသည်။ ဘွေပီးက ချက်ချင်းပင် တောင်တန်းတွေဆီ အကြည့် လွှဲလိုက်၏။

သူမ ချက်ချင်းပင် သဘောပေါက်သွားသည်။ ဆုန်ကျဲ့ ရှ်လျန်နှင့် ဗန်ဘွေမှူမ်။ အော် သူတို့နှစ်ယောက်ကို အစ်ကိုက မကြို့

www.burmeseclassic.com

www.burmeseclassic.com



စေချင်ဘူးထင်ပါရဲ့။ ဘာဖြစ်လို့ပါလိမ့်။

သူမသည် ခြံစည်းရိုးပင်တန်းမှာ မတ်တတ်ရပ်နေသော ဘွေပီးကိုပဲ စကားပြောလိုက်ရမလား။ အိမ်တံခါးဝမှာရပ်နေသော ထျန်းအုခ်ထန်ဆီကိုပဲ သွားလိုက်ရမလား။ ဝေခွဲမရ ဖြစ်နေသည်။

သို့သော် နောက်ဆုံးတော့ ဘွေပီးထံသို့ လျှောက်သွားလိုက်သည်။

'ဘွေပီး အိမ်ထဲသွား၊ အချိုပွဲစားဦးလေ'

လူငယ်လေးက မျက်နှာတည်တည်လေးကို နည်းနည်းပြုံးလိုက်ပြီး ခေါင်းခါသည်။

'စားပြီးပြီဆရာမ'

'ဘွေပီးနဲ့ ထျန်းအုခ်ထန်နဲ့ မတည့်ကြဘူးလား'

သူမ ခပ်တိုးတိုးမေးလိုက်၏။

'ကျွန်တော်တို့ မိသားစုချင်း မတည့်ဘူးဆရာမ။ ကျွန်တော့် အဖေကြောင့် ဆုန်ကျဲရှိလျန်တို့အဖေ သေသွားတာလို့ ပြောတယ်'

'အို'

'သတ်တာတော့မဟုတ်ပါဘူး။ အုပ်စုလိုက် အမဲလိုက်ထွက်ရင်းနဲ့ အဖေ့သေနတ်က ကျည်ဆန်ထွက်ပြီး ဆုန်ကျဲရှိလျန်တို့အဖေကို မှန်သွားတာတဲ့'

'အော် ဖြစ်မှဖြစ်ရလေ'

ငွေဝန်းသည် ဘွေပီး၏မျက်နှာမှုန်မှုန်လေးကို ငေးကြည့်နေမိသည်။

'ဒါပေမဲ့ ကျွန်တော်တို့သူငယ်ချင်းအချင်းချင်းတော့ အရမ်းရင်းနှီးကြပါတယ်'

'အေးလေ ဒီလိုပဲဖြစ်ရမှာပေါ့ကွယ်'

'ဆရာမအထဲဝင်လေ။ ကိုထန်က လှမ်းကြည့်နေတယ်။ စကားပြောချင်လို့လားမသိဘူး။'



ထျန်းအုခ်ထန်က စကားပြောချင်တာတော့မှန်သည်။ သို့သော် ငွေဝန်းကိုပြောချင်တာမဟုတ်။

'ဘွေပီး'

ခပ်လောလောလှမ်းခေါ်သည့်အသံ။ ထျန်းအုခ်ထန်၏အသံ။

ဘွေပီးသည် လှစ်ခနဲပင် အိမ်တံခါးဝသို့လှမ်းသွားသည်။ ပျဉ်ခင်းကြမ်းပြင်မှ ခြေလှမ်းသွက်သွက်ကြမ်းကြမ်းကြောင့် သိမ့်ခနဲပင် ခါသွားသည်။

ထျန်းအုခ်ထန်ရှေ့သို့ ဘွေပီးရောက်သွားသည်။

'ဘာလဲအစ်ကို'

'ငါ့ဆီကို ငှက်တစ်ကောင်လာရောင်းမယ်လို့ ကျုံမွေက ပြောတယ်။ အဲဒီငှက်ကို ဘာငှက်လဲသူမသိဘူးတဲ့။ မင်းသိတယ်လို့ပြော တယ်။ ဟုတ်လား အဲဒါဘာငှက်လဲ'

ထျန်းအုခ်ထန်က ဘွေပီး၏အင်္ကျီလက်မောင်းမှာ ကပ်ငြိနေသောအမှိုက်စလေးတစ်ခုကို အသာတောက်လျက်ဖယ်ပေးလိုက်ရင်းမေးသည်။

အင် သည်လိုတော့လည်း ဘွေပီးကို သူ မုန်းတီးပုံမရ။

'ကျွန်တော် အသေအချာမသိပါဘူး။ ကျွန်တော်က ဖိုးခေါင်ငှက်ထင်တယ်လို့ ပြောတာ'

'ဖိုးခေါင်ငှက်ဟုတ်လား၊ လှလား'

ရွှေဖိုးခေါင်သီချင်းကိုသတိရလျက် ငွေဝန်းက ဝင်မေးမိသည်။

'လှတယ်ဆရာမ၊ ရောင်စုံငှက်ဗျ။ လည်ပင်းနဲ့ရင်အုပ်က တစ်ရောင်၊ အတောင်ပံအရင်းကတစ်ရောင်၊ အဖျားက တစ်ရောင်၊ အမြီးက တစ်ရောင်။ အညို၊ အဝါ၊ အစိမ်း၊ အပြာ။ သိပ်လှတယ်'

'အေး ဝယ်မယ်ကွာ'

ငွေဝန်းက အံ့သြစွာမော့ကြည့်လိုက်သည်။

'အစ်ကိုထန်က ငှက်ကို ဖမ်းလည်းဖမ်းတယ်။ ရောင်းလည်း

www.burmeseclassic.com

www.burmeseclassic.com





ဝယ်တယ်'

ဘွေပီးက ရှင်းပြသည်။

'ဘာလုပ်တာလဲ'

သူမမေးတော့ ထျုန်းအုန်ထန်ကိုယ်တိုင် ဖြေသည်။

'ကျွန်တော့်ငှက်အိမ်တွေထဲမှာ ထည့်တယ်။ မွေးတယ်။ ကျွန်တော်က မုဆိုးပေမယ့် ငှက်တွေကိုတော့ ချစ်တယ်'

'ကိုထန့်မှာ ငှက်ဘယ်နှကောင်လောက်ရှိလဲ''

'အများကြီးပေါ့'

ငွေဝန်းသော်တာ အံ့ဩသွားသည်။

'ဘာငှက်တွေရှိလဲဟင်'

'အစုံပဲ'

'အောက်ချင်းငှက်တော့ မပါဘူးပေါ့နော်'

သူမရယ်လျက် မေးလိုက်၏။

'ရှိတယ်။ ဆရာမကြည့်ချင်ရင် ပြမယ်၊ ဘယ်သူ့မှ မပြောနဲ့လေ'

'ဒါနဲ့ အောက်ချင်းငှက်တွေ မျိုးတုံးကုန်ပြီဆို'

'ကျွန်တော်တို့အထက်ပိုင်းမှာတော့ တုံးပြီ။ ဒါပေမဲ့ ကချင်ပြည်နယ်မှာတော့ ရှားရှားပါးပါး ရှိနေသေးတယ်'

'မြင်ဖူးချင်လိုက်တာ၊ လှလားဟင်'

'နားနေတဲ့အခါ သိပ်မလှဘူး။ ပျံတဲ့အခါ သိပ်လှတယ်'

◆

သစ်ပင်များကား
နားစွင့်လျက်ရှိသောကောင်းကင်ကို
စကားပြောရန်အတွက်
မြေကြီး၏အဆုံးမရှိသော
ကြိုးပမ်းအားထုတ်မှုပင်။

၁၁

'ကျွန်တော်ပြန်ရမှာ စိတ်မပေါ့ပါးဘူး'

ပိုင်စိုးက သူမကို ငေးကြည့်လျက် ညည်းညူသည်။

'ဟဲ့ အဲလို မပြောကောင်းဘူး'

'ဟုတ်တယ်လေအစ်မရဲ့ တိမ်တွေက ကိုယ့်အိပ်ခန်းထဲကို ရောက်လာတဲ့အနေအထားကို ကမ္ဘာကြီးရဲ့ ဘယ်နေရာတွေမှာများ နိုင်မှာမို့လဲ'

ပိုင်စိုးက ငွေဝန်း၏ အိမ်ကပြင်မှာခြေဆင်းထိုင်ရင်းက မြင်နေရသော အဝေးအနီး အထပ်ထပ်တန်းနေသော တောင်ပြာကြီးတွေကို ကြည့်လျက် စိတ်ထဲမှာ လွမ်းသလိုလိုခံစားနေရသည်။

ကျွန်တော်ဘယ်သူ့ကိုမှ လွမ်းနေတာမဟုတ်ဘူး။ တိမ်တွေ တောင်တွေကို လွမ်းနေတာ။

ကိုယ့်ကိုယ်ကို သတိပေးမိသည်။

သို့သော် သူလွမ်းမည့်သဘာဝတောတောင်နှင့်အ... ...မ်းရိပ်ဝေသောမျက်လုံးနက်နက်တွေနှင့် နှုတ်ခမ်းပါးပါး တင်း...

www.burmeseclassic.com

www.burmeseclassic.com



တတ်သော အမျိုးသမီးလေးတစ်ယောက်လည်း ပါလိမ့်ဦးမည်ဟု သူထင်သည်။

'နောက်ပြီး ချင်းတောင်ကသာ ပြန်ရတော့မယ်။ အောက်ချင်းငှက်ဆိုတာကို မမြင်ဖူးဘူး'

ပိုင်စိုးက ဆုန်ကျဲရိလျန်၏လက်ရာ ပြောင်းဖူးပေါက်ပေါက်လှော်ကို ပါးစပ်ထဲသို့ သိမ်းကြုံးထည့်စားလိုက်ပြန်သည်။

ဘေးမှာ ကျုံ့ကျုံ့လေးထိုင်လျက် ပိုင်စိုးဓါတ်ပုံတွေကို ကြည့်နေသော ဆုန်ကျဲရိလျန်က ခေါင်းမော့လာသည်။

'အစ်ကိုက အကြာကြီးမှ မနေဘဲ။ အကြာကြီးနေရင် တွေ့မှာပေါ့'

'ဟာ တကယ်တွေ့မှာလား။ တွေ့မယ်ဆိုရင် နောက်တစ်ပတ်ထပ်နေလိုက်မယ်ကဲ ဘယ်မှာတွေ့နိုင်မလဲ ပြော'

ငွေဝန်းသော်တာသည် ထျန်းအုန်ထန်က ဘယ်သူ့ကိုမှ မပြောနဲ့ ဟုတားမြစ်ထားသည့်ကြားမှ လွှတ်ခနဲပြောလိုက်မိသည်။

'ရှိသားပဲ။ တီးမစ်ချိုင့်ဝှမ်း သစ်တောထဲမှာ'

ပိုင်စိုး ငွေဝန်းကို တအံ့တသြကြည့်သည်။

'အစ်မကို ဘယ်သူပြောလဲ'

'ထျန်းအုန်ထန်ပေါ့'

'အဲဒီမှာ အမြဲတမ်းရှိနေမယ်လို့ သေချာလို့လား'

'သေချာလို့လားဆိုတော့ သူက အဲဒီငှက်ကို မွေးထားတာ မို့ပေါ့'

သူ့မျက်လုံးတွေ တောက်ပသွားသည်။

'ဟာ၊ တကယ်။ ဘယ်လိုမွေးထားတာလဲ'

ဆုန်ကျဲရိလျန်ကတော့ စိတ်ပူသွားလေသည်။

အစ်ကို့ စိတ်ကို သူတို့တွေမသိဘူး။ ငါသိတယ်။ အစ်ကို စိတ်ဆိုးမှာပဲ။



သို့သော် ကိုပိုင်စိုးကို သူမလည်း ခင်မင်သည်။ သူမပြန်ခင် အောက်ချင်းငှက်ကို မြင်ဖူးအောင် မိမိလည်း ပြောပြပေးလိုပါသည်။ ယခုတော့ ကိုပိုင်စိုး သိသွားပြီ။ ပြောပြသူက သူမ မဟုတ်သည့်အတွက် စိတ်ချမ်းသာသွားသည်။

'သစ်ပင်ကြီးသုံးလေးပင်ပါတဲ့ချိုင့်ဝှမ်းကို ပိုက်ကွန်နဲ့ ဝန်းခတ်ထားတာ'

'ဒါဆိုရင်တော့အဲဒီနည်းက သိပ်မကောင်းဘူး'

'ဘာလို့လဲ'

'ဘာလို့လဲဆိုတော့ ငှက်တွေကို သဘာဝအတိုင်းပျံသန်းခွင့် မပေးလို့ပေါ့။ ပိုက်ကွန်နဲ့ဆိုတော့ သူတို့ကို လှောင်ပိတ်ထားသလိုပဲ မဟုတ်လား'

'ဒါပေမဲ့ အဲဒီလိုမလုပ်ရင် သူတို့ကို တွေ့သမျှလူတွေက အမဲလိုက်ပစ်သတ်နေကြမှာပေါ့။ အဲဒါကမှ ပိုပြီးအန္တရာယ်ကြီးသေးတယ်၊ ရှားပါးရာကနေ မျိုးတုံးကုန်တဲ့အန္တရာယ်လေ'

သူက စဉ်းစဉ်းစားစားခေါင်းယမ်းသည်။

'အောက်ချင်းငှက်တွေရှားနေတာအမှန်ပဲ ဒါပေမဲ့ ဒီနည်းကတော့ အကောင်းဆုံးနည်းမဟုတ်ဘူး။ ကျွန်တော် ထျန်းအုန်ထန်နဲ့ တွေ့ချင်တယ်၊ ဆုန်ကျဲရိလျန် အစ်ကို တွေ့လို့ရမလား'

ဘုရားရေ၊ ငွေဝန်းပြောလိုက်ခါမှ ပဋိပက္ခတွေဖြစ်ကုန်တော့မယ်နဲ့တူပါရဲ့။

'ဟင့်အင်း၊ သူ သွားပြီ'

ဆုန်ကျဲရိလျန်က မျက်တောင်ပုတ်ခပ်ပုတ်ခပ် လုပ်လျက် ဖြေသည်။

'ဘယ်ကိုသွားတာလဲ'

'အဲဒီကိုပဲ။ ငှက်တွေလှောင်ထားတဲ့နေရာပေါ့'

'ကျွန်တော် လိုက်သွားချင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်လုံးက ဆုန်ကျဲရ်လျန်ကို ကြည့်လိုက်ကြသည်။ ကလေးမက ပခုံးလေးတွန့်၏။

'စိတ်တော့မရှိနဲ့ကွယ် မင်းတစ်ယောက်တည်းလိုက်သွားတာနဲ့စာရင် ကိုယ်ပါလိုက်ခဲ့တာက သူ့အတွက် ပိုပြီးသက်သာစေလိမ့်မယ်'

ဒါ ငွေဝန်းကို သူ့ကားနှင့် ခေါ်တင်လာသည့်ကျေးဇူးကို ဆပ်သည့် သဘောဖြစ်သည်။ ကျေးဇူးတွေရှိနေလျှင် ကျေပြီပေါ့ဟု သူမတွေးသည်။

တီးမစ်ချိုင့်ဝှမ်းသို့သွားဖို့ တော်တော် နောက်ကျနေပြီဟု ဆုန်ကျဲရ်လျန်ကဆိုသည်။ သူမကိုလည်း လမ်းပြသည့်အတွက် စိတ်ဆိုးမှာပဲဟု ပြောသည်။

'ကျွန်တော်လမ်းပြမယ်'

ဘွေပီးက ပြုန်းခနဲဝင်ပြောတော့ သူမ မျက်နှာညို သွားသည်။

ကားသည် အဆင်းမှန်းသိသိဆင်းသွားသော တောင်စောင်းအတိုင်း တောင်နံ့ရံကို ကွေ့ပတ်ဝိုက်လျက် မိုးဖွဲဖွဲတွင် တဂျိန်းဂျိန်းပြေးလေသည်။

တီးမစ်ချောင်းသည် ဟိုးအနိမ့်ထဲမှာရှိသဖြင့် တောင်နံရံများကို ကွေ့ပတ်ဝိုက်လျက် ဆင်းသွားသည့်အခါ မြင်ကွင်းသည် တော်တော်ဝေးပလေသည်။

'ဒီတီးမစ်ချောင်းက မဏိပူရမြစ်ထဲစီးမှာပေါ့နော် ဟုတ်လား'

ငွေဝန်းက မေးသည်။ တစ်ယောက်ယောက်ဖြေဖို့မျှော်လင့်သည်ဆိုလျှင် ထိုတစ်ယောက်ယောက်မှာ မိမိ မဟုတ်ပါ။ အခုအချိန်မှာ ငွေဝန်းသည် ထျန်းအုခ်ထန်ကို ဘယ်လိုရင်ဆိုင်ရမလဲဟူသော ပူပန်တွေးမှုတပါး အခြားမည်သည့်အရာကိုမျှ စိတ်မရောက်နိုင်။



ထို့ကြောင့် သူပြောသည့်ဒေသန္တရဗဟုသုတ ဆွေးနွေးပွဲတွင် မပါဝင်နိုင်ပါ။

'မဟုတ်ဘူးအစ်ကို၊ သူက ကုလားတန်မြစ်ရဲ့ အဖျားပိုင်းလို့ပြောကြတယ်'

'ဟာ ဟုတ်လား'

ဟိုဘက်သည်ဘက် တောင်စောင်းတွေနိမ့်ဆင်းလာသည့်ကြားနေရာမှ မြင်ကွင်းသည် မဏိပူရမြစ်မြင်ကွင်းလို ခပ်ဆင်ဆင်ဖြစ်သည်။

'တီးမစ်ဆိုတာ ဘာစကားလဲဘွေပီး'

'လိုင်မီးစကားပါပဲ တီးဆိုတာက ရေ၊ မစ်ဆိုတာက မျက်စေ့လို့အဓိပ္ပါယ်ရတယ်'

'ဒါဖြင့် တီးမစ်ဆိုတော့ ရေမျက်စေ့လား'

'အဲဒါတော့ မသိဘူး အစ်ကို'

ဘွေပီးက ခပ်သာသာပြုံးလျက်ပြောသည်။

'အဲဒီချောင်းထဲမှာ ငါးတွေဘာတွေရှိလား'

'ရှိတာပေါ့။ ကျွန်တော်တို့ ငါးဖမ်းပွဲတို့ ပျော်ပွဲစားတို့လုပ်ရင် ဒီချောင်းဆီလာကြတာ။ ငါးလည်းဖမ်း၊ ထမင်းတွေဘာတွေချက်စား၊ ညနေလောက်မှ အိမ်ပြန်ကြတာ'

ကားက တံတားတစ်ခုကို ဖြတ်ကျော်လိုက်သည်။ သူတို့အောက်ဘက်တွင် တီးမစ်ချောင်းသည် လျင်မြန်စွာ စီးဆင်းနေသည်။

'ငါးကို ဘယ်လိုဖမ်းလဲ'

'ခြင်းကြားနဲ့ဖမ်းတယ်အစ်ကို အပေါက်ကျယ်ကျယ် ခြင်းတောင်းလေးတွေလေ'

တီးမစ်ချိုင့်ဝှမ်းသည် မြေနေရာတော်တော်ကျယ်ပြန့်သည့် ချောင်းဘေးတစ်ဘက်တစ်ချက်တွင် စိမ်းစိုသောစိုက်ခင်းများ [illegible] သည်။

www.burmeseclassic.com



တီးမစ်ချောင်းမှာ သူတို့ ကားပေါ်က ဆင်းကြရသည်။ ပိုင်စိုးတို့သည် တောင်ကြောတစ်လျှောက် အပေါ်သို့ တက်ရတော့မည်ဟု ဆိုပါသည်။

ခြေလျင်ခရီးတော်တော်များလိမ့်မည်ဟု သူမကို ကြိုတင်အသိပေးထားခဲ့ပြီးသားမို့ တောင်ပေါ်ခြေလျင်ခရီးအတွက် ဘောင်းဘီနှင့်ဖိနပ်ဝတ်ဆင်ပြီး စိတ်ကိုပါအားတင်းလာခဲ့သော်လည်း တကယ်ကြုံတွေ့လိုက်ရသောအခါ တောင်ပေါ်သူတောင်ပေါ်သားအဖြစ် အသက်ရှင်ရပ်တည်ရတာ မလွယ်ပါလား ဟု သဘောပေါက်သွား၏။

နှစ်ပေါင်းများစွာ ခြေထောက်နင်းပါများ၍ မြေသားပေါ်လာသော လမ်းကြောင်းသေးသေးမှာ နှစ်ယောက်ပင်ယှဉ်၍ မလျှောက်သာသည့်နေရာတွေ ရှိသည်။ တစ်ယောက်က မြေသားဘေးက အပင်စပ်မှာ ခြေထောက်နင်းမှ နှစ်ယောက်ယှဉ်လျှောက်လို့ ရ၏။ ပိုင်စိုးနှင့်ဘွေပီးက မကြာခဏဆိုသလို နှစ်ယောက်ယှဉ်မိသွားတတ်ပေမယ့် ငွေဝန်းကတော့ မိန်းမခြေလှမ်းဖြစ်၍တစ်ကြောင်း၊ ခြေအချတွန့်ဆုတ်တတ်၍တစ်ကြောင်း နောက်မှာသာ ကျန်ရစ်ခဲ့သည်။

တောင်အတက်မှာခြေလှမ်းနှေးကွေးမောပန်းပေမယ့် အမောပြေစရာအတွေ့အကြုံကတော့ တိမ်တွေထဲသို့ ခရီးသွားရခြင်းဖြစ်သည်။

တိမ်တို့သည် တောင်စောင်းအနိမ့်ထဲမှ ပိုင်စိုးတို့ဆီသို့ တက်၍တက်၍လာပြီးလျှင် သူတို့သုံးယောက်လုံးကို လွှမ်းခြုံသွားတော့၏။ ပိုင်စိုးသည် တိမ်တွေထဲမှာ လမ်းလျှောက်သည့်အဖြစ်ကို ခဏခဏ အိပ်မက် မက်ခဲ့ဖူးသည်။ ယခုအခါ သူတကယ် တိမ်တွေထဲသို့ တိုးဝင်လျက်၊ သို့မဟုတ် တိမ်တွေက သူ့တစ်ကိုယ် လုံးအား တိုးတိုက်ဖြတ်သန်းသွားလျက်ရှိသည်။ တစ်ခုပဲကွာ၏။ အိပ်မက်ထဲမှာက သူ၏ခြေထောက်သည် မြေနှင့်မထိ။ လေထဲမှာ ဖြူဖွေးနုညက်နေသည့် တိမ်စိုင်တိမ်လိပ်တွေကိုသာ နင်းလျက် လျှောက်ရခြင်းဖြစ်ပြီး ယခု လက်တွေ့တွင် သူသည် အစိမ်းရောင် တောင်တန်း



ကြီးကိုနင်းလျက် လျှောက်နေရခြင်းပင်တည်း။

ပိုင်စိုးသည် ငွေဝန်းနှင့်ဘွေပီးကို စကားစ ရှာရှာပေးထော်သည်။

'တွေ့လား ဘွေပီး၊ ညီလေးတို့တောင်တန်းတွေမှာ လိပ်ပြာတွေကလည်း အမျိုးစုံတယ်၊ စောစောက ကိုယ်ဓါတ်ပုံရိုက်လိုက်တဲ့ လိပ်ပြာကို သတိထားမိလား'

သူသည် ခရီးသွားသုံးယောက်တွင် အတက်ကြွဆုံးလူဖြစ်သည်။ ငွေဝန်းကတော့ အလေးကန်ဆုံး၊ စိတ်ဖြစ်နိုင်သည်။

သစ်ခွပင်တွေကို သစ်ပင်ထိပ်ဖျားမှာ တောင်နံရံမှာ တွယ်ကပ်ပေါက်နေသည်ကို မြင်လျှင် သူ ငွေဝန်းကိုလှည့်ကြည့်လျက် စကားပြောတတ်သည်။

'အစ်မ၊ ကျွန်တော်ထင်ထားခဲ့တာက သစ်ခွပင်တွေဖွေးနေအောင်ပွင့်နေတာမြင်ရင် မိန်းကလေးပြီပြီ အစ်မ လွှတ်ခနဲအော်မိလောက်အောင် ပျော်သွားလိမ့်မယ်လို့ ထင်ထားခဲ့တာ၊ အခုတော့ အစ်မတော်တော်ငြိမ်နေပါလား။ မောနေသလားဟင်'

'မောတာပေါ့ကွယ် ဘယ့်နှယ်ပြောလိုက်ပါလိမ့်'

ဆုန်ကျဲ့ရိုလျှန်ဆီမှ ငွေဝန်းသော်တာအကြောင်း အနည်းအပါး သိပြီးနေသောပိုင်စိုးသည် မိမိပိုင် သစ်ခွခြံကိုရော ကားကိုရော မောင်တွေညီမတွေကို လွှဲအပ်ပစ်ခဲ့ပြီး ဘာကြောင့်များ သည်တောင်ပေါ်ကို ဆရာမအဖြစ် ရောက်လာရသလဲဟု နားမလည်နိုင်အောင် ဖြစ်မိသည်။ ချင်းတောင်တန်းတွေက သူမကို ဘာကြောင့်များ ဆွဲဆောင်နေခဲ့ပါလိမ့်။

သူတို့သည် တောင်နံရံတွေကို တစ်ခုပြီးတစ်ခုပတ်ကွေ့နေရ၏။ တောင်အကွေ့တစ်ခုသို့ရောက်တိုင်း နောက်ထပ်တောင်တစ်ခုက မျက်စိအောက်မှာ ဘွားခနဲ ပေါ်ပေါ်လာသည်။

ပိုင်စိုးသည် တချို့နေရာများတွင် တောင်ပေါ်[illegible]

www.burmeseclassic.com

www.burmeseclassic.com



တောထဲသို့ တိုးဝင်သွားပြီး တော်တော်နှင့်ပြန်ထွက်မလာတတ်။

'ဘွေပီး ဆရာမအနားမှာနေခဲ့' ဟု မှာပြီး ခါတ်ပုံသွားသွား ရိုက်နေတတ်သည်။

တစ်နေရာတွင် တောင်အကွေ့လမ်းကလေး၌ သစ်ပင်အောက်မှာထိုင်လျက် အမောဖြေနေသော အမေကြီးတစ်ယောက်ကို တွေ့ရသည်။ သူ့ဘေးမှာ ထင်းချောင်းတွေ အပြည့်ထည့်ထားသည့် ပလိုင်းကြီးတစ်ခုချထားသည်။ သူဝတ်ထားသည့် ကန့်လန့်စင်းလုံချည်က အရောင်မွဲမွဲနွမ်းနွမ်း၊ လျှော်စောင်အစင်းကြားလေးဖြင့် သူ့မျက်နှာကို ချွေးသုတ်နေသည်။ မျက်နှာသွယ်သွယ်မှာ ပိန်သဖြင့်ပါးရိုးတွေငေါ်နေသည်။ အမေလို နွမ်းလျသည့်ရုပ်ရည်မျိုးဖြင့် အဘွားကြီးတွေကို တွေ့လျှင် သူမ မေမေ့ကိုသာ သတိရမိသည်။ လူတွေဟာ ဘဝမှာ အမေကို အတွယ်တာဆုံးပဲထင်ပါရဲ့။ အမေမရှိတော့သည့် လူသားတစ်ယောက်အတွက် ဒီ့ထက်ကြီးမားသော ဆုံးရှုံးမှုဆိုတာ ရှိနိုင်ပါဦးမလား။

ငွေဝန်း အဘွားကြီးအနားသို့ ရောက်သွား၏။ ပြီးတော့ ပြုံးပြ နှုတ်ဆက်လိုက်သည်။ သူက ပြန်ပြုံးပြသည်။ ပြုံးလိုက်တော့ ချစ်စရာ ကောင်းလှသည်။

'ဘယ်မှာနေလဲ'

ငွေဝန်းမေးသည့်အခါ သူ နားလည်ဟန်မတူ၊ ပြုံးလျက်သာ နေသည်။

'ဘွေပီး သူ့မှာ သားသမီးမရှိဘူးလား မေးကြည့်ပါလား'

ဘွေပီးက စကားပြန်လုပ်ပြီး ဆရာမသိလိုသည့်အချက်ကို မေးပေးသည်၊ ထိုအဘွားကြီးမှာ သားသမီးငါးယောက်ရှိသည်။ အားလုံးအိမ်ထောင်ကျကုန်ပြီ။ သားသမီးတွေကို ထင်းသယ်ခိုင်းပါ့လား ဟု ပြောခိုင်းကြည့်၏။ အဘွားကြီးက ခေါင်းယမ်းသည်။ သူတို့အလုပ်တွေနှင့်မအားဘူး ဟူ၏။ ယခုသယ်သည့်ထင်းက ရောင်းစားရန်ဖြစ်သည်



တဲ့။ အကြွေးဆပ်ချင်လို့တဲ့။ ဆရာမ အံ့သြသွားသည်။

'ဘာကြွေးလဲ'

'သူ့နေမကောင်းတုန်းက ချေးထားတဲ့ကြွေးတဲ့'

အကြွေးဆပ်ဖို့ အမေအိုက ထင်းသယ်ရောင်းနေတာကို ကြည့်နေရက်သူသည် ဘယ်လိုသမီးမျိုးပါလိမ့်။ သူမ အဘွားအိုကို ဘာလုပ်ပေးနိုင်မလဲ။ အကြွေးကိုဆပ်ပေးလိုက်ရုံနှင့် သူ့ဘဝ၏ ဝန်ထုပ်ဝန်ပိုးကြီး လွတ်မြောက်သွားမည်မထင်။ နောက်ထပ်ဝန်ထုပ်ဝန်ပိုးတွေ လာဦးမည်။

'အကြွေးက ဘယ်လောက်ဆပ်ရမှာတဲ့လဲ'

ပိုင်စိုးအသံ။ ဘွေပီးက နှစ်ထောင်ဟု ပြန်ပြောသည်။

နှစ်ထောင်...။ နှစ်ထောင်ပြည့်ဖို့ ထင်းဘယ်နှခါသယ်ပြီး ရောင်းယူရမလဲ။ ဘုရားဘုရား။

သူမ ရင်ထဲမှာ ကျင်ခနဲနာသွား၏။

'အမေ၊ ဒီနေ့ကျွန်တော့်မွေးနေ့၊ ကျွန်တော့်မှာ အမေမရှိတော့ဘူး။ ဒီတော့ ကျွန်တော် ကုသိုလ်လုပ်တဲ့အနေနဲ့ အမေ့ကို ကန်တော့ပါရစေ'

ငွေဝန်း ကူညီသင့်မကူညီသင့် တွန့်ဆုတ်စွာစဉ်းစားနေစဉ်မှာပင် ပိုင်စိုးက ဘောင်းဘီအိတ်ထဲမှ ပိုက်ဆံကိုထုတ်ယူလိုက်လေသည်။

ပိုင်စိုး၏စကားကို ဘွေပီးက ဘာသာပြန်ပြပေးနေခိုက် ငွေဝန်း သူတို့ကို ငေးမောကြည့်နေသည်။ သူထုတ်လိုက်သည်မှာ ငါးရာတန်များဖြစ်သည်။ လေးရွက်ထက် အများကြီးပိုနေသည်။ သူက ပိုက်ဆံကို သာမန်အတိုင်းပေးခြင်းမဟုတ်။ အဘွားကြီးအနားမှာ ဒူးထောက်ထိုင်လျက် လက်နှစ်ဘက်ဖြင့် ရိုသေစွာပေးလိုက်ခြင်း ဖြစ်သည်။ အဘွားကြီးက မယုံကြည်နိုင်သည့်အမူအယာဖြင့် ငိုကြွေးပြီး ဘွေပီးကို တစ်ခုခုပြောသည်။ ဘွေပီးက အဘွားကြီးအား

www.burmeseclassic.com

www.burmeseclassic.com



ရှင်းပြသလိုဟန်ဖြင့် စကားပြောသည်။ သည်တော့မှ အဘွားကြီးက ခေါင်းတညိတ်ညိတ်ဖြင့် ယူလေသည်။

'အေး အေး ကလုမ်းအော်အီး

ထို့နောက် ပလိုင်းကိုကောက်လွယ်လျက် အဘွားကြီး ထွက်သွားသည်။

'ရိုးသားပြီး အလုပ်ကို တန်ဖိုးထားတဲ့ တောင်ပေါ်သူအဘွားကြီးတစ်ယောက်ကို သူများအပေါ်အားကိုးချင်စိတ်တွေ ဝင်သွားအောင် ဖျက်ဆီးလိုက်တယ်လို့ ဝေဖန်မလို့လား အစ်မ'

သူမ ဘာမှမပြောနိုင်ဘဲ ခေါင်းတစ်ချက်ညိတ်ပြီး သူ့ထံမှ မျက်နှာလွှဲထားသည်။ သူမမျက်လုံးမှာ ရစ်ဝိုင်းလာသော မျက်ရည်များကို ပိုင်စိုးမမြင်စေချင်သောကြောင့်ဖြစ်သည်။

'ကျွန်တော် မတတ်နိုင်ဘူးအစ်မရယ်။ ဒါက ကျွန်တော် ဘယ်လိုမှ လစ်လျူမရှုနိုင်တဲ့အဖြစ်လေ။ ဒီအဘွားမွေးတဲ့ထဲမှာ ကျွန်တော်လိုသားတစ်ယောက် ပါခဲ့မယ်ဆိုရင် အခုလို သူပင်ပန်းမှာမဟုတ်ဘူး။ အခုတော့ လောကကြီးမှာ ညံ့တဲ့သားသမီးတွေကြောင့် ကံဆိုးတဲ့အမေတွေအများကြီး'

ငွေဝန်း ဗြုန်းခနဲ သူ့ကို မော့ကြည့်သည်။

အမေကို ပြုစုချင်ကျွေးမွေးချင်လှသော မိမိလို သမီးမျိုး ကျတော့လည်း အမေက စောစောစီးစီးကွယ်လွန်သွားခဲ့ပြီ။

ပလိုင်းကြီးကိုပခုံးမှာချိတ်၊ ငွေကို မယုံကြည်နိုင်သော မျက်လုံးများဖြင့် ငုံ့ကြည့်လျက် ခေါင်းတညိတ်ညိတ် ထွက်ခွာသွားသော အဘွားအို၏နေရာတွင် အမေ့ကို မြင်ယောင်မိသောအခါ သူမ၏ မျက်ရည်တစ်စက် ပါးပြင်ပေါ်သို့ လိမ့်ဆင်းကျသွားတော့သည်။

ပြီးမှ ကိုယ့်ကိုယ်ကို ပြန်ထိန်းချုပ်ဖို့သတိရသွားပြီး ခြေလှမ်းဆက်လှမ်းဖို့ဟန်ပြင်လိုက်ရပေမယ့် နောက်ကျသွားခဲ့ပြီ။ သူမကို ပိုင်စိုးက အံ့သြသောအကြည့်ဖြင့် ငေးကြည့်နေခဲ့ပြီဖြစ်သည်။



'ဒီနေ့ တကယ်ပဲ မင်းမွေးနေ့လား'

သူ ခပ်သာသာပြုံးလျက် ခေါင်းခါသည်။

ထို့နောက် ရှေ့က သူဆက်လျှောက်သွားသည်။

ကျန်သည့်ခရီးတစ်လျှောက်လုံးမှာ သူတို့ စကားတစ်ခွန်းမှ ထပ်မပြောဖြစ်ကြတော့ပေ။

နောက်ဆုံးတောင်ကွေ့တစ်ခုကို ကျော်ပြီးသောအခါ သူတို့သည် တောင်ခြေထိရောက်အောင်ဆင်းရ၏။ တောင်ခြေသည် နက်ရှိုင်းအုံ့မှိုင်းနေသော သစ်တောတစ်ခုဖြင့် ကြွယ်ဝသော သဘာဝပတ်ဝန်းကျင်ရှိသည်။

သူတို့သိလိုက်ပြီ။ မိမိတို့ဦးတည်သည့် နေရာသို့ ရောက်ခဲ့ပြီ။

ဘွေပီးက ဆရာမကို တစ်ချက်ကြည့်ပြီး ဖြူဖွေးသောအပွင့်များပွင့်နေသည့် တောင်ဇလပ်ပင်များရှိရာသို့ တိုးဝင်သွားသည်။

ငွေဝန်းသော်တာ ပိုင်စိုးကို လှည့်ကြည့်လိုက်သည်။ သူမ မျက်လုံးမှ စိုးရိမ်ပူပန်ရိပ်ကို မြင်လိုက်သဖြင့် ပိုင်စိုးက နှစ်သိမ့်သလို ပြုံးပြလိုက်လေသည်။

'စိတ်မပူပါနဲ့အစ်မ၊ ကျွန်တော်အဆင်ပြေအောင် ကြည့်ပြောပါမယ်''

ဘယ့်နှယ်လုပ်စိတ်မပူဘဲ ရှိပါ့မလဲ။ သည်မြို့မှာ ဆရာမလုပ်တာ အခုမှ ရက်ပိုင်းပဲရှိသေးသည်။ ကိုယ်နှင့်ဘာသာစကားမတူသောနေရာတစ်ခုမှာ ကံကောင်းထောက်မစွာ မိတ်ဆွေ တစ်ယောက် ရခဲ့သည်။ ထိုမိတ်ဆွေက သူ့အပေါ်သစ္စာဖောက်လိုက်သည်ဟု နာကျည်းမုန်းတီးသွားမည့် အဖြစ်မျိုးဖြစ်အောင် ငွေဝန်း လုပ်[illegible] မိပြီ၊ ဒါကို ငွေဝန်း ဘယ်လိုနည်းဖြင့် ပြန်လည်ပြင်ဆင် အဖြေ[illegible] ရပါမည်နည်း။

'ကမ္ဘာပေါ်က ရှိရှိသမျှ သက်ရှိသတ္တဝါတွေအား[illegible]

www.burmeseclassic.com

www.burmeseclassic.com



တစ်ဝက်ကျော်ဟာ သစ်တောကြီးတွေထဲမှာရှိတယ်တဲ့ အစ်မရဲ့'

ပိုင်စိုးက ငွေဝန်းစိတ်ပူနေမှန်းသိသဖြင့် စကားမရှိစကားရှာ လျှောက်ပြောရသည်။

'သစ်တောတွေဟာ ထူထပ်လွန်းနက်ရှိုင်းလွန်းလို့ မှိုင်းနေတဲ့ သတ္တဝါတွေအများကြီးပဲ။ ကျွန်တော်တို့သိပြီးသားမျိုးစိတ်တွေရော၊ မသိရသေးတဲ့မျိုးစိတ်တွေရော အမျိုးစုံပြန့်နှံ့နေတာပေါ့'

သူ့ကို သူမ မေးခွန်းတစ်ခုမေးလိုက်ပါသည်။

'ကမ္ဘာပေါ်မှာ သက်ရှိမျိုးပေါင်း ဘယ်လောက်လောက် ရှိလဲ ဟင်'

'Temperate zone လို့ခေါ်တဲ့ သမပိုင်းဒေသတွေမှာကိုပဲ သိပ္ပံပညာရှင်တွေ အမျိုးအစားခွဲခြားပြီးသား Species ပေါင်း တစ်သန်း ခွဲလောက် ရှိတယ်တဲ့'

သဘာဝစမ်းချောင်း အသေးစားလေးတစ်ခုကို ဖြတ်ကျော် ပြီးသည့်အခါမှာတော့ မိုးစိုစွတ်ကာ ရေညှိပင်များ တွယ်တက်နေသော သစ်ပင်ကြီးများကို မြင်နေရသည်။ ကျေးငှက်သံများနှင့် သစ်ရွက်လှုပ် ခတ်သံများ အကြားတွင် တိုးတိတ်သော ရေစီးသံကို ကြားရသလိုလို။

'အစ်ကိုထန်'

ဘွေပီး၏အသံကို ခပ်အုပ်အုပ်သာကြားရ၏။ တစ်နေရာရာမှ ဝေး ဟုထူးလိုက်သည့်ယောက်ျားသံတစ်ခု။

ထိုအခိုက် သစ်ပင်ကြီးတစ်ပင်၏ပင်စည်နောက်မှ ဖြန်းခနဲ လူတစ်ယောက်ထွက်လာသည်။

ထိုသူသည် အရပ်ခပ်ပျပ်ပျပ်၊ လုံချည်ကို ဒူးဆစ်ဆီရောက် အောင် ဝတ်ထားသည်။ ချည်ကြမ်းအင်္ကျီက အနီနှင့်အနက်ကွက်။ သူက ဘွေပီးဆီသို့ လျှင်မြန်စွာ နီးကပ်လာပြီး ပိုင်စိုးတို့နားမလည် သောစကားဖြင့် ဝူးဝူးဝါးဝါးပြောလေသည်။

တစ်နေရာမှ အလောတကြီးစကားသံတစ်ခုနှင့်အတူ ထျန်း



အုခ်ထန်ရောက်လာသည်။

အံ့သြတကြီး 'ဆရာမ' ဟုရေရွတ်သည်။

ထို့နောက် ခပ်လှမ်းလှမ်းမှာရပ်နေသော ပိုင်စိုးကို မြင် သွားသဖြင့် သူ့စကားပြတ်သွားသည်။ သူ၏နွေးထွေးညင်သာသော အပြုံးမှာ ချက်ချင်းပျောက်ကွယ်သွား၏။

'ကိုထန် ကျွန်မလေ'

ငွေဝန်း တံတွေးတစ်ချက် မျိုချလိုက်မိ၏။

'ကျွန်တော်က မနက်ဖြန်ပြန်မှာပါကိုထန်၊ အောက်ချင်း ငှက်ဆိုတာကို မမြင်ဖူးဘဲနဲ့ ချင်းပြည်ကပြန်ရမှာ တစ်ခုခုလိုနေသလိုပဲ လို့ ညည်းမိလို့ ဆရာမက ကိုထန်ကတော့ ဒီနေရာတစ်ဝိုက်မှာ ငှက်တွေကို မွေးမြူထားတဲ့အကြောင်း ကျွန်တော့်ကို ပြောပါတယ်။ ဒါကြောင့် ဒီကိုလိုက်လာခဲ့မိတာပါ'

ထျန်းအုခ်ထန်၏မျက်နှာက သိသိသာသာ ပြေလျော့မသွား သေး။ ပိုင်စိုးကိုတစ်လှည့် ဘွေပီးကိုတစ်လှည့် အကဲခတ်နေသည်။ ဘွေပီးက လမ်းပြရုံသက်သက်ဟန်အမူအယာဖြင့် အဖြစ်အပျက်ကို သည်အတိုင်းစောင့်ကြည့်နေလေသည်။

'အောက်ချင်းငှက်ကို ကျွန်တော် ကြည့်လို့ရနိုင်ပါတယ်နော်'

သူက ရယ်သံစွက်လျက် ပေါ့ပါးစွာ ပြောလိုက်သည်။

ထျန်းအုခ်ထန်က သက်ပြင်းချလိုက်၏။

'အေးလေ ခင်ဗျား ဒီထိတောင် လိုက်လာခဲ့ပြီပဲ'

ထို့နောက် အုပ်စုကို သူက ဖိတ်ခေါ်သည်။

'လာ ဆရာမ၊ ဆရာမရဲ့ဧည့်သည်ကို ခေါ်ခဲ့ပါ။ အားနာ တယ်၊ ထိုင်စရာတော့မရှိဘူးနော်။ တဲလေးက ကျဉ်းကျဉ်းလေး'

သူတို့သုံးယောက်သည် တဲဆိုသည့်နေရာလေးထိအောင် လိုက်သွားကြသည်။ သစ်ပင်ပင်စည်နှစ်ခုအကြားမှာ သစ်လုံးတန်းများ တန်းထားပြီး အပေါ်မှ သစ်ရွက်အစိုအခြောက်များ ဖြန့်ခင်းလျက်မိုး

www.burmeseclassic.com

www.burmeseclassic.com



ထားခြင်းဖြစ်သည်။

ထိုင်စရာဆိုလို့ ခုတ်ဖြတ်လှဲထားသည့်သစ်လုံးကြီးတစ်လုံးပဲ ရှိသည်။ ထိုသစ်လုံးပေါ်တွင် မြက်ဖျာအကြမ်းစားနှစ်ခု ဖြန့်တင်ထား၏။ ဒါ ထိုင်ခုံဖြစ်ပါလိမ့်မည်။

'ထိုင်ဗျာ၊ ဧည့်သည်ကိုဧည့်ခံစရာတော့ မရှိဘူး။ ခဏစောင့်ရင်တော့ ပြောင်းဖူးပြုတ် ရနိုင်မယ်'

'အို ဘာမှမစီစဉ်ပါနဲ့၊ ကျွန်တော်တို့မှာ ရိက္ခာတွေပါတယ်'

ပိုင်စိုး **ကျောပိုးအိတ်ကို** ပုတ်ပြလိုက်သည်။ ထိုအိတ်ထဲတွင် သူတို့သုံးယောက်**၏နေ့လည်စာ** အစာအခြောက်များနှင့် ရေဘူးများ ပါလာ၏။

ပိုင်စိုးက ထျန်းအုခ်ထန်နှင့်စကားပြောနေစဉ် ငွေဝန်းက ဘွေပီးရှိရာ သစ်ပင်ငုတ်တိုဆီသို့ လျှောက်သွားလိုက်သည်။

'ဘွေပီး သူ စိတ်ဆိုးသွားသလား'

'စိတ်တော့ဆိုးမှာပေါ့။ ဒါပေမဲ့ ဆရာမကိုတော့ စိတ်ဆိုးမှာ မဟုတ်ပါဘူး၊ ကျွန်တော့်ကိုပဲ စိတ်ဆိုးမှာပါ။ ကျွန်တော်ခေါ်လာတာလေ'

'ဆရာမစိတ်မကောင်းပါဘူး။ နဂိုကမှမပြေလည်ရတဲ့ ဘွေပီးတို့ဆက်ဆံရေး ဆရာမကြောင့်'

'ရပါတယ်ဆရာမ၊ ဘာမှမထူးခြားပါဘူး'

'ဆုန်ကျဲ့ရ်လျန်နဲ့ အဆင်ပြေရဲ့လား'

ငွေဝန်းက မေးသင့်သည်ဟုယူဆသဖြင့် မေးလိုက်သည်။ ကူညီသင့်လျှင် ကူညီရန်ဖြစ်ပါသည်။

'ကျွန်တော့်ကို ဂျူလီယာက ဒီမှာပဲနေစေချင်တယ်။ ကျွန်တော်အဝေးကိုသွားဖို့ဆုံးဖြတ်ထားတာကို သူမကြိုက်ဘူး'

အဝေးကို...။

'ကျွန်တော်က ပညာသင်ချင်တယ်ဆရာမ၊ ကျွန်တော်



ပညာတတ်မှ ကျွန်တော့်ပတ်ဝန်းကျင်အတွက် အကောင်းဆုံး[illegible] ဘာလုပ်ပေးနိုင်မလဲလို့ သိမှာ။ အခု ကျွန်တော် ဆယ်တန်းအောင်[illegible] ပညာဆက်သင်ဖို့ ပိုက်ဆံမရှိဘူး။ ကျွန်တော်သင်ချင်တဲ့ပညာက [illegible] ကြီးတယ်။ ဒီတော့ ကျွန်တော် ဒီကနေ သွားရမယ်။ အလုပ်[illegible] ရမယ်။ ရသမျှပိုက်ဆံကို စုရမယ်။ ပြီးမှ ပညာသင်ရမယ်'

ဆုန်ကျဲ့ရ်လျန်နှင့်ဘွေပီးကြားက တွယ်တာကြည်နူးမှု[illegible] ပိုသောအရာကို အခုတော့ ငွေဝန်း ခန့်မှန်းနိုင်သွားပြီ။ ထိုအရာ[illegible] လေးလံမွန်းကြပ်မှုဖြစ်မည် ထင်သည်။

ငွေဝန်း၏လက်ကို သူ့ပခုံးစွန်းပေါ် အသာအယာတင်လိုက်[illegible] သည်။

'ခရစ်ယာန်အသင်းတော်တွေက အထောက်အပံ့ရော'

သူ ခေါင်းခါ၏။

'သူတို့က Secular education အတွက် ထောက်ပံ့ကြေး ပေးတာမဟုတ်ဘူး။ ကျွန်တော်လိုချင်တာကလည်း ကျမ်းစာဆိုင်ရာ ပညာရေးမဟုတ်ဘူး'

'ဘွေပီးက ဘာဘာသာကို စိတ်ဝင်စားလဲ'

သူ နှုတ်ခမ်းတင်းတင်းစေ့လျက် ဖြေသည်။

'Political Science'

'အိုကေ၊ ဒီတော့ ဘွေပီးက ဆုံးဖြတ်ပြီးပြီပေါ့'

'ဟုတ်တယ်၊ ဟောဟိုက တောင်တန်းတွေကို ကျွန်တော်[illegible] ဖြတ်ရမယ်။ ကျွန်တော့်မှာ အိပ်မက်တွေရှိတယ်ဆရာမ။ အဲဒီအိပ်မက်[illegible] တွေနောက်ကို ကျွန်တော် လိုက်ကိုလိုက်သွားရမယ်'

သူ့မျက်နှာက တည်တံ့နေသည်။ ဆုံးဖြတ်ချက် ခိုင်[illegible] သောမျက်လုံးများမှာ တောက်ပမှုတစ်ခုကို မြင်နေရ၏။

'ပြန်တော့လာမှာပေါ့နော်'

ငွေဝန်း ခပ်ဆဆမေးတော့ သူ ခေါင်းညိတ်[illegible]

www.burmeseclassic.com

www.burmeseclassic.com



'ပြန်တော့လာမှာပေါ့ဆရာမ၊ ဒါပေမဲ့ ဘယ်တော့လဲလို့ ကျွန်တော် မသိဘူး။ ဒါကြောင့် ဘယ်သူ့ကိုမှ ဘာကတိမှ မပေးနိုင်ဘူး။ တစ်ခုတော့ သေချာတယ်။ လိုနေတဲ့ကွက်လပ်တွေကို ဖြည့်ပေးနိုင်ဖို့ ကျွန်တော် ပြန်ကိုပြန်လာမယ်'

သူမ ခေါင်းညိတ်လိုက်ပါသည်။ နှစ်ယောက်လုံး အတွေးကိုယ်စီဖြင့် တိတ်ဆိတ်စွာထိုင်နေကြတာ ဘယ်လောက်ကြာသွားသလဲမသိ။ ဆရာမ ဟူသောအသံနှင့်အတူ ထျန်းအုခ်ထန်တို့နှစ်ယောက် ရောက်လာတော့မှ လှည့်ကြည့်မိသည်။

'ငှက်တွေကို လိုက်ကြည့်မယ်မဟုတ်လား'

'အို ကြည့်မှာပေါ့'

ထျန်းအုခ်ထန်၏နောက်သို့ သူတို့သုံးယောက် လိုက်ခဲ့ကြပါသည်။

သူပြောသည့် ပိုက်ကွန်ဆိုတာကို သူတို့ မမြင်ရပါ။ မိမိတို့ဝင်သွားသည့် သစ်တောအုပ်သည် ရွက်ကြွေတွေ စိုထိုင်းထူပွနေသဖြင့် ခြေနင်းလိုက်တိုင်း အိအိမွမွ နစ်ဝင်သွားသည်။ ပုရွက်ဆိတ်အကောင်ကြီးများကို နေရာအနှံ့တွေ့ရသည်။

ဖြောင့်စင်းသော သစ်ပင်နှစ်ပင်ကို ကျော်လွန်ပြီးနောက် အုပ်ဆိုင်းသော သဖန်းပင်ခပ်ကြီးကြီးများဆီသို့ ရောက်သည်။

'ဒါနဲ့ ကိုထန်၊ ဒီကငှက်တွေကို ကိုထန်ဖမ်းထားတာလား၊ ဝယ်ထားတာလား'

'ဖမ်းတာလည်းရှိ၊ ဝယ်တာလည်း ရှိတယ်'

'ဘာလို့ဖမ်းပြီး လှောင်ထားတာလဲ'

ထျန်းအုခ်ထန်က ဒေါ်သကို ထိန်းထားသည့်အကြည့်ဖြင့် ကြည့်သည်။

'လှောင်မထားလို့ ဘယ်ကို ပို့ရမလဲ။ တိရစ္ဆာန်ဥယျာဉ်ကို ပို့စေချင်သလား'



'ကျွန်တော် ဆိုလိုတာက အဲဒီသဘောမဟုတ်ပါဘူး။ ဥပဒေနဲ့များ ငြိနေမလားလို့ ကိုထန်အတွက် စိုးရိမ်လို့မေးတာပါ'

'ငှက်တွေကို အမဲလိုက်တာ၊ သတ်တာ၊ နိုင်ငံခြားကို ရောင်းစားတာတွေကို ကျွန်တော် မုန်းပါတယ်'

သူ့စကားကြောင့် ပိုင်စိုး ခပ်တွေတွေဖြစ်သွား၏။

သူတို့စကားဝိုင်းထဲသို့ ငွေဝန်း ဝင်လိုက်မိသည်။

'ရှားပါးငှက်တွေကို တိရစ္ဆာန်ရုံကို လှူရင်ဘယ့်နှယ်နေမလဲ'

ပိုင်စိုးခေါင်းယမ်းလိုက်သည်။

'တိရစ္ဆာန်ရုံတိုင်းဟာ သူတို့ရဲ့ ရည်ရွယ်ချက်အတွေ့ အောင်မြင်အောင်လုပ်နိုင်နေကြတာမဟုတ်ဘူး အစ်မရဲ့။ အခက်အခဲ အမျိုးမျိုး[illegible]တယ်။ တိရစ္ဆာန်ရုံကို လှူဖို့ထက်ကောင်းတဲ့ ထိန်းသိမ်းနည်းရှိရဦး[illegible]ယ်။ အဲဒါက အခုလို လှောင်အိမ်နဲ့ထားတဲ့နည်း မဟုတ်သေးဘူး'

'ဘေးမဲ့တောတွေ အစိုးရကလုပ်ပေးထားလည်း သတ်တဲ့သူတွေက ဘေးမဲ့တောထဲထိ ဝင်သတ်နေတာပဲ။ ဒီတောတွေကို [illegible]ကွယ်ထိန်းသိမ်းဖို့ လုံလောက်တဲ့ ဝန်ထမ်းမရှိဘူး။ ငွေကြေး[illegible]သာက်ပံ့မှု မရှိဘူး။ ဒီတော့ ကျွန်မတို့ ဘာလုပ်မလဲ'

ငွေဝန်းကပြောလိုက်သည့်နောက်တွင် သူတို့လေးယောက်[illegible] တိတ်ဆိတ် ငြိမ်သက်သွားကြသည်။

ပထမဆုံးမြင်ခွင့်ရသည့်ငှက်မှာ ခပ်သေးသေး၊ အတောင်ပံက အ[illegible]နှင့်မီးခိုးအပြောက်များအပြည့်။

'အဲဒါ ဥသြငှက်' ဟု ပိုင်စိုးက ပြောသည်။

'ကျွန်မကြားဖူးတာက ဥသြငှက်ဆိုတာ ကျီးကန်းလို မဲနက်[illegible]ယ်ဆိုလား လို့'

'အဲဒါက အထီး။ ကျီးကန်းနဲ့တူတယ်။ အခုဟာက အ[illegible]

သူမဘာဝတွင် သစ်ပင်အောက်မှာ မတ်တတ်ရပ်လျက်[illegible] [illegible]ကောင်ကို တစ်ခါမှ တစ်နာရီလောက်ကြာအောင် စော[illegible]ကြည့်

www.burmeseclassic.com

www.burmeseclassic.com



ဖူးပါ။ ငှက်တွေကို စောင့်ကြည့်ရခြင်း၌ ငွေဝန်း စိတ်ရှည်နိုင်မည် မထင်ပါ။

ထိုစဉ် ခပ်လှမ်းလှမ်းအပင်ထက်ဆီမှ ရိပ်ခနဲ လှုပ်ရှားမှု တစ်ခုကို မြင်လိုက်ရသည်။ ပိုင်စိုးက သူ့လည်ပင်းမှာကြိုးဖြင့်ဆွဲထားသော် ကင်မရာကို ဖြုတ်ယူလိုက်သည်။ ထို့နောက် သူ့မှန်ပြောင်းကို ငွေဝန်းအား ကမ်းပေးသည်။

'အဲဒါပဲ'

ထျန်းအုခ်ထန်၏စကားအဆုံးမှာ အထက်မှ လေထုထဲမှာ ကြီးမားသောယပ်တောင်တစ်ခု ခပ်ပေးလိုက်သလို အေးခနဲ လေတိုး သွားခဲ့သည်။

'ဟယ်'

ကြီးမားလှသော ငှက်ကြီးတစ်ကောင်။ သူတို့အထက်မှ ဝဲခနဲ ပျံသန်းသွားသည်။

အောက်ဘက်မှ လှမ်းမော့ကြည့်ရသည့်မြင်ကွင်းတွင် ဝမ်းပိုက်ဆီမှာ အနက်ရောင်ထဲမှ အဖြူရောင်ကွက်ကြီးက ထင်းနေ၏။

ခပ်လှမ်းလှမ်းသို့ သူရောက်သွားပြီဟု သိလိုက်ပေမယ့် ဘယ်အပင်ဆီမှာလဲဟု ငွေဝန်းမသိ။ ထျန်းအုခ်ထန်က ငွေဝန်းအား သူရှိသည့် အပင်ကို ညွှန်ပြသည်။ အရွက်ကျိုးတိုးကျဲတဲ အကိုင်းမြင့် တစ်ခုပေါ်မှာ ငှက်ကြီးနားနေသည်ကို မြင်ရသောအခါ ငွေဝန်း ဖျတ်ခနဲ ရင်ခုန် သွားပါသည်။ တစ်ကိုယ်လုံးအနက်ဟု မပြောနိုင်ရုံ၊ တောင်ပံစွန်းတွေမှာ လုပသော အဖြူကြား၊ အမြီးပိုင်းတောင်ပံက အဖြူဆွတ်ဆွတ်မှာ အနက်စင်းအဆင်နှင့်။ အကိုင်းပေါ်မှာ ဒေါင်လိုက်တည့်တည့် နားနေသဖြင့် သူ့အရပ်အရှည်ကို ခန့်မှန်းနိုင်သည်။ ငါးနှစ်သားကလေး အရပ်လောက်ရှိမည်။

'တစ်ကောင်တည်းလားဗျ'

'နှစ်ကောင်ရှိတယ်။ အထီးတစ်ကောင်အမတစ်ကောင်'



'သူတို့က ဘယ်တော့မှမခွဲဘူးဆို ကိုထန်'

'အေးဗျ စံလုံးကို မေးကြည့်လိုက်ဦးမယ်။ ကျွန်တော်ဒီကို မရောက်တာနည်းနည်းကြာသွားပြီ'

'ဒီငှက်ကို ကိုထန် ဘယ်ကရလာသလဲ'

'ထမံသီဘက်က'

'ဟာ'

ပိုင်စိုး မျက်ခုံးပင့်သွားသည်။

'ခင်ဗျားပြောချင်တာကို ကျွန်တော် သိပါတယ်။ ထမံသီက ဘေးမဲ့တောလို့ ပြောချင်တာမဟုတ်လား။ ကျွန်တော် ပြောမယ်။ အဲဒီဘေးမဲ့တောကနေ ဒီအောက်ချင်းငှက်ကို ဖမ်းတဲ့လူက သတ်ဖို့ ဖမ်းတာ။ ကျွန်တော်သာ အရှင်ကိုဈေးကြီး ပေးပြီးမဝယ်ရင် ဒီငှက်က အသားဖြစ်သွားမယ်။ ဦးထုပ်မှာထိုးဖို့ ငှက်မွေးတစ်ချောင်းပဲ ဖြစ်သွားမယ်။ ဒါ့ထက်မပိုဘူး'

ပိုင်စိုး ပင့်သက်တစ်ခုကို ခပ်မျှင်းမျှင်းချလိုက်မိပါသည်။

◆

www.burmeseclassic.com

www.burmeseclassic.com



နေခြည်ကဲ့သို့
ငါ့အချစ်သည် သင့်ကို ဝန်းရံစေသတည်း။
သို့တိုင် သင့်အား
တောက်ပထိန်လင်းသော
လွတ်လပ်မှုကို ပေးစေသတည်း။

၁၂

ဂျူလီယာဆုန်ကျဲရှလျှန်သည် နောက်လွယ်တောင်းလေး ထဲတွင် ပြောင်းဖူးတွေထည့်သယ်လျက် တောင်ဆင်းလမ်းတစ်လျှောက် စိုက်စိုက်စိုက်စိုက်နှင့် ဆင်းလာခဲ့သည်။

ပြောင်းဖူးအစိုတွေ၏အလေးချိန်က ကျောပေါ်မှာညွှတ်နေ ရုံသာမက ခေါင်းပေါ်မှာချိတ်ဆွဲလာသည့် ပလိုင်းကြိုးဖြင့်ပွန်းလျက် နာကျင်နေသည်။ အစ်ကိုပင်ပန်းတာကို မကြည့်ရက်သဖြင့် အစ်ကို့ ကို ကူညီချင်စိတ်ဖြင့် မရအရဖွတ် တာဝန်ခွဲဝေယူကာ သယ်လာပေး မိသည်ကို နောင်တပင်ရချင်ချင်။ အစ်ကိုဟာ ပင်ပန်းလှပါတယ်။ ကျွန်မသာ အလုပ်အကိုင်ကောင်းကောင်းနဲ့ မြေပြန့်မှာနေခွင့်ရရင် အစ် ကို အခုလို ပင်ပန်းစရာမလို။ ဘာမဆို အစ်ကို ငွေဖြင့်ဝယ်စားရုံသာ။

အော် သည်တောင်ကြီးတွေမှာ မွေးကတည်းက နေထိုင် လာရတာ တစ်ခါတစ်လေတော့ စိတ်ညစ်လွန်းပါရဲ့။ မိုးလင်းကနေ မိုးချုပ် တောင်ပေါ်တက်လိုက်ရ၊ တောင်ပေါ်ကဆင်းလိုက်ရ၊ နောက် တစ်နေ့လည်း တက်လိုက်ရ ဆင်းလိုက်ရ၊ ဘယ်တော့မှ ပြီးဆုံးမလဲ။



အရင်တုန်းကတော့ ခြေသားလုံးတွေ တိုတုတ်လာအောင် တက်လိုက်ရ သည်း ဘာမှမဖြစ်။ တောင်တန်းကြီးက မုန်းစရာမကောင်း။ အခုတော့ ဘက်ရဆင်းရသည့်ခရီးမိုင်တွေက ပိုပိုပြီး ဝေးလာ။ မြင့်လာသလိုပဲ။

ဆုတောင်းတိုင်းသာပြည့်မည်ဆိုပါလျှင် ဆုန်ကျဲရှလျှန်က တော့ ဘွေပီးအတွက် နိုင်ငံခြားတက္ကသိုလ်ပညာသင်ဆုရပါစေဟု ဆုတောင်းမိမည်။ သူ့အတွက်က ပညာသင်ရဖို့သည် ဘဝမှာ နံပါတ် ဘစ်အရေးကြီးဆုံးဆိုတာ ဆုန်ကျဲရှလျှန်သိထားလို့ပါ။

'ဂျူလီယာ'

တောင်ဇလပ်ဖြူပင်ကြီးအနားသို့အရောက်တွင် ဆုန်ကျဲရှ လျှန်သည် မမျှော်လင့်ဘဲ ဘွေပီးကိုတွေ့လိုက်ရသည်။

'ဟယ် ဘွေပီး'

မတွေ့ရတာဘယ်လောက်တောင်ကြာနေခဲ့ပြီလဲ ဟု မိန်းက လေးက လိုက်လှဲစွာပြုံးရင်းတွေးမိသည်။ သူ့မျက်နှာမှာ ချွေးစက်တို့ဖြင့် ဝင်းလက်နေသည်။

'ဘာလာလုပ်တာလဲဟင်'

ကြည်နူးစွာမေးလိုက်မိသည်။

ဘွေပီးက နူးညံ့စွာပြုံးလျက် ဆုန်ကျဲရှလျှန်၏ခေါင်းမှာ သိုင်းလျက် လွယ်လာသော ပလိုင်းကို ဖြုတ်ယူလိုက်သည်။

'နင်မောနေမှာသိလို့ လာကြိုတာ'

'အမလေး မလုပ်ပါနဲ့ဘွေပီးရယ်၊ အစ်ကိုမြင်သွားမှဖြင့်'

'ရပါတယ်ဟာ နင့်အိမ်မရောက်ခင်မှာ ငါပြန်ပေးပါ့မယ်။ နင် လေးနေမှာပေါ့'

ဆုန်ကျဲရှလျှန် ရင်ထဲမှာနွေးသွားလျက် သူ့ကို ပလိုင်းလေး ပေးလိုက်ပါသည်။

သစ်ပင်စိမ်းစိမ်းတို့ထူထပ်နေသည့် တောင်အကွေ့တစ်ခု၏ အောက်တွင် ပန်းရနံ့သည် မွှေးထုံလာခဲ့၏။ ဟော ပန်းကလေးတွေ

www.burmeseclassic.com

www.burmeseclassic.com



ပါလား။ တောပန်းလေးတွေဖြစ်ပေမယ့် လှလည်းလှသည်။ မွှေးလည်း မွှေးပါသည်။

'ဘွေပီး ခဏနေဦးနော်'

သစ်ပင်အုပ်အုပ်ဆီသို့ အပြေးသွားလိုက်ကာ အဖြူရောင်ပန်းခက်လေးတစ်ခုကို ခူးလာခဲ့သည်။ ကြည့်စမ်း မွှေးလိုက်တာ။

ဆုန်ကျဲရ်လျှန်သည် ပွင့်ချပ်တစ်ချပ်ချင်းတန်းလျက် ပွင့်နေသောအဖြူရောင်ပန်းပွင့်သေးသေး နှစ်ပွင့်ပါသော ပန်းခက်လေးကို လက်ထဲမှာ လှည့်ပတ်ကိုင်လာခဲ့သည်။

ဘွေပီးက ပန်းခက်လေးကိုတအားရှိုက်မွှေးလိုက်သော ဆုန်ကျဲရ်လျှန်ကို သဘောကျသလိုကြည့်နေသည်။ မျက်လုံးမဲမဲနက်နက်က တောက်ပရွှန်းလဲ့လျက်၊ မျက်ခုံးထူထူလေးတွေက စိမ်းမှောင်လျက်၊ ကလေးမငယ်ငယ်လေးတစ်ယောက်လိုပဲဟု သူတွေးသည်။

သူက တစ်ဘက်နိုင်ငံသို့သွားသည့်အခါ ဆုန်ကျဲရ်လျှန်ကို အခုလို သူ ကူညီမပေးနိုင်တော့မှာကို စိုးရိမ်မိသည်။

'ဘွေပီး၊ နင်တကယ်သွားတော့မှာလားဟင်'

'အင်း'

ဘွေပီးသည် သူငယ်ချင်းမလေး၏မျက်နှာကို ကြင်နာစွာငုံ့ကြည့်လိုက်၏။

'ဂျူလီယာကလဲ ငါအပြီးသွားတာမှမဟုတ်ဘဲ။ ပြန်လာမှာလေဟာ'

'ဒါပေမဲ့ အကြာကြီးလေ'

ဘွေပီးသည် ပခုံးကြိုးကိုခေါင်းမှာ လွယ်ထားလျက်က ခေါင်းငုံ့ကြည့်ရင်း ဆုန်ကျဲရ်လျှန်၏ဆံပင်တို့ကို ဖွသပ်ပေးလိုက်သည်။

'ခဏလေးပါဟာ။ ပညာတွေတတ်အောင် ငါသင်ရမယ်၊ ပညာတတ်မှ ငါနဲ့နင်နဲ့ ဒီပတ်ဝန်းကျင်ကဆွေမျိုးတွေကို ကူညီနိုင်မှာ၊ နင်ပဲ အဘိုးကြီး အဘွားကြီးတွေကို တွေ့ရင် အရမ်း သနားတာပဲဆို'

သူက ဆုန်ကျဲရ်လျှန်ကို အားပေးနေရသည်။

ဆုန်ကျဲရ်လျှန်က ဘွေပီးကိုမော့ကြည့်မော့ကြည့်လုပ်လျက် ဘေးမှာ ကပ်လျက် လမ်းလျှောက်လာခဲ့သည်။

သူသာသွားခဲ့လျှင် ကျွန်မတော့ လွမ်းကျန်ရစ်ခဲ့တော့မှာပဲ။

သူမရှိသည့်အခါ တောင်တန်းပြာတို့သည် သွေ့ခြောက်ကုန်တော့မည်။ အဆုပ်လိုက်အခဲလိုက် ဖြူလွလွတိမ်တွေကလည်း လွမ်းစရာဖြစ်လျက်ကျန်ရစ်မည်။ စိမ်းစိုသောပြောင်းခင်းကလည်း မလန်းဆန်းဘဲ နွမ်းတော့မည်။

တွေးလိုက်ရုံနှင့်ပင် ရင်ထဲမှာမောနွမ်းသွားသည်။

ဆုန်ကျဲရ်လျှန်သည် လမ်းလျှောက်ရင်းကနေ ခြေတရွတ်ဆွဲသွားသလိုခံစားလိုက်ရ၏။

'ဒီပတ်ဝန်းကျင်ကို နင်ပြောင်းလဲပေးနိုင်မှာ သေချာလို့လား ဘွေပီးရယ်၊ တကယ်တန်းကျတော့ ငါတို့တောင်ကြီးတွေကို မဖြိုနိုင်သမျှ၊ တောင်ကြီးတွေအထပ်ထပ် ကာဆီးဟန့်တားနေသမျှ ငါတို့ဘဝတွေက ဆင်းရဲနွမ်းပါးနေကြရဦးမှာပဲ'

'ဂျူလီယာ'

'ဟင်'

'နင်က တောင်ကြီးတွေကြောင့်ငါတို့ဆင်းရဲနေတယ်လို့ ထင်သလား။ မဟုတ်ဘူးဂျူလီယာ။ ငါတို့မှာ လျှပ်စစ်ဓါတ်အား လောက်ငခဲ့ရင်၊ ငွေရှိရင်၊နည်းပညာရှိရင်၊ အသိပညာရှိရင်၊ တောင်ကြီးတွေဟာ ငါတို့ကိုဖိနေတဲ့ဝန်တွေမဟုတ်တော့ဘူး။ ငါပြောတဲ့အရာတွေသာ ငါတို့မှာရှိမယ်ဆိုရင် အခုလို တို့ ဆင်းရဲနွမ်းပါးမနေဘူး။ ငါလုပ်ချင်တာတွေ အများကြီး ဂျူလီယာ။ အဲဒါတွေကို ငါလုပ်နိုင်ဖို့က ငါ အဝေးကို သွားပြီးအလုပ်လုပ်။ ပညာသင်။ ဒါမှပဲရမယ်။ နင်ရော တစ်ချိန်ချိန်ကျရင် နင်ပြောချင်တာတွေကို လူတွေ အများကြီးကကြားနိုင်အောင် လူအများကြီးနားလည်နိုင်တဲ့ဘာသာစကားနဲ့ စာရေးမယ်ဆို၊

www.burmeseclassic.com

www.burmeseclassic.com



'အင်း ငါလား။ နင်ရှိရင်တော့ ငါအားရှိမှာပဲဟယ်။ နင်မရှိရင် ငါဘာဆက်လုပ်ရမှန်းတောင် မသိတော့ပါဘူး'

'အဲ ဘာဖြစ်လို့ ငါမရှိတာကို ထည့်ပြောနေရတာလဲ။ ဂျူလီယာ။ လူ့ဘဝမှာလေ တစ်ယောက်မရှိလို့တစ်ယောက်က လည်ပတ်မှုတွေရပ်မသွားသင့်ဘူးဟ။ ငါမရှိရင်လည်း နင်ကတော့ရှေ့ဆက်သွားနေရမှာပဲ'

ဆုန်ကျဲရှလျှန်သည် ဟိုးအဝေးမှာမြင်နေရသော တောင်တန်းကြီးကို ငေးမောကြည့်လျက် ဒါကြီးဟာ ငါနဲ့သူ့ကို ခြားပစ်မယ့် တောင်ကြီးပါလား ဟု အမှတ်မထင်တွေးမိသည်။ ထိုအခါ တစ်သက်လုံး ခင်တွယ်လာခဲ့သည့် တောင်မြင့်ကြီးအား ခါးသီးစွာမုန်းသွားလေသည်။

'ဘွေပီး'

'ဟင်'

'နင် တောင်ကြီးကိုကျော်ပြီး ဟိုဘက်ကိုရောက်သွားရင် ငါ့ကို မေ့သွားမှာလားဟင်'

'တစ်ခါတစ်ခါတော့သတိရမှာပေါ့'

ဘွေပီး စနောက်လိုက်သည်ဟု ယုံကြည်ချင်သည်။ သို့သော် သူ အမှန်အတိုင်းပြောနေတာဟုလည်း ထင်နေသည်။

'ဘွေပီး ညကျရင် ဆုတောင်းသီချင်းစာရွတ်ဖို့ အိမ်ကိုလာခဲ့ပါလားဟယ်။ ဖြန်းလွှီတို့နဲ့အတူလာရင် အစ်ကိုက ပြောမှာမဟုတ်ပါဘူး'

'မဖြစ်သေးပါဘူး ဂျူလီယာရယ်။ နင့်အစ်ကိုက ငါ့ကိုမြင်ရင် ဒေါသသိပ်ကြီးသွားလိမ့်မယ်'

'ဘွေပီး ငါ မောတယ်။ ခဏနားဦးမယ်လေဟာ'

'အေး နားလေ။ နေဦး ဒီနားမှာမနားနဲ့။ ဟိုရှေ့မှာ စမ်းချောင်းလေးတစ်ခုရှိတယ်။ အဲဒီမှာနားကြမယ်'



သူတို့နှစ်ယောက် အေးစိမ့်စိုစွတ်သောအကွေ့တစ်ခုသို့ ရောက်လာသည်။ ထိုနေရာတွင် ကျောက်တောင်မြင့်ပေါ်မှကျနေသော ရေတို့သည် ကျောက်တုံးကျောက်ခဲအဆင့်ဆင့်ကို ဖြတ်ကျော်လျက် ရေတံခွန်သေးသေးလေးတစ်ခုဖြစ်နေ၏။ ထိုရေတံခွန်ပတ်ဝန်းကျင်မှာ အရွက်ထူထပ်ပြီး စိမ်းစိုဝေဆာသော သစ်ပင်ချုံနွယ်တို့ ပေါက်ရောက်လျက်ရှိလေသည်။

'ငါရေသောက်ဦးမယ်'

ဆုန်ကျဲရှလျှန်က စမ်းချောင်းလေးထဲက ကျောက်တုံးခပ်ကြီးကြီးတစ်ခုပေါ်သို့ တက်လိုက်သည်။ ဘွေပီးက ပလိုင်းကိုမြေပေါ် ခဏချထားလိုက်ပြီး ဆုန်ကျဲရှလျှန်တက်သွားသည့်ကျောက်တုံးနားထိ လိုက်သွားသည်။

'ရေကကြည်နေတာပဲဟေ့'

ဆုန်ကျဲရှလျှန်က ကျောက်တုံးပေါ်မှာ ပဆစ်တုပ်ထိုင်လျက် အပေါ်ကျောက်တုံးမှ စီးကျလာသောရေကို လက်ခုပ်ဖြင့်ခံယူကာ သောက်သည်။ ထို့နောက် လက်ဖဝါးနှစ်ဘက်မှ ရေစက်လက်ကို မျက်နှာသို့ဆွတ်ကာ ခပ်သာသာပုတ်သည်။ ဆုန်ကျဲရှလျှန်လုပ်သမျှကို ဘွေပီးက အံ့သြလေးငေးကြည့်နေလေသည်။

လုပ်ချင်ရာကိုလုပ်ပြီးသွားသဖြင့် စိတ်ကျေနပ်သွားသော ကလေးတစ်ယောက်ပမာ ဆုန်ကျဲရှလျှန်က သည်ဘက်ပြန်လှည့်လာသော မိမိကို စူးစိုက်စွာငေးနေသော ဘွေပီးမျက်လုံးအစုံနှင့်ဆုံမိသည်။ မိန်းကလေး ရင်ဖိုသွားလေသည်။ အဲဒီမျက်လုံးတွေ...အဲဒီမျက်လုံးတွေဟာ အချစ်ကိုမခံစားတတ်တဲ့မျက်လုံးတွေမှမဟုတ်ဘဲ။

'နင်နဲ့ငါနဲ့ ဘယ်တော့မှမခွဲရပါစေနဲ့လို့ ငါဆုတောင်းတယ် သိလားဘွေပီး'

စကားအဆက်အစပ်မရှိဘဲ ဆုန်ကျဲရှလျှန်က လွှတ်ခနဲ ပြောလိုက်တော့ ဘွေပီးက မျက်ခုံးပင့်လျက်ရယ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟင် ဘာမှလည်းမဆိုင်ဘူး'

ဘွေပီးက ခပ်ပေါ့ပေါ့အမူအရာနှင့်ပြောရင်းက ဆုန်ကျဲရိလျန်သည်ဘက်ကျောက်တုံးသို့ ခုန်ကူးလိုက်ချိန်တွင် ယိုင်မသွားစေရန် ပခုံးနှစ်ဘက်ကို လှမ်းထိန်းဖေးမပေးလိုက်၏။

'ဂျူလီယာ ဒီမှာ ထိုင်'

တောင်ကမ်းပါးယံလူသွားလမ်းဘေးရှိ သစ်ပင်ခြေမှ ကျောက်တုံးပေါ်သို့ ဆုန်ကျဲရိလျန်ကို ထိုင်ခိုင်းပြီး ဘွေပီးကတော့ အနီးက သစ်ရွက်ပုံအစုပေါ်မှာ ဖင်ချထိုင်လိုက်သည်။

'ဂျူလီယာ နင့်မျက်လုံးတစ်ဖိုက်မှာ ညိုနေသလိုပဲ။ ညက နင်ဘယ်အချိန်မှာအိပ်လဲ'

'ညက ငါ ညဉ့်နက်မှ အိပ်တာ။ အစ်ကိုမသိအောင် တိတ်တိတ်လေး ကဗျာတွေစပ်နေတာ'

'ဟော လုပ်ပြီ'

'ဘာကဗျာလဲလို့မေးလေ'

'မမေးပါဘူး။ နင် ပေါက်တတ်ကရ အချစ်ကဗျာတွေပဲ ရေးမှာ ငါသိတယ်'

ဘွေပီးက သူငယ်ချင်းကို အချစ်ထဲမှာနစ်မျောသူမဖြစ်စေချင်။ စိတ်ကူးယဉ်သူမဖြစ်စေချင်။

'ဘွေပီးရာ နင်ကတော့ လူ့လောကကြီးမှာ တော်တော်လူဖြစ်ရှုံးမှာ သေချာနေပြီ'

ဆုန်ကျဲရိလျန်ဘာပြောတော့မည်ကို သိနေသောဘွေပီးက စကားကို လုံးဝထောက်မပေးဘဲ ခေါင်းမာသောအပြုံးဖြင့်သာ ကြည့်နေသည်။

'အချစ်ကို မခံစားဖူးဘဲနဲ့ ဘယ်လိုလုပ်ပြီး ဘဝကအဓိပ္ပါယ်ရှိတော့မလဲဟာ'

'အချစ်ကို ငါခံစားတတ်ပါတယ်။ ငါ လူတွေအများကြီးကို



ချစ်တယ်။ လူတွေအများကြီးအတွက်စဉ်းစားတယ်။ လူတွေအများကြီးအတွက် အသက်ရှင်မယ်၊ ငါ့ဘဝက အဓိပ္ပါယ်အပြည့်ပဲ'

'ဟွန်း'

ဆုန်ကျဲရိလျန်က နှာခေါင်းလေးရှုံ့လိုက်၏။

'အဲဒါကြီးက ယေဘုယျဆန်လိုက်တာ၊ လူတစ်ယောက်ဟာ ကိုယ်ဘယ်သူ့အတွက် အသက်ရှင်နေတယ်ဆိုတာတော့ ရှိရမှာပေါ့'

ဘွေပီးက တဟားဟားရယ်သည်။ ဘာမှစကားမပြန်။

ဆုန်ကျဲရိလျန်က ထပ်ပြောသည်။

'ငါဆိုရင် လူနှစ်ယောက်အတွက်ပဲ အသက်ရှင်တာ။ ဘယ်သူတွေလဲ နင်သိပါတယ်'

ဘွေပီးက စနောက်သည့်အမူအရာဖြင့် မျက်မှောင်တအားကြုတ်ကာပြုံးသည်။

'ထျန်းအုန်ထန်နဲ့ ဗန်ဘွေမှုုးမ် ဟုတ်တယ်မဟုတ်လား။ တော်ပြီ ငါသိပြီးသားတွေမပြောနဲ့တော့။ ငါမသိတာတွေပဲ ပြောပါဟာ'

ကြည့်ပါလား။ ဘွေပီးဟာ မသိတာလည်းမဟုတ်ဘဲနဲ့။ တွေးရင်းမျက်ရည်လည်လာသည်။ မျက်တောင်ပုတ်ခပ်ပုတ်ခပ်လုပ်ပြီး မျက်ရည်ကိုအစဖျောက်ရန် သူမ စိတ်မကူး။ ရစ်ဝဲပြည့်လျှံလာသည့် မျက်ရည်ကို သူမြင်သွားမှာကိုလည်း စိတ်မပူမိချေ။

'လူနှစ်ယောက်တည်းအတွက် အသက်ရှင်တယ်ဆိုရင် အဲဒီလူနှစ်ယောက်များ သေသွားရင် နင်အသက်ရှင်စရာမလိုတော့ဘူးပေါ့'

ဘွေပီးက ရယ်လျက် ပြောသည်။

'အဲဒီလိုတော့ အဖြစ်မခံနဲ့လေ။ လူအများကြီးရှာထားမှပေါ့။ ဒါမှ နှစ်ယောက်သုံးယောက်သေသွားလည်း ကိုယ့်အသက်ရှင်ဖို့ အကြောင်းလေးကျန်အောင်'

'တော်ပြီ'

ဆုန်ကျဲရိလျန် တကယ်ပင် စိတ်လည်းတို ဝမ်းလည်းနည်း

www.burmeseclassic.com

www.burmeseclassic.com



၏။ ငါက ရင်ထဲက နွေးထွေးသည့်ခံစားမှုကိုပြောနေတာ။ သူကတော့ ရယ်မောစရာလုပ်ရက်လေခြင်း။

'ငါဆိုရင် လူတွေအများကြီးရှာထားတာ'

'တော်ပြီဆို'

ဒေါသဖြစ်ဖြစ်နှင့် ဘွေပီးအား လက်လှမ်းမီရာ ပခုံးကို ဖြန်း ခနဲလှမ်းရိုက်လျက် မျက်ရည်ကျမိလေသည်။

'ဟောဗျာ ဂျူလီယာ မငိုနဲ့လေ။ ဒါ ငိုစရာမှမဟုတ်ဘဲ။ ရှူး တိတ်တိတ် နင်ကလည်းဟာ ကလေးလေးကျနေတာပဲ'

ဘွေပီးသည် ပြာယာခတ်သွားကာ ဆုန်ကျဲရ်လျှန်၏ မျက်ရည်တို့ကို သူ့လက်ဖြင့် ခပ်ဖွဖွလေး သုတ်ပေးသည်။

ဆုန်ကျဲရ်လျှန်သည် အခုတလောမှာ ဘာရယ်မသိ။ ငိုပဲငိုချင်နေတော့သည်။

တိမ်တွေအိပ်ခန်းထဲထိဝင်လာပြီး မိမိတစ်ကိုယ်လုံးကို လွှမ်းခြုံကာ တိမ်ငွေ့ဖြင့်အေးစက်စက်လေးချမ်းစိမ့်လာတော့လည်း ငိုချင်၏။

တောင်ယာသို့အတက်မှာ မျက်စိတစ်ဆုံးမော့ကြည့်ရသည့် မိမိကို မလာနှင့်ဟု ကာဆီးတားမြစ်နေဟန်ရှိသော တောင်တန်းကြီးကို မြင်ရတော့လည်း တစ်ကိုယ်လုံး အားအင်တွေဆုတ်ယုတ်လျက် ငိုချပစ်လိုက်ချင်သည်။

အို တစ်ချိန်လုံး ငိုချင်နေတော့တာပါပဲလေ။

'နင်တို့ရွာက အဘိုးကြီးဗန်လျှန်အတွက်လည်း ငါအသက်ရှင်တယ်။ သူ့ကို တစ်နှစ်တစ်နှစ် ဝမ်းစာအတွက်မပူပင်ရအောင် ဆောင်းဥတုမှာ ထင်းလိုသလောက်ရအောင်။ သူသွယ်ချင်တဲ့ရေကို ဟိုးတောင်ပေါ်ကနေ သူ့အိမ်အရောက်လိုသလောက်ရအောင် ငါလုပ်ပေးချင်တယ်။ ဟိုဘက်နိုင်ငံမှာ သေသလားရှင်သလားမသိတဲ့ သူ့သားအတွက် သူ ပူဆွေးတဲ့အခါမျိုးမှာ သူ့အတွက် အချိန်ပေးပြီး နှစ်သိမ့်ပေးချင်တယ်။ အိုး အများကြီးပါဟာ'



ဆုန်ကျဲရ်လျှန်၏ပခုံးလေးကို အသာပွေ့ဖက်လျက် အတည် တားဖြင့် နှစ်သိမ့်ရလေသည်။ ဆုန်ကျဲရ်လျှန်က မျက်ရည်မကျတော့ သော်လည်း မျက်နှာလေးက ညှိုးနေဆဲ။

'နင့်ကဗျာလေးတွေ ငါ့ကို ဖတ်ပြချင်လား။ ငါ နင့်အိမ် လိုက်ခဲ့မယ်လေ'

ဘွေပီးက ခပ်တိုးတိုးနူးညံ့စွာပြောတော့ ဆုန်ကျဲရ်လျှန် သူ့ကို မော့ကြည့်မိသည်။

'တကယ်လား'

'တကယ်ပေါ့'

'အင် အစ်ကိုပြန်လာရင် ဆူလိမ့်မယ်။ ဒီလိုလုပ်လေ။ ညနေ Choir သွားတဲ့အခါကျရင် ကဗျာစာအုပ်လေး ယူလာခဲ့မယ်။ ဖတ်ကြည့်နော်'

မျက်နှာလေးအနည်းငယ်လန်းသွားသဖြင့် ဘွေပီး စိတ်သက်သာသွား၏။ ဘွေပီး၏ဘဝတွင် သူဂရုစိုက်သည့်လူတွေ၊ သူကြင်နာသည့်လူတွေ အများကြီးရှိသည့်အနက် သူ အပျော်ရွှင်စေချင်ဆုံး တစ်ယောက်မှာ ဆုန်ကျဲရ်လျှန်ဖြစ်သည်။ အဲသည်မျက်နှာလေးကို အမြဲတမ်းလန်းဆန်းတောက်ပနေစေချင်သည်။ နောက်ပြီး သည် ကလေးမကို ဘယ်သူ့အပေါ်နှောင်ဖွဲ့လို့မှ မနာကျင် မနင့်မောစေချင်။ မိမိအပေါ်တောင် မနှောင်ဖွဲ့စေချင်။ ဘာနှင့်မှ မတွယ်မငြိသည့် လွတ်လပ်ပေါ့ပါးသော ငှက်ကလေးတစ်ကောင်လို ပျံသန်းနေစေချင်သည်။

'နင် ပြန်တော့လာမှာပါနော် ဘွေပီး'

'ဟော ဒီကလေးမတော့ ခက်နေပြီ။ သွားဖြင့်မသွားရသေးဘူး။ ပြန်လာဖို့ကိုပဲ တတွတ်တွတ်ပြောနေတော့တာပဲ။ တော်ပြီ အဲဒီ သွားတာတွေပြန်လာတာတွေမပြောဘဲနဲ့ အခု မိုးရက်တွေအကြောင်းပဲ ပြောရအောင်။ နင် ဆရာမ ဒေါ်ငွေဝန်း သစ်ခွတွေစုဆောင်းတာကို ကူညီပေးရင်ကောင်းမယ် ဂျူလီယာ'

www.burmeseclassic.com



ဆုန်ကျဲ့ရိလျှန်သည် ဘွေပီး၏ပခုံးကို အမှတ်တမဲ့မှီလိုက်ရင်းက မော့မကြည့်ဘဲ လက်ထဲက တောပန်းကလေးကို နမ်းရှိုက်လိုက်သည်။

'ဘာဖြစ်လို့လဲ'

'အော် ဆရာမကိုလည်း ကူညီရင်း နောက်ပြီး သူ့ဆီက ရှုခင်းလေ့လာတတ်တဲ့ အကျင့်ကိုလည်း အတုယူစေချင်တယ်။ ငါကနင့်ကို ကိုယ့်ဒေသနဲ့ပတ်သက်တဲ့ Exotic ဖြစ်တဲ့အရာတွေကို ထုတ်ဖော်ပြနိုင်တဲ့ပညာရှင် ဖြစ်စေချင်တာ'

'ဘယ်လိုဟာမျိုးကို ပြောတာလဲ'

'တောင်ယာကရတဲ့ပြောင်းဖူးတွေကို အခြောက်လှန်းပြီး ထောင်းတာကအစပေါ့ဟာ သစ်သားဆုံနဲ့ထည့်ထောင်းတာ။ နောက်ပြီး တောင်ကျရေအရှိန်နဲ့ စက်ကိုလည်စေပြီးတော့ ပဲတို့ပြောင်းတို့ကို ကြိတ်တာ။ တောင်ကမ်းပါးယံမှာ ပေါက်နေတဲ့ အပင်တွေကို သက်စွန့်ဆံဖျားခူးရတဲ့ရိုးရာဓလေ့။ တောနက်ကြီးထဲမှာရှိနေတဲ့ သဘာဝသစ်ခွပင်တွေအကြောင်း။ စက်လည်းမသုံး တိရစ္ဆာန်အကူတောင်မရှိဘဲ လက်နဲ့ချည်း စိုက်ပျိုးရတဲ့ တောင်ယာလုပ်ငန်းတွေအကြောင်း။ အများကြီးပဲ။ အဲဒီမှတ်တမ်းတွေကို ပြုစုတဲ့သူအဖြစ် နင့်ကို ဂုဏ်ယူချင်တယ်'

ဘွေပီးဟာ တော်တော်ရည်မှန်းချက်ကြီးတာပဲ ဟု သူမ အေးမောတွေဝေသွားသည်။

ဟုတ်မှာပါပဲ။ သူ့ရင်ထဲမှာ လူတစ်ဦးတစ်ယောက်တည်း အပေါ်ထားတဲ့အချစ်အတွက် နေရာမရှိဘူး။

အင်းလေ။ ဘွေပီးကို ကျွန်မ မပိုင်ဆိုင်ရရင်တောင် သူ့ကို ပိုင်ဆိုင်ခွင့်ရှိသူ တစ်ယောက်မှ မရှိတာကို ကျေနပ်နေရမှာပေါ့။

ဆုန်ကျဲ့ရိလျှန်သည် မောနွမ်းစွာပြုံးလိုက်မိလေသည်။

◆



ကြယ်ကလေးတွေကြားမှာ
မသိမမြင်နိုင်တဲ့ အမှောင်ထုကို ဖြတ်သန်းပြီး
ကိုယ့်ဘဝကို လမ်းညွှန်မယ့် ကြယ်ကလေးတစ်ပွင့်များ
ရှိလေမလားလို့ ကိုးစားပါရစေကွယ်။

## ၁၃

သူမ၏တောင်ကုန်းဆင်ခြေလျှောမှာ ခြံစည်းရိုးမလိုအပ်ပါ။ ခြံဝိုင်းပတ်လည်က သစ်ပင်ခပ်မြင့်မြင့်များကို မခုတ်လှဲဘဲ ထားလိုက်သည့်အခါ အကောင်းဆုံးခြံစည်းရိုးဖြစ်သွားသည်မဟုတ်လား။

သစ်ပင်ကြီးတစ်ပင်၏ပင်စည်ကိုင်းအခွတွင် မနေ့က ငွေဝန်းသယ်လာခဲ့သော ရေညှိပင်များကို တင်လိုက်ပြီး တချို့ကိုတန်းလန်းကျစေကာ တချို့ကို အကိုင်းမှာပတ်လျက် အချင်းချင်းနွယ်ဖြင့်ပြန်ချည်နှောင်နေလိုက်သည်။ သစ်ခွခြံအတွက် ကြိုတင်ပြင်ဆင်မှု ဖြစ်ပါသည်။

'အစ်မ'

ပိုင်စိုး၏အသံ။ နောက်သို့လှည့်ကြည့်လိုက်တော့ မိုးဖွဲဖွဲကြား၊ တိမ်ငွေ့မြူတွေထဲမှာ မတ်တတ်ရပ်နေသည့်သူ့ကို တွေ့လိုက်ရသည်။ မိုးကာအင်္ကျီခေါင်းစွပ်ကို နောက်လှန်ချထားသည့်အတွက် သူ့မျက်နှာမှာ မိုးစက်များစဉ်နေသည်။

'ကျွန်တော် ပြန်တော့မှာမို့ အစ်မကိုလာနှုတ်ဆက်တာ'

နှုတ်ဆက်ဖို့။ သူမလက်မှာ ပေကျံနေသောအစိမ်းရောင်ရေညှိအမှုန်အမွှားများကို ဘလောက်စ်အင်္ကျီဖြင့် ပွတ်သပ်သုတ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ရသည်။ သူကမ်းပေးနေသော စာအုပ်ကိုလက်ဖြင့်လှမ်းကိုင်ရန်ဖြစ်၏

'ဒါက အစ်မအတွက် ကျွန်တော့်လက်ဆောင်'

သူမ ဘာမှမဆုံးဖြတ်ရသေးမီ သူမလက်ထဲသို့ စာအုပ်ရောက်လာသည်။ လက်ထဲရောက်လာသောစာအုပ်မှာ ဝတ္ထုအရှည် အင်္ဂလိပ်စာအုပ်လေးဖြစ်သည်။ Ben Okri ရေးသော A way of being free တဲ့။ သူမ အနည်းငယ်မျက်မှောင်ကြုတ်လိုက်မိသည်။ သူက ဖြေရှင်းချက်ပေးသလို အသာပြုံး၏။

'ကျွန်တော်တို့အားလုံး တစ်ချိန်မဟုတ်တစ်ချိန်မှာ နာကျင်ဖိစီးတဲ့ နှောင်ဖွဲ့မှုတွေဆီကနေ လွတ်ချင်စိတ်တွေ ပေါ်တတ်ကြတာပဲ မဟုတ်လားအစ်မ၊ လူကလွတ်ရာကျွတ်ရာဆိုပြီး ခရီးနှင်ပေမယ့် စိတ်ကမလွတ်မြောက်သေးရင် ဝေဒနာတွေက လိုက်ငြိနေဦးမှာပဲ၊ ဒီတော့ ကျွန်တော် ခဏခဏဖတ်တဲ့စာအုပ်ကို အစ်မအတွက် အသုံးတည့်မယ်ထင်လို့ ပေးခဲ့ပါတယ်။ ဒီစာအုပ်က တစ်နည်းအားဖြင့်တော့ ဘဝနေနည်းပါပဲ။ Life skill တစ်မျိုးပေါ့။ ဒါပေမဲ့ တရားသဘောနဲ့ ဘဝကိုရှုမြင်နည်းတော့ မဟုတ်ဘူး။ အနုပညာသဘောနဲ့ ဘဝကိုရှုမြင် နေထိုင်နည်းဆိုပါတော့အစ်မ၊ အစ်မ ဖတ်ကြည့်ပါ'

သူမ၏ မလွတ်မြောက်သော စိတ်ကျဉ်းကျပ်မှုများကို သူ ရိပ်စားမိလေသလား။ ငွေဝန်းသည် မျက်ရည်ရစ်ဝဲလာသဖြင့် အသာခေါင်းငုံ့ထားလိုက်ရ၏။

'ကျေးဇူးတင်ပါတယ်'

'နောက်ပြီး ကျွန်တော့်ကို အစ်မအားမနာဘဲ လိုတာကိုမှာနိုင်ပါတယ်၊ ကျွန်တော် ဆောင်းတွင်းလောက်မှာ တစ်ခေါက်ပြန်လာမယ်အစ်မ၊ အစ်မလိုချင်တာက အဲဒီလောက်ထိစောင့်နိုင်ရင် ကျွန်တော် သယ်လာခဲ့ပေးမယ်။ အရေးကြီးရင်တော့ ဒီကြားထဲမှာ လူကြုံနဲ့ဖြစ်ဖြစ် အမြန်ချောပို့နဲ့ဖြစ်ဖြစ် ကျွန်တော်ပို့ပေးမယ်။ အစ်မ ဘာမှာမလဲ'

'အဲ ဘာမှာရမလဲ'



ဘာကြောင့်မှန်းမသိဘဲ ငွေဝန်းစိတ်ထဲမှာ ရုတ်တရက်နွေးထွေးသွားသည်။

'ကြိုက်တာမှာပါ၊ ငရုတ်ဆုံတို့ကျောက်ပြင်တို့ကလွဲလို့ပေါ့'

သူ အနည်းငယ်ရယ်လျက်ပြော၏။

'စာအုပ်ပဲမှာပါ့မယ်'

အထီးကျန်ဘဝတွင် ရှင်သန်နေရသော လူတစ်ယောက်အတွက် သဘာဝအလင်းရောင်မှတပါး အခြားဘာမှ ထပ်မလိုအပ်သောဘဲ ကိုယ့်ကိုယ်ကို ဖြည့်ဆည်းနိုင်သည့်အဟာရသည် စာအုပ်ပဲဖြစ်သည်မဟုတ်လား။

'ဒါပေမဲ့ မင်းအတွက်များ သိပ်ခက်ခဲနေမလားမသိ'

'အို ရပါတယ်အစ်မ၊ ကျွန်တော်နဲ့ အရင်းနှီးဆုံးအရာက စာအုပ်တွေပဲ၊ ကျွန်တော်အကျွမ်းကျင်ဆုံးအရာကလည်း စာအုပ်တွေပဲ၊ အစ်မလိုချင်တာက ဘာစာအုပ်မို့လဲ'

'သစ်ခွစာအုပ်'

သူက သူမစကားအဆုံးတွင် သူမပြင်ဆင်နေသည့် ရေညှိပင်များကို တစ်ချက်ကြည့်လျက်ပြုံးပါသည်။

'အိုကေ၊ လိုချင်တဲ့သီးသန့်စာအုပ်အမျိုးအစားရှိလား'

'အင်း တတ်နိုင်ရင်တော့ လိုချင်တယ်။ ဖိုးရော့စ် ကော်ပီပဲရပေါ့' သူက မျက်ခုံးပင့်လျက် လက်ခနဲပြုံးသည်။

'ဘာစာအုပ်ပါလိမ့်'

'Orchids of Myanmar တဲ့'

'ရေးတဲ့လူနာမည်သိလားအစ်မ'

'ဘာတဲလ်ဂရန့် တဲ့။ အင်္ဂလိပ်တစ်ယောက်ပဲ'

သူ မှတ်စုထဲမှာ ချရေးလိုက်၏။

Orchids of Myanmar by Bertle Grant; ဒေါ်ငွေဝန်း

'အဲဒီစာအုပ်ကလွဲလို့ မြန်မာပြည်က သစ်ခွတွေအကြောင်း

www.burmeseclassic.com

www.burmeseclassic.com





တခြားစာအုပ်တစ်ခုမှ နောက်ထပ်ထွက်မလာဘူး။ အဲဒီစာအုပ်ကို ရေးတဲ့လူက ကင်းဒမ်းဝါ့ဒ်တို့လို ရက္ခဗေဒပညာရှင်မဟုတ်ဘူး။ ဒါ ကြောင့် သူ့စာအုပ်က အကောင်းစားကြီးတော့မဟုတ်ဘူး။ ဒါပေမဲ့ တခြားစာအုပ်မရှိတော့ သူ့ကိုပဲ ကျွန်မတို့အားကိုးအားထား ပြုရမှာ'

'ကောင်းပြီအစ်မ ကျွန်တော်တတ်နိုင်သမျှ ရှာကြည့်ပါမယ်'

'အခု ဟားခါးကနေ ထွက်တော့မှာလား'

'ထွက်တော့မယ်။ ဒါပေမဲ့ ကျွန်တော် ကိုထျန်းအုခ်ထန်ကို နှုတ်ဆက်သွားချင်တယ်။ သူ့အိမ်က ဟားခါးအထွက်မှာပဲလို့ပြောတယ်'

'ကိုယ်လိုက်ခဲ့မယ်လေ'

'အဲ အစ်မပါတော့ ပိုကောင်းတာပေါ့။ ကျွန်တော် အစ်မကို ဟားခါးထိ ပြန်လိုက်ပို့ပေးပါမယ်'

'အို မလိုပါဘူးကွယ်။ ကိုယ်က ဟားခါးသူဖြစ်သွားပြီ။ ဒီလောက်ခရီးကို နောက်လည်း ခြေလျင်လျှောက်မှာပဲလေ'

ထျန်းအုခ်ထန်၏အိမ်တွင်ဘယ်သူမှမရှိ။

ပိုင်စိုးတို့နှစ်ယောက်သည် အိမ်ထဲသို့ဝင်ဝင်ချင်း မီးလင်းဖိုကို အရင်တွေ့ရသည်။ မီးလင်းဖိုမှာ မီးငြိမ်းနေသည်။ ဖိုခနောက်ပေါ်မှာ တင်ထားသည့် ရေနွေးခရားက မီးအရှိန်ငွေ့ငွေ့ဖြင့် ဆူနေဆဲ။

'အိမ်ရှင်တို့ခင်ဗျား'

ပိုင်စိုးက ပြုံးရယ်လျက် လှမ်းအော်သည်။ ဘာသံမှမကြားရ

မီးလင်းဖိုမှ ရှေ့ဆက်ဝင်လိုက်တော့ ခေါင်းရင်းခန်းသို့ရောက် သည်။ ထင်းရှူးသားသစ်သားနံရံသည် ညို့ဝါဝါအရောင်အသွေးဖြင့် ဝင်းနေသည်။ ထိုနံရံတွင် ကျားတစ်ကောင်ရှိနေသည်။ အမှတ်တမဲ့ ကြည့်လျှင် ကျားတစ်ကောင် ခြေကားရားလက်ကားရားဖြင့် နံရံတွင် ကပ်နေသလိုပဲ။

တကယ်တော့ ကျားအရေခွံဖြစ်သည်။ ခေါင်းနေရာမှာလည်း ကျားခေါင်းကြီးပဲ။ သို့သော် စေ့စေ့ကြည့်တော့မှ ခေါင်းနှင့်ကိုယ်ထ ပြီးမှ ပြန်တွဲစပ်ထားခြင်း ဟု သိသွားကြသည်။

'ကဲ ဘယ်သူမှထွက်မလာရင်တော့ ဟောဒီကျားအရေခွံကို ယူသွားလို့ရပြီဗျား'

ပိုင်စိုး ခပ်အုပ်အုပ်အော်လျက် စနောက်တော့လည်း ဘယ် သူမှထွက်မလာ။ သူတို့ အိမ်နောက်ဘက်သို့ ထွက်လာခဲ့သည်။

ထျန်းအုခ်ထန်သည် အိမ်နောက်ဘက်က ချောက်ထဲမှာ ထင်းရှူးလုံးသစ်ထွင်း ရေတံလျှောက်များကို အပင်တွေအတွက် အနေ အထားရွှေ့ပြောင်းနေသည်။

'ကျွန်တော်ဒီနေ့ပြန်မှာမို့ ကိုထန့်ကို လာနှုတ်ဆက်တာ'

'အာ ဟုတ်သားပဲ။ ခင်ဗျားပြန်မှာပဲ'

ထျန်းအုခ်ထန်သည် မိုးဖွဲများအကြားတွင် ချည်စောင်အစင်း ကျား ခေါင်းပေါင်းတစ်ခုတည်း အကွယ်အကာပါလျက် အလုပ်လုပ် နေခြင်းဖြစ်သည်။

အိမ်ထဲပြန်ဝင်ကြသည်။

'အဆင်သင့်ပဲဗျာ၊ မနက်စာစားသွားပါ'

ပိန်းဥပြုတ်နှင့်ပြောင်းဖူးစေ့ပေါင်းကို နံနက်စာအဖြစ် သူက ညှော်ခံကျွေးမွေးသည်။

သူ့အိမ်တွင် ပိုင်စိုးတို့သည် ခေတ်ဟောင်းရိုးရာခလေ့နှင့် အသုံးအဆောင်များကို တွေ့ရသည်။ ပြောင်းဖူးစေ့မှအစ ပဲစေ့ စသည် တို့ကိုထောင်းသော သစ်သားဆုံကြီးက လူတစ်ရပ်မတ်တတ်ရပ်လျက် ထောင်းရသည်။ ငွေဝန်းသည် အဲသည်ဆုံမှာထောင်းသည့် သစ်သား ကျည်ပွေ့ကြီးကိုပင် မနိုင်တနိုင်မရ၏။

သူတို့ကို နံနက်စာတည်ခင်းကျွေးမွေးသည့်အခါ ငှက်ပျော ဖက်နှင့်ခင်းလျက် ကျွေး၏။ ရေနွေးခွက်က ဝါးကျည်တောက်လုံးမျိုး အတို။ ကိုင်းမပါပေ။ ရေနွေးသောက်သည့်အခါ ဝါးနံ့နှင့်လဘက်

www.burmeseclassic.com

www.burmeseclassic.com





ခြောက်နှင့် ရောလျက် သင်းမွှေးနေသည်။ နေဦး နောက်ထပ်အနံ့ တစ်မျိုးပါသေးသည်။ အဲဒါက မြေနံ့ဖြစ်မည်။ ရေခွေးကရားက မြေအိုး။

'စားဗျ အဲဒါ မြေအိုးနဲ့ပြုတ်ထားတဲ့အစားတွေ'

တီးမစ်ချိုင့်ဝှမ်းမှာ ငှက်တွေကိုကြည့်ပြီးနောက်ပိုင်းတွင် ပိုင်စိုးနှင့် ထျန်းအုခ်ထန် အနည်းငယ် ခင်မင်ရွေးထွေးသွားကြသည်။

'တစ်ချိန်ကျရင် ခင်ဗျားရဲ့ငှက်ခြံဟာ ငှက်ဥယျာဉ်တစ်ခု ဖြစ်ချင်ဖြစ်လာမယ်ဗျ။ ဘယ်ပြောနိုင်မလဲ'

ပိုင်စိုး၏စကားကို သူ သဘောကျဟန်ရှိသည်။ ဘာမှတော့ ထင်မြင်ချက်မပေး။

'ဒါနဲ့ ကျွန်တော်ပြောတဲ့ ရန်ကုန်က တစ်ခုခုမှာဖို့ ညက စဉ်းစားဖြစ်ရဲ့လားဗျ၊ ဘာမှာမလဲ'

'မမှာတော့ပါဘူးဗျာ။ ဖြည်းဖြည်းသွားနော'

ထျန်းအုခ်ထန်သည် သူ့ကို ဘာမှမှာချင်မှာမဟုတ်ဟု ပိုင်စိုး ထင်ခဲ့ပြီးသားပါ။

'အိုကေ၊ အမှာတွေတစ်ပုံကြီးနဲ့ ရှေ့ဆက်ခရီးနှင်လိုက်ဦးမယ် အစ်မရေ၊ ကျန်းမာရေးကို ဂရုစိုက်နော်'

သူက မောင်တစ်ယောက်က အစ်မကိုမှာသလို မှာနေတော့ ရင်ထဲမှာ နွေးသွားသည်။ သူ့အတွက် လိုက်လှဲစွာဆုတောင်းပေးလိုက်မိ၏။

'သာယာတဲ့ခရီးလမ်းဖြစ်ပါစေ'

'ကျေးဇူးတင်ပါတယ်အစ်မရယ်။ အဲဒီဆုတောင်းတကယ် လိုတယ် သိလား၊ ဘာလို့လဲဆိုတော့ အခု ကျွန်တော် တီးတိန်ကို သွားရမှာ၊ သတင်းက သိပ်မကောင်းဘူး။ မနေ့တုန်းက ကနေဒီတောင်ကြောမှာ ဂျစ်ကားတစ်စီး ချောက်ထဲကျသွားတယ်တဲ့'

သူက အရယ်အပြုံးမပျက် ပြောလိုက်ခြင်းဖြစ်သော်လည်း သူမရင်ထဲမှာ ထိတ်ခနဲဖြစ်သွား၏။

'အို ဘာမှဖြစ်မှာမဟုတ်ပါဘူးဟယ်၊ ဒီလောက် လူတွေ အပေါ်ကူညီစိတ်ရှိတဲ့လူကို နတ်ဒေဝတာတွေက စောင့်ရှောက်မှာပါ'

တိမ်တွေကြားထဲသို့ သူတို့ကားလေး တိုးဝင်သွားသည်ကို နောက်မှ စောင့်ကြည့်ရင်းက သူမရင်ထဲမှာ အမျိုးအမည်မသိသော ခံစားမှုတစ်ခုကို ရလိုက်သည်။

သူမဆီမှာမရှိတာကြာပြီဖြစ်သော အရာတစ်ခု၊ အဲဒါ ဘာလဲ၊ သူမ မသိပေ။

အိမ်ပြန်ရောက်တော့မှ ထိုအရာကို ဘာဖြစ်နိုင်သလဲဟု ငွေဝန်း ခန့်မှန်းမိသွားသည်။

အိမ်အဝင် သစ်ပင်ပင်စည်တွင် အပွင့်လုံးဝမန္တမ်းသေးသော အဖြူရောင်သစ်ခွပင်လေး ချိတ်လျက်သား။ လက်တစ်ဝါးစာ အုန်းခွံ ဘစ်ခုအတွင်းမှာ သေသေသပ်သပ်ထည့်ထားပြီး အုန်းခွံအပေါ်မှ သွပ်ကြိုးဖြင့် ပတ်လည်ရစ်ကာ ထိုသွပ်ကြိုးကို အခေါက်တွင် ချိတ်ပေးခဲ့ခြင်းဖြစ်သည်။

အုန်းခွံမှာ အဝါရောင်မှတ်စုစာရွက်လေးတစ်ခု ကပ်လျက်။

'အစ်မ

ပန်းပင်လေးတစ်ပင်ဟာ ပြုစုစောင့်ရှောက်တတ်သူရဲ့ လက်ထဲမှာမှ တန်ဖိုးရှိပါတယ်။ ဒါကြောင့် ကျွန်တော်သူ့ကို ထားခဲ့ပြီ'

လက်မှတ်နေရာမှာတော့ အင်္ဂလိပ်စာလုံးနှစ်လုံးကိုသာ ရေးထား၏။ P.S တဲ့။

နံနက်တုန်းက ခံစားခဲ့ရသောထိုအရာသည် တွယ်ငြိမှုတစ်ခု ဖြစ်ဟန်တူပါသည်။

◆

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တာကုန်ဆုံးချိန်မှာ
ငါဟာ ဘယ်သူ့ရဲ့ညှော်သည်မှလည်း မဟုတ်ပါလား။
ငါ့ရှေ့မှာ ရှည်လျားတဲ့ညတွေ ရှိသေးတယ်။
ငါလည်း မောလှပေါ့။

၁၄

ဟားခါး၏ဆောင်းရာသီက ဘယ်လောက်အေးမြသလဲ မသိရသေးသော်လည်း မိုးရာသီစစ်စစ်ကတော့ တော်တော်အေးလေသည်။

ချင်းတောင်တန်းတွင် နွေသည်နွေမပီပြင်ဘဲ မိုးရာသီသည် ယေဘုယျအားဖြင့် ဇွန်လ(၁)ရက်နေ့မှ နိုဝင်ဘာလကုန်အထိဖြစ်သည်။

ငွေဝန်း၏အိမ်ကလေးသည် တောင်စောင်းမှာရှိသဖြင့် မိုးသည်းသည်းရွာသည့်အခါ မိုးစက်မိုးပေါက်များနှင့်အတူ လေတွင်လွင့်၍ လွင့်၍ပါတော့မတတ်ထင်ရသည်။ ထိုအချိန်တွင် သစ်ပင်များပေါ်မှာ တွယ်ကပ်လျက်စိုက်ပျိုးထားသော သစ်ခွတို့သည် ယိမ်းနွဲ့ ခုန်ပေါက်နေကြသည်။ သစ်ခွအဖြူမျိုးများတွင် Cattleyas နှင့် အဆက်အနွယ်မျိုးများ၊ Coelogynes မျိုးနွယ်ပင်များ၊ တစ်ပွင့်ချင်း မဟုတ်ဘဲ ပုလင်းဆေးသည့်အတံလိုဖြစ်နေအောင် အညှာမှနေ၍ အပွင့်သေးလေးများ ဘေးကိုဖြန့်ဖြာထွက်နေသည့် Dendrobilum glumaceum



မျိုးနွယ်များ ပါဝင်သည်။ သူတို့က ယခုလို ဇွန်ဇူလိုင်တွင်လှိုင်လှိုင်ပွင့်တတ်သည်။ သစ်ခွအဝါတွေကတော့ အများကြီးပဲဖြစ်သည်။ Vandar မျိုးတွေ၊ ထူးကဲစွာလှပသော အပြာရောင် ခရမ်းပြာရောင် သစ်ခွမျိုးတွေဖြစ်သည်။

ငွေဝန်းသည် သစ်ခွပင်များကို ခြံအနှံ့ အိမ်အနှံ့ ပုံစံအမျိုးမျိုး စိုက်ပျိုးထားသည်။

တချို့အပင်တွေကို သစ်ပင်မှာ ဝါးခြင်းကျဲကျဲတွေနှင့် ဆွဲချိတ်ထားသည်။ တချို့အပင်တွေကို ပင်စည်အခေါက်ပေါ်မှာ လုံးထွေးပတ်ထားသည့် ရေညှိပင်တို့ဖြင့် တွယ်ကပ်စိုက်ထားသည်။ တချို့အပင်တွေကို ပန်းအိုးလေးများထဲထည့်၊ ခုံတန်းပေါ် သည်အတိုင်းတင်လျက်စိုက်ပျိုးထားသည်။ တချို့ကိုတော့ အိမ်နံရံမှာ ထင်းရှူးသားဖြင့် နံကပ်စင်အသေးစားလေးရိုက်ထားပြီး ထိုစင်ကလေးထဲ ထည့်စိုက်ထားသည်။ မန္တလေးအိမ်မှာတုန်းကလိုပင်ဖြစ်၏။ မတူသည့် ရာသီဥတုကြောင့် တစ်ခုခုပြောင်းလဲခဲ့လျှင်လည်း သူမအတွက် လေ့လာစရာဘိုးသည်ဟု ယူဆရပေလိမ့်မည်။

သူမ၏တောင်စောင်းမှ သစ်ပင်တွေက အသီးမသီးသည့် သစ်ပင်ကြီးမျိုးတွေဖြစ်သဖြင့် သစ်ခွတင်ချိတ်ဖို့၊ ပင်စည်လုံးပတ်နှင့် အရင်းအကိုင်းတွေပေါ်မှာ သည်အတိုင်းကပ်စိုက်ဖို့ တော်တော်အဆင်ပြေလျက်ရှိပါသည်။

ဟားခါးဝန်းကျင်မှ သစ်ခွတွေလည်းပါ၊ တီးတိန်သွားသည့် ကနေဒီတောင်ကြောဝန်းကျင်မှ သစ်ခွတွေလည်း ပါသည်။ ထျန်းအုန်ဆန် ခရီးထွက်သည့်အခါ၊ ဘွေပီးအနီးအနားရွာတွေသို့ သွားသည့်အခါ ဆရာမအတွက် သစ်ခွတွေကို အမှတ်တရယူယူ လာတတ်သောကြောင့်ဖြစ်သည်။

ဘွေပီး။

ဘွေပီးသည် သူမအတွက် တူတစ်ယောက် [illegible]

www.burmeseclassic.com

www.burmeseclassic.com



ယောက် ဖြစ်လာခဲ့သည်။

ဘွေပီးသည် သူမ၏သစ်ခွခြံကိုသာမက သူမ၏စိုက်ခင်းကိုပါ ကူညီ စောင့်ရှောက်ပေးနေခဲ့သည်။

'ဆရာမ ကျွန်တော့်ကို ဒီစာကြောင်းလေး ဘာသာပြန်ပြပေးပါ'

စာအုပ်တစ်အုပ်ကိုကိုင်ကာ ရောက်လာသည့်နေ့တွေလည်း ရှိသည်။ သူဘာသာပြန်ခိုင်းသည့်စာကြောင်းမှာ သူမလည်း အလွယ်တကူ ရုတ်တရက် မပြန်ဆိုနိုင်သော စာကြောင်းမျိုး ဖြစ်တတ်သည်။ အများအားဖြင့် နိုင်ငံတကာ နိုင်ငံရေးရာများဖြစ်သည်။

သည်နေ့ ဘွေပီးရောက်လာသည့်အချိန်မှာ သူမက ခုတင်ပေါ်မှာ ဓါတ်ပြားဖွင့်လျက်နားကြပ်ဖြင့် သီချင်းနားထောင်နေသည့်အချိန်မို့ သူခေါ်သည့်အသံကို မကြားလိုက်မိ။

'ဆရာမ'

အိမ်ကသိမ့်ခနဲ လှုပ်သွားတော့မှ နားကြပ်ကို နားမှဖြုတ်လိုက်ရသည်။ အဲသည်အခါကျမှ အသံကို ကြားလိုက်လေသည်။

'ဆရာမ'

'ဝေး'

အခန်းထဲမှ ကမန်းကတန်းထွက်လာတော့ အိမ်ဧည့်ခန်းအဝင်ဝမှာ မတ်တတ်ရပ်နေသော ဘွေပီးကို မြင်လိုက်ရသည်။

'လာလေ ဘွေပီး'

မိုးကာအင်္ကျီကို လှေကားတက်ဝရန်တာမှာ ခါတိုင်းလို ချွတ်ဖို့ သူ သတိမရဘဲ အိမ်ထဲသို့မိုးရေစက်လက်ဖြင့် အလောတကြီး ဝင် လာသည်။

'ဘာလဲဘွေပီး'

သူ သက်ကို ဝအောင်ရှိုက်ရှူလိုက်ပြီးမှ အမောတကော ပြောလိုက်၏။



'ဆရာမရဲ့စိုက်ခင်းတွေ ကုန်ပြီ'

သူမ ကြောင်သွားသည်။ ဘွေပီးဘာပြောလိုက်ပါလိမ့် ဟု အဓိပ္ပါယ်ဖော်ယူနေရသောကြောင့်ဖြစ်သည်။

'အကုန်လုံးပဲ ပျက်စီးကုန်ပြီ'

ခဏကြာတော့မှ မိမိစိုက်ပျိုးထားသော လှေကားထစ်ပုံစံစိုက်ခင်းမှ ပျိုးပင်များကို ပြန်သတိရသွားသည်။ ထိုအခါ သူမရင်ထဲမှာ ဒိန်းခနဲခုန်သွားလေသည်။

'ဘာဖြစ်တာလဲ၊ ဘွေပီးဘယ်လိုလုပ်သိလဲ အဲဒီဘက်ရောက်ခဲ့သလား'

'ရောက်ခဲ့တယ်၊ ကျွန်တော့်တောင်ယာသွားရင်းနဲ့ ဆက်သွားကြည့်ခဲ့တာ'

'ဘာဖြစ်ကုန်လဲ'

'မသိဘူး၊ အပင်တွေက လဲရုံလဲကျတာမဟုတ်ဘူး။ ပြတ်ထွက်ပြီး တစ်စစီဖြစ်နေတာ။ အဲဒါ အကောင်တွေဖျက်ဆီးတာပဲဖြစ်မှာ'

'ဘာကောင်တွေလဲ၊ ကြွက်လား'

'နွားတွေ'

ဘုရားရေ၊ စိုက်ခင်းကြီးတစ်ခုလုံးပျက်စီးအောင် နွားဘယ်နှကောင်ဝင်စားသွားလဲ။ အဲဒီနွားတွေက ပိုင်ရှင်မရှိဘူးလား။ ပထမတော့ ဒေါသဖြင့်တုန်ခိုက်သွား၏။

နောက်တော့မှ တောင်တန်းဒေသ၏အဖြစ်မှန်ကို ပြန်ဆင်ခြင်မိသည်။ နွားနောက်တွေကို ပိုင်ရှင်ကမွေးသည်ဆိုပေမယ့် သဘာဝအတိုင်း လွှတ်ထားတာပဲ။ လှေကားထစ်စိုက်ခင်း ဆိုတော့ နွားတွေအတွက် ခရီးသွားရတာလည်း အလွန်လွယ်ကူ နေပြီပေါ့။ တစ်ထစ်ပြီး တစ်ထစ် ဆင်းလိုက်တက်လိုက်နှင့် စားသွားရုံသာ။

သွားပါပြီ။ သူမ အားကြိုးမာန်တက် မျှော်လင့်[illegible] ပျိုးခဲ့ရသည့်အပင်လေးတွေ။ ရင်ထဲမှာ ဟာခနဲဖြစ်[illegible]

www.burmeseclassic.com

www.burmeseclassic.com



သစ်တောခုတ်ထွင်မှု နည်းနိုင်သမျှနည်းစေချင်သော စိတ်ဖြင့် သူမသည် လှေကားထစ်စိုက်ပျိုးနည်းကို နမူနာပြသည့်အနေနှင့် အပင်ပန်းခံလျက် စိုက်ပျိုးလိုက်ရတာ ဟောသည်လက်နှစ်ဘက်နဲ့။

သူမလက်နှစ်ဘက်ကို အမှတ်တမဲ့ ဖြန့်ကြည့်လိုက်မိ၏။ သူမလက်ဖဝါးတွေသွေးခြည်ဥအောင် စိုက်ခဲ့ရသည့်စိုက်ခင်းတွေ။ ဘွေပီးနှင့် ထျန်းအုခ်ထန်တို့၏ကူညီမှုတွေ။

'ဒီတော့ ဘယ်လိုလုပ်ကြမလဲဆရာမ'

ဗန်ဘွေမှူးမ်က ဆရာမအား ကရုဏာသက်စွာ ကြည့်ရင်း မေးမိသည်။ သူမမျက်တောင်တဖျတ်ဖျတ် ခပ်လိုက်သောအခါ မျက်ဝန်းမှာ ရစ်ဝဲခိုတွယ်လာသော မျက်ရည်တွေ ပြန်ပျောက်သွားသည်။

'ဆရာမ သွားကြည့်မယ်၊ ရသလောက်ကို ပြန်စိုက်မယ်'

ဆရာမက အံကြိတ်လျက် ပြောပြီး အိမ်အပြင်သို့ထွက်ရန် ခြေလှမ်းပြင်၏။

'မိုးတွေသဲနေတယ်လေ ဆရာမ'

ဗန်ဘွေမှူးမ် နှာတစ်ချက်ချေလိုက်သည်။

သည်တော့မှ သူ့ခမျာ ငါ့အတွက် မိုးထဲလေထဲအပြေးအလွှားလာခဲ့ရတာပါလား ဟု သူမသတိထားမိသွားသည်။ ဟုတ်ပါရဲ့ ငါတစ်ယောက်တည်း စိုက်ခင်းတွေဆီသွားဖို့ကို ဘွေပီးက ဘယ်သဘောတူနိုင်ပါ့မလဲ။ သူမ သွားလျှင် သူပါလိုက်လာရမှာပေါ့။ ဖြစ်ခဲ့သည့်ကိစ္စက ပြီးခဲ့ပြီ။ အရေးတကြီးလုပ်လို့လည်း ဘာမှထူးခြားတော့မှာမဟုတ်။

'အေးလေ၊ ဟုတ်ပါရဲ့။ ဘွေပီးတစ်ကိုယ်လုံးလည်း စိုရွှဲလို့လာ။ ဒီက မျက်နှာသုတ်ပဝါနဲ့ သုတ်လိုက်ဦး'

ဆရာမက ကြိုးတန်းမှာလှန်းထားသော ပဝါဖြူတစ်ထည်ကို ဆွဲယူပေး လိုက်တော့ ဗန်ဘွေမှူးမ် ပြာပြာသလဲငြင်းရသည်။

'အာ ရတယ်ဆရာမ၊ ကျွန်တော် မအေးဘူး'



'မဟုတ်ဘူး။ အေးနေတယ်လေ။ မင်းနှုတ်ခမ်းတွေတောင် ပြာနေတာ ဆရာမမြင်ရတယ်။ လာ ဒီမှာထိုင်။ ဓါတ်ဘူးထဲက ရေနွေးနဲ့ ဆရာမ ကော်ဖီဖျော်ပေးမယ်နော် ဖလမ်းကော်ဖီလေ'

သူ ထပ်မငြင်းနိုင်တော့ဘဲ အိမ်ထဲသို့ ဝင်လိုက်ရသည်။

မကြာမီ ဆရာမ ကော်ဖီပန်းကန်နှင့်အိမ်ရှေ့သို့ ရောက်လာသည်။

သူ စားပွဲပေါ်က ဆရာမဖတ်လက်စစာအုပ်ကို ယူကြည့်၏။

'ဘွေပီး နွားတွေကို စားကျက်သီးသန့်ထားနိုင်ရင် မကောင်းဘူးလား။ မင်းတို့ ဒီကိစ္စကို ကြိုးစားကြည့်ဖူးလား'

'မရဘူးဆရာမ။ အစဉ်အဆက်က ဒီအတိုင်းထားခဲ့တာကို'

'ဒီအတိုင်းဆိုရင်တော့ စိုက်ခင်းကို ခြံစည်းရိုးခတ်ရမယ့်အဖြစ်ပဲ'

ဘွေပီးက ရယ်မိလေသည်။

'ဆရာမကလည်း စိုက်ခင်းတွေသာ ခြံစည်းရိုးခတ်ရရင် ဒီချင်းတောင်တစ်ခုလုံးက သစ်တောတွေတောင်ကုန်သွားနိုင်တယ်'

ဆရာမက ရက်စနိုးပြုံးသည်။

တောင်တန်းဒေသမှာ လူတွေဘာဖြစ်လို့ တောင်ယာစနစ်သာ စိုက်ပျိုးပြီး လှေကားထစ်စိုက်ပျိုးစနစ် မလုပ်ကြသည့်အကြောင်း တစ်ခုကို သူမ ချက်ချင်းသဘောပေါက်သွားရတော့သည်။

'ဘာပဲဖြစ်ဖြစ် ဒီအတိုင်းတော့ထားလို့မဖြစ်ဘူး။ စိုက်ခင်းတွေနဲ့ နွားနောက်တွေမှာ တစ်ခုခုကိုတော့ ကန့်သတ်မှဖြစ်မယ်။ ခဏနေရင် ဆရာမကိုထန့်ဆီသွားမယ်၊ သူ့စိုက်ခင်းတွေကို ဘယ်နှခါ နွားဖျက်ဆီးခဲ့ပြီးပြီလဲ၊ အဲဒီအခါတွေမှာ သူဘာလုပ်သလဲ။ သိရတာပေါ့'

ထျန်းအုခ်ထန်ဆီ သူတို့မသွားလိုက်ရပါ။

သိပ်မကြာမီ သူရောက်လာခဲ့သည်။ သို့သော် ယခင်ရောက်

www.burmeseclassic.com

www.burmeseclassic.com



လာသော ထျန်းအုခ်ထန်သည် ဗန်ဘွေမှူးမ် ကြောက်ရွံ့သောလူတစ်ယောက်ဖြစ်သည်။

'ဆရာမ ဒေါ်ငွေဝန်းသော်တာ'

ဘယ်တုန်းကမှ ဆရာမကို နာမည်တပ်၍ မခေါ်ခဲ့ဖူးသော ကိုထန်သည် ခြံအဝင်မှာကတည်းက ဆရာမနာမည်ကို ဒေါသတကြီး ကျယ်လောင်စွာဟစ်ခေါ်ပြီး ခြံထဲသို့ ဝင်လာခဲ့သည်။ ထူးဆန်းလွန်းသဖြင့် သူတို့နှစ်ယောက်လုံး ဗြုန်းခနဲ မတ်တတ်ထရပ်လိုက်သည်။

သဲကြီးမဲကြီး ရွာချနေသော မိုးစက်တွေကြား၌ လျှောက်လာနေသော သူ့တစ်ကိုယ်လုံး စိုရွှဲနေခဲ့သည်။ မိုးကာအင်္ကျီမပါ။ သူ့ကိုကြည့်ရသည်မှာ အိပ်မက်မက်ပြီး လမ်းလျှောက်မိနေသူလို။

အိမ်ပေါ်သို့မတက်ဘဲ ရှေ့မှာ မိုးထဲလေထဲ မတ်မတ်ရပ်နေ၏။

သူမ အိမ်ရှေ့သို့ ခပ်မြန်မြန်ထွက်သွားလိုက်ရ၏။

'ကိုထန် လာလေ အိမ်ထဲကို'

သူ မဝင်လာ။ စကားလည်း တစ်ခွန်းမှ မပြော။ သူမကိုသာ မျက်နှာချင်းဆိုင်လျက် တည်တည်တင်းတင်းကြီး ကြည့်နေသည်။ မြတ်စွာဘုရား။ ဘာတွေဖြစ်ကုန်ပြီလဲ။

'ခင်ဗျား တော်တော် ဆိုးတာပဲ'

တစ်ခုခုတော့ မှားယွင်းနေပြီ။

သူက သူမ မျက်နှာတည့်တည့်သို့ လက်ညှိုးထိုးလိုက်ပြီး အက်ကွဲကြမ်းတမ်းသောအသံဖြင့် စကားတစ်ခွန်း ထပ်ပြောသည်။

'ကျွန်တော့်အလုပ်တွေ ခင်ဗျားကြောင့်ပျက်စီးသွားပြီ'

ထိုစကားသည် သူမရင်ထဲသို့ စူးစူးရှရှ ထိုးဖောက်ဝင်ရောက်သွားခဲ့သည်။ သူမ နာကျင်စွာကြောင်ငေးသွားခဲ့ပါသည်။

'ကိုထန်'

သူက သူမအား စိမ်းကားခါးသက်စွာစိုက်ကြည့်နေခဲ့သဖြင့်



ငွေဝန်းတစ်ကိုယ်လုံး အေးစက်လာခဲ့သည်။

'အိမ်ထဲဝင်ပါလားဟင် အပြင်မှာ မိုးဒီလောက်သဲနေတာ'

သူမ မငံ့မရဲ ခေါ်မိ၏။ ရှေ့ကိုတော့ ခြေတစ်လှမ်းမှမတိုးရဲပါ။ သူက အောက်မြေပြင်ဆီမှာ၊ သူမက အိမ်ပေါ်ကြမ်းခင်းမှာ၊ သို့သော် သူ့ဒေါသကို ငွေဝန်းကြောက်သည်။

ဗန်ဘွေမှူးမ်က အိမ်ရှေ့သို့ ထွက်လိုက်သည်။

'အစ်ကိုထန် အိမ်ပေါ်တက်ပါလား'

ဗန်ဘွေမှူးမ်ကို မြင်တော့ သူ့ဒေါသကို သူ မထိန်းနိုင်တော့။

'မတက်ဘူး။ မင်းလည်း အတူတူပဲ။ ငါ့ အလုပ်ကို ဖျက်ဆီးတဲ့ကောင်'

ထို့နောက် သူ့လက်သီးက ဗန်ဘွေမှူးမ်၏မျက်နှာဆီသို့ လျှင်မြန်စွာ ရောက်သွားသည်။

'အို မလုပ်နဲ့'

ဆရာမ၏အလန့်တကြားအော်သံနှင့်အတူ ဗန်ဘွေမှူးမ်သည် အိမ်ကပြင် သစ်သားခင်းပေါ်သို့ ထိုင်လျက် ကျသွားသည်။

ဗန်ဘွေမှူးမ် ဒေါသထွက်သွားသည်။

'အစ်ကိုထန်၊ ခင်ဗျားလွန်ပြီနော်။ ကျုပ်မခံနိုင်တော့ဘူး'

ဆရာမက ဗန်ဘွေမှူးမ်အနီးသို့ အပြေးကလေးရောက်လာကာ ဒူးထောက်ချလိုက်သည်။ မိုးသဲသဲတွင် သူမ၏ဆံပင်တို့သည် ဝဲလွင့်နေလေသည်။

'မခံတော့ မင်းက ဘာလုပ်ချင်လဲ။ ဘာလုပ်ချင်လဲ'

ဒေါသတကြီးပင် ထျန်းအုခ်ထန်သည် လက်သီးဖြင့် အိမ်နံရံသစ်သားပြားတစ်ချပ်ကို ဗြောင်းခနဲထိုးလိုက်သည်။ ကြမ်းခင်းသည် သိမ့်ခနဲ တုန်သွားလေသည်။

'ဘာဖြစ်လို့လဲ ကျွန်မကို ပြောပါဦး ဘာဖြစ်လို့လဲ'

ငွေဝန်းက အသံစူးစူးလေးဖြင့် အော်ဟစ်ပစ်[illegible]

www.burmeseclassic.com

www.burmeseclassic.com



ထိုအော်သံကို ကြားရတော့မှ ထျန်းအုခ်ထန်သည် ထိန်းချုပ်ရကောင်းမှန်း သိသွားသည်။ သူ ထိုးချပစ်လိုက်သော ဘွေပီးကို လက်ကမ်းပေးလျက် ထူဖို့ကြိုးစားသည်။

ဘွေပီးက သူ့လက်ကို မယုံသင်္ကာဖြင့် တွန်းဖယ်ထုတ်ပြီး သူ့ဟာသူ ထရပ်လိုက်သည်။ သူက ဘွေပီးကို တိုင်တည်နေပြန်သည်။

'မင်းစဥ်းစားကြည့်ဘွေပီး။ ငှက်တွေကို ငါမွေးလာတာ နှစ်တွေ ကြာခဲ့ပြီ။ ဘာမှမဖြစ်ဘူး။ ဒီမိန်းမနဲ့ဟိုလူနဲ့ ရောက်လာပြီးမှ'

သူမ၏ဒေါသ လွင့်စဥ်သွား၏။ စိုးရိမ်ပူပန်စိတ်ဖြင့် ရင်ထဲမှာ လှိုက်ဟာသွားသည်။

'ငှက်တွေ...၊ ငှက်တွေဘာဖြစ်လို့လဲ'

ငွေဝန်း အယောင်ယောင်အမှားမှား မေးမိတော့ သူက မှုန်ကုပ်ကုပ်မျက်နှာဖြင့် ခပ်ပြတ်ပြတ်ပြောသည်။

'မရှိတော့ဘူးလေ၊ နှစ်ကောင်လုံး မရှိတော့ဘူး'

အို...။

'ငါ့ငှက်တွေ ဘယ်မှာလဲ'

ဘုရားရေ။

သူ သူမအနီးသို့ ပြုန်းခနဲရောက်လာသောအခါ သူ့ဒေါသ၏ ပူနွေးမှုကို ငွေဝန်း ခံစားလိုက်ရသည်။ ထို့ကြောင့် ဘွေပီး၏လက်ကို အားကိုးတကြီး လှမ်းဆုတ်ကိုင်ထားလိုက်ရသည်။

'ငှက်တွေကို ဒီလူ ဘယ်ယူသွားတာလဲ'

သူမ နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်သည်။

'ကိုထန်ပြောတာ ကျွန်မနားမလည်ဘူး။ ဒီလူဆိုတာ ဘယ်သူ့ကို ပြောနေတာလဲ'

'ဓါတ်ပုံဆရာ'

'အို သူပြန်သွားတာကြာလှပြီရော'

'အခု ငှက်တွေမရှိတော့ဘူး။ လှောင်အိမ်ပိုက်ကွန်လည်း



ပြဲနေတယ်။ စံလုံးလည်း ဆေးရုံပို့လိုက်ရတယ်'

သူတို့နှစ်ယောက် အခုမှပင် သူ့စကားတွေကိုနားလည်သွားသည်။ အပြည့်အစုံတော့ မဟုတ်သေး။

'သူ အခု ဘယ်မှာလဲ'

ငွေဝန်းသည် သူ့ကို ရဲရဲတင်းတင်းကြည့်လိုက်၏။

'ကျွန်မ မသိဘူး'

'ငှက်တွေကို သူလိုချင်နေတာ ဖြစ်မယ်'

ဒါကို ငွေဝန်း မသိပါ။ သူမ သိသလောက်ကတော့ ပိုင်စိုးတစ်ခုခု အမှားအယွင်းလုပ်ခဲ့သော် ထိုတာဝန်က မိမိအပေါ်မှာ ရှိသည်။ ဘာကြောင့်လဲဆိုတော့ ပိုင်စိုးကို ထိုငှက်တွေအကြောင်း ပြောမိသူက မိမိ ဖြစ်နေခဲ့သောကြောင့်တည်း။

ယခုတော့ သူမ ဘာလုပ်ရမည်ကို ရှင်းရှင်းလင်းလင်း သဘောပေါက်သွားခဲ့ပါပြီ။ ထို့ကြောင့် ထျန်းအုခ်ထန်ကို ပြေပြစ်စွာ ပြောမိသည်။

'သူ ဒီကိုမလာဘူးလေ။ သူက ရန်ကုန်မှာ။ တကယ်လို့ ဒါတွေကို သူ လုပ်ခဲ့တာဆိုရင် ကျွန်မ တောင်းပန်ပါတယ်။ ကျွန်မကြောင့် ဖြစ်သွားခဲ့ရတာပါ။ ကိုထန်ကြေအေးအောင် ကျွန်မ ဘယ်လို လုပ်ပေးရမလဲ။ ဘယ်လိုဖြစ်စေချင်သလဲပြောပါ'

ထိုအခါ ထျန်းအုခ်ထန်က ဆံပင်ထဲသို့ လက်တွေထိုးသွင်းလျက် ဖွရှုပ်ကာ ညည်းညူသည်။

'ဘာလုပ်မှာလဲ။ ခင်ဗျား ဘာလုပ်လို့ရမှာလဲ'

ထို့နောက် သူ လှည့်ထွက်သည်။

ငွေဝန်း ဘာပြောရမှန်းမသိ။ ဘာလုပ်ရမှန်းမသိ။ နေရာတွင် ရပ်လျက် ကျန်ရစ်သည်။

ဗန်ဘွေ[illegible]မ်သည် လိုက်သွားရမလား။ ဆရာမဆီမှာ [illegible] နေခဲ့ရမလား။ ဝေခွဲမရ ဖြစ်နေ၏။ လက်သီးစာမိသွားသော [illegible]

www.burmeseclassic.com

www.burmeseclassic.com



မှ နာကျင်လာသည်။ လက်ဖြင့် ယောင်မှားစွာအုပ်ကိုင်လိုက်၏။ မိုးက တစ်ချက် သဲပက်လိုက်လို့ စိမ့်ခနဲချမ်းအေးသွားတော့ ဆရာမအိမ်ထဲမှာပဲ ကော်ဖီပူပူသောက်လျက် နေခဲ့တော့မည်ဟု ဆုံးဖြတ်လိုက်သည်။

လှေကားထိပ်ရောက်တော့ ထျန်းအုခ်ထန်က နောက်သို့ ပြုံးခနဲလှည့်ကြည့်၏။

'ခင်ဗျား ကျွန်တော့်ငှက်တွေကို ပြန်ယူပေးနိုင်မလား'

ငွေဝန်း ဆွံ့အသွားသည်။ အတန်ကြာမှ စကားစနိုင်သည်။

'ဘယ်ရောက်သွားမှန်းမသိတဲ့ ငှက်တွေကို...'

သူမ ခေါင်းရမ်းလိုက်သည်။ ဘာပြန်ပြောရမှန်း မသိပါ။

'ခင်ဗျားကို ကျွန်တော် စေတနာကောင်းကောင်းထားခဲ့ပါတယ်'

ထျန်းအုခ်ထန်က ယူကြုံးမရဟန်ဖြင့် ခပ်တိုးတိုးရေရွတ်သည်။ ထိုစကားကြောင့် ဗန်ဘွေမှူးမ်သည် အစ်ကိုထန့်နောက်မှ လိုက်သွားဖို့လိုမည်ဟု ဆုံးဖြတ်လိုက်ပြန်သည်။

'အစ်ကိုထန်'

သူ လှည့်မကြည့်တော့ပါ။ လှေကားမှ တဒိုင်းဒိုင်းပြေးဆင်းသွားတော့သည်။

'အစ်ကိုထန် ခဏနေဦး'

သူကြားသွားပြီး မိုးရေထဲမှာ ခဏရပ်သည်။ ဗန်ဘွေမှူးမ်သည် ဆရာမအား ခေါင်းညွှတ်ကာ နှုတ်ဆက်လိုက်သည်။

'ကျွန်တော် ပြန်လာမယ်နော်ဆရာမ'

သူမသည် သူတို့ပြေးထွက်သွားသည်ကို လှမ်းကြည့်နေရင်းက မျက်ရည်တွေတွေကျလာခဲ့သည်။

◆



မင်းဟာ
ကိုယ့်အိပ်မက်ကောင်းကင်မှာ
လွင့်မြောနေတဲ့
ညနေခင်းတိမ်တိုက်ပါကွယ်။

၁၅

နံနက်ခင်းနှင်းထု၏အောက်တွင် မြင်ရသမျှ မျက်စိအောက်က စိုက်ခင်းသည် ဖရိုဖရဲပြန့်ကြဲလျက်ရှိသည်။

စိုက်ခင်းဘေးတစ်လျှောက် ကာရံစိုက်ပျိုးထားသော မုန့်ညင်းပင်တို့သည် အပိုင်းပိုင်းအပြတ်ပြတ်။ ပြောင်းပင်တွေကတော့ အနီရောင်ရွှံ့ပြင်ထဲမှာ နစ်မြုတ်ကျိုးပြတ်လျက်ရှိသည်။ နွားခြေရာတွေကလည်း ဗွက်ထနေသည်။

မြင်ကွင်းကို ကြည့်ပြီးနောက် သူမ၏ဒူးများညွတ်ခွေကျသွားသည်။ ခိုက်ခိုက်တုန်ချမ်းလှသည့်ရာသီမဟုတ်။ သို့သော် မရှုမလှပျက်စီးနေသောအပင်များကို ငေးကြောင်ကြည့်ရင်းက ငွေဝန်း မေးတဆတ်ဆတ်တုန်လာခဲ့သည်။ ချမ်းလို့မဟုတ်လျှင် ကြောက်လို့လား။ သူမ ဘာကို ကြောက်နေတာလဲ။ မမြင်နိုင်သည့်ကံကြမ္မာဆိုတာကိုလား။ နောက်တစ်ကြိမ်အုပ်လိုက်သင်းလိုက် ရောက်လာပြီးနင်းချေစားသောက်သွားမည့် နွားနောက်တွေကိုလား။

ကူကယ်ရာမဲ့သည့် မိန်းမသားတစ်ယောက်၏လက်နှစ်ဖက်

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် အားသွန်ခွန်စိုက် ပြုစုပျိုးထောင်ထားသည့် စိုက်ခင်းကိုမှ ဖျက်ဆီးရန် သည်နွားတွေကို ဘယ်လိုနတ်ဆိုးတွေက တွန်းပို့လိုက်ပါသလဲ။

မျက်လုံးအိမ်မှ မျက်ရည်များလျှံကျလာသောအခါ ပါးပြင်နှစ်ဘက်မှာ အနည်းငယ်နွေးသွားသည်။ ခဏငေးမော ကြောင်နေမိပြီးနောက် ခေါင်းတစ်ချက် ဆတ်ခါပစ်လိုက်သည်။ ဘာလဲ။ ကံကြမ္မာက ကျွန်မကို ငိုကြွေးစေချင်သတဲ့လား။ ဝေးပါသေးသည်။ ဘာအနှောင့်အယှက်ကိုမှ မကြောက်လို့ တောခေါင်ခေါင် ဆွေမရှိ မျိုးမရှိ သူစိမ်းဒေသသို့ တစ်ယောက်တည်းလာခဲ့သည်မဟုတ်လား။ ကျွန်မ မငိုနိုင်ပါ။

ခပ်လှမ်းလှမ်းမြင်ရသမျှတွင် အကောင်းပကတိ အပင်လေးတွေလည်း ကျန်နေသေးသည်။ သူမ အားတင်းလိုက်ရပါသည်။ နေရောင်မထွက်လာသေး။ အချိန်တွေများစွာကျန်သေးသည်။ သည်ကနေ့ ပြီးနိုင်သလောက် စိုက်ခင်းတွေကို ပြန်စိုက်မည်။ သူမမှာ လက်နှစ်ဘက်ရှိသည်။

'ကျွန်မမှာ လက်နှစ်ဘက်ရှိတယ်။ ဘယ်သူ့ကိုမှ မှီခိုအားကိုးစရာမလိုအောင် စိတ်ခိုင်မာတယ်။ ဘာမှမလိုဘူး'

သူမသည် ရေရွှတ်လျက် အပင်များကို ပြန်လည် စိုက်ပျိုးနေလိုက်သည်။ ပြတ်သွားသောအပင်တွေကို ဖယ်ထုတ်၊ လဲပြိုနေသောအပင်တွေကို ပြန်ထောင်မတ်လျက်စိုက်၊ နေမမြင့်မီ ဟောသည်တစ်တန်းပြီးရမယ် ဟု စိတ်ထဲက ဆုံးဖြတ်ထားသည်။ မိုးငွေ့ပါသောလေက ဖြန်းခနဲ တိုက်ခတ်လိုက်သောအခါ သူမ စိမ့်တုန်သွား၏။

ဘုရားရေ။ မိုးရွာဦးမည်။ သူမဘာဖြစ်လို့ မိုးကာအင်္ကျီယူလာဖို့ မေ့ရတာပါလိမ့်။ အို ရွာပါစေ။ ရွာတော့ ယာစောင့်တဲလေးမှာ ခဏပြန်နားနေလိုက်မည်။ မိုးမရွာသေးခင် စိုက်စမ်းပါ။ မြန်မြန်။

သူမသည် အပင်များကို တစ်ပင်ချင်းကောက်ယူကိုင်ကြည့် ရွေးချယ်လျက် ကိုယ့်ကိုယ်ကိုအားတင်း ထူမတ်ကာ မြေထဲစိုက်ထည့်နေမိသည်။ ရွှံ့ထဲတွင် ဒူးထောက်ကာငုံ့စိုက်နေရသဖြင့် ငွေဝန်းညောင်းညာလာသည်။ လက်တွေကလည်း နာကျင်လှသည်။ သူမသည် ဒူးထောက်လျက်ထိုင်ချလိုက်ရင်း လက်နှစ်ဘက်ကို ဖြန့်ကြည့်လိုက်မိသည်။ ရွှံ့နီတွေပေကျံနေသော လက်ဖဝါးနှစ်ဘက်မှာ တဆတ်ဆတ်တုန်နေသည်။

ဒါ ကျွန်မ ရွေးချယ်လိုက်တဲ့ဘဝ။ ဘယ်သူကမှ တွန်းပို့လိုက်တာမဟုတ်ဘူး။ ကိုယ်ရွေးတဲ့ဘဝအတွက် ကိုယ်ဘာမှညည်းညူနေစရာ မလိုဘူး။

စိတ်ထဲက တတွတ်တွတ်ပြောလျက် နောက်ထပ်အပင်တစ်ပင်ကို ကောက်ကိုင်လိုက်သည်။

သူမဘေးမှာ တစ်ခုခုထူးခြားလာသလိုပဲ။ အေးစက်စိုထိုင်းနေသည့်ပတ်ဝန်းကျင်မှာ ခပ်နွေးနွေးဖြစ်သွားသလို။ မိုးမရွာတော့ဘူးလား။ သူမ ကောင်းကင်ကို မော့ကြည့်လိုက်သည်။ ဟင့်အင်း ကောင်းကင်ဆီကထူးခြားတာမဟုတ်။ သူမနောက်ဘက်က...

ငွေဝန်း ရုတ်တရက် လှည့်ကြည့်လိုက်မိသည်။

အမေ့။

သူမနောက်မှာ တိမ်ငွေ့တွေထဲမှာ တစ်စုံတစ်ယောက် မတ်တတ်ရပ်နေသည်။ နီးကပ်လွန်းသဖြင့် သူ့ကိုယ်က သူမနှင့် ချက်ချင်းပေါင်းစပ်သွားတော့မလိုပင် ထင်ရသည်။ ချင်းစောင်ချည်ထည် အစင်းကျားကို ကိုယ်မှာလွှမ်းခြုံထားသည့် ယောကျ်ားတစ်ယောက် မှန်းသာသိပြီး သူ့မျက်နှာကို သူမ မမြင်နိုင်။ မော့ကြည့်မှမြင်ရမည်။

သို့သော် မော့ကြည့်စရာမလိုလိုက်ပါ။ သူက ဒူးထောက်ထိုင် ချလိုက်သောကြောင့် ဖြစ်သည်။

''ဆရာမ''

တိုးတိတ်သော သူ့အသံသည် နာကျင်မှုစွက်နေသလို ထုံခိုက် နေ၏။ ထိုအသံကြောင့် သူမ ရင်ထဲမှာ လှိုက်ခနဲနွေးလျက်



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းနည်း သွားပါသည်။ သူမ မျက်စိတည့်တည့်မှာရှိသော သူ့ရင်ညွန့်သည် သူမ နှုတ်ခမ်းတွေနှင့် နီးလွန်းသဖြင့် ထိကပ်တော့မလို ထင်ရသည်။

ငွေဝန်း၏လက်နှစ်ဘက်သည် ကြီးမားကျယ်ပြန့်သောလက်အစုံ၏ ဆွဲယူဆုပ်ကိုင်မှုကို ခံလိုက်ရသည်။

ဟင့်အင်း။

သူမ အယောင်ယောင်အမှားမှား ရုန်းပစ်လိုက်မိသည်။ သို့သော် ရုန်း၍မရပါ။ ဆုပ်ကိုင်မှုက မြဲမြံလွန်းသောကြောင့်ဖြစ်သည်။

'ဆရာမရယ်'

သူမ၏ရှို့ပေနေသောလက်နှစ်ဘက်ကို သူ့မျက်နှာတွင် အပ်လိုက်လေသည်။ ထိုအချိန်ကျမှ သူမ၏ တင်းထားသောစိတ်က ပြိုကွဲကာ မျက်ရည်ကျလျက်ရှိုက်ငိုမိတော့သည်။

'မငိုနဲ့နော်၊ မငိုပါနဲ့'

ငွေဝန်းတစ်ကိုယ်လုံး ယိမ်းယိုင်လာသည်။ သူမ သူ့ကို မှီတွယ် ပစ်လိုက်ချင်၏။ သို့သော် သူက သူမလက်ဖဝါးနှစ်ဘက်မှလွဲ၍ ဘာကိုမှမထိ။ မကိုင်။

ဘုရားရေ။ ကျွန်မ မောလိုက်တာ။

သူမမျက်စိကို တအားမှိတ်ထားခိုက် သူက စကားတစ်ခွန်းကို တိုးတိတ်စွာပြောသည်။

'ကျွန်တော်တို့ ဒီစိုက်ခင်းကို ပြန်စိုက်ကြမယ်ဆရာမ'

သူ့စကားအဆုံးတွင် ပတ်ဝန်းကျင်တစ်ခုလုံး ငြိမ်သက်အေးချမ်း သွားလိုက်သည်မှာ တောင်ထိပ်ဆီကသစ်ပင်တို့၏ သစ်ရွက်သစ်ခက် လှုပ်ခတ်သံကိုပင် မကြားရ။ အဝေးဆီမှ ပြေးလာသော မိုးငွေ့ရောသည့်လေကိုပင် မခံစားရ။ သူမကြားရသမျှမှာ သူမ မျက်နှာနှင့် တော်တော်နီးကပ်နေသည့် သူ့ရင်ခွင်ဆီမှ အသက်ရှူသံသဲ့သဲ့နှင့် နှလုံးခုန်သံသဲ့သဲ့သာ ဖြစ်သည်။



ဟုတ်လား။ နှလုံးခုန်သံကို ကျွန်မ ကြားရသလား။ မဖြစ်နိုင်ဘူးထင်တယ်။ ကျွန်မနဲ့သူ အဲဒီလောက် ထိကပ်နေခြင်းမရှိပါ။

ဒါပေမဲ့ ရင်ငွေ့နွေးနွေးကိုတော့ သူမ ခံစားလို့ ရနေသည်။

ယောကျ်ားတစ်ယောက်၏ရင်ခွင်နှင့် သည်လောက် နီးကပ်နေတော့မှ မိမိကိုအားပေးနှစ်သိမ့်သည့်ရင်ခွင်တစ်ခု သူမမှာ တစ်ခါမှ မရခဲ့ဖူးသည်ကို သတိထားမိသည်။

သူမ ကြည်နူးစွာပြုံးမိသည်။

'ကျွန်တော် မှားသွားပြီဆိုတာ ညကတည်းက ကျွန်တော်သိလိုက်တယ်။ မှားမှန်းသိသိချင်း ဆရာမဆီကို ကျွန်တော်လာချင်ပေမယ့် မလာကောင်းလို့ မလာခဲ့ရဘူး၊ ညတစ်ညလုံး ကျွန်တော် ဘယ်လိုနေရမှန်းမသိဘူး ဆရာမရယ်'

ကျွန်မကတော့ ရှင်စိတ်ဆိုးပြေဖို့က ကျွန်မအတွက် ဘယ်လောက်အထိ အရေးကြီးနေခဲ့သလဲဆိုတာကို အသိနောက်ကျခဲ့ပါတယ်။

'ကျွန်မလေ…'

သူမ စကားစမလို့ပြင်ဆဲ ဖြုန်းခနဲ မိုးတွေရွာချလိုက်လေသည်။

'ဟာ'

သူလွှတ်ခနဲအော်လိုက်ပြီး ကောင်းကင်ကို အမှတ်တမဲ့ မော့ကြည့်လိုက်သည်။ သူမ ကမန်းကတန်း ထရပ်ဖို့ပြင်ရသည်။ သို့သော် အံ့သြစရာကောင်းလိုက်တာ။ သူက ငွေဝန်းလက်ဖျားတွေကို တင်းတင်းဆုပ်ထားရာမှမလွှတ်ဘဲ သူမကို ရုတ်တရက် ပွေ့ချီယူလိုက်လေသည်။

'အို'

တစ်ကိုယ်လုံး မြောက်ခနဲလွင့်သွားသောအခါ သူမ [illegible]ကာ အော်လိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



'ထျန်းအုခ်ထန်'

'ဆရာမကို မိုးလွတ်တဲ့နေရာကို ပို့ပေးမယ်လို့။ ဘယ်လိုမှ မထင်ပါနဲ့'

ထို့နောက် လွင့်မျောသော တိမ်ငွေ့တွေနှင့်အတူ သူက ပြေးလေသည်။ သူမသည် သူ့ရင်ခွင်ထဲမှာလိုက်ပါရင်း၊ ပိတ်ဆီးနေသော အဖြူရောင် တိမ်ငွေ့တွေထဲသို့ တိုးဝင်သွားရင်း၊ မိုးစက်တွေက သူမ မျက်နှာသို့ လာထိနေသည်ကို ခံလို့ကောင်းနေသည်။ တောင်အဆင်းမို့ သူသည် ခြေလှမ်းကို ထိန်းချုပ်ဖို့ခက်ခဲသည်။ လူက စိုက်ခနဲစိုက်ခနဲ အောက်သို့အရှိန်ဖြင့် ဆင်းနေသည်။ သူမသည် သူ့ရင်ခွင်မှ ပြုတ်ကျသွားမှာကို စိုးရိမ်မိကာ သူ့လည်ကုပ်ကို ခိုတွဲလိုက်ပါလေသည်။

ကြည့်စမ်း။ ဘယ်လောက်ချစ်စရာကောင်းလိုက်တဲ့ ယောကျ်ားလဲ။

ကျွန်မကို မိုးစိုမှာစိုးလို့တဲ့။ တောင်အဆင်းကို အပြေးဆင်းနေလိုက်တာ။ သူ့လက်မောင်းတွေက ပေါင်တစ်ရာ့နှစ်ဆယ်အလေးကိုများ ပေါ့ပေါ့လေးမြှောက်ချီလိုက်လို့။

သူမသည် သူ့ရင်ခွင်ထဲမှာ ငြိမ့်ခနဲငြိမ့်ခနဲလှုပ်ခတ်လိုက်ပါလျက်က ပြုံးရယ်ချင်လာသည်။

ပျက်စီးနေသော ပြောင်းခင်းတွေကြားမှာ မြုပ်လုမတတ်ရှိနေသည့် ယာတဲလေးအတွင်းသို့ ချက်ချင်းပင် ရောက်သွားသည်။

သူမသည် သူ့လက်မောင်းနှင့်လွတ်သွားပြီး သူ့ရင်ခွင်မှ ဝေးသွားလေသည်။

'ဆရာမ ဒီနားမှာ ထိုင် နော်'

ပုံထားသည့်မြက်ခြောက်များကို မြေပြင်ပေါ်မှာဖြန့်ခင်းပေးသည်။ မြက်တွေကိုထူထူခင်းလိုက်သည့်အခါ ထိုမြက်ပေါ်မှာထိုင်ရတာ နွေးသွားသည်။ မဟုတ်။ သူ့ရင်ခွင်ငွေ့က နွေးနေတာ။



သူမသည် ကိုယ့်အတွေးနှင့်ကိုယ် ရှက်သွားကာ မျက်လွှာချလိုက်မိသည်။

သူက သူမရှေ့တွင် ထိုင်ချလိုက်သည့်အခါ နေရာကကျဉ်းနေသဖြင့် ကပ်ကပ်လေးဖြစ်နေလေသည်။ သူ့အသက်ရှူသံက ပြင်းနေသည်။ တောင်အဆင်းပေမဲ့ သူမ ကိုယ်အလေးချိန်ကြောင့် သူ မောနေသည်။

'ကျွန်မကြောင့် မောနေရပြီ'

အသံတုန်တုန်ဖြင့် ပြောမိပြောရာပြောလိုက်မိသည်။

'ဆရာမ ချမ်းသလား'

သူက သူခြုံထားသည့်ချည်စောင်ကျားကို ဆွဲခွာလိုက်ပြီး သူမကို ခြုံပေးသည်။

အို ကျွန်မ အသံတုန်တာက ချမ်းလို့မဟုတ်ပါဘူး။

သို့သော် ဘာဖြစ်လို့ အသံတွေတုန်ရီသွားခဲ့မှန်းလည်း သူမ မပြောတတ်။ နှုတ်ခမ်းတွေ နွေးထွေးသွားသည်ကိုတော့ သိသည်။

'မချမ်းပါဘူး'

သူက သူမနဖူးဆီမှ မိုးစက်စွန်းထင်းသောဆံပင်တို့ကို လက်ဖြင့် သပ်ဖယ်ပေးသည်။ သူ့မျက်လုံးတွေမှာ နူးညံ့သည့်အရိပ်တို့ဖြင့် ညိုလဲ့နေ၏။

'စိတ်မပျက်နဲ့နော်ဆရာမ ကျွန်တော်ဆရာမအနားမှာရှိတယ်'

နဖူးနှင့်ပါးပြင်သို့ လက်ဖျားဖြင့် ရွရွလေး သူထိကိုင်လိုက်သောငြင်သာသည့်နွေးထွေးမှုသည် သူမနှလုံးသားထဲထိ နွေးသွားစေခဲ့သည်။

'နွားတွေမလာအောင် ဘယ်လိုလုပ်ရမလဲဟင်'

သူက သူမအား ရှူးဟု အသာနှစ်သိမ့်သည်။

'မစိုးရိမ်ပါနဲ့ဆရာမရယ် ကျွန်တော် တစ်နည်း...

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ကွယ်ပေးမှာပေါ့။ နောက်ကို နွားတွေလာမှာမဟုတ်ပါဘူး'

ထို့နောက် သူက သူမ၏လက်ဖျားလေးတွေကို ခပ်တင်းတင်းဆုပ်ညှစ်အားပေးလိုက်သည့်အခါ သူမတစ်ကိုယ်လုံး နွမ်းလျစွာ ချိုမြိန်သွားသည်။

သူမမှာ နွဲ့မှီစရာ ရင်ခွင်တစ်ခုရှိလာတော့မှာလား။

တောင်နံရံ၏ ချောက်ကမ်းပါးအစွန်းမှာ တိမ်ငွေ့များလွှမ်းခြုံ မှုန်မှိုင်းလျက် လွင့်မျောစွာရပ်နေသော နောင်တများစွာနှင့် မိန်းမတစ်ယောက်။ စိုးရိမ်ပူပန်သောမျက်ဝန်းများဖြင့် သူမအား ကြည့်နေသည်။

ငွေဝန်း နှလုံးသားဆီမှာ နင့်သည်းစွာပူလောင်သွား၏။

သူမသည် ထျန်းအုခ်ထန်နှင့် ဝေးကွာအောင် နောက်သို့ဆုတ်လိုက်မိတော့သည်။



သစ်သီး၏အကျိုးပြုမှုသည် အဖိုးတန်ပါ၏။
ပန်းပွင့်၏အကျိုးပြုမှုသည် မွှေးပျံ့ပါ၏။
သို့ရာတွင် ငါ၏အကျိုးပြုမှုကား
နှိမ့်ချရိုကျိုးသောအရိပ်ကိုပေးသည့်
သစ်ရွက်၏အကျိုးပြုမှု ဖြစ်စေသတည်း။

၁၆

'ဆရာမကိုကျွန်တော် ဒီမှာပဲတစ်သက်လုံးနေစေချင်တယ်'

'ဘာပြောတယ်'

ထျန်းအုခ်ထန်၏စကားကြောင့် ငွေဝန်းသော်တာအားနှလုံးသားကို ကြမ်းတမ်းစွာဆွဲဆုပ်ညှစ်ခံလိုက်ရသလို နာကျင်တင်းကြပ်သွားသည်။

'ခဏလေး။ ဒေါသမကြီးပါနဲ့ ဆရာမ။ ဆရာမ မနေနိုင်ဘူးဆိုတာကျွန်တော်သိတယ်။ ဒါကြောင့် ဒီကနေမပြန်ပါနဲ့လို့ ဘယ်တော့မှမတားပါဘူး'

အို။

ငွေဝန်းသော်တာသည် ဘာစကားပြန်ပြောရမှန်းတောင်မသိတော့။ ဟင့်အင်း သံယောဇဉ်မတွယ်ပါနဲ့ကွယ်။ ကျွန်မ သံယောဇဉ်ကို ထိတ်လန့်ပါတယ်။

ငွေဝန်းသော်တာသည် သူ့မျက်နှာကို ငေးကြည့်ကာ စကားဆွံ့အနေတော့သည်။ သူကလည်း နောက်ထပ်စကားမဆက်တော့သည်

www.burmeseclassic.com

www.burmeseclassic.com



အတိုင်း တစ်ပိုင်းတစ်စထားကာ စာသင်ခန်းအပြင်ဘက်က စင်္ကြံကို လှမ်းကြည့်နေသည်။ ကျောင်းဖွင့်သည့်အချိန်ဖြစ်သဖြင့် ကျောင်းသားတွေမရှိ၊ စင်္ကြံက ရှင်းလင်းနေသည်။

'ဒီမှာမနေတော့ဘဲ မြေပြန့်ဒေသနဲ့တခြားနိုင်ငံတွေကို ပြောင်းရွှေ့နေထိုင်တဲ့လူတွေအများကြီးပဲဆရာမ။ ဒါပေမဲ့ ကျွန်တော်က ကျွန်တော့်နေရာကိုပဲ ကြိုက်တယ်။ ကျွန်တော့်ဘဝကို ဒီအတိုင်းပဲ ကြိုက်တယ်'

ကျွန်မ ထျန်းအုန်ထန်ကို သိပ်နားမလည်သေးပါဘူး ဟု ကိုယ့်ကိုယ်ကို ရေရွတ်မိသည်။

အချစ်နဲ့နားလည်မှုနဲ့ အတူတွဲပြီးပါတတ်သလား။ နားမလည်နိုင်သေးခင် ချစ်မိသွားတော့ ဘယ့်နှယ်လုပ်ပါ့မလဲ။

အို ။ အချစ်ဆိုသည့်စကားလုံးက ဘာဖြစ်လို့ အာရုံထဲမှာ ပေါ်လာပါလိမ့်။ ကျွန်မမှာ အချစ်မရှိပါဘူး။ ကျွန်မလိုလူမျိုးမှာ အချစ်မရှိနိုင်ပါဘူး။

သူမသည် ခေါင်းထဲရောက်လာသော ကြည်နူးမှုလေးကို အတင်း ဖယ်ထုတ်ပစ်လိုက်သည်။

'အုန်သဲ ရှင် ပိုက်ဆံကို မလိုဘူးလား'

သူက ခေါင်းမာစွာပြုံးသည်။

'အသက်ရှင်နေဖို့လုံလောက်ရုံတော့ လိုတာပေါ့။ ဒါ့ထက်တော့ ပိုမလိုပါဘူးဆရာမ'

'ဂျူလီယာ့ဘဝအတွက်ရော'

'သူ့ကို ကျွန်တော်ပညာသင်ပေးပါတယ်။ သူ ဒီမှာနေချင်ရင်နေ ဒီကနေထွက်ချင်ရင်ထွက်လို့ရအောင်ပေါ့။ ဒါပေမဲ့ သူကလည်း ဒီမှာပဲနေချင်တာပဲ'

'ဒီမှာပဲနေချင်တယ်လို့ ရှင်ဘယ်လိုလုပ်သိလဲ'

'ကျွန်တော့်ညီမကို ကျွန်တော်သိပါတယ်။'



'ဒါမှမဟုတ် ဒီမှာပဲနေချင်အောင် ရှင်ကပဲ သူ့ကို ညှို့ထားသလား'

သူမ အပြုံးလေးဖြင့်မေးလိုက်သည်။

သူက ပြန်မပြုံးပါ။ ခေါင်းကိုသာခါယမ်းသည်။

'ဆရာမ ငွေဝန်းသော်တာ တယ်လီဖုန်း'

အပြင်ဘက်မှာ ကွန်ပျူတာခန်းက ကျောင်းသားတစ်ယောက်လာရပ်ပြီး အကြောင်းကြားသည်။

သူမ ထိုင်ရာမှဖျတ်ခနဲထလိုက်ပြီး ခပ်သွက်သွက်ပြေးထွက်ခဲ့သည်။

'အစ်မရေ ကျွန်တော် ပိုင်စိုးပါ။ အစ်မနေကောင်းတယ်နော်'

ပိုင်စိုး။ ငွေဝန်း သူ့ကို အခုတလော ခဏခဏသတိရနေမိ၏။

'ဟုတ်ကဲ့ ကောင်းပါတယ်၊ အခု ဘယ်ကဆက်တာလဲ'

'ရန်ကုန်ကလေအစ်မ၊ မနေ့ကပဲ ဘွဲ့ပေးဆိုက စာရတယ်။ ကိုထန့်ရဲ့ အောက်ချင်းငှက်တွေ ပျောက်သွားလို့ဆို'

ငွေဝန်း ရင်ထဲမှာ တင်းကြပ်သွားသည်။

'ဟုတ်တယ်၊ ဒါနဲ့ ငှက်တွေအကြောင်း မင်း ဘယ်သူ့ကိုများ စကားစပ်ပြီးပြောလိုက်မိသေးသလဲ'

'ကျွန်တော် ဘယ်သူ့ကိုမှ မပြောဘူးအစ်မ၊ ကျွန်တော် အဲဒီက ပြန်လာပြီး ဖိုတိုအက်ဆေးတစ်ပုဒ်ပြင်ဆင်နေတုန်းရှိသေးတယ်။ အဲဒါကလည်း ငှက်တွေအကြောင်းမပါဘူး။ Energyဆိုတဲ့ ခေါင်းစဉ်ပါ။ ဒါလည်း ပုံနှိပ်တဲ့အဆင့်တောင် မရောက်သေးပါဘူးဗျာ။ ဘယ်သူမှ လည်း ဒီဓါတ်ပုံတွေကို မကြည့်ရသေးဘူး'

သူဘယ်သူ့မှမပြောမိ ဆိုတော့ တစ်ဘက်အတွက် စိတ်သက်သာသွားသည်။ သို့သော် တခြားဘက်ကတော့ စိတ်[illegible]သည်။

www.burmeseclassic.com

www.burmeseclassic.com



အခြင့် ဘယ်သူက ငှက်တွေအကြောင်း သိပြီးခိုးသွားနိုင်မလဲ။

'နိုးခံရတာသေချာရဲ့လားအစ်မ၊ လွတ်သွားတာရောမဖြစ်နိုင်ဘူးလား'

ဟိုဘက်ခန်းက လှမ်းစကားပြောနေသလိုပင် သူ့အသံက တယ်လီဖုန်းထဲမှာ ပီပီပြင်ပြင် ကြည်လင်နေ၏။

'အို အစောင့်ကိုတောင် ရိုက်နှက်သွားတာဥစ္စာ။ ဟိုမှာ မသေရုံတမည် ကျန်ခဲ့တာ'

သူ့အသံ တစ်ခဏ တိတ်ဆိတ်သွားသည်။ ငွေဝန်းလည်း ဘာဆက်ပြောရမှန်းမသိ။ ငှက်တွေအကြောင်းမေးဖို့ ဖုန်းဆက်ရမည့်သူအဖြစ် သူ ဘာကြောင့် ငွေဝန်းကို ရွေးချယ်လိုက်တာလဲဟု ခဏ စိတ်ရှုပ်ထွေးသွားမိသော်လည်း ချက်ချင်းပင် သဘောပေါက်လိုက်သည်။ တယ်လီဖုန်းဆက်သွယ်ဖို့လွယ်ကူသူ၊ ငှက်တွေအကြောင်းလည်း အပီအပြင်ပြောနိုင်သူက ငွေဝန်းပဲရှိသည်မဟုတ်လား။

'စိတ်မကောင်းစရာအစ်မရယ် နှစ်ကောင်လုံးမရှိတော့တာလား'

'နှစ်ကောင်လုံး လို့ထင်တယ်။ အဲဒီနေ့က ထျန်းအုန်ထန်လိုက်သွားပြီး နေရာတစ်ခုလုံး လိုက်ရှာကြည့်သေးတယ်။ ငှက်နှစ်ကောင် လုံး မတွေ့ရဘူး။ နောက်ပြီး သူတို့အောက်ချင်းငှက်မျိုးက အဖိုနဲ့အမ ဘယ်တော့မဆို တတွဲတွဲ၊ မခွဲဘူးမဟုတ်လား'

'ဟုတ်တော့ဟုတ်ပါတယ်။ ဒါပေမဲ့ သူတို့ချင်း ခွဲတဲ့အချိန် တစ်ချိန်တော့ရှိတယ်လေ အစ်မ'

သူမ မျက်မှောင်ကြုတ်လိုက်မိသည်။

'ဘယ်အချိန်လဲ'

'ဥပေါက်တဲ့အချိန်'

အော်။

'ဥပေါက်တဲ့အချိန်မှာ အောက်ချင်းငှက်မက သစ်ခေါင်းထဲမှာ



သူ့ကိုယ်သူလှောင်ပိတ်ပြီး နေလိုက်တော့တာ။ လုံးဝကို ပြန်မထွက်တော့ဘူး။ အဖိုက အပြင်ဘက်မှာ ကျန်ခဲ့တယ်။ အမက ဥမပေါက်မချင်း အဲဒီသစ်ခေါင်းထဲမှာ...အဲ ဒါနဲ့ အစ်မ...၊ ကျွန်တော်တို့ သွားကြည့်တုန်းကလည်း တစ်ကောင်တည်းတွေ့ခဲ့တာနော်။ တစ်ကောင်က ဘယ်ရောက်နေပါလိမ့်'

'အင်း ဟုတ်တယ်'

အဲသည်တုန်းကရော အမဘယ်ရောက်နေခဲ့ပါလိမ့်။ ဘယ်တော့မှ မခွဲသည့်ငှက်နှစ်ကောင်က ဘာဖြစ်လို့ တစ်ကောင်တည်း ဖြစ်နေရသလဲ။ ကေနွ...။

သူမ ရင်ထဲမှာ မျှော်လင့်ချက်မှျင်မှျင်လေးဖြင့် လှုပ်ခတ်သွား၏။

'ပိုင်စိုး မင်းဘယ်လိုထင်လို့လဲဟင်'

'ကျွန်တော်မသိဘူးအစ်မ။ အောက်ချင်းငှက်တွေ ဘယ်တော့ ဥပေါက်သလဲမသိဘူး။ ဒီရာသီက သူတို့ ဥပေါက်တဲ့ရာသီလား။ နောက်ပြီး ဥပေါက်ဖို့သူတို့အတွက် ကိုထန်က သစ်ခေါင်းကြီးကြီးပါတဲ့ သစ်ပင်ကို ခြံထဲမှာ ထည့်ထားခဲ့ရဲ့လား။ ကျွန်တော်မသိဘူးလေ။ ဒါတွေကို သူမှ သိမှာပဲ'

ဟုတ်တယ်။ သူမှ သိမှာ။

ထို့နောက် ပြောစရာစကားကုန်သွားသလိုပင် နှစ်ယောက်လုံး တိတ်ဆိတ်သွားကြ၏။ တိတ်ဆိတ်မှုဖြင့် သူမ မနေတတ်ပါ။ စကားစပြန်ရှာရမည်ဟု တွေးမိသော်လည်း သူ့ကို ဘာစကား စပြောရမှန်းမသိ။ တစ်ဘက်က ချောင်းတစ်ချက်ဆိုးလိုက်သည်။

'ဒါနဲ့ အစ်မ ကျွန်တော်ပေးခဲ့တဲ့ သစ်ခွလေး အသက်ရှင်နေသလား'

'အော် အေး ရှင်တယ်လေ။ အခု နောက်ထပ် ပန်းပွင့်လေးတွေတောင်ပွင့်နေတယ်။ အားလုံး ငါးပွင့်ရှိသွားပြီ'

www.burmeseclassic.com

www.burmeseclassic.com



'အော် ကောင်းလိုက်တာ၊ ကျွန်တော်ပေးခဲ့တဲ့ ပန်းပင်လေးကို စေတနာထားပြီး အသက်ဆက်ပေးလို့ ကျေးဇူးတင်ပါတယ်'

သူမ သဘောကျစွာ ပြုံးလိုက်မိသည်။

'ဘွေပီးကို ကျေးဇူးတင်တဲ့အကြောင်းပြောပေးပါနော်အစ်မ။ ကျွန်တော် သူ့ဆီစာပြန်လိုက်မယ်ဆိုတာလည်း ပြောပေးပါ'

'အိုကေ'

တခြားထွေထွေထူးထူးနှုတ်ဆက်မှုမရှိဘဲ ဒါပဲနော်အစ်မ ဟု ပြတ်တောက်စွာ ဖုန်းချသွားသည်။

ထျန်းအုခ်ထန်ဆီသို့ ငှက်မ၏ဖြစ်နိုင်ချေကို သတင်းပေးရန် သူမ အပြေးအလွှားပြန်လာခဲ့သည်။

'အုခ်သဲ'

သူက ပြတင်းမှာရပ်လျက် အောက်ဘက်က ဟားခါးမြို့မြင်ကွင်းကို လှမ်းကြည့်နေသည်။ အောက်ဘက်မှ တက်လာသော တိမ်ထု၏အဖြူရောင်အငွေ့တွေက သူ့ကိုလွှမ်းခြုံထားသဖြင့် သူသည် အိပ်မက်တစ်ခုပမာ ဝေဝါးနေလေသည်။

'ပိုင်စိုးဆီက တယ်လီဖုန်း'

ပိုင်စိုးဟူသောနာမည်ကြောင့် သူ့မျက်လုံးတွေ မှုန်မှိုင်းသွားသည်။

'အခု သူ့ဆီကနေ ကျွန်မ စိတ်သက်သာစရာ မျှော်လင့်ချက်တစ်ခုတော့ သိလိုက်ရပြီ'

ထျန်းအုခ်ထန် စိတ်ဝင်စားသွားသည်။

'ဘာမျှော်လင့်ချက်လဲဗျ'

'ငှက်သွားကြည့်တုန်းက ကျွန်မတို့ ငှက်တစ်ကောင်တည်းတွေ့ရတာလေ။ အဲဒီနောက် ရှင်တစ်ယောက်တည်းသွားတဲ့ အချိန်တုန်းကရော တစ်ကောင်တည်းပဲတွေ့တာလားဟင်'

သူ မျက်မှောင်အနည်းငယ်ကြုတ်သွားသည်။



'အင်း'

'အောက်ချင်းငှက်တွေ ဥပေါက်တာ ဘယ်ရာသီလဲလို့ ပိုင်စိုးက မေးတယ်'

'ဥပေါက်တာ...'

သူ့မျက်လုံးတွေ တောက်ပသွားသည်။

'နောက်ပြီးတော့လေ၊ အဲဒီငှက်ခြံမှာ အောက်ချင်းငှက် အမ ဥဥဖို့ဆန့်တဲ့ သစ်ခေါင်းရှိသလား ဆိုတာ...'

'ဟာ ဟုတ်တာပေါ့။ ဥဥဖို့။ ကြည့်စမ်း ကျွန်တော် ဘာဖြစ်လို့ ဒါကိုသတိမရခဲ့တာလဲ၊ သေလိုက်စမ်းပါကွာ'

သူ ဖြုန်းခနဲ တံခါးဆီသို့ ခြေလှမ်းလှမ်းတော့မည်ပြင်ပြီးမှ

'တကယ်လို့သာ ငှက်မ သစ်ခေါင်းထဲမှာ ဥပေါက်နေပြီဆိုရင် အခုလောက်ဆို အစာငတ်ရေငတ်နဲ့ သေတောင်သေသွားပြီလား မသိဘူး။ ငါတော်တော်ညံ့တာပဲ'

သူ့ကိုယ်သူ အပြစ်တင်နေတော့သည်။

'ကျွန်တော် အခု အဲဒီကို သွားလိုက်ဦးမယ်'

'ကျွန်မ လိုက်ခဲ့မယ်လေ'

သူ မျက်လုံးတွေ တောက်ပသွားသည်။

'အေး ကောင်းတယ်'

သူတို့နှစ်ယောက်သည် ငှက်ခြံရှိရာသို့ အလောတကြီး သွားကြပါသည်။

ငှက်ခြံသို့သို့ နေ့လည် ၁၂နာရီမထိုးမီရောက် သွားသည်။

ကိုစံလုံးက ဆေးရုံမှဆင်းလာပြီဖြစ်သော်လည်း သိပ် နေမကောင်းသေးသဖြင့် တခြားလူတစ်ယောက်ကို အစောင့်ထားနေရသည်မှာ တစ်ပတ်ကျော်ပြီ။ ထိုအလုပ်သမားသည် မမျှော်လင့်ဘဲ သူတို့ရောက်လာတာ မြင်တော့ ပြာယာခတ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အုန်သဲက အစောင့်တဲမှာမနားဘဲ ငှက်များရှိရာသစ်ပင်ဆီသို့ တစ်ခါတည်းဆင်းသွားသဖြင့် ငွေဝန်းလည်း သူ့နောက်မှ ထက်ကြပ်မကွာ လိုက်သွားပါသည်။

သူတို့ သစ်တောအစပ်ရောက်တော့ မိုးက ဖြုန်းခနဲ ရွာချသည်။

'ဆရာမ၊ တဲမှာနေခဲ့'

'မနေဘူး'

သူ့လောက် စိတ်အားမထက်သန်သည့်တိုင် အောက်ချင်းငှက် နောက်တစ်ကောင် ကျန်နေသေးသလားဆိုသည့်အဖြေကို သူမ စိတ်ဝင်စားစွာသိချင်လှပြီဖြစ်သည်။

မိုးလွတ်ရာကို ပြေးခိုနေကြသည့် ငှက်တို့၏အသံစာစာကို ဟိုမှသည်မှကြားရသည်။ မြင်တော့မမြင်ရ။

အုန်သဲသည် ဘယ်မှာမှမနားဘဲ ပင်စည်ဖြောင့်တန်းသော သစ်ပင်မြင့်ကြီး တစ်ပင်ဆီသို့ တန်းတန်းမတ်မတ် လျှောက်သွားသည်။ အပင်ကြီး၏သစ်ခေါက်သည် မိုးရေစိုစွတ်သဖြင့် မဲနက်နေသည်။

'ကျွန်တော် ငှက်ခြံအဖြစ် နေရာရွေးတုန်းက သစ်ခေါင်းပါတဲ့ဟောဒီအပင်ကို အလယ်ဗဟိုထားခဲ့တာ သူတို့တွေ ဥပေါက်နိုင်မလားလို့ပေါ့''

သူတို့ သစ်ခေါင်းဆီသို့ ချဉ်းကပ်သွားကြသည်။

သစ်ခေါင်းပေါက်ကိုကြည့်ပြီး ငွေဝန်း အားလျော့သွားသည်။

သူပြောသည့် သစ်ခေါင်းအပေါက်က လက်ညှိုးတစ်ချောင်းထောင်ထားသလို အလျားရှည်ရှည် ကျဉ်းကျဉ်းလေး။ ကြီးမားသည့် အောက်ချင်းငှက် မဆိုထားနှင့် စာကလေး တစ်ကောင်တောင် ဝင်နိုင်မှာမဟုတ်။

ထိုအချိန်တွင် ထျုန်းအုန်ထန်ကတော့ စိတ်လှုပ်ရှားစွာ အော်လိုက်လေသည်။



'ဟာ ဟုတ်တယ်၊ သစ်ခေါင်းပေါက်ကို ပြန်ပိတ်ထားတယ်'

အုန်သဲက အပေါက်ကျဉ်းကလေးကို လက်ဖြင့် အသာအယာ ဖွဖွသပ်လိုက်သည်။ သူထိကိုင်နေပုံက ညင်သာနူးညံ့လှသဖြင့် သစ်ခေါက်ကိုထိတာနှင့်မတူ။ ငှက်တိရစ္ဆာန်လေးတစ်ကောင်ကို ချော့သိပ်နေသလိုမျိုးဖြစ်သည်။

သစ်ခေါင်းအပေါက်သည် သစ်ခေါက်မဟုတ်သော စေးကပ်မာကျောသည့်အရာတချို့ဖြင့် ပြန်လည်ဖာထားခြင်းခံရသည်။ အရောင်ကလည်း ခပ်ညိုညိုမဲမဲပင်ဖြစ်သည်။ ငွေဝန်းက ထိုသစ်ခေါင်းပေါက်လေးကို မမှိတ်မသုံ့မျက်လုံးများဖြင့် ကြည့်နေခိုက် အုန်သဲက သစ်ခေါင်းကို နားနားကပ်လျက် နားထောင်သည်။

'ဘာသံမှတော့ မကြားရဘူး'

သူက လေသံသဲ့သဲ့လေးဖြင့် သူမအား ပြောသည်။

'တစ်ပတ်တောင်ကြာခဲ့ပြီဆိုတော့ ငှက်တွေသေမယ်ဆိုရင် သေလောက်ပြီရော'

သူက သစ်ခေါင်းဝတွင်ပါးစပ်တေ့ကာ လက်နှစ်ဘက်ဖြင့် အော်လံသဖွယ်ကာ၍ လေချွန်သလိုအသံပြုသည်။ ခဏစောင့် နားထောင်ပြန်သည်။ သို့သော် ဘာသံမှမကြားရ။

ထို့နောက် လက်နှိပ်ဓါတ်မီးနှင့်အတွင်းသို့ ထိုးကြည့်သည်။ ဘာမှ မမြင်ရ။ သူ သစ်ခေါက်ကို လက်ဖြင့် ခေါက်ကြည့်သည်။

ဘာမှ မထူးခြား။

'ခဏနေဦး ကျွန်တော် အစာတစ်ခုခုသွားရှာလိုက်ဦးမယ်'

အုန်သဲ ထွက်သွား၏။

သိပ်မကြာမီပင် ပိုးတုံးလုံးလေးတစ်ကောင်ကို တုတ်ချောင်းသေးသေးလေးဖြင့် ကော်လျက် ယူလာသည်။ သစ်ခေါင်းထဲသို့ တုတ်ဖျားလေးသွင်းထည့်ကာ ထိုအကောင်လေးကို ဖြည်းဖြည်းချင်း ချလိုက်သည်။ ခဏအကြာတွင် သူတို့နားထဲတွင် အသံစီစီစေးများ

www.burmeseclassic.com



ကို ကြားလာရသလိုရှိသည်။

သည့်နောက်မှာတော့ သူတို့နှစ်ယောက်သည် သစ်ခေါင်းတွင်းမှာ တစ်ပတ်ကြာမျှ အစာပြတ်လပ်နေသော ငှက်မနှင့် ငှက်ပေါက်လေးများ စားနိုင်ရန် ရသမျှအကောင်ပလောင်လေးတွေ ရှာဖွေကျွေးနေရလေသည်။

တော်ပါသေးရဲ့။ အချိန်မီသေးပေလို့။

တက်ကြွစွာ စိတ်လှုပ်ရှားနေသော ထျန်းအုခ်ထန်ကို ကြည့်ရင်းက ငွေဝန်းသည် ပိုင်စိုး၏ ဆက်စပ်တွေးတောမှုကို စိတ်ထဲက ချီးကျူးနေမိသည်။

ကျေးဇူးတင်ပါတယ် ပိုင်စိုးရယ်။

◆



သည့်စောင်းမှစောင်းကြိုးသည်
ဘာကြောင့်များပြတ်ခဲ့ရပါလိမ့်။
ငါသည် ဤစောင်းက မတတ်နိုင်သော
ဂီတသံကို ဖန်ဆင်းရန်
စောင်းကြိုးများကို တီးခတ်မိပါသည်။
သည့်အတွက်ပင်
စောင်းကြိုးသည် ပြတ်ခဲ့ရပါသည်။

၁၇

အောက်ချင်းငှက်တို့သည် ဥပေါက်ခါနီးအချိန်တွင် သစ်ခေါင်းပါသောသစ်ပင်ကို စိတ်ကြိုက်ရှာဖွေရွေးချယ်လေ့ရှိကြသည်။ သစ်ခေါင်းထဲတွင် ဥပေါက်ရခြင်းမှာ သူတို့၏ဥများနှင့် သားပေါက်လေး များကို တခြားသတ္တဝါများက သတ်ဖြတ်ဖျက်ဆီးခြင်းမပြုနိုင်ရန် လုံခြုံသောနေရာလိုအပ်သောကြောင့်ဖြစ်သည်။ သူတို့၏ဥများကို အန္တရာယ်မှ ကာကွယ်ဖို့ ပြန်လည်တိုက်ခိုက်ရန် သူတို့၏ နှုတ်သီးများက အစွမ်းမထက်လှသောကြောင့် ဖြစ်နိုင်သည်။

သူတို့၏နှုတ်သီးများက ချိုကဲ့သို့ ကြီးမားစွာမြင့်မောက်နေသော်လည်း ထိုနှုတ်သီးသည် အခေါင်းကို ကိုယ်တိုင် ထွင်းယူနိုင်ဖို့ အသုံးမဝင်။ ဘာကြောင့်လဲဆိုတော့ သူတို့နှုတ်သီးက သစ်ခေါက်ထွင်းဖို့ မမာကျောဘဲ အသားပွသောကြောင့်ဖြစ်သည်။ ထို့ကြောင့် သူတို့သည် ဥပေါက်ရန်အတွက် အခေါင်းပါပြီးသားသစ်ပင်ကို ရှာဖွေရွေးချယ်ရသည်။ ရှာဖွေသည့်အခါတွင်လည်း အထီးရောအမပါ အတူရှာကြသည်။ ကိုယ်တိုင် ထိုသစ်ခေါင်းထဲတွင် သုံးလေးလကြာအောင်

www.burmeseclassic.com



(ငှက်သားပေါက်လေးများ အတော်အတန် အရွယ်ရသည်အထိ) နေရမည်မှာ ငှက်မဖြစ်သည်မို့ သင့်တော်မည့်သစ်ပင်အဖြစ် နောက်ဆုံးဆုံးဖြတ်ချက်ချသူမှာ အမဖြစ်သည်။

သစ်ခေါင်းသည် အတွင်းတွင် ဧရိယာ အတော်အတန်ကျယ်ရမည်။ သစ်ခေါင်းပေါက်က အကျယ်ကြီး မဟုတ်ရ။ လက်မ ၃၀မှ ၃၂လက်မ ပတ်ဝန်းကျင် အရှည်ရှိသော ငှက်မ ခက်ခက်ခဲခဲဝင်သာရုံလည်းကျဉ်းရမည်။ ဒါမှသာ ဥကိုဖျက်ဆီးမည့် အခြားငှက်များ၊ မြွေလိုသတ္တဝါများရန်မှလည်း ကင်းလွတ်မည်။

သစ်ခေါင်းကို ရွေးချယ်လိုက်သည်နှင့်တစ်ပြိုင်တည်း ငှက်မသည် သစ်ခေါင်းထဲသို့ ဝင်တော့သည်။

အထဲရောက်သွားသော ငှက်မသည် ရောက်ရောက်ချင်းပင် အပေါက်ကို ပို၍ကျဉ်းသွားအောင် မိမိနှုတ်သီးမှထွက်သော ချွဲကျိကျိအရည်များ၊ အံဖတ်အတိုအစများ၊ သစ်ခေါက်အတိုအစများဖြင့် မံ၍ထပ်ဖြည့် ပိတ်လိုက်သေးသည်။ ငှက်မ ထိုကဲ့သို့ ပိတ်နေသည်ကို အပြင်မှ ငှက်ဖိုက ကူညီပိတ်ပေးရသည်။ နောက်ဆုံးတွင် လက်ညှိုးလောက်သာ အပေါက်ကျန်တော့မှ ရပ်တော့သည်။

ငှက်ဖိုက နေ့စဉ်ပင် အစာကို နှုတ်သီးဖြင့်ချီယူလာကာ အပေါက်ကျဉ်းလေး၏အဝမှ တော့လျက် ငှက်မကို အစာခွံ့သည်။ ငှက်မက အတွင်းမှ နှုတ်သီးဖြင့် ခံယူသည်။ သစ်ခေါင်းထဲမှာ ဥဥသည်။ အကောင်ပေါက်သည်အထိ ဝပ်သည်။ အကောင်ပေါက်လေးများ အနည်းငယ်အရွယ်ရသည်အထိ ငှက်မက အတွင်းမှာပဲ သူ့ကိုယ်သူ ထောင်ချလျက် နေရသည်ဖြစ်ရာ ငှက်မ၏ အသက်ရှင်ရေးအတွက် အစာကို ငှက်ဖိုထံမှသာ ရသည်။ ငှက်ဖိုအပေါ် ယုံကြည်စွာ မိမိအသက်ကို ပုံအပ်လိုက်ခြင်းဟုပဲဆိုကြပါစို့။ အဲသည်နည်းနှင့် ငှက်မသည် လေးလလောက်ကြာသည်အထိ သူ့ကိုယ်သူ ထောင်ချထားလေသည်။



ဥများသည် အဖြူရောင်ဖြစ်သည်။ အများအားဖြင့် နှစ်ဥသာ ဥလေ့ရှိသည်။ အမှောင်ထဲတွင် ပေါက်သောဥဖြစ်၍ တခြားငှက်ဥတွေလို အပြောက်အမွှမ်းများ၊ အရောင်များ စုံလင်စရာမလို။ ငှက်မအနေနှင့် မိမိဝပ်ရမည့် ဥများကိုအမှောင်ထဲတွင် မဖိမိအောင် အလင်းမှိန်ပျပျလေးတွင်မြင်သာဖို့က ဥတွေဖြူဖွေးနေမှဖြစ်မည်။ နောက်ပြီး အမှောင်ထဲသစ်ခေါင်းထဲမှာမို့ ဥတွေသည် အထိအခိုက်ခံနိုင်အောင် လုံးဝန်းနေကြသည်။

ငှက်လေးတွေအကောင်ပေါက်လာသောအခါ ငှက်ဖို ကျွေးရသော အစာသည် ငှက်လေးတွေအတွက်ပါ ပါဝင်သည်။ ငှက်လေးများသည် သစ်ခေါင်းထဲတွင် အတော်သန့်ရှင်းအောင် မိခင်အလိုကျနေထိုင်ကြ၏။ သူတို့ အညစ်အကြေးစွန့်သည့်အခါ ထိုအညစ်အကြေးကို သစ်ခေါင်းပေါက်မှာ ဖင်တေ့ပြီး အပြင်သို့ ပါချတတ်ကြသည်။ ငှက်လေးများ အတောင်အလက် စုံလာသောအခါ၊ ငှက်မသည် အပြင်သို့ ပြန်ထွက်ရန် ထိုအပေါက်ကို နှုတ်သီးဖြင့် ချဲ့ထုတ်သည်။ အပြင်မှငှက်ဖိုကလည်း ကူညီ ထိုးဆိတ် ဖွဲ့ရွဲ့ပေးသည်။ အပေါက်ကျယ်သွားသောအခါ ငှက်ကလေးများနှင့်အတူ ငှက်မ ပြန်ထွက်လာသည်။ ထိုအချိန်တွင် ငှက်မသည် အတောင်ပံလဲပြီးပြီဖြစ်၍ အသွေးအရောင် ပိုမို တောက်ပနေတော့သည်။

ထျန်းအုခ်ထန်၏ငှက်မသည် ဥနှစ်ဥမှ အကောင်လေး နှစ်ကောင် ပေါက်ခဲ့၏။ မတ်လပတ်ဝန်းကျင်လောက်ကစပြီး ဥဥခဲ့သည်ဖြစ်မည်ဟု သူက ပြောသည်။

ထျန်းအုခ်ထန်သည် သစ်ခေါင်းထဲမှာ ရှိနေသေးသော အောက်ချင်း ငှက်ပေါက်လေးများကို အလွန်တွယ်တာ၏။ လက်နှိပ်ဓါတ်မီးဖြင့် ထိုးကြည့်ပြီး တစ်ကောင်လား နှစ်ကောင်လား ရေတွက်မှန်းကြိုးစားသည်။

ငှက်မနှင့်သားပေါက်ကလေးများ အပြင်သို့ ပြန်ထွက်မလာ

www.burmeseclassic.com

www.burmeseclassic.com



မချင်း ထျုန်းအုခ်ထန်က ငှက်လေးများအတွက် သူ့အချိန်တွေကို ပေးအပ်ထားခဲ့သည်။ ငှက်မ အစာဝလင်အောင်စားရဖို့ ဂရုစိုက်ရသဖြင့် ဉယျာဉ်မှာပဲ သူ ညအိပ်လေသည်။

ထိုနေ့သည် မိုးကင်းစင်သော နေ့တစ်နေ့ဖြစ်သည်။

သစ်တောတစ်ခွင်သည် ထူပိတ်လှသဖြင့် ကောင်းကင် မိုးသားကို မြင်ရတတ်သည်မဟုတ်။ မော့ကြည့်လျှင် သစ်ပင်ထိပ်ဖျား ချင်း ထိဆက်ရောယှက်လျက် သစ်ရွက်သစ်ခက်အမိုးစိမ်း ကောင်း ကင်သာ ဖြစ်နေတတ်သည်။

သူမ ရောက်သွားချိန်တွင် ထျုန်းအုခ်ထန်က တဲမှာမရှိ။ သစ်တောထဲရောက်နေသည်။ သစ်ပင်တွေထူထပ်သဖြင့် သူမ သည်အတိုင်း လိုက်ရှာလို့ရမည် မထင်။ အသံပြုမှ ရမည်ဟုသိသည်။ ထို့ကြောင့် လှမ်းအော်ခေါ်လိုက်ရသည်။

'အုခ်သဲရေ'

အနီးတွင် ဖားအော်သံတွေဆူညံနေသဖြင့် ကိုယ့်အသံ ကိုယ်သိပ်မကြားရ။ ငွေဝန်း၏ခြေထောက်သည် မြေပြင်ကိုနင်းမိသည် ဟု မရှိ။ သစ်ရွက်စိမ်းကြွေများနှင့် မှုရင်ကောက်ပင်လို ရေညှိပင်လို အပင်မျိုးတွေကိုသာ နင်းမိသည်။

ကိုစံလုံးက ပြောလိုက်သေးသည်က ကျွတ်တွေရှိသည် တဲ့။ ကျွတ်ကို ငွေဝန်း အခုထိကြောက်ရွံ့ဆဲ။

'အုခ်သဲ'

'ဆရာမလား'

သစ်ပင်ပင်စည်နောက်ဘက်မှ အသံကို အရင်ကြားရသည်။ လူကိုတော့ မမြင်ရသေး။ သူမ ခလုတ်တိုက်လိုက်မိတာက ဖားလေး တစ်ကောင်ဖြစ်သဖြင့် ထိုဖားဘာဖြစ်သွားပါလိမ့်ဟု ငုံ့ကြည့်စပ်စုနေ မိသေးသောကြောင့်ဖြစ်သည်။ ဖားကလေးသည် အစိမ်းနုရောင်



တောက်တောက် အောက်ခံမှာ အဝါကွက်လေးပြောက်လေးတွေ မှမ်း လျက် လှပသည်။

'ဆရာမ'

အသံက သူမနှင့်တော်တော် နီးကပ်လာ၏။ ငွေဝန်းသည် ခုန်ဆွခုန်ဆွပြေးနေသော ဖားထံမှမျက်နှာလွှဲကာ မော့ကြည့်လိုက် သည်။

ထျုန်းအုခ်ထန်သည် ငွေဝန်းရောက်လာသည်ကို အံ့ဩနေ သည့်ဟန်ဖြင့် အပြေးအလွှားရောက်လာသည်။

'ဆရာမ ဘာအရေးကြီးလို့လဲ'

'ဘာမှအရေးမကြီးပါဘူး။ နေမကောင်းဘူးဆိုလို့ ဆေးလာ ပို့တာ'

ထျုန်းအုခ်ထန်၏မျက်နှာမှာ ကျေနပ်မှုဖြင့်တောက်ပသွား သည်။

'ကျွန်တော် သက်သာသွားပါပြီဆရာမရဲ့။ နောက်ပြီး ကျွန် တော် အဲဒီအင်္ဂလိပ်ဆေးတွေ စားမှမစားဘဲ'

ဟောတော်။ နှစ်ဆယ့်တစ်ရာစုမှာနေပြီးတော့ ဘယ်လို လူပါလိမ့်။

သို့သော် သူက ငွေဝန်းစိတ်ချမ်းသာစေရန် ဆေးတွေကို ယူတော့ ထားလိုက်လေသည်။

'ဆရာမဒီမှာ နေ့လည်စာစားပါ။ စားပြီးတော့မှ ပြန်ပေါ့။ ကိုစံလုံးကို လိုက်ပို့ခိုင်းလိုက်မယ်'

သူတို့နှစ်ယောက် တဲဆီသို့ ပြန်လျှောက်လာခိုက် အုခ်သဲက သူ့နောက်ကျောမှာ လွယ်ထားသော ပလိုင်းထဲမှ သစ်သီးအချို့ကို ထုတ်ပေးသည်။ နီရဲသောအရေခွံပါးပါးဖြင့် ပြောင်တင်းအိမ့်နေသော အသီးများဖြစ်သည်။

'ဒါဘာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'စပ်ချိုမှာသီးလေ။ ရှမ်းပြည်နယ်မှာရှိတယ်လေ'

ငွေဝန်း တစ်လုံးယူစားကြည့်လိုက်သည်။

'အို မက်မန်းသီးတွေပါလား'

အရည်ရွှန်းလျက် ချဉ်မလိုအရသာမှာ အချိုကဲသော မက်မန်းသီးမှည့်များကို ငွေဝန်း အလွန်ကြိုက်ပါသည်။

သူမတို့ စမ်းချောင်းအသေးစားလေးတစ်ခုကို ရောက်လာ၏။ ကျောက်တုံးလုံးလုံးကြီးတွေကို နင်းကျော်ကာ စမ်းချောင်းကို ဖြတ်ကူးရသည်။ တစ်ဘက်တောင်နံရံမှာတော့ ရေတံခွန်အသေးစားလေးတစ်ခု၊ ကြည်လင်စိမ်းမြသောရေတို့ တဝေါဝေါစီးဆင်းကျနေသည်။ သူမ ခြေချော်မှာစိုးသဖြင့် ထျန်းအုန်ထန်က အရင်ကူးကာ လက်ကမ်းပေးသည်။

သူ့လက်ကို ဆုပ်ကိုင်လျက် ကျောက်တုံးကြီးတွေပေါ် နင်းလျှောက်ရ ပါသည်။

'Thank you!'

ရိုးသားသော ချင်းလူမျိုးပေမယ့် သူက အင်္ဂလိပ်စကားနှင့် အကျွမ်းတဝင်ရှိသား။

'You are welcome ဆရာမ'ဟု ခပ်သွက်သွက် ပြန်ပြောသည်။ သူမ အံ့သြသွားသည်။ ခေတ်မီတာကို မကြိုက်ဘူးလို့ ဘယ်လောက်ပဲပြောပြော ဒီယဉ်ကျေးမှုကိုတော့ လက်ခံထားသားပဲ။

သူမ ပြုံးမိသည်။

နောက်ဆုံးကျန်သည့်ကျောက်တုံးပေါ်ကနေ ဆင်းပြီးနောက် မြေပြင်ပေါ်သို့ ခြေချမိသောအခါကျမှ ငွေဝန်းစိတ်ထဲမှာ မိမိတို့ နှစ်ယောက်ချည်းမဟုတ်ဘူးဟု ခံစားမိသွားသည်။ ထို့ကြောင့် ထျန်းအုန်ထန်၏လက်ကို လွှတ်လိုက်ပြီး ပတ်ဝန်းကျင်ကို ဟိုသည် ဝေ့ဝဲလျက် အကဲခတ်ကြည့်မိသည်။

ဆုန်ကျဲရှံလျန်။



မမျှော်လင့်ဘဲ ခပ်လှမ်းလှမ်း တောင်ဇလပ်ပင်အောက်မှာ ရပ်လျက် တောက်ပသော မျက်လုံးများဖြင့် ငွေဝန်းတို့ကို လှမ်းကြည့်နေသည့် ဆုန်ကျဲရှံလျန်ကို မြင်လိုက်ရတော့ သူမ အံ့သြတကြီးဖြစ်သွားသည်။

ကလေးမ၏မျက်နှာမှာ အပြုံးလုံးဝမရှိ။ မျက်လုံးတွေက အရောင်တဖျတ်ဖျတ်ထွက်နေသလို ထင်မိသည်။

'ဂျူလီယာ'

ထျန်းအုန်ထန်က ဆုန်ကျဲရှံလျန်ဆီသို့ လျှင်မြန်သော ခြေလှမ်းများဖြင့် လျှောက်သွားသည်။

'ညီမလေးရော ပါလာတာလား'

ကလေးမ၏မျက်လုံးများကို အကဲခတ်မိသွားသောအခါ ငွေဝန်း စိတ်က လေးလံသွားတော့သည်။ ကလေးမ ဝန်တိုသွားနိုင်သည်ဟု ရိပ်မိသွားသည်နှင့်တစ်ပြိုင်တည်း သူမမျက်နှာ နွေးခနဲ ပူသွား၏။

ကလေးမက သူ့အစ်ကို၏လက်မောင်းကို ဆုပ်ကိုင်လိုက်လေသည်။ သူမမျက်ဝန်းမှာက ချစ်ခင်ကွယ်တာမှုတွေ။ သြော် သူ အားကိုးနေရတဲ့ သူ့အစ်ကိုကို နှမြောရှာမှာပေါ့။

ငွေဝန်းသော်တာသည် သူတို့မောင်နှမကို အားကျစွာငေးလျက် ဝမ်းနည်းစွာ ပြုံးမိသည်။

ထို့နောက် အောက်ချင်းငှက်တွေရှိရာ သစ်ခေါင်းဆီသို့ လျှောက်လာခဲ့မိသည်။

အမှတ်မထင် ကိုယ်လုပ်လိုက်မိတဲ့ အပြုအမူတစ်ခုက လူတစ်ယောက်ကို အကျိုးယုတ်သွားစေနိုင်တယ်ဆိုတာ လွန်ခဲ့တဲ့ဆယ့်ငါးနှစ်ကတည်းက သိလိုက်ရပြီးပါလျက်နဲ့။ ဘာကြောင့်များ ဒါကိုသတိမေ့နေရပြန်တာလဲ။ သူမ နှလုံးသားဆီမှာ နာကျင်မှုကို ခံစားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



တောသည် သည်ကနေ့မှ ပို၍ ဆူညံနေသလိုပဲ။ ဖားအော်သံတွေ၊ ရစ်အော်သံတွေက ဆက်တိုက်ပေါ်ထွက်နေသည်။ သစ်ကိုင်းသစ်ရွက်တို့ လှုပ်ခတ်သံ၊ လေတိုက်သံ၊ စမ်းချောင်းနှင့်ရေတံခွန်၏ ရေစီးသံ။

သစ်ခေါင်းကြီးနှင့်သစ်ပင်ဆီသို့ရောက်လာသည်။

ညိုမဲသောသစ်ခေါင်းကို သိပ်စိတ်မဝင်စားသော မျက်လုံးများဖြင့် ငေးစိုက်ကြည့်နေမိသည်။

နားထဲမှာ သစ်တောက်ငှက် တောက်သံလိုလို တဒေါက်ဒေါက်ခေါက်သံလေးတစ်ခုကို ကြားလိုက်ရသည်။ သူမ ဟိုဟိုသည်သည်ကို လှည့်ပတ်ကြည့်တော့လည်း ပင်စည်တစ်လျှောက် ဘာငှက်မှ မတွေ့။ သည်သစ်ပင်သည် သစ်တောက်ငှက်တွေ စခန်းချတတ်သည့် အပင်လည်းမဟုတ်။ သို့သော် တတောက်တောက် မြည်သံက ထွက်ပေါ်နေဆဲ။ မဟုတ်ဘူး။ အခေါက်ပေါ်က မြည်တာမဟုတ်ဘူး။ သစ်ပင်ထဲက မြည်နေတာ။ သစ်ခေါင်းထဲက မြည်နေတာ။

ငွေဝန်းသည် သစ်ခေါင်းအက်ကွဲကြောင်းရာလေးကို ငေးကြည့်နေရင်း ရင်ခုန်သွားသည်။ ဒေါင်လိုက် သစ်ခေါင်းအကွဲ ရှည်ရှည်လေး၏ အဝမှာ နှုတ်သီးလိုလို ဝါဝါလေးတစ်ပိုင်းတစ်စ စွန်းထွက်လာသည်ကို မြင်လိုက်ရသောကြောင့်ဖြစ်သည်။

သူမ အသက်မရှူမိဘဲ ငေးကြည့်နေခိုက် ထိုနှုတ်သီးက တဆတ်ဆတ်ထိုးလာလေသည်။ မူလသစ်ခေါင်းပေါက်ကို မံထားသော ကပ်စေးနဲလို မာကျောကျော ရွှံ့စေးများကွာကျအောင် အထဲကနေ ထိုးဖောက်ဆိတ်နေသည်ဟု သိသွားသည်။

သူ ထွက်တော့မည်။

ငှက်မသည် သူ့သားသမီးတွေ အတောင်စုံပြီဟု ဆုံးဖြတ်လိုက်ပြီဖြစ်သည်။ နေဦး ငှက်မ၏နှုတ်သီးက အခေါင်းပွသတဲ့။ တော်တော်ကို အားပျော့သတဲ့။ သူ့နှုတ်သီးဖြင့် ဘယ်လိုလုပ်ပြီး စေးကပ်မာ



ကျောသည့် အပေါက်ဝအပိတ်ကို ဖောက်ထွင်းနိုင်မလဲ။

တတောက်တောက်အသံနှင့် တဂျစ်ဂျစ်အသံရောနေသည့် သစ်ခေါင်းဝကို အူကြောင်ကြောင်ငေးကြည့်နေရင်းက သူမ သတိဝင်လာသည်။

ထို့ကြောင့် မြန်းခနဲ နောက်ဘက်သို့လှည့်ကာ လှမ်းအော်ခေါ်လိုက်ပါသည်။

'အုန်သဲ'

လွှတ်ခနဲခေါ်မိပြီးမှ 'ထျုန်းအုန်ထန်' ဟု ပြင်ခေါ်ရသည်။

'ထျုန်းအုန်ထန် ငှက်မက ထွက်ချင်နေပြီ။ အထဲကနေနှုတ်သီးနဲ့ ထိုးဆိတ်ပြီး အပေါက်ကို ချဲ့နေတယ်လို့ ကျွန်မ ထင်တယ်'

သူ ချက်ချင်းပင် ပြေးလာ၏။

သစ်ခေါင်းအကွဲမှ ငှက်မ၏ နှုတ်သီးစွန်းက တော်တော်လေး သိသာနေပြီ။ ထျုန်းအုန်ထန်က သစ်ခေါင်းအကွဲရာဘေးက ငှက်မ မံထားသော သစ်ခေါက်အတုအချပ်လွှာများကို တုတ်ချွန်သေးသေးများဖြင့် ကူညီထိုးဖောက် ချဲ့ထုတ်ပေးနေသည်။

သူမက သစ်ခေါင်းပေါက်ကိုသာ အာရုံစိုက်လျက် ကြည့်နေမိ၏။

သူသည် အနားမှာမရှိတော့သော ငှက်ဖို၏ ကိုယ်စားအပြင်မှ ကူညီနေခြင်းဖြစ်သည်။ တဖြည်းဖြည်း ကျယ်ကျယ်လာသော သစ်ခေါင်းပေါက်လေးအဝတွင် ငှက်မ၏ ကြီးမားသောနှုတ်သီးသာမက ခပ်သေးသေး နှုတ်သီးလေးနှစ်စုံကိုပါ မြင်လိုက်ရသောအခါ ဆုန်ကျဲရုံလျှန် လွှတ်ခနဲ အော်လိုက်လေသည်။

အဲဒါငှက်သားပေါက်လေးတွေမဟုတ်လား။

ခဏအတွင်း စိုးစိုးစီစီအသံဆူညံစွာ ကြားလိုက်ရသည်။

'ဟေး'

ထျုန်းအုန်ထန်၏အသံက မြူးတူးတက်ကြွလှသည်။ ငှက်မ

www.burmeseclassic.com

www.burmeseclassic.com



သည် အပေါက်ကျဉ်းကျဉ်းလေးမှ မဆန့် မပြဲ ညှစ်ထုတ်တွန်းထိုးလျက် တစ်ကိုယ်လုံး ထွက်လာလေသည်။ ထွက်ထွက်ချင်းပင် ငှက်မက သစ်ခေါင်းဘေးတွင် မတ်တတ်နားလိုက်ပြီး ဘေးပတ်ပတ်လည်ကို ပြူးကျယ်သော မျက်လုံးများဖြင့် လှည့်ပတ် ကြည့်ရှုရှာဖွေသည်။ သူ့ခင်ပွန်း ငှက်ဖိုကို ရှာသည့်အကြည့်ဖြစ်မည်ထင်သည်။ ထို့နောက် အပေါက်ဝမှ ထွက်လာမည့် သူ့ကလေးတွေကို စောင့်သည်။

သူတို့အားလုံး ငှက်မ၏အပြုအမူတစ်ခုချင်းကို မျက်ခြည်မပြတ် စောင့်ကြည့်နေကြ၏။

အမေက ခပ်လှမ်းလှမ်းအပင်ရှိရာသို့ တဟုန်ထိုးပျံသွားသည့်အခါ ပထမငှက်လေးကအရင်၊ ထို့နောက် ဒုတိယငှက်လေးကနောက်မှ၊ စမ်းတဝါးဝါး လိုက်ပျံသွားတော့သည်။

ငှက်သားအမိကို ကြည့်ပြီး ကြည်နူးလာကြသဖြင့် မူလကရှိခဲ့သည့် အားနာရှက်ရွံ့စိတ်များ၊ မခံချင်စိတ်များကို မေ့လျော့ကုန်ကာ ပျော်ရွှင်ချမ်းမြေ့ကြရသည်။

ကိုစံလုံးက နေ့လည်စာအဖြစ် စာဘူဒီးဟု ခေါ်သော ပြောင်းဖူးစေ့နှင့် အမဲသားရောပြုတ်ထားသောဟင်းရည်ကို သောက်ရန်လာခေါ်တော့မှ သုံးယောက်လုံး တဲဆီသို့ပြန်ဖြစ်ကြသည်။ ငွေဝန်းသော်တာက အမဲသားမစားသူဖြစ်၍ သူတို့၏စာဘူဒီးကို ဘယ်လိုမှသောက်လို့မရ။ သို့သော် မောင်နှမ စိတ်မကောင်းဖြစ်မှာစိုးသဖြင့် အရည်ကို မသောက်ဘဲ ပြောင်းဖူးစေ့ဖတ်များကို ရွေးခပ်စားလေသည်။

စာဘူဒီးထဲက ပြောင်းဖူးစေ့များက သစ်သားဆုံတွင် ထည့်ထောင်းကာ ချွတ်ထားသဖြင့် ဂျုံစေ့လေးတွေလိုပဲ ဖြူဖွေးကာ နူးအိပွနေသည်။ ထိုပြောင်းဖူးစေ့လေးများကို သူမ ချစ်လေသည်။ ပူပူနွေးနွေးဖြစ်သည့်အပြင် ဘေးမှာ အတူတွဲစားရသည့် မန်ကျည်းသီးမှည့်နှင့် ကြက်သွန်နီရောစပ်ထားသော ငရုတ်သီးဆားထောင်းသုပ်က အလွန်



အရသာရှိသည်။

'ငှက်မက သူ့အတွဲကို မမြင်တာကို ဘယ်လိုမှ မနေဘူးနော်' ဟု ငွေဝန်းသော်တာက စကားစသည်။

'မရိုပ်မိဘူးထင်ပါရဲ့။ တော်ပါသေးရဲ့။ ကျွန်တော်က သူ့အတွက် စိုးရိမ်နေတာ။ သူ့အဖော်ကိုမတွေ့ရရင် ဘာများဖြစ်မလဲလို့'

ထျန်းအုခ်ထန်က စိတ်သက်သာသွားဟန်ဖြင့် စာဘူဒီးကို ပလုပ်ပလောင်းစားရင်း ပြောသည်။

'မဟုတ်ဘူး။ သူရိပ်မိမှာပါ။ ကလေးတွေရှိနေလို့ သူ့အပူကို မေ့အောင်ကြိုးစားနေရတာဖြစ်မယ်'

ဆုန်ကျဲရ်လျန်က ပြောပြီးနောက် နှုတ်ခမ်းတင်းတင်းစေ့လျက် ပြုံးနေသည်။

....

နောက်တစ်ပတ်မှာ ထျန်းအုခ်ထန်နှင့် ဆုန်ကျဲရ်လျန်သည် ငှက်လေးတွေ၏အခြေအနေကို အကဲခတ်ဖို့ ရောက်လာကြသည်။

သစ်ပင်အုပ်ဆီသွားရန် ခြေလှမ်းပြင်ကြတုန်းမှာ တောင်ကြားမှာ ထူးခြားသောအဖြစ်တစ်ခုကို ရင်ဆိုင်လိုက်ရသည်။

ပထမတော့ အသံကို အရင်ကြားရသည်။ ကလောက်ကလောက်အော်မြည်သံ။ စူးခနဲအော်မြည်သည့်ငှက်သံတစ်သံ။ အသံကို ကြားပြီးမှ ငှက်ကို မြင်ရသည်။

ဟိုး သစ်ပင်ထိပ်ဖျားဆီသို့ တရှိန်ထိုး ပျံတက်သွားသည့် နက်ပြာရောင်အရာတစ်ခု။ မြန်လွန်းသဖြင့် ငှက်ဟု မထင်လိုက်ရပေ။ တောင်ပံခတ်ပုံကလည်း လှပလိုက်တာ။ နက်ပြာရင့်ရင့်တွင် အဖြူစပ်ကြားဖြင့် ခမ်းနားလှပသော အတောင်ပံများက ခပ်စုစု။

'ဟာ အဲဒါ ငှက်မ မဟုတ်လား၊ သူ အဲဒီအောက်

www.burmeseclassic.com

www.burmeseclassic.com



အမြင့်ကြီး ပျံနိုင်သလား'

ဆုန်ကျဲရ်လျန်က လွှတ်ခနဲအော်သည်။

'ကလေးတွေရော'

ထျန်းအုခ်ထန်က စိတ်မှတ်မထင် ရေရွတ်မိသည်။ ငှက်မဘေးတွင် ကလေးတွေကို မမြင်ရ။ ကလေးတွေ အဲသည်လောက် အမြင့်ကြီး လိုက်တက်နိုင် ပါ့မလား ဟု ဆုန်ကျဲရ်လျန် စိုးရိမ်မိသည်။ တကယ်တော့ အဲဒါကို သူတို့ စိုးရိမ်ဖို့မလို။ ဘယ်သူမှလည်း စိုးရိမ်ဖို့မလို။ ဘာကြောင့်လဲဆိုတော့ ငှက်မသည် ကလေးတွေကို အပျံသင်ဖို့ အမြင့်ကိုတက်ပြခြင်းမဟုတ်။ သူ့အတွက်သူ အမြင့်သို့တက်ခြင်း ဖြစ်သည်ဟု သူတို့ နောက်ကျစွာ သိလိုက်ရသောကြောင့်ဖြစ်သည်။

သူတို့မောင်နှမ မော့ကြည့်နေရင်းကပင် ငှက်မသည် မြင့်မားသော သစ်ပင်ထိပ်ဖျားသို့ရောက်သွားသည်။

ပေ၁၀၀လောက်မြင့်နိုင်သည့် သစ်ပင်မြင့်၏အဖျားစွန်းတွင် အကိုင်းပေါ်၌ နားလိုက်သောငှက်မသည် ကောင်းကင်၏ နောက်ဆုံး နေရောင်ခြည်အလင်းအောက်မှာ ခမ်းနားလှသည်။ ထို့နောက် ငှက်မသည် အတောင်ပံကို ဖြန့်လျက် တစ်ချက်ဝဲလိုက်ပြီးနောက် အောက်ဘက်သို့ တစ်ရှိန်ထိုးစိုက်ဆင်းလာသည်။ စက်ပျက်သွားသော လေယာဉ်လေးတစ်စီးကဲ့သို့ပင် ဖြစ်သည်။

အို သူ ဘာလုပ်တာလဲ။

နှစ်ယောက်သား ကြောင်ငေး၍ ကြည့်နေမိခိုက်မှာ ငှက်သည် မြေပြင်သို့ လျှင်မြန်စွာနီးကပ်လာသည်။ အရှိန်က ပြင်းထန်လွန်းသဖြင့် ဆုန်ကျဲရ်လျန်၏ ဆံပင်ဖျားမှာ လေဟပ်သွားသလိုပင် လွင့်ခနဲ ဖြစ်သွားသည်။ သူတို့ခေါင်းပေါ်မှ ဖြတ်သန်းသွားသည့် လေဟုန်သံပြင်းပြင်းနှင့်အတူ နောက်ဆုံး ငှက်မသည်မြေပြင်ပေါ်သို့ စိုက်ကျပစ်လိုက်သည်။ ထျန်းအုခ်ထန်သည် အံ့ဩလွန်းသဖြင့် အော်ဟစ်ပစ်လိုက်မိသည်။



လွင်ပြင်မြက်ခင်းပေါ်သို့ သူ့ဦးခေါင်းနှင့် အရှိန်ပြင်းစွာစိုက်ကျ လိုက်သောငှက်သည် ခေါင်းတစ်ခုလုံး ကျိုးကျေသွားလေသည်။

.....

ဆုန်ကျဲရ်လျန်သည် ဇက်ကျိုးလျက် ခွေခေါက်ငြိမ်သက်နေသော ငှက်မကို ငွေဝန်းသော်တာဆီသို့ သယ်ဆောင်လာခဲ့သည်။

ငှက်မ၏သွေးသံရဲရဲမြင်ကွင်းကို ငွေဝန်းသော်တာ မကြည့်ရဲ၍ မျက်နှာလွှဲပစ်လိုက်သည်။

'ဘယ်လိုဖြစ်တာလဲဟင်'

ငွေဝန်းသော်တာက အံ့ဩတုန်လှုပ်စွာမေး၏။

'ငှက်လေးက ကိုယ့်ကိုယ်ကို သတ်သေသွားတာလေ'

ဆုန်ကျဲရ်လျန်က အနိမ့်အမြင့်မရှိ တစ်သမတ်တည်းသော လေသံဖြင့် ကောက်ချက်ချလိုက်သည်။ ထို့နောက် ငှက်မ၏အနီးတွင် ဒူးထောက်၍ ထိုင်ချလိုက်၏။

ငွေဝန်းလည်း သူမအနားတွင် အသာဝင်ထိုင်လိုက်သည်။

ငှက်မ၏တစ်ကိုယ်လုံးက အမွေးအတောင်တွေ နက်ပြာရောင်ဖြစ်ပြီး အတောင်ပံအဖျားတွေကတော့ ဆွတ်ဆွတ်ဖြူနေသည်။

မကြာသေးခင်ကမှ သစ်ခေါင်းထဲကနေ ထွက်လာခဲ့တဲ့ ငှက်မလေး။ မကြာသေးခင်ကမှ သူ့ရင်သွေးလေးများကို အစာရှာကျွေးခဲ့ သေးသည်။ ဘယ်လို စိတ်ကူးနှင့်များ ယခုလို ဘဝဆုံးအောင် ကြံစည်လိုက်ပါလိမ့်။

သူ့ကလေးတွေက သည်တစ်ပတ်မှ ဘဝကို ... ကလေးတွေအတွက် သူ ဘာမှ စီစဉ်ပေးစရာ မလိုတော့ ... ငွေဝန်းသည် ငှက်မလေး၏အလောင်းကို ငေးစိုက်ကြည့် ...

ငှက်ကလေးရယ်။ ကိုယ့်ဘဝတစ်ခုလုံးကို ဒီ ... ဖြတ်

www.burmeseclassic.com

www.burmeseclassic.com



တောက်အောင်ဖြတ်ချပစ်ရဲဖို့ မင်းကို ဘယ်အတွေးတွေက တွန်းအားပေးခဲ့ပါသလဲ။ ဘယ်လိုနာကျင်မှုတွေကို မင်းသိခဲ့ရတာမို့လဲ။

မင်းရဲ့သားသမီးလေးတွေကတောင် မင်းနဲ့လောကကို ချည်နှောင်ဖို့ နှောင်ဖွဲ့ထားတဲ့ ကြိုးတွေမဖြစ်တော့ဘူးလား။ မင်း သတ်ကောင်းလိုက်တာလို့ ချီးကျူးရမလား။ မိုက်မဲလိုက်တာလို့ အပြစ်တင်ရမလား။

ငွေဝန်း၏အာရုံတွင် တိမ်ငွေ့လွှမ်းခြုံသော တောင်ကမ်းပါးစွန်းတွင် မတ်တတ်ရပ်နေသော မိန်းကလေးတစ်ယောက်ကို ပြန်လည်မှန်းဆကြည့်မိသည်။

မိုက်မဲလိုက်တာလို့ အပြစ်မတင်ရက်ပါဘူးကွယ်။
နှောင်တတော့ ရပါရစေ။
သည်လိုမှန်းသာ သိခဲ့မယ်ဆိုရင်။

◆



ကျွန်ုပ်၏နှလုံးသားထဲမှ မကောင်းမှုမှန်သမျှကို
မောင်းထုတ်ဖယ်ရှား၍
ကျွန်ုပ်၏ချစ်ခြင်းမေတ္တာကို
ပန်းမာလာအဖြစ်ဖြင့် သိမ်းဆည်းထားရန်
အမြဲကြိုးစားအားထုတ်ပါမည်။

၁၈

ည ရှစ်နာရီပတ်ဝန်းကျင်သည် ဟားခါးတစ်မြို့လုံး လမ်းပေါ်မှာ လူတစ်ယောက်မှ မရှိတော့သည့်အချိန်။ မိန်းမတွေက မီးလင်းဖိုနားရောက်နေပြီး ယောကျ်ားတွေက အရက်ဆိုင်ရောက်နေကြမည့်အချိန်။ ငွေဝန်းသော်တာသည် ညစာစားအပြီး ချမ်းလွန်းသဖြင့် အိပ်ရာထဲမဝင်သေးဘဲ ညှေ့ခန်းမီးလင်းဖိုဘေးမှာ ထိုင်လျက် စာဖတ်နေခဲ့သည်။

'အစ်မရေ အစ်မ'

ခြံတံခါးဆီမှ ခပ်အုပ်အုပ်ခေါ်သံကို ကြားလိုက်ရသည်။ ဘွေပီးမဟုတ်ဘူး။ နောက်ပြီး ထျန်းအုခ်ထန်လည်း မဟုတ်ဘူး။

ငွေဝန်း ပြတင်းပေါက်ကို ဖွင့်လျက် ကြည့်လိုက်တော့ ခြံအပြင် အမှောင်ထဲမှာရပ်နေသော အနက်ရောင် လူသဏ္ဌာန်ကို မြင်လိုက်ရသည်။

'အစ်မ ကျွန်တော် ပိုင်စိုးပါ'

အို။ သူမ တအံ့တသြဖြစ်သွားသည်။ လက်နှိပ်[illegible]

www.burmeseclassic.com

www.burmeseclassic.com



ဆွဲယူကာ လှေကားဆီသို့ လျှောက်သွားပြီးမှ သူမ ကိုယ်ပေါ်မှာ အနွေးထည် တစ်ထပ်တည်းရှိနေသေးသည်ကို သတိရသွားသည်။ ကုလားထိုင်ပေါ်မှာ နံနက်ကတည်းက တင်ထားသော သိုးမွေးခြုံစောင်ကို ကမန်းကတန်းဆွဲယူ ခြုံလိုက်ရသည်။

'အစ်မ နေကောင်းတယ်နော်'

'ကောင်းတယ်'

ခြံတံခါး၏တစ်ဘက်မှ လူငယ်ကို အခုမှ သဲသဲကွဲကွဲ မြင်ရသည်။ အနက်ရောင်ဂျာကင်အင်္ကျီနှင့် အနက်ရောင်ဂျင်း ဘောင်းဘီနှင့်ဆိုတော့ အမှောင်ထဲမှာ မဲလျက်ရှိသည်။ သူ့ကို တံခါး ဖွင့်ပေးလိုက်ရကောင်းမလား။ သူ့မှာ အဖော်လည်းတစ်ယောက်မှ မပါ။ တကယ်ဆို ဘေ့ပီးကိုဖြစ်ဖြစ် ခေါ်လာခဲ့ဖို့ကောင်းသည်။ သို့မဟုတ် ထျန်းအုခ်ထန်။

'အစ်မ ကျွန်တော် အိမ်ထဲဝင်ရမလား၊ ဒါမှမဟုတ် မနက်မှ လာခဲ့ရင် ကောင်းမလား။ ဒီစာအုပ်လေးပဲ ယူထားလိုက်မလား'

သူက ထင်းရှူးသားခြံစည်းရိုးအပြင်မှ ကျော်၍ စာအုပ်ကို ကမ်းပေးသည်။

ထိုအခါကျမှ သူမ တံခါးကို မဖွင့်ဘဲ မေ့မေ့လျော့လျော့ ကိုင်ထားရာမှ ဖွင့်ပေးလိုက်မိသည်။

'အို ဆောရီး ပိုင်စိုး လာ လာ။ ဝင်ပါ'

သူက လက်နှစ်ဘက်ကိုပိုက်လျက် နောက်မှခပ်ကုတ်ကုတ်ဟန်ဖြင့် လိုက်လာသည်။

'ချမ်းသလား'

'ဟား အရမ်းအေးတာပဲ။ အရိုးခိုက်အောင် အေးတယ်ဆိုတာ ဒါမျိုးလား မသိဘူးနော်'

သူက တုန်ခိုက်သံလုပ်ယူလျက် ပြောရင်း ရယ်မောသည်။

'အို ဒါတကယ်ချမ်းတယ် မခေါ်သေးဘူးတဲ့။ တကယ်



ချမ်းတာက ဇန်နဝါရီလတဲ့'

ငွေဝန်းပြောတော့ သူကြက်သီးထဟန်ပြုသည်။

'အံမာလေး။ ဒါ တကယ်မချမ်းသေးဘူးတဲ့ဗျာ။ ဒီ့ထက်ချမ်းရဦးမယ်ဆိုရင်တော့ သွားပါပြီ ဘယ်လိုနေရမလဲတောင် မသိတော့ဘူး'

'ကော်ဖီပူပူလေးတိုက်ပါမယ်'

သူ မီးလင်းဖိုဘေးမှာပဲ ထိုင်လိုက်သည်။

'အို ကုလားထိုင်မှာထိုင်ပါ့လား။ မီးဖိုရွှေ့ပေးမယ်'

'ရတယ်အစ်မ ဒီက ပိုကောင်းတယ်'

ထိုင်ထိုင်ချင်း သူက ကျောပိုးအိတ်ကို ချကာ အိတ်ထဲမှ စာအုပ်တစ်အုပ်ကို ထုတ်ယူလိုက်၏။ ထိုစာအုပ်ကို ကိုင်မကြည့်ရသေးခင်မှာ မိမိမှာလိုက်သော သစ်ခွစာအုပ်ပဲဟု သူမသိလိုက်သည်။ မိတ္တူကို သေသေသပ်သပ်ချုပ်ထားခြင်းဖြစ်သည်။

သူက စာအုပ်ကို ငွေဝန်းအား ရိုရိုသေသေလှမ်းပေး၏။

'သိပ်ကျေးဇူးတင်တာပဲ'

ပိုင်စိုးက ပြုံးသည်။

'မြန်မာနိုင်ငံက သစ်ခွမျိုးတွေကို ပထမဆုံးရှာတွေ့တဲ့လူတွေက အင်္ဂလိပ်တွေဆိုတော့ သစ်ခွနာမည်တွေက အင်္ဂလိပ်နာမည်တွေ ဖြစ်နေတယ်နော်။ မြန်မာလူမျိုးကသာ စိတ်ဝင်တစားရှာမယ် တွေ့လည်း တွေ့ခဲ့မယ်ဆိုရင် မြန်မာနာမည်တွေဖြစ်နေမှာပဲ'

ထို့နောက် ပိုင်စိုးက ကော်ဖီသောက်ရင်းက သူမ၏ စာသင်ခြင်းကိစ္စကို မေးသည်။

'စာသင်ရတာ ဘယ်လိုနေလဲအစ်မ။ ကျောင်းသားတွေက ပညာရေးကို စိတ်ဝင်စားကြသလား'

'သနားစရာကောင်းလောက်အောင် စိတ်ဝင်စားပါတယ်'

'သူ ... တို့ရဲ့စိတ်ဓါတ်တွေရော ဘယ်လိုရှိသလဲအစ်မ'

www.burmeseclassic.com

www.burmeseclassic.com



'စိတ်ဓါတ်ကတော့ ခပ်ယဲ့ယဲ့ပဲ။ အိပ်မက်ကိုယ်စီတော့ ရှိကြတယ်။ ဒါပေမဲ့ တစ်ပြိုင်တည်းမှာ အားလျှော့ချင်ချင်လည်း ဖြစ်နေကြတယ်။ သူတို့မှာ သိချင်စိတ်တွေနဲ့ အသက်ရှင်နေကြတယ်။ ပညာနဲ့ပတ်သက်တဲ့ ဗဟုသုတကို လိုချင်ကြတယ်။ တစ်ခုပဲရှိတယ်။ ကိုယ့်သင်တန်းမှာတက်နေသူတွေက ဒီချင်းတောင်တန်းတစ်ခုလုံးက လူငယ်တွေကို ကိုယ်စားမပြုဘူး။ လူနည်းနည်းလေးကိုပဲ ကိုယ်စားပြုတယ်'

သူ သက်ပြင်းချလိုက်၏။ ထို့နောက် သူမအား နှစ်သိမ့်ဟန်ဖြင့် ပြုံးလေသည်။

'စိတ်ဓါတ်မကျပါနဲ့ အစ်မရယ်။ အမှောင်ထဲမှာနေရတာနဲ့ စာရင် အလင်းရောင် နည်းနည်းလေးကလည်း အားတက်စရာပဲ မဟုတ်ဘူးလား'

ကော်ဖီပန်းကန်ကို ကိုင်ထားရင်းက ငွေဝန်းခေါင်းခါယမ်းမိ၏။

'ခက်တာက ပညာကို အသဲအသန်လိုချင်လို့ တိုးတက်အောင် ကြိုးစားကြပြီးသူတချို့က သူတို့ရလိုက်တဲ့ပညာနဲ့ ကူညီဖို့ ဒီကိုပြန်မလာကြတော့ဘူး ပိုင်စိုးရဲ့။ သူတို့က အပြင်မှာပဲ နေကြတယ်။ အဝေးမှာပဲ နေကြတယ်။ အနည်းဆုံးပေါ့လေ။ နိုင်ငံခြားမှာ မဟုတ်ရင်တောင် ရန်ကုန်မှာပဲနေကြတယ်။ ဒီကလူတွေက နဂိုအတိုင်းပဲ ကျန်ရစ်ကြတယ်။ အဲဒါပြဿနာပဲ'

ငွေဝန်းစိတ်ထဲမှာရှိသည့် ခံစားချက်အတိုင်း ပြောလိုက်မိသည်။ သူက ငွေဝန်းကို ဘာမှ ထပ်မပြောပါ။ တစ်ခုခုကို တွေဝေသွားဟန်ဖြင့် အနည်းငယ် ငြိမ်သက်သွားသည်။

'အေးလေ။ ဒီနေ့မှရောက်လာတဲ့လူကို စိတ်မချမ်းသာအောင် ကိုယ် ပြောမိသွားပြန်ပြီ'

'ဒါကတော့ လူအမျိုးမျိုးရှိကြတာပဲ အစ်မရယ်။ သူများကို ကူညီချင်တဲ့လူက သူသွားတဲ့လမ်းမှာ ကြုံကြိုက်တိုက်ဆိုင်တဲ့လူ



မှန်သမျှကို နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ၊ ဖေးမ ကူညီ သွားတာပါပဲ၊ ဥပမာ ဘွေပီးလို ကလေးမျိုး'

ဘွေပီးနာမည်ကို သူပြောလိုက်တော့ သူ့ကို ဖျတ်ခနဲ မော့ကြည့်လိုက်မိသည်။

ဟုတ်တယ်။ ဘွေပီးလို ကလေးမျိုး။

'ဘွေပီးကို တွေ့ပြီးပြီလား'

'မတွေ့ရသေးဘူးအစ်မ။ ဘယ်သူနဲ့မှ မတွေ့ရသေးဘူး။ ဟားခါးရောက်ရောက်ချင်း တည်းခိုခန်းမှာပစ္စည်းချပြီး အစ်မဆီ ထွက်လာခဲ့တာ'

'ဘွေပီးက ပိုင်စိုးကို တော်တော်ခင်ရှာတယ်။ တစ်ချိန်လုံး ပိုင်စိုးအကြောင်းပဲ ပြောနေတယ်'

'ဟုတ်ကဲ့ ကျွန်တော်တို့ချင်း စာအဆက်အသွယ် မပြတ်ကြပါဘူး။ ဆက်သွယ်ရေးကြန့်ကြာတာကလွဲရင်ပေါ့လေ'

တဖြည်းဖြည်း ရာသီဥတုက ပိုပိုအေးလာသည်။ အပြင်ကလေက ထင်းရှူးသားနံရံကို ဖောက်လျက် တိုးဝင်လာသလိုပဲ။ မီးဖိုကို မျက်နှာချင်းဆိုင်လျက်ထိုင်နေရင်း နောက်ကျောက စိမ့်စိမ့်အေးလာသည်။ သူက ဧည့်ခန်းပတ်လည်က ချိတ်ဆွဲ၍တစ်မျိုး၊ နံရံမှာကပ်၍တစ်မျိုး စိုက်ပျိုးထားသော သစ်ခွပင်တို့ကို ကြည့်လျက် မေးသည်။

'အစ်မရဲ့ သစ်ခွပင်တွေ အကုန်ပွင့်ကြသလား'

'တချို့သစ်ခွက ဆောင်းမှာပဲပွင့်တယ်။ တချို့သစ်ခွက မိုးမှာပွင့်တယ်။ တချို့က နွေမှာပွင့်တယ်လေ'

'အစ်မဒီကိုလာတုန်းက သစ်ခွအတွက်လာခဲ့တာ မဟုတ်ဘူးနော်။ ကလေးတွေကို စာသင်ပေးဖို့လာခဲ့တာပဲမဟုတ်လား'

သူမ သူ့ကိုငေးကြည့်လျက် စကားတစ်ခွန်းကို [illegible] လားမပြောသင့်ဘူးလား စဉ်းစားနေမိ၏။

ကျွန်မ ဒီကိုလာတာ ကလေးတွေကို စာသ[illegible]

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး။ မတန်တဆ ဖိစီးလွန်းတဲ့ နောင်တတွေကို ရှောင်ဖယ်လို့မရတော့တဲ့အတူ ရင်ဆိုင်မယ်ဆိုပြီး ပြေးတွေ့လိုက်တာ။

မပြောတော့ပါဘူးလေ။ ပြောလိုက်လို့လည်း ဘယ်သူ့ အတွက်မှ အကျိုးဖြစ်မှာမဟုတ်။

သို့သော် သူမ၏အတိတ်က လျှို့ဝှက်ချက်တစ်ခုကို တစ်စုံတစ်ဦးအား ယုံကြည်ကိုးစားစွာ ဖွင့်ဟပြောဆိုရမည်ဆိုလျှင် ထိုတစ်စုံတစ်ယောက်သည် ဘယ်သူဖြစ်မလဲ။ ထိုသူသည် ချောက်ကမ်းပါးအစွန်းတွင် နောင်တတို့ဖြင့် ရီဝေလွင့်မျောနေသူတစ်ဦးအား ဖြေသိမ့်နားလည်ပေးကာ ဘေးကင်းရာသို့ ပို့ဆောင်နိုင်ရမည်။ ခံစားနေရသော ဝေဒနာကို သက်သာစေသူ ဖြစ်ရမည်။ အဲသည်အတွက် နှလုံးသားရော ဉာဏ်ပညာပါ မြင့်မားသူဖြစ်ရမည်။ ထိုသူမှာ သူမရှေ့တွင် ရှိနေသော ပိုင်စိုးပဲ ဖြစ်မည်။

'ကိုယ် အရေးကြီးတာတစ်ခု မင်းကို ပြောစရာရှိတယ်'

အလေးအနက်စကားသံကြောင့် ပိုင်စိုးသည် ကော်ဖီပန်းကန်ကို စားပွဲပေါ်မှာချလျက် သူမကို လှမ်းကြည့်သည်။

'ပြောလေအစ်မ'

သူမ ဘယ်ကစပြီးပြောရမှန်းမသိ။ စကားလုံးတွေကို နှုတ်ဖျားမှာ စီစဉ်နေမိသည်။

'မင်း ဒီတစ်ခေါက် ဖလမ်းကို သွားဦးမလား'

'ဘာဖြစ်လို့လဲ။ အစ်မကိစ္စရှိလို့လား'

'အင်း မင်းသွားရင် လိုက်ချင်လို့'

'သွားမယ်အစ်မ နောက်နှစ်ရက်လောက်ကြာရင်'

ထိုအချိန်မှာပင် အိမ်ရှေ့မှ အသံတစ်ခုကြားလိုက်ရသည်။

'ဆရာမ'

ထျန်းအုခ်ထန်၏အသံ။ သူမ ထင့်ခနဲ စိတ်လေးလံသွားသည်။



'ပိုင်စိုး'

သူမ အလောတကြီး သတိပေးလိုက်သည်။

'ကိုယ် မင်းနဲ့ ဖလမ်းကို လိုက်မယ့်ကိစ္စကို ထျန်းအုခ်ထန်ကို မပြောနဲ့နော်'

ပိုင်စိုး တစ်ခဏ ကြောင်သွားသည်။

ထိုစဉ် ထျန်းအုခ်ထန် လှေကားမှ တက်လာသည်။

'ဆရာမ ကျွန်တော် ဆရာမစားဖို့ ကန်စွန်းဥပြုတ်လာခဲ့တယ်။ မနေ့က လာချင်တာဗျာ။ ဂျူလီယာတို့ ငါးဖမ်းသွားတာကို စောင့်နေရတာနဲ့'

'ကိုထန် နေကောင်းတယ်နော်'

ပိုင်စိုးက အပြုံးဖြင့်နှုတ်ဆက်သည်။

ထျန်းအုခ်ထန်က ပိုင်စိုးကို မြင်လိုက်သည့်အခါ အံ့သြသွားသည်။

ခဏကြာမှ 'ဘယ်တုန်းက ရောက်လဲဗျ' ဟု မေး၏။

'ကျွန်တော် ဒီနေ့ပဲ ရောက်တယ်ဗျ'

ညှို့သည့်နှစ်ယောက်ကို အသာထားလျက် သူမ ကော်ဖီနောက်တစ်ခွက် ဖျော်လေသည်။ ကော်ဖီဖျော်ရင်း အကဲခတ်ကြည့်တော့ သူတို့နှစ်ယောက် စကားမပြောကြ။

ထျန်းအုခ်ထန်ကတော့ ဟိုဘက်လှည့်လိုက် သည်ဘက်လှည့်လိုက်။ ငွေဝန်းဆီသို့ လှမ်း အကဲခတ်လိုက်။

'ကားက ဘယ်အချိန်ဝင်လဲ'

'အခုပဲ'

ထျန်းအုခ်ထန်က မျက်မှောင်ကြုတ်သွားသည်။

ပိုင်စိုး တစ်ချက်ခေါင်းကုတ်လိုက်မိလေသည်။

'ငှက်တွေ အခြေအနေကောင်းလားကိုထန်'

'မကောင်းဘူးဗျ။ ငှက်မ သေသွားတယ်'

www.burmeseclassic.com

www.burmeseclassic.com



‘ဟာ’

‘သူက အခုမှရောက်တာ အုပ်သဲရဲ့၊ ကျွန်မ ဘာမှတောင် မပြောရသေးဘူး’

ငွေဝန်းက ကော်ဖီပန်းကန်ဖြင့် အနားရောက်လာကာ စကားဝိုင်းထဲ ဝင်လိုက်သည်။

နှစ်ယောက်လုံးက ငွေဝန်းဆီသို့လှမ်းကြည့်၏။ ပိုင်စိုး၏ အကြည့်က အံ့သြကြည့်။ အုပ်သဲ ဆိုသောအသုံးအနှုန်းမှာ အထူးအဆန်းမဟုတ်လား။

ထျန်းအုပ်ထန်အကြည့်က ကြည်နူးကျေနပ်သည့် အကြည့်။

သူတို့သုံးယောက်လုံးနှင့် ဆက်စပ်သော ဘာသာရပ်မှာ အောက်ချင်းငှက်ဖြစ်သဖြင့် ငှက်အကြောင်းကို ထွေရာလေးပါးပြောဖြစ်ကြသည်။

နောက်တော့ ပိုင်စိုးက နာရီကို တစ်ချက်ငုံ့ကြည့်သည်။

သူပြန်မှဖြစ်မည်။ ထျန်းအုပ်ထန်က သည်အိမ်သို့လာနေကျ ဧည့်သည်ဖြစ်မည်။ နောက်ပြီး အစ်မတို့နှစ်ယောက်ကိုကြည့်ရတာ စကားကြာကြာပြောနေကျနှင့်တူသည်။ သူစိတ်ထဲက ပြုံးလိုက်ကာ ထိုင်ရာမှထရပ်လိုက်သည်။

‘ကဲ အစ်မရေ ကျွန်တော်ပြန်မယ်။ ကိုထန်ရေ ကျွန်တော် ပြန်ဦးမယ်’

‘ကိုယ် မီးပြပေးမယ်’

ငွေဝန်းသော်တာက ထင်းရှူးဆီမီးတိုင်ကို မြှောက်ကိုင်အလင်းပြကာ ပိုင်စိုးအား လှေကားအောက်အထိ လိုက်ပို့သည်။

‘ကျေးဇူးတင်ပါတယ်ပိုင်စိုးရယ်’

‘ရပါတယ်အစ်မ နေခဲ့ပါ။ မနက်ဖြန်ကျမှ ကျွန်တော်လာခဲ့ပါဦးမယ်’

အိမ်အပြင်ထွက်လိုက်သောအခါ အေးစက်ကြမ်းရှသော



လေကြောင့် ပိုင်စိုး၏မျက်နှာကို ရေခဲရေဖြင့် လှမ်းပက်လိုက်သလို ခံစားလိုက်ရသည်။

ခိုက်ခိုက်တုန်အေးစက်လှသော ဆောင်းနှင်းတို့အကြားမှာ သူလမ်းလျှောက်လာရင်း ရင်တွင်းတစ်နေရာမှ အပူကို သတိထားမိသည်။

အစ်မ ဘာများ ပြဿနာဖြစ်လို့လဲ။

ဘာဖြစ်လို့ ကိုထန့်ကို အဖော်မခေါ်ဘဲ မိမိကို ခေါ်သလဲ။ ပိုင်စိုး စဉ်းစားနေသည်။ ထျန်းအုပ်ထန်အပေါ် အစ်မသံယောဇဉ်တွယ်နေသည်ဟု ပိုင်စိုး ရိပ်မိသည်။ ဘာကြောင့် သူနှင့်မသွားဘဲ မိမိနှင့် သွားမှာလဲ။

. . . . . .

ပိုင်စိုးနှင့်ငွေဝန်းသည် ကိုသန်းလင်းမောင်းသော ဗင်ကားဖြူလေးဖြင့် ဟားခါးမှ ထွက်ခွာလာခဲ့ကြသည်။

‘အစ်မ မျက်နှာနည်းနည်းညှိုးနေတယ်။ နေမကောင်းဘူးလား’

‘ကောင်းပါတယ်ကွယ်၊ ညက အိပ်ရေးနည်းနည်းပျက်လို့’

လုံပီးရွာသို့ရောက်လို့ ကားပေါ်မှဆင်းလိုက်သောအခါ နံနက်ခင်းတစ်ခုလုံး အုံ့မှိုင်းနေခဲ့သည့်မိုးက စတင် ရွာတော့သည်။

လုံပီး။

ရွာသည် ဖလမ်း–ဟားခါး ကားလမ်းပေါ်မှာရှိသည်။ တောင်ကမ်းပါးယံကိုမှေးတင်ထားသော ရွာကလေး။

ပင်လယ်ရေမျက်နှာပြင်ထက် ပေ ၅၆၀၀။

ရွာသည် သေးသေးလေး။ စတုရန်းနှစ်မိုင်သာရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



အစ်မ ဘာအကြောင်းနဲ့လုံပီးကို သွားချင်တာလဲ။ ပိုင်စိုးက အေးဆေးပြီး စပ်စုစိတ်နည်းပါးသဖြင့် ဘာမှမမေးပေ။ ကိုသန်းလင်းကသာ လိုက်မောင်းပို့ရမည့်သူမို့ မေးသည်။

'ဆရာမ ဘယ်ကိုသွားချင်တာလဲ'

'ရွာထဲပဲ မိသားစုတစ်စုအကြောင်း စုံစမ်းချင်လို့'

'အော်'

'သားနာမည်က ဖွန်ဒုလျှန်တဲ့'

'ဟုတ်ကဲ့ ကျွန်တော်မေးပေးမယ်လေ'

ထိုနာမည်တစ်လုံးတည်းနှင့်မေးလို့ မဖြစ်နိုင်ဟု ထင်စရာ။ သို့သော် လုံပီးရွာသည် အိမ်ခြေနည်းနည်းလေး။ လူဦးရေကမှ ၁၀၀၀ လောက်သာရှိသည်။ ဖွန်ဒုလျှန်ဟူသော နာမည်တူ ဘယ်နှယောက် ရှိမှာမို့လဲ။

လုံပီးတောင်အကွေ့ မိုင်တိုင်နှင့်ရွာနာမည်ဆိုင်းဘုတ်အနီးက သစ်သားအိမ်လေးသည် ယခင်က ဖွန်ဒုလျှန်တို့သားအမိ နေခဲ့သော အိမ်ဖြစ်သည်။

သူမ မှတ်မိနေသောအိမ်ကလေးသည် ကားလမ်းပေါ်တွင် မေးတင်လျက်ရှိသည်။ အိမ်ရှေ့တွင် ထင်းရှူးတန်းသစ်လုံး တံစက်မြိတ်၌ အရင်ကလို တန်းလန်းဆွဲချထားသော သစ်ခွပင်များမရှိတော့။ ဟိုစဉ်က မြေပြင်တွင် လန်းဆန်း တောက်ပစွာ ဝင့်ကြွားဖူးပွင့်နေခဲ့သော နှင်းဆီတွေလည်း မရှိတော့။

တနင်္ဂနွေနေ့ဆိုလျှင် အိမ်တိုင်းလိုလို တံခါးပိတ်ပိတ်ထားတတ်ပေမယ့် သည်အိမ်ကတော့ တံခါးဖွင့်ထားသည်။

'ဒီအိမ်ကို ဝင်မေးမယ် ကိုသန်းလင်း'

အိမ်သည် တော်တော်သေသပ်သန့်ရှင်း၏။ ပြတင်းခန်းဆီးတွေက အပြာနုရောင်။ ညှိခန်းတွင် ကျွန်းစားပွဲကုလားထိုင် ဆက်တီခပ်လတ်လတ်အစုံကို ချထားသည်။ အိမ်ခန်းနောက်ဘက်မှ သက်



လတ်ပိုင်းအရွယ် အမျိုးသားတစ်ယောက်ထွက်လာသည်။

ကိုသန်းလင်းက ဖွန်ဒုလျှန်ဟူသော အမည်ဖြင့် မေးသည်။

ဖွန်ဒုလျှန်ကို သူ မသိ။

'လွန်ခဲ့တဲ့ဆယ့်ခြောက်နှစ်တုန်းက ဒီအိမ်မှာ နေသွားတဲ့ ဖွန်ဒုလျှန်တို့လေ'

သူ မသိ။ အိမ်ထဲတွင်ရှိသော အဘွားကြီးတစ်ယောက်ကို သူက လှမ်းမေးပေးသည်။

အော် ဖွန်ဒုလျှန်လား။ ကြာခဲ့ပြီ။

အဘွားကြီးက ပြောပြသည်။

အမေတစ်ခုသားတစ်ခု အမေကိုလုပ်ကျွေးပြုစုနေရသော ဖွန်ဒုလျှန်။

အမဲလိုက်ဖို့ တောထဲသွားဖို့ သေနတ်ပစ်ဖို့ အလွန်ဝန်လေးသည်ဟု ကဲ့ရဲ့ခံရသော ဖွန်ဒုလျှန်။

'အဲဒီဖွန်ဒုလျှန်က အခုဘယ်မှာလဲအဘွား'

မနေနိုင်၍ ပိုင်စိုး ဝင်မေးလိုက်သည်။

'သေပြီပေါ့။ တောင်အောက်ကို လိမ့်ကျသွားတယ်။ သူ့အလောင်းကို ရှာလို့မတွေ့တော့ဘူး။ ကျားစားခံရသလား။ ဋ္ဌင်းတစားခံရသလားတော့မသိပါဘူး'

အဘွားကြီးကပြောတော့ ပိုင်စိုး အံ့ဩသွားသည်။ ခုမှကြား ဖူးသော ထိုလူကို စိတ်ဝင်စားသွားတော့သည်။

'ဖွန်ဒုလျှန်ပါးနဲ့နွားရော ရှိသေးလား အဘွား'

ငွေဝန်းသော်တာက အသံခပ်တိမ်တိမ်ဖြင့်မေးသည်။

'မရှိတော့ဘူး။ ဖွန်ဒုလျှန်ပါးက သေသွားတာကြာပြီ။ ဖွန်ဒုလျှန်နွားကတော့ သားသေပြီး လပိုင်းအတွင်းမှာ သေသွားတယ်'

ရင်ထဲမှာဆို့နင့်သွား၏။ ဖွန်ဒုလျှန်နေထိုင်ခဲ့သော အိမ်ကို ငွေဝန်း သေသေချာချာ ကြည့်ချင်သည်။

www.burmeseclassic.com

www.burmeseclassic.com



အဘွားကြီးကို သည့်အိမ်အား ဓါတ်ပုံရိုက်ပါရစေ ဟု သူမ ခွင့်တောင်းသည်။ ပိုင်စိုးက အလိုက်သိစွာ ဓါတ်ပုံရိုက်ပေးလိုက်ပါသည်။ အိမ်ခန်းတစ်ခုထဲမှာ ပြတင်းပေါက်ပွင့်လျက်ရှိသည်ကို ငွေဝန်း မြင်ရသည်။ ထိုအခန်းဝသို့ ငွေဝန်းလျှောက်သွားမိ၏။ အခန်းသည် အလင်းရောင်ကောင်းကောင်းရ၏။ တစ်ဘက်က ချောက်ကမ်းပါးစွန်းရှိ သစ်ပင်များကို စိမ်းစိုမှိုင်းလျက် မြင်နေရသည်။ လေသည် အခန်းတွင်းသို့ ခပ်ပြင်းပြင်းတိုးဝင်လာရာ လေနှင့်အတူ တိမ်ငွေ့များပါ ပါလာလေသည်။

တိမ်တွေထဲသို့ တိုးဝင်ရင်း ငွေဝန်းမျက်ရည်တွေရစ်ဝဲလာသည်။

'ကျွန်တော် မမနဲ့မခွဲနိုင်ဘူး'

တိမ်တွေထဲမှာ တိုးတိတ်သော အသံတစ်ခု လွင့်ပါလာခဲ့သည်။

သူမ ကမန်းကတန်း အခန်းပြင်သို့ ပြန်ထွက်လာခဲ့လေသည်။ အိမ်ပြင်သို့ တောက်လျှောက်ထွက်လာမိသည်မှာ မွန်းကြပ်သော နှလုံးသားကြောင့်ပါ။ အဘွားကြီးကိုရော အမျိုးသားကိုရော ကျေးဇူးတင်စကားပြောဖို့ သူမ မေ့သွားခဲ့၏။ ပိုင်စိုးက သူမကိုယ်စား ကျေးဇူးတင်စကားပြောလိုက်ရလေသည်။

ငွေဝန်း၏ခြေလှမ်းတို့သည် အိပ်မက်ထဲမှာ လမ်းလျှောက်သူတစ်ယောက်၏ မသိစိတ် ခြေလှမ်းများဖြစ်ကြသည်။ သူမသည် ကားလမ်းကို အလိုအလျောက် ဇာတိစိတ်ဖြင့် ဖြတ်ကူးလိုက်မိသည်။ သူမ သွားနေသည်က လုံပီးတောင်ခြေသို့ဖြစ်သည်။

လုံပီးတောင်ဆီသို့ သွားရာလမ်းတွင် မိုးဖွဲဖွဲစွေနေသည်။ မိုးကန့်လန့်ကာကို ဖောက်လျက် မြင်နေရသည်က ကျောက်တုံးကြီးဟု အစိပ္ပါယ်ရသည်ဟူသော လုံပီးတောင်။



တောင်သည် စိမ်းမှောင်ညို့မှိုင်းသောသစ်ပင်များဖြင့် မှောင်နေသည်။

ထိုတောင်ပေါ်သို့ ငွေဝန်းသော်တာ တက်ရပါလိမ့်မည်။

'အစ်မ တောင်ထိပ်ထိ တက်ချင်သလား'

ပိုင်စိုးက မေးသည်။

'တက်ချင်တယ်'

အမြစ်ဆုံကြီးကြီးနှင့် ပင်စည်တွေမှာထွက်နေသော သစ်ပင်ကြီးတစ်ပင်ရှေ့မှစပြီး တောင်တက်လမ်းသို့ရောက်လေသည်။

'ဒီတောင်ပေါ်တစ်ပိုက်မှာ တောင်ယာခင်းတွေပဲရှိတယ် ထင်တယ် အစ်မ'

'ဒါပေမဲ့ တောင်ထိပ်မှာတော့ နတ်ဆေးဂမုန်းဆိုတဲ့ ဆေးပင်တွေရှိတယ်'

ငွေဝန်းသော်တာသည် ပုံပြင်တစ်ပုဒ်ပြောသည့် လေယူလေသိမ်းဖြင့် စကား စတင်ပြောလိုက်သည်။

'တစ်ချိန်တုန်းကတော့ နတ်ဆေးဂမုန်းဟာ အလွန်ရှားပါးပြီး လူသူမရှူးဆွတ်ရ။ နတ်တွေသာစောင့်ရှောက်တဲ့ အပင်မျိုးနွယ်လို့ လူတွေက ယူဆခဲ့လို့ ကျောက်တောင်ပေါ်မှာ သဘာဝအတိုင်း ရှိနေတဲ့ အပင်တွေပေါ့ကွယ်'

◆

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်ကြီးကိုတမ်းတသည့် တောင်ကုန်းသည်
အဆုံးမရှိ လိုက်လံရှာဖွေလျက်ရှိသော
တိမ်တိုက်တစ်တိုက်ဖြစ်လို၏။

၁၉

ဖလမ်းပတ်ဝန်းကျင်တစ်ခုလုံး တိမ်ခိုးများဖြင့် မှိုင်းတိုက်နေသဖြင့် အဖြူရောင်နတ်ဘုံနတ်နန်းတစ်ခုလို လှပနေသည်။

နှစ်တစ်နှစ်၏ နောက်ဆုံးမိုးစက်များ ဖွဲဖွဲ ရွာသွန်းလာသော ညနေစောင်းအချိန်တွင် ၁၆နှစ်အရွယ် လူငယ်ကလေးတစ်ယောက်သည် လှံပီး တောင်ကမ်းပါးယံ တောအုပ်ထဲမှာ လူသွားလမ်းအတိုင်း ခပ်သွက်သွက် ပြေးဆင်းလာခဲ့သည်။ လူသွားလမ်းဆိုပေမယ့် လမ်းရယ်လို့ ပီပီပြင်ပြင်မဟုတ်။ လူတွေနင်းလျှောက်ပါများ၍ မြက်ပင်များ မြေကပ် ချုံပင်လေးများပိပြားပြီး လမ်းမှိန်မှိန် ပေါ်လာခြင်းဖြစ်သည်။

ထိုတောင်ပေါ်လမ်းသည် မိုးရွာလျှင် ကျွတ်တွေပေါ်တတ်ပြီး မိုးမရွာသည့်အချိန်များတွင် ချုံဖုတ်မြက်စပ်များ၌ ပုရွက်ဆိတ် အကောင်ကြီးများ အုံခဲနေတတ်သည်။ နှစ်မျိုးလုံးကို သူမုန်းသည်။

ဖလမ်း၌ ဆောင်းရာသီဆိုလျှင် နေအဝင်စောရသည့်အထဲ တိမ်ခိုးမှိုင်းတွေက တောင်တန်းတစ်ခွင်လုံး လွှမ်းခြုံနေသဖြင့် မိုးစုံးစုံးချုပ်ပြီဟု ထင်ရသည်။

သူသည် ကျွတ်များ သူ့ဆီသို့လိုက်လာ၍မမီအောင် ခုန်၍ ပြေးလေသည်။

ထိုအခိုက် သူ့ရှေ့က အဖြူရောင်တိမ်ငွေ့ကြားထဲ၌ အရောင်တစ်ရောင်ရှိနေသည်ကို အနီးကပ်မှ သတိထားမိသွားသည်၊ အေးစက်တုန်ခိုက်သော တိမ်ငွေ့တိမ်ခိုးမှိုင်းတို့ကြောင့် သူ့ရှေ့ လက်တစ်ကမ်းအကွာမှ မြင်ကွင်းကို သူ သဲကွဲစွာမမြင်ခဲ့ရ။

အနီရောင်၊ တောင်ဇလပ်ပန်းပွင့်တစ်ပွင့်လို အနီရောင်၊ ဒါကိုပဲ သူ ရုတ်တရက်သိလိုက်သည်။ တိမ်တွေကြားထဲမှ အနီရောင်သည် တရွေ့ရွေ့လှုပ်နေသည် ဟု သူမြင်သည်။

ထို့နောက် ထိုအရောင်သည် မိန်းကလေးတစ်ယောက်ဖြစ်မှန်းသိသွားသည်။

ထိုအခါ ကြက်သီးဖျန်းခနဲထသွားသည်အထိ သူလန့်သွားသည်။

လူယောင်ဖန်ဆင်းထားသော တောစောင့်နတ်သမီးများလား။ ဘာဖြစ်လို့ သူ့ကိုပြသလဲ။ သူ သည်နေ့ဘာအပြစ်လုပ်မိလို့လဲ။

သို့သော် တိမ်တွေ နည်းနည်း လွင့်ပါးသွားသောအခါ သူ သိသွားသည်။

ဒါ လူစင်စစ်ပဲ။

ထိုမိန်းကလေးသည် သူ့ထက် အသက်ကြီးသည်။ ခြောက်နှစ်ခုနစ်နှစ်ကြီးမည်။ သူပြေးဆင်းလာနေသည်ကို ဘေးသို့ ကပ်ရှောင်ပေးသည့်အနေနှင့် တောင်နံရံသို့ သူမ ကပ်သွားနေခြင်းဟု သူထင်လိုက်သေး၏။ သို့သော် ထိုသို့မဟုတ်။ သူမသည် တောင်နံရံကို တွယ်တက်နေခြင်းသာ ဖြစ်ကြောင်း သူသိသွားသည်။

သူ အံ့ဩသွားပါသည်။

ကျောက်သွေးတောင်နှင့် မျောက်ထိုင်တောင်တွေ[illegible] သူခဏခဏ လာဖူးသည်။ လူငယ်ပီပီ ကျောက်သွေးကျော[illegible]တာ

www.burmeseclassic.com

www.burmeseclassic.com



ကို ရှာဖွေတူးချင်လို့ မျောက်ထိုင်တောင် လိုဏ်ဂူမှ လင်းနို့ချေးများကို ခြစ်ယူရောင်းစားချင်လို့ စသဖြင့် အကြောင်းအမျိုးမျိုး ဖြင့်လာခဲ့သည်။ အခုလို အမျိုးသမီးတစ်ယောက် ကျောက်တောင် နံရံပေါ် ကုပ်ကပ် တွယ်တက်နေသည့်မြင်ကွင်းကို သူ မမြင်ဖူးချေ။

'ဘာလုပ်တာလဲ'

ပထမဆုံး သူ့အာရုံထဲရောက်လာသည်က စိုးရိမ်ပူပန်မှု ဒီမိန်းမတော့ လိမ့်ကျတော့မယ်။ ကျောက်တောင်သည် ယောက်ျား တွေအတွက်တောင် တော်တော်တက်ရခက်သည်။ ခြေချစရာ ကျောက် သားကျောက်စိုင်အထစ်တွေကလည်း ပြေပြစ်မှုမရှိ။

အမျိုးသမီးက လှည့်ကြည့်သည်။ သူမသည် သူ့ခါးလောက် အမြင့်သို့ ရောက်နေပြီ။

'အပင်နှုတ်မလို့'

သူမ၏အသံက ခပ်ရှရှ အက်အက်။ သူ့ကို ပြန်ဖြေလိုက် သည့်အသံတွင် နွေးထွေးမှုကို သူခံစားလိုက်ရသည်။

'ဘာပင်လဲ'

'နတ်ဆေးဂမုန်းပင်'

သူကြားဖူးသော်လည်း တစ်ခါမှ မမြင်ဖူးပါ။ သူသိသလောက် တော့ နတ်ဆေးဂမုန်းကို အစွမ်းသတ္တိရှိသည့် ဆေးဘက်ဝင်အပင် အဖြစ် စတင်တွေ့ရှိခဲ့သူမှာ တောင်တန်းသာသနာပြုဘုန်းကြီး အရှင် ဦးဥတ္တမသာရ ဖြစ်သည်။

'ဘယ်မှာလဲ'

'ဟောဟိုးထိပ်မှာ'

သူမညွှန်ပြရာသို့ သူမော့ကြည့်လိုက်သည်။ အလို။ အမြင့် ကြီးပါလား။ မဲနက်သော ကျောက်တောင်နံရံတွင် ခပ်စိမ်းစိမ်း ကွက် ကွက်အချို့ကို မြင်ရသည်။ မြက်ပင်တွေလည်း ဖြစ်နိုင်သည်။ အဖိုး တန်ဂမုန်းပင်တွေလည်း ဖြစ်နိုင်သည်။



'ဘယ်အပင်လဲ'

'ဟိုးထိပ်က အရွက်ဝိုင်းဝိုင်းကြီးကြီးနဲ့ဟာ နတ်ဆေးဂမုန်းပဲ'

သူသည် အမျိုးသမီးကို ခပ်စွေစွေလှည့်ကြည့်မိ၏။

'ဘုန်းကြီးဆီမှာ တောင်းလို့ရတယ်လေ။ ဘုန်းကြီးကို သိလား။ ဒီမှာနေတဲ့ ဘုန်းကြီး။ ဘုန်းကြီးက အဲဒီအပင်နဲ့ ဆေးကုတယ်။ သူ့ဆီမှာ အများကြီးရှိမှာပေါ့'

ထိုစကားအဆုံးတွင် သူမ ခေါင်းတစ်ချက်ခါလိုက်၏။

'ဘုန်းကြီးဆီ တောင်းကြည့်ပြီးပြီ။ ဘုန်းကြီးက မပေးဘူး'

'ဟာ'

မဖြစ်နိုင်ပါ။ ဘုန်းကြီးသည် အနယ်နယ်အရပ်ရပ်မှ ဝေဒနာ သည်များကို အခကြေးငွေမယူဘဲ ဆေးကုပေးနေသူဖြစ်သည် ဟု သူကြားဖူးသည်။

'ဟောဒီမှာ ဘုန်းကြီးက ဒါပဲ ပေးလိုက်တယ်'

အမျိုးသမီးက သူ့ကျောပိုးအိတ်ထဲမှ ပလပ်စတစ်ထုပ် တစ်ထုပ်ကို ထုတ်ပြသည်။ ပန်းခြောက်အရောင်ရှိသော ဆေးမှုန့်များ ဖြစ်သည်။

'အဲဒါ နတ်ဆေးဂမုန်းတဲ့။ တစ်ပင်လုံးအခြောက်လှန်း အမှုန့် ကြိတ်ထားတာတဲ့'

'အေး ဟုတ်မှာပေါ့၊ အဲဒါ ရောဂါပျောက်တယ်လေ'

'မမက ရောဂါပျောက်ချင်တာမဟုတ်ဘူး။ အပင်ကို ယူသွား ပြီး သုတေသနလုပ်ကြည့်ချင်တာ၊ သိလား လက်တွေ့စမ်းသပ်ချင်တာ လေ'

'အော'

'မမရဲ့ဆရာမက ဘုန်းကြီးဆီက အပင်ကို တောင်းကြည့် တယ်။ ဘုန်းကြီးက သူစုဆောင်းစိုက်ပျိုးထားတဲ့ အပင်တွေကို လိုက် ပြတယ်။ ဆေးဘက်ဝင်ပုံတွေကို ပြောပြတယ်။ ဆေးအညွှန်းတွေ

www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း ရွတ်ပြတယ်။ ရောဂါတွေကို ဘယ်လိုပျောက်ကင်းတယ်ဆိုတာလည်း ပြောပြပါတယ်။ ဒါပေမဲ့ သူက ပြောပဲ ပြောပြချင်တာ။ အပင်ကိုတော့ မပေးလိုက်ချင်ဘူး'

'အော'

အပင်သည် မြေပြန့်မှာ စိုက်ပျိုးဖို့မဆိုထားနှင့် တောင်ပေါ်မှာပင် ကျောက်တောင်မဟုတ်ဘဲ မြေပြင်မှာစိုက်ပျိုးဖို့ ခက်ခဲလိမ့်မည်။

'အရှင်ဘုရားရဲ့ဆေးမှုန့်တွေကို မလိုချင်ပါဘူးဘုရား။ တပည့်တော်မကို အပင်တစ်ပင်သာ စွန့်ကြဲလိုက်ပါလို့ ဘုန်းကြီးကို ပြောပါတယ်။ ဘုန်းကြီးကသူ့ဆေးအစွမ်းကိုချည်း ပြောနေတော့တာပဲ၊ ဘယ်လိုမှ တောင်းလို့မရဘူး'

အမောတကော ပြောနေသော အမျိုးသမီး၏မျက်လုံးများ၌ မခံချိမခံသာ အမူအယာကို မြင်နေရ၏။

မှိုင်းတွေလွင့်ပြယ်လာသဖြင့် အလင်းရောင်ပြန်ဝင်လာသည်။ ထိုအလင်းရောင်အောက်တွင် စိမ်းစိုသောသစ်ပင်များသည် တောက်ပအရောင်လက်လာသည်။ မိုးကတော့ ဖွဲဖွဲကျဆင်းနေဆဲ။

'အဲဒီအပင်ကို မရရင် မမတို့ဒီကိုလာခဲ့ရတာ ဘာများအဓိပ္ပါယ်ရှိတော့မလဲ၊ အချိန်တွေကုန်တယ်၊ လူလည်းပင်ပန်းလိုက်တာ၊ ဒီတော့ ဒီအပင်ကို ရကိုရမှဖြစ်မယ်ကွယ်။ ဒါကြောင့် ဘုန်းကြီးမမြင်ခင် အပင်ကို မမ ဆရာမအတွက် ခိုးပေးဖို့ စဉ်းစားလိုက်သေးတယ်'

သူမက လှစ်ခနဲပြုံးလိုက်တော့ ကလေးမလေးတစ်ယောက်နှင့်တူသွားသည်။ မျက်နှာဝိုင်းဝိုင်း မျက်လုံးဝိုင်းဝိုင်းနက်နက်။

'သူများပစ္စည်းကို ခိုးယူတယ်ဆိုတာ အပြစ်အလွန်ကြီးပါတယ်၊ အထူးအဖြင့် သူတော်စင်ဘုန်းကြီးရဲ့ပစ္စည်းကို ခိုးယူရင် ပိုပြီးအပြစ်ကြီးမှာပေါ့။ ဒါပေမဲ့ တပည့်တော်မ ခိုးရတာက အများကောင်းကျိုးအတွက်ပါ၊ တပည့်တော်ရဲ့ဆရာမက နတ်ဆေးဂမုန်းကို သုတေသနလုပ်ဖို့ပါဘုရားလို့ စိတ်ထဲက အကြိမ်ကြိမ်တောင်းပန်ပြီးတော့



ခိုးဖို့ ကြိုးစားလိုက်တယ်။ ဘုန်းကြီးအလစ်၊ ကပ္ပိယကြီးကို နားလည်မှုယူပြီး ခိုးလိုက်တော့မလို့ပဲ'

သူမ စကားပြောပုံက အားရပါးရရှိလှသည်မို့ သူငေးပြီးနားထောင်နေမိ၏။

'ဒါပေမဲ့ မဖြစ်သေးပါဘူးလေ။ မမဘဝမှာ သူများ မပေးချင်တဲ့အရာတစ်ခုကို ဘယ်တုန်းကမှ ဖွင့်လည်းမတောင်းဖူးဘူး၊ ခိုးလည်းမယူဖူးဘူး။ အပင်ကို ဘုန်းကြီးပြလို့သိပြီ၊ အပင်တွေ ဟောဒီ ကျောက်တောင်ပေါ်မှာ ရှာလို့တွေ့နိုင်တာလည်း သိပြီ။ ဒီတော့ ဆရာမကို ဘုန်းကြီးနဲ့စကားပြောခိုင်းထားခဲ့တယ်။ ကိုယ်ကိုယ်တိုင်ပဲ တက်ရှာတော့မယ်လို့ ဆုံးဖြတ်လိုက်တယ်'

ထိုအချိန်တွင် မိုးက ဖြုန်းခနဲ သဲမဲစွာရွာချလိုက်လေသည်။ မိုးကာအင်္ကျီဝတ်ထားမိသောသူက မိုးကို ဂရုစိုက်စရာမလိုသော်လည်း သိုးမွေးဆွယ်တာအနီရောင်လေးကိုသာ ဝတ်ထားသော သူမ အတွက် သူ စိုးရိမ်သွားသည်။ သူမကတော့ မိုးကိုလည်း ဂရုစိုက်မိဟန်မတူ။ သူမမျက်နှာဆီသို့ သဲသဲမဲမဲဖျန်းပက်လာသော မိုးရေတို့ကို လက်နှင့်သပ်ချနေသည်။ သူ ချက်ချင်းပင် ဆုံးဖြတ်လိုက်ပြီး သူဝတ်ထားသည့် မိုးကာအင်္ကျီကို ချွတ်ပေးလိုက်သည်။

'ရော့ ရော့ ဒါကို ဝတ်ထား၊ ကျွန်တော့်အိမ်က အနီးလေး'

'အို ရပါတယ်။ မလိုပါဘူး'

သူမက ပြာပြာသလဲ ငြင်းသည်။ သူ ဇွတ်ပေးလိုက်၏။

'ယူပါ။ ပြီးရင်ပြန်ပေးပေါ့။ မနက်ဖြန်မနက်စောစော ကျွန်တော် မမလိုချင်တဲ့ အပင်ကို ခူးပြီးလာပေးမယ်၊ အခု မမရဲ့အဖော်ဆင်းလာရင် ပြန်လို့ရတယ်'

'အို အဖော်မဟုတ်ဘူး ဆရာမတော့၊ ကျုပ်ရဲ့ဆရာမ'

သူမမျက်လုံးများ ဝင်းခနဲလက်သွားပုံကို ကြည့်ပြီး သူပျော်သွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'မင်း ခူးပေးမယ်။ ဟုတ်လား'

'ဟုတ်တယ်'

'အို ကျေးဇူးတင်လိုက်တာမောင်လေးရယ်'

သူမ သူပေးသော မိုးကာအင်္ကျီကို ဝတ်လိုက်လေသည်။

'နေအုံး ကျေးဇူးတင်တာကို ချင်းလို ဘယ်လိုပြောမလဲ'

'ကလုမ်းအော်အီးဇက်'

'အိုး ခက်လိုက်တဲ့စကားနော်'

'မခက်ပါဘူး။ အင်္ဂလိပ်လိုစာလုံးပေါင်းပြမယ်လေ။ Ka Lung Awi Zet အတိုကောက်ပြောရင်တော့ လုမ်းအော်အီး'

'ဒါဖြင့် လုမ်းအော်အီး နော်'သူမက မပြီတပြီပြောတော့ သူ တစ်ချက်ရယ်လိုက်ပါသည်။

'ဟုတ်ပြီ၊ ဒါဆို ဆရာမဆင်းလာအောင် စောင့်လိုက်မယ်။ မင်းအိမ်က ဘယ်မှာလဲ'

သူ တစ်နေရာသို့ လက်ညှိုးညွှန်ပြလိုက်သည်။ သူ့အိမ်သည် လုံပီးတောင်ခြေ ကားလမ်းတစ်နေရာတွင်ရှိပါသည်။

သူတို့နှစ်ယောက်သည် ဘုန်းကြီးကျောင်းပေါ်မှ ဆင်းလာသော ဆရာမဒေါ်သင်းလှဲ့ဝေကိုစောင့်ကြသည်။

'အော် မမနာမည်က ငွေဝန်းသော်တာတဲ့။ မင်းနာမည်ကကော'

'ဖွန်ဒုလျှန်'

မမ၏ဆရာမရောက်လာသောအခါ သူတို့သုံးယောက် ပြန်ဆင်းလာခဲ့သည်။

လူသွားလမ်းပေါ် စွန်းထွက်နေသည့် သစ်ကိုင်းကြီးများကို တိုးတိုက်ကာ သူကအရင် ရှေ့မှ လှမ်းရသည့်အခါတွေလည်း ရှိသည်။

'ဒီနားမှာ ကျွတ်တွေပေါတယ်ဗျ မြန်မြန်လျှောက်'

ငွေဝန်းသော်တာက ကျွတ်ကြောက်သည်။ ဒေါ်သင်းလှဲ့ဝေ



က မကြောက်။

'ရတယ်။ ကျွတ်ကိုက်တာက ပုရွက်ဆိတ်ကိုက်သလောက် မနာလှပါဘူး'

ဒေါ်သင်းလှဲ့ဝေက ခြေတစ်ချက်ဆောင့်ခါရင်း ပြုံးလျက်ပြောသည်။

'ဆရာမ ကျွတ်ကိုက်ခံရဖူးသလား'

'အို ခံရဖူးတာပေါ့'

'ဆရာမတို့ဆီမှာလည်း ကျွတ်ရှိသလား'

'မြို့မှာတော့ ဘယ်ရှိမလဲကွယ်။ ကချင်ပြည်နယ်မှာ အကိုက်ခံရဖူးတယ်။ ရေခဲတောင်တွေဆီကို သွားတုန်းကလေ'

'ဟာ'

သူ ဆရာမကို တအံ့တသြ ရပ်ကြည့်၏။

'ရေခဲတောင်တွေကို သွားတယ်'

သူ့ ပုံစံကို ကြည့်ပြီး အမျိုးသမီးက အသံထွက်ရယ်မောလေသည်။

'သွားတယ်လေ၊ အဲဒါဘာဖြစ်လဲ။ ရေခဲတောင်တွေမှာ ခန်းတောက်မြစ်ဆိုတာရှိတယ်။ အဲဒီအမြစ်က ဒီက နတ်ဆေးဂမုန်းလိုပဲ ဆေးဘက်ဝင်တယ်။ အဲဒီက ကချင်တွေအဲဒီအမြစ်တွေကိုပဲ စားကြတယ်။ ရေခဲတောင်တွေဆီကနေ ဟိုဘက်ကို ကျော်ဂိုက်ပြီးတော့ တိဘက်တို့ တရုတ်တို့မှာ သွားရောင်းတာ ဈေးကောင်းရတယ်၊ အဲဒီခန်းတောက်မြစ်ကို ဆရာမက သုတေသနလုပ်ရတယ်။ ဟောဒီ ဆရာမရဲ့တပည့်က ဆရာမနဲ့ အဖော်လိုက်ပြီးဆရာမကို ကူတယ်'

အာဂမိန်းမတွေပါလား။ သူ တစ်ခါမှ မရောက်ဖူးသော၊ အလွန်ရောက်ချင်သော ရေခဲတောင်တွေဆီသို့ သွားခဲ့သတဲ့။

'ရေခဲတောင်တွေကလှသလား'

'သိပ်လှတာပဲ'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် ရောက်ဖူးချင်လိုက်တာ'

'သွားပေါ့။ ဆရာမတို့တောင် သွားခဲ့ပြီးပြီ။ မင်းက ယောက်ျားလေးပဲ'

မြေကြီးသည် စိုစွတ်ပျော့အိကာ ခြေနင်းလိုက်တိုင်း နစ်နစ်ဝင်သွားသည်။ လူသွားစရာနေရာလေးတစ်ဝိုက်က မြေကပ်ပင်လေးများသည် အပွင့်တွေတောင်ပွင့်နေကြ၏။ သူ တစ်ခါမှ ထိုအပင်လေးတွေကို သေသေချာချာဂရုစိုက်မကြည့်မိခဲ့။ သူတို့အပွင့်တွေက ဘာရောင်လဲဟု သူတစ်ခါမှ သတိမထားမိခဲ့။ အခုမှ သူသိသည်။ ရောင်စုံပန်းပွင့်သေးသေးလေးများ စုပြုံရောလျက် အဆုပ်လိုက်အဆုပ်လိုက် ဖြစ်နေကြသည်။

'ရေခဲတောင်တွေလို့ပြောပေမယ့် နှင်းတောင်တွေပေါ့ကွယ်။ တောင်တစ်ခုလုံးမှာ နှင်းတွေချည်းပဲ။ ခြေထောက်က နင်းလိုက်ရင် နှင်းထဲမှာပဲ ကျွံကျွံသွားတယ်။ တချို့နေရာတွေမှာ နှင်းက သိပ်သည်းနေတယ်။ ဘွတ်ဖိနပ်နစ်ဝင်ရုံပဲ။ တချို့နေရာတွေကျတော့ နှင်းကပွနေတယ်။ ခြေသလုံးထိအောင် နစ်တာကြုံရဖူးတယ်။ ဘာပဲဖြစ်ဖြစ် နှင်းတွေကို ဆုပ်ကိုင်ပြီး ပါးမှာအပ်ရတာ သိပ်ပျော်စရာကောင်းတာပဲ'

ဒေါ်သင်းလှဲ့ဝေစကားကြောင့်ယခုကိုပဲ သူ နှင်းတောင်တွေဆီသို့ သွားလိုက်ချင်တော့သည်။

ဆရာမတို့တည်းခိုရာ ဖလမ်းမြို့သည် သူနေသော လုံပီးရွာမှ ခြောက်မိုင်ဝေး၏။

'ဆရာမတို့ ဒီကို ဘာနဲ့လာသလဲ'

သူတို့ တောင်ခြေကားလမ်းပေါ်ပြန်ရောက်တော့ သူ မေးမိသည်။ ဆရာမတွေက ခပ်ပြုံးပြုံးပဲ။

'ခြေလျင်လျှောက်လာတာပေါ့'

ဖလမ်းမှ ဟားခါးသို့သွားသော ကားများရှိတတ်သော်လည်း



တော်တော်ရှားပါးသည်။ တစ်ခါတစ်ခါ ကုန်ကားနှင့် စစ်တပ်သုံးကားများတော့လာတတ်သည်။ သို့သော် နေ့စဉ်မဟုတ်။ ကံကောင်းမှသာ။ ထို့ကြောင့် တောင်ပေါ်ဒေသတွင် တစ်နေရာမှ တစ်နေရာသို့ ခြေလျင်သွားရသည်။ သူတို့လို ဒေသခံများအတွက် ခြောက်မိုင်ခရီးသည် သိပ်မထူးဆန်းလှ။ သို့သော် ဆရာမတို့လို နုနယ်သည့်မိန်းမသား မြေပြန့်သူတွေအနေနှင့် ခြောက်မိုင်ခြေလျင်ခရီးသည် တကယ့်သတ္တိသွေး ဖြစ်သည်။

ငွေဝန်းသော်တာက မိုးကာအင်္ကျီကို သူ့အား ချွတ်ပေးရင်း နှုတ်ဆက်သည်။

'နေဦးလေ'

အပြန်ခရီးအတွက် သူတစ်ခုခုကူညီလိုသည်။ သူ့မှာ ကားတစ်စီးလောက် ရှိလျှင် သူတို့ကို သူလိုက်ပို့နိုင်ပေလိမ့်မည်။ နေဦး မြင်းတော့ရှိသားပဲ။ ဆရာမတွေက မြင်းစီးတတ်ပါမလား။ ဖလမ်းနှင့်လုံပီးမှာ ကားလမ်းဖြစ်သဖြင့် ဘယ်သူမှ မြင်းနှင့် ခရီးမသွားကြပေ။ သူတို့စက်ဘီးစီးတတ်လျှင် သူ့သူငယ်ချင်း၏ စက်ဘီးကို ငှားပေးလိုက်နိုင်ပါရဲ့။

'ဆရာမတို့ စက်ဘီးစီးတတ်လား'

မေးမိပြီးမှ သူ ချက်ချင်းပင် ထိုစိတ်ကူးကို ပယ်ဖျက်လိုက်သည်။ ကားလမ်းကျဉ်းကျဉ်းမှာ တစ်ဘက်က တောင်ကမ်းပါးမြင့်ကြီး တစ်ဘက်က ချောက်ကမ်းပါးနက်ကြီး။ လမ်းတွေက မြေပြန့်လို ကောင်းမွန်တာမဟုတ်။ ထို့ပြင် တိမ်တွေ ဟိုးအောက်အခြေကနေ တက်လာခဲ့လျှင် ပတ်ဝန်းကျင်တစ်ခုလုံး ဘာမှ သဲသဲကွဲကွဲ မမြင်ရအောင် မှိုင်းတိုက်သွားလေ့ရှိသည်။ အဲသည်လိုအခါမျိုးမှာ ရှေ့ သုံးပေတောင်မမြင်ရဘဲ စက်ဘီးကို တိမ်ငွေ့ကြားထဲမှာ ဘယ်လိုနင်းမလဲ။

'စီးတတ်တာပေါ့၊ စက်ဘီးရှိသလား'

'ဒါပေမဲ့ မစီးတာက ပိုကောင်းပါတယ်။ အန္တရာယ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



တယ်'

ဒေါ်သင်းလဲ့ဝေက စက်ဘီးစီးဖို့ တက်ကြွနေသော ငွေဝန်းသော်တာကို တားမြစ်လိုက်သည်။

'ဆရာမတို့ လာတုန်းကတော့ အပြန်ခရီးအချိန်အတွက်ပါ ထည့်တွက်ပြီး စောစောလာခဲ့တာပဲ။ ဒါပေမဲ့ ဆရာတော်က အောက်ကျောင်းမှာမရှိဘဲ ဟိုးတောင်ထိပ်ထိရောက်နေတော့ အဲဒီကို လိုက်သွားရတာမို့ အချိန်ကကြာ၊ ဒါတောင် ကပ္ပိယကြီးက လိုက်ပြပေးလို့ တောင်ထိပ်ကို ချောချောမောမောရောက်တာ။ ဆရာတော်က သူ့ဆေးဥယျာဉ်ကဆေးပင်တွေကို အားတက်သရော လိုက်ပြ ရှင်းပြပေးနေတာလည်း အကြာကြီးပဲ။ နောက်ဆုံး နတ်ဆေးဂမုန်းကို ဆရာမက အပင်လိုက်တောင်းတော့မှ ဆရာတော်လည်း စိတ်ရှုပ်သွားပုံပေါ်တယ်။ သူကမပေး ဆရာမကတောင်း၊ အဲဒီအချိန်ကလည်း အကြာကြီး'

ချင်းလူငယ်လေး ဖွန်ဒုလျှန်သည် ငွေဝန်းသော်တာကို ငေးကြည့်နေသည်။ သူ့မျက်နှာမှာ မိုးစက်တွေစဉ်လျက် စို့ရွဲနေ၏။ သို့သော် သူမက ထိုမိုးရေစက်များကို လက်ဖြင့် သုတ်ဖယ်ပစ်ဖို့ စိတ်ရှိပုံမရ။

'ကျွန်တော့်ကို ခဏစောင့်၊ အမေ့ကိုပြောပြီး ဆရာမတို့ကို လိုက်ပို့မယ်။ ကျွန်တော့်အိမ်က ဟိုရှေ့မှာ'

သူတို့အိမ်မှာ ဖလမ်း-ဟားခါးသွား ကားလမ်းပေါ် မေးတင်လျက် တောင်စောင်း ချောက်ကမ်းပါးတွင် ဆောက်လုပ်ထားသည့် သွပ်မိုး ပျဉ်ထောင် တစ်ထပ်အိမ်ဖြစ်သည်။

အမေ့အတွက် အိပ်ခန်းတစ်ခု ဖြစ်အောင် ထင်းရှူးသားနံရံ တစ်ခု ကန့်ထားသည်။ မီးဖိုသည် ညှော်ခန်းမှာပဲရှိပြီး ထိုညှော်ခန်းသည် သူတို့ထမင်းစားရာလည်း ဖြစ်သည်။ အိမ်ရှေ့တွင် နှင်းဆီပင်များ ဒေလီယာပင်များကို စိုက်ပျိုးထား၏။ နှင်းဆီပွင့်များကို မြင်တော့ ဆရာမငယ်သည် မိန်းကလေးဗီဇဖြင့် ဆွေ့ဆွေ့ခုန်သွားလေသည်။



'ဟယ် လှလိုက်တဲ့နှင်းဆီတွေ၊ ကြည့်ပါဦးကွယ် စိုဝေ ကြွရွနေတာပဲနော်'

'ကျွန်တော်စိုက်ထားတာ။ မမလိုချင်ရင် ယူသွားလေ'

'အို ဟင့်အင်း ယူဖို့မဟုတ်ပါဘူး။ လှလွန်းလို့ပါ၊ ဟောဒီ ချင်းတောင်မှာ ပန်းတွေက သိပ်လှတာပဲ။ နှင်းဆီကတော့ မြန်မာတစ်နိုင်ငံလုံးက နှင်းဆီတွေထဲမှာ အလှဆုံးထင်ပါရဲ့'

အမေက ညှော်သည်တွေပါလာသဖြင့် အံ့သြနေသည်။ မြန်မာပြည်ကလာသောဆရာမတွေဖြစ်သည်ဟုပြောတော့ အမေက အခါးရည်နှင့် ပြောင်းဖူးစေ့လှော်ကို ကျွေးရန် စီစဉ်လေသည်။ မီးဖိုဘေးမှာပဲ ညှော်ခံရသည်။ ထိုင်ပါများသဖြင့် ကြမ်းခင်းက ပြောင်လက်နေသည်။

သူ မေးရန်သတိမရသော ညှော်ခံစကားများကို အမေက မေးမြန်းဧည့်ခံသည်။ ဘယ်ကလာတာလဲ၊ အလည်လာတာလား၊ ဘယ်မှာတည်းသလဲ၊ ဘယ်တုန်းကရောက်လဲ၊ ဘယ်တွေကို ရောက်ပြီးပြီလဲ၊ ဘယ်တော့ပြန်မလဲ၊ ဘာလိုအပ်သေးလဲ။ အစုံပဲ။ ဆရာမအကြီးက စေ့စေ့စပ်စပ်ဖြေသည်။

သီတင်းကျွတ်ကျောင်းပိတ်ရက်မို့ လာခြင်းဖြစ်သည်၊ တောင်ကြီးကောလိပ်မှာ ရုက္ခဗေဒလက်ထောက်ကထိက ဖြစ်သည်။

ကောလိပ်ဆရာမတွေဟု သိရသောအခါ အမေက ရင်သပ်ရှုမောဖြစ်သွားသည်။

'ငယ်ငယ်လေးတွေပဲ'

နတ်ဆေးဂမုန်းကို သိပ္ပံနည်းကျ သုတေသနလုပ် စာတမ်းပြုစုရန်လာခြင်းဖြစ်သည်၊ နတ်ဆေးဂမုန်းပင်ကိုရပြီးလျှင် ပြန်မည်။ နတ်ဆေးဂမုန်းပင်သည် ကျောက်တောင်နံရံများပေါ်တွင်သာ ပေါက်သဖြင့် အပင်ကိုနှုတ်ယူဖို့ မိန်းကလေးတွေအတွက် သိပ်လွယ်သည် မထင်။ ဆရာမတို့ကိုယ်စား သူက ကျောက်တောင်ပေါ်တက်ပြီး ခူး

www.burmeseclassic.com

www.burmeseclassic.com



ပေးမည် ဟု အမေ့အားပြောပြလိုက်သည်။

'မလွယ်ဘူးပေါ့။ ဒါကြောင့်လည်း ဒီအပင်ကို တို့ လိုင်မီး ဘာသာနဲ့ တောင်ဆိတ်ရိုင်း လို့ ခေါ်တာ။ ကျောက်တောင်ပေါ်မှာ အသက်ရှင်နိုင်ပုံက တောင်ဆိတ်လိုပဲ။ ခက်ခဲပေမယ့် မင်းအဖေလည်း ခူးခဲ့ဖူးတာပဲ၊ အမေ ဆေးသောက်ဖို့ ကျောက်တောင်ပေါ်တက်ပြီး ခူးတာ၊ သူ့ကို အဲဒီအကြောင်းပြောပြလိုက်'

ဒေါ်သင်းလှဲ့ဝေက ထိုအကြောင်းကို သိရသောအခါ သူမ၏ မှတ်စုစာအုပ်လေးကို ထုတ်ပြီး လိုက်မှတ်သည်။

'ဘာဖြစ်လို့ ဆေးသောက်ရတာလဲ'

'ဖွန်ဒုလျှန်ကိုမွေးပြီးတော့ ချိနဲ့သွားတာ၊ လမ်းမလျှောက် နိုင်ဘူး'

'အပင်ရဲ့ဘယ်နေရာကို စားရတာလဲ၊ အရွက်လား အမြစ် လား၊ အပွင့်လား'

'တစ်ပင်လုံးပဲ'

'ဘယ်လိုစားသလဲ၊ ဒီအတိုင်းစားသလား ဒါမှမဟုတ် အခြောက်လှန်းပြီး စားသလား'

အရွက်၊အပွင့်၊ ပင်စည်၊အမြစ်တို့ကို အပိုင်းပိုင်းဖြတ်လျက် သွေ့ခြောက်အောင် နေလှန်းရသည်။ ပြီးလျှင် အမှုန့်ထောင်းရသည်။ ပြီးလျှင် ပျားရည်နှင့်ရောပြီး စားရသည်။

'ဘုန်းကြီးကျောင်းမှာ မြင်ခဲ့ရတာတော့ လေးငါးဆယ်ပင် လောက် ရှိမယ်။ တော်တော်လှတယ်။ သူ့အလှက ထီးနန်းဆန်တဲ့ အလှလေ။ အရွက်ဝိုင်းတွေက အစိမ်းနုနဲ့ အစိမ်းရင့်အကြား ရောင်ပြေး။ အပွင့်က အနီရောင်'

'ကျောက်တောင်ပေါ်မှာဆိုရင် ပိုတောင်လှသေးတယ်' ဟု အမေက ပြောသည်။

◆



အို ငှက်ငယ်
သင့်တေးသံသည်
အိပ်ပျော်နေသော ငါ့သိုက်မြုံသို့
ရောက်လာခဲ့၏။
လေးလံနေသော ငါ့တောင်ပံများသည်
တိမ်တိုက်များပေါ်ရှိ အလင်းရောင်ထဲသို့ ပျံသန်းရန်
အိပ်မက်မက်လျက်ရှိပေ၏။

၂၀

သူ့အတွက် တောင်တက်တောင်ဆင်းပြုလုပ်ခြင်းမှာ အပန်း မကြီးပါ။ သို့သော် ယခုလိုကျောက်တောင်ကိုတော့ တစ်ခါမှမတက်ဖူးပါ။ ခြေကုပ်မမြဲသည့် ကျောက်သားနံရံတို့သည် ရေညှိနှင့် နှင်းရေစပ်ကာ ချော်ကျိုကျိုဖြစ်နေသေး၏။ ကျောက်အကြိုအကြားမှ ထိုးထွက် ပေါက် ရောက်နေသော ချုံနွယ်မြက်ဖုတ်ကလေးများကလည်း အားကိုးရ လောက်အောင် မခိုင်မြဲ။ ထုံးကျောက်တောင်သည် သစ်ပင်အလတ်စား အငယ်စားများနှင့် ဖုံးလွှမ်းလျက်လည်းရှိသဖြင့် ဂမုန်းပင်ရှာဖွေရတာ ခက်ခဲသည်။

တောင်တစ်ဝက်အထိကတော့ မြေသားများဖုံးလွှမ်းသည့် လူသွားလမ်းဖြစ်သည်။ ငွေဝန်းက သစ်ပင်ရိုင်းများပေါက်ရောက်နေ သည့် ထိုနေရာအထိ လိုက်တက်ပြီးနောက် မာကျောခက်ခဲသည့် ကျောက်ဆောင်ရောက်တော့ ကျန်နေရစ်ခဲ့သည်။

'မောင်လေး မင်းဖြစ်ရဲ့လား ဟင်'

ငွေဝန်းသော်တာက စိတ်မချနိုင်သလို မေး၏။

www.burmeseclassic.com

www.burmeseclassic.com



'ဖြစ်ပါတယ် ဆရာမ'

သူ့လက်ထဲက သစ်ကိုင်းရှင်းသည့်ဓါးမကို ခါးကြားမှာ ထိုးလိုက်သည်။ သူ့ကိုယ်တွင် အုန်းဆံကြိုးကို စလွယ်သိုင်း ပတ်ခွေ ချည်လိုက်၏။ သူ၏ ကျောက်တောင်တက်ကိရိယာမှာ ရိုးရိုးစင်းစင်း နှိမ်နှိမ်ချချပင် ဖြစ်သည်။

သူသည် ဖိနပ်မပါ ဗလာခြေဖဝါးဖြင့် ကျောက်တောင်ကို တွယ်ကပ်တက်လေသည်။ ကျောက်တောင်နံရံတွင် ချင်းတက် အမျိုး အစား ပုရှိန်းရှိန်းအရသာရှိသည့် တစ်ပင်လုံးမှာမှ မရမ်းရောင်ပန်း အဖူးအငုံ တစ်ပွင့်တည်း ဖြစ်နေသော တွယ်ကပ်ပင်မျိုးတို့ကို ခဏ ခဏတွေ့ရသည်။ အတို့အမြုပ်လုပ်စား လို့ရသည့် ပန်းပင်ကလေးများ ဖြစ်သည်။

တိမ်စိုင်တိမ်ငွေ့များသည် သူ့တစ်ကိုယ်လုံးကို ဝါးမျိုသွား သည်။ ကြည်စင်စွာ မြင်နေရသည့် ပတ်ဝန်းကျင်သည် ချက်ချင်းပင် မှုန်မှိုင်း အုံ့ဆိုင်းသွား၏။ ပတ်ဝန်းကျင်က တိမ်ငွေ့များကြောင့် မသဲ ကွဲသည့်အခါ သူတက်လှမ်းလိုက်သည့် ခြေလှမ်းသည် လိုရာသို့ မ ရောက်ဘဲ ချော်ချော်သွားသည်။

ခြေချော်ကျသည့်အခါ အနားမှာရှိနေသည့် ချုံနွယ်တို့ကို လှမ်းဆွဲသည်။ ခြေကုပ်မမြဲသည့်အခါ ချုံပင်များပေါ် ခြေချနင်းသည်။ ကျောက်ဆောင်စွန်းမှာ ထိုးထွက်နေသော အကိုင်းကြီးကြီး သစ်ပင် တစ်ခုဆီ သူ ကြိုးလှမ်းပစ်လိုက်၏။ ထိုကြိုးကို အထိန်းအဖြစ် တွယ် လျက် သူသည် ဆရာမညွှန်ပြခဲ့သော အပင်ဆီ ရောက်သွားသည်။

'ဒီဟာလား'

အောက်မှာကျန်ခဲ့သော ဆရာမအား သူ အော်မေးလိုက် သည်။

'အေး အေး'

ဆရာမက ခေါင်းညိတ်လျက် အော်ပြောသည်။



လှပခမ်းနားသည်ဟုဆရာမကပြောခဲ့သောအပင်မှာ ဒါလား။ သူ့အမြင်အရတော့ ဒါက သာမန် တွယ်ကပ်ပင် တစ်ပင်ပဲ။ အရွက်က ဝိုင်းဝိုင်းပြားပြား၊ အရွက်အနားသတ်က မညီမညာ အတွန့် သေးလေး တွေ ပါသည်။ သူသည် ထိုအပင်ကို လက်နှင့် အသာဆွဲနှုတ်ယူလိုက် သည်။ မရ။ အား တော်တော်ခိုင်ပါလား။ သူ နောက်တစ်ကြိမ် အားစိုက်၍ ဆွဲနှုတ်လိုက်သည်။ ထိုအခါကျမှ အပင်က သူ့လက် ထဲသို့ပါလာသည်။ သို့သော် အမြစ်တချို့ ကျောက်လွှာကြားတွင် ပြတ်ကျန်ခဲ့သည်ကို တွေ့လိုက်ရ၏။ သူ နည်းနည်း စိတ်ပျက်သွား သည်။ သည်အပင်က မြေပြန့်ထိရောက်အောင် ခံနိုင်ပါ့မလား။ သို့ မဟုတ် မြေပြန့်မှာစိုက်ပျိုးလို့ ရှင်နိုင်ပါ့မလား။

အပင်ကို သူ့နောက်ကျောမှာပိုးထားသော နောက်လွယ်ခြင်း တောင်းထဲသို့ အသာထည့်လိုက်ပြီး နောက်တစ်ပင်လိုက်ရှာရန် နေရာ ရွှေ့လိုက်သည်။

ထိုအချိန်မှာပင် သူ့လက်က ရုတ်တရက် ပူခနဲ နာကျင် သွားသည်။ ပထမတော့ ဘာဖြစ်သွားမှန်းမသိ။ အကောင်တစ်ကောင် ကိုက်လိုက်သလား ဟု စိုးရိမ်သွားသည်။ နောက်တော့ လက်ဖဝါးဆီမှ သွေးတွေ ဖြာခနဲဆင်းလာတာ မြင်ရတော့မှ ဓါးသွားလို ချွန်မြနေသည့် ကျောက်ဆောင်အစွန်းတစ်ခုနှင့် ရှမိသွားပြီဖြစ်ကြောင်း သူ သိလိုက် သည်။ သူ စိတ်မှတ်မဲ့ပင် ဒဏ်ရာကို ပါးစပ်နှင့်ငုံ၍ သွေးကို စုပ်ယူ လိုက်၏။ သို့သော် သူ့နှုတ်ခမ်းမှ သွေးတို့ မနိုင်မနင်းအံကျလာသည်။

ဟား။ အရေးထဲမှာကွာ။

သူ့မှာ ဒဏ်ရာကို သွေးတိတ်အောင် စည်းနှောင်စရာဘာမှ ပါမလာ။ ထို့ကြောင့် ညာလက်ကို လက်သီးတင်းတင်းဆုပ်ထားရုံသာ တတ်နိုင်သည်။

ဆောင်းရာသီမို့ အေးမြတုန်ခိုက်လှသည့်အခါ ဒဏ်ရာသည် ချက်ချင်းပင် တစ်စစ်စစ် ကိုက်ခဲနာကျင်လာသည်။ ဆရာမ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မှဖြစ်ရလေ ဟု စိတ်မကောင်းဖြစ်သွားလိမ့်မည်။ သူမကိုယ်သူမလည်း အပြစ်တင်သွားလိမ့်မည်။ အဲလိုတော့ မဖြစ်သေးပါ။

သူသည် နောက်လွယ်ခြင်းတောင်းထဲက နတ်ဆေးဂမုန်းပင်ကို ထုတ်ယူလိုက်ပြီး အရွက်နှစ်ရွက်ကို ဖြုတ်ယူကာ ပါးစပ်ထဲထည့်ဝါးလိုက်၏။ ထို့နောက် ဒဏ်ရာပေါ်သို့ ထွေးထုတ်လိုက်သည်။ သစ်ရွက်စိမ်းအနှစ်ရည်နှင့် မညက်တညက် အရွက်ဖတ်လေးများသည် ဟက်တက်ကွဲဒဏ်ရာထဲသို့ ဝင်သွားပြီး စပ်ဖျဉ်းဖျဉ်းဝေဒနာကို ပေးသည်။ ကိစ္စမရှိပါ။ သည်လောက်တော့ သူ မဖြုလှုပါ။ နောက်တစ်ရွက်ကို သူဖြုတ်ပြီး အနာပေါ် အုပ်မိုးပတ်လိုက်သည်။ ထို့နောက် နွယ်ပင်တစ်စကို ဘယ်လက်ဖြင့်လှမ်းဆွဲဖြတ်ကာ ပတ်တီးကြိုးအဖြစ် စည်းနှောင်လိုက်သည်။

အဆင်ပြေသွားသည်။ နောက်တစ်ပင်ကို ခပ်လှမ်းလှမ်း အနိမ့်ပိုင်း သီးသန့်ကျောက်လှေကားထစ်ပေါ်တွင် တွေ့ရသည်။ ထိုနေရာသို့ ခြေလှမ်းလှမ်းဖို့မှာ လက်က သစ်ပင်မြစ်တစ်ခုကို အားပြုဆုပ်ကိုင်ပြီးမှ ရမည်၊ ဆုပ်ကိုင်ဖို့ကလည်း ညာလက်ဖြင့်သာ လက်သင့်သည်။ ဒါပေမဲ့ ဘယ်တတ်နိုင်ပါ့မလဲ။ ဒဏ်ရာကို ညှာနေလို့ အလုပ်ဖြစ်မှာမှ မဟုတ်ဘဲ။ သူ လှမ်းဆွဲလိုက်သောအခါ ဒဏ်ရာက စူးစူးဝါးဝါးနာကျင်သွားလေသည်။

'အား'

သူ အသံတိုးတိုးဖြင့် လွှတ်ခနဲအော်လိုက်မိသည်။ သို့သော် သူလိုရာတော့ ရောက်သွား၏။ ကျောက်အလွှာပေါ် သူခြေမြဲသွားသည့်အခါကျမှ သူ အောင့်ထားသော သက်မကို ချလိုက်မိသည်။

နတ်ဆေးဂမုန်းဟူသောနာမည်ကို ဘာကြောင့်ပေးထားသလဲ၊ အခုတော့ သူ ခန့်မှန်းနိုင်သွားပြီ။ လူသူမရောက်သာသည့် မြင့်မားလှသော ကျောက်တောင်ထိပ်ဖျားနံရံများပေါ်တွင်သာ ပေါက်သည့်အပင်၊ တောစောင့် တောင်စောင့်နတ်တို့သည်သာ လက်လှမ်းမီ



နိုင် ဆွတ်ခူးနိုင်သည့် အပင်။ နတ်တို့ပေးသည့် ဆေးလိုပင် အစွမ်းထက်ဆေးဘက်ဝင်သည့်အပင်။ ထိုအဓိပ္ပါယ်ဖြင့် ပေးထားခြင်းဖြစ်ပါလိမ့်မည်။

သာမန်လူတွေမရောက်နိုင်ပေမယ့် ဖွန်ဒုလျှန်တော့ ရောက်နိုင်ပါသည်ဟု သူကြိတ်တွေးပြီး ကျေနပ်သွားသည်။ နောက်တစ်ပင်အတွက် သူ အလေ့အကျင့်ရသွားပြီဖြစ်၍ သူ နှုတ်ယူလိုက်သည့်အခါ အပင်သည် အမြစ်တစ်ခိုင်လုံး လွတ်ကျွတ်လျက်ပါလာခဲ့လေသည်။

တောင်အောက်သို့ သူဆင်းလာသောအခါ သူမက စိုးရိမ်စိတ်ပူစွာ စောင့်နေသည်။

'ဖွန်ဒုလျှန် ဘာဖြစ်သွားသေးလဲ'

သူမက သူကမ်းပေးသော အပင်များကို မယူသေးခင် သူ့ကို မေးသည်။

'ဘာမှ မဖြစ်ပါဘူး ဆရာမ'

သို့သော် ဆရာမက သူ့လက်က အရွက်စည်းနှောင်ထားသည့် ဒဏ်ရာကို မြင်သွားပြီ။ သူ့လက်ကို ဖျတ်ခနဲ လှမ်းဆွဲယူကြည့်လေသည်။

'မှန်းစမ်း တော်တော်များသလား။ ဆရာမ ဒီကနေ လှမ်းမြင်နေရပါတယ်။ မင်းဒဏ်ရာရသွားတယ်'

ထို့နောက် အရွက်ကို ဘေးဖယ်လိုက်သောအခါ သွေးမတိတ်တတိတ် ဒဏ်ရာကို မြင်သွားသည်။

'ဟယ်တော်။ အများကြီးပါလား၊ ခဏထိုင်ဦး'

သစ်ပင်အခြေတစ်ခုတွင် သူထိုင်ချလိုက်သည်၊ သူ့ဒဏ်ရာကို သူ မြင်ရသည့်အခါ သူကိုယ်တိုင်ပင် မူးနောက်ရီဝေလာလေသည်။

သူမက ကျောပိုးအိတ်ထဲမှ တစ်စုံတစ်ခုကို ဆွဲထုတ်သည်။ သတ္တုဘူးကလေးဖြစ်၏။ ထိုသတ္တုဘူးကလေးထဲမှာ အရည်ကြည်ပုလင်းတစ်လုံးနှင့် ဖြူဖွေးသောပတ်တီးလိပ်ကလေးကို ထုတ်ယူ

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

'ဆေးထည့်ရမှာအောင်'

'ဟာ အခု ဆရာမခူးခိုင်းတဲ့ အပင်က အရွက်ကို ကြိတ်ပြီး ထည့်ထားတယ်လေ။ အဲဒါက နတ်ဆေးဆို၊ ရောဂါတွေပျောက်တယ်ဆို'

ဆရာမက ရယ်သည်။

'ဟဲ့ ဒါက သိပ္ပံနည်းကျ စစ်ဆေးပြီး သိထားတာမှ မဟုတ်ဘဲ။ နောက်ပြီး တောထဲကတွေ့လာတဲ့အတိုင်း အစိမ်းလိုက် ဝါး အုံတာက ရောဂါပိုးမွှားအန္တရာယ်ဘာညာ ရှိသေးတာ။ ဒီတော့ သေချာတဲ့ဆေး ပါလာနေတာပဲ။ အဲဒီဆေးပဲ ထည့်ရမှာပေါ့'

ဒဏ်ရာပေါ်က သစ်ရွက်ကြိတ်နှစ်ကို သူမကိုယ်တိုင် ဖယ်ပေးပြီး သူမ၏ သောက်ရေပုလင်းထဲက ရေဖြင့် ဆေးကြောပြီးမှ ဆေးထည့်ကာ ပတ်တီးစည်းပေးပါသည်။ အမေလိုပင် သူ့အပေါ်မှာ စိတ်ရှည်လေသည်ဟု သူ အနည်းငယ်အံ့ဩသွားသည်။

သူနှုတ်ယူလာသော အပင်များကိုတော့ သူမ တမြတ်တနိုးကိုင်တွယ်လေသည်။ နေခြည်နွေးနွေးအောက်တွင် အရွက်များသည် နှင်းတို့ဖြင့်စိုလက်ကာ စိမ်းတောက်နေ၏။

'ကျေးဇူးတင်လိုက်တာ ဒုလျှန်ရယ်။ ကလုမ်အော်အီး နော်'

'ဒါဆို ဆရာမလိုတာ ပြည့်သွားပြီပေါ့နော်'

သူ ခပ်ဆဆမေးတော့ သူမက တောက်ပစွာပြုံး၏။

'အိုး ပြည့်ပြီပေါ့။ ပြည့်ရာကတောင် ပိုသွားသေးတယ်၊ ကြည့်စမ်းအပင်တွေမှ သုံးပင်တောင်ပဲ'

'တစ်ပင်သေရင် တစ်ပင်က ရှင်အောင်ပေါ့ဆရာမရဲ့'

◆



သေခြင်း၌ အရာအားလုံးသည်
တစ်ခုတည်းဖြစ်သွား၏။
ရှင်ခြင်း၌ တစ်ခုသည်
အရာများစွာ ဖြစ်သွားကြ၏။

## ၂၁

ဖွန်ဒုလျှန်၏သံယောဇဉ်တွေက ကောက်သစ်ပွဲတော်မှ စခဲ့သည်။

ပွဲတော်တွင် ဖွန်ဒုလျှန်က ဒေါ်သင်းလှဲ့ဝေနှင့် ငွေဝန်းသော်တာကို အိမ်မှာဖိတ်ခေါ်လျက် ညပါအိပ်စေသည်။

ဝက်သားကို ချင်းရိုးရာအတိုင်း ချက်။ ကလီစာတွေကို ဝါးဒုတ်တံသေးသေးလေးတွေမှာထိုးလျက် ဒုတ်ထိုးလုပ်။ မုန်ညင်းနှင့်ဟင်းရွက်များကို ဟင်းချိုချက်သည်။

ဆရာမတွေအတွက်တော့ အမေကကြက်တစ်ကောင်ကို သတ်ကာ မီးကင်လျက်ချက်ပေးသည်။

'ဒီပွဲတော်ကို ဖာန်အယ်ပွဲလို့ခေါ်တယ် ဆရာမ။ ကောက်ပဲသီးနှံတွေအကုန်အစင် ရိတ်သိမ်းပြီးလို့ တောင်ယာအသစ်ပြန်လုပ်ခါနီး အထိမ်းအမှတ်ပေါ့'

ရွာလေးက သေးသေးလေးဖြစ်သည့်ပြင် ဂေါ်ရခါးမျိုးနွယ်တွေနှင့် ရောနေသောရွာဖြစ်သဖြင့် လုံပီး ချင်းအိမ်တချို့သာ[illegible]တော်

www.burmeseclassic.com

www.burmeseclassic.com



ကျင်းပကြလေသည်။

ဖွန်ဒုလျှန်သည် မမသင်းလဲ့ဝေတို့ဆရာတပည့်နှစ်ယောက်အတွက် အိမ်ကို သုံးရက်လောက်ကြိုတင်ရှင်းလင်းထားသည်။

ကြပ်ခိုးမှိုင်းတွေဖြင့် မဲညစ်နေသော အိမ်မျက်နှာကျက်နှင့် နံရံတို့ကို အဝတ်ရေဆွတ်ကာ တိုက်ချွတ်ဆေးကြောသည်။

'ကန္တူး ဒီခေါင်းအုံးကို အစွတ်လေးလုပ်ချင်တယ်။ လုပ်ပေးပါ။ ဒီမှာ ပိတ်စ'

ခေါင်းအုံးက အစွပ်စုတ်ပြဲနေသဖြင့် အသစ်လဲဖို့ ပိတ်စ ဝယ်လာခဲ့သည်။ စောင်အပိုမရှိသဖြင့် ချည်စောင်နှင့်ဂွမ်းစောင်တွေကို ဖလမ်းသို့ သွားဝယ်ထားသည်။ နောက်ပြီး အိပ်ယာခင်းအသစ်ကို မြို့အကြိုက်ဖြစ်မလားဟု ပိတ်အဖြူတွေဝယ်ကာ ပြင်ဆင်သည်။ အမေ့အခန်းကို ဆရာမတို့အတွက်ပေးချင်သော်လည်း အမေ့အခန်းက ကျဉ်းသည်။ ထို့ကြောင့် မီးလင်းဖိုဘေးမှာပဲ နေရာချထားပေးလိုက်သည်။

မီးဖိုဘေးတွင် ခေါင်းရည်အိုးကိုချလျက် ခေါင်းရည်လေး စုပ်လိုက်၊ စကားတွေပြောလိုက်နှင့် ညဥ့်နက်သည်အထိ မအိပ်ကြ။

ထိုညသည် ဖွန်ဒုလျှန်အတွက် အပျော်ရွှင်ဆုံးညဖြစ်သည်။ ဆရာမငွေဝန်း၏အိပ်ယာကို ခင်းကျင်းပြင်ဆင်ပေးခွင့်ရသောကြောင့်။

'ဆရာမပြန်ရင် ကျွန်တော် လိုက်ခဲ့မယ်နော်'

ဆရာမအကြီး မကြားအောင် တိုးတိုးလေးပြောမိသည်။

'အေး လိုက်ခဲ့လေ။ လိုက်ခဲ့ပြီး ဘာလုပ်မလဲ။ လျှောက်လည်ချင်သလား'

'မလည်ပါဘူး။ ဆရာမအနားမှာပဲနေမှာ'

ပထမတော့ ငွေဝန်းသော်တာသည် ဒီကောင်လေး ခေါင်ရည်မူးမူးနှင့်ပြောတာပဲဟု ထင်သည်။

'ဟဲ့ ဆရာမအနားမှာ ဘယ်နေလို့ရမလဲ။ ဆရာမက ဒီလောက်အလုပ်တွေရှုပ်တာ။ ဆရာမအဖေကလည်း အရမ်းစည်းကမ်း



ကြီးတာ'

'ဒါဆိုလည်း ဆရာမတို့ အိမ်ခြံဝိုင်းထဲမှာ နေမယ်လေ။ ကျွန်တော်က သစ်ပင်တွေပန်းပင်တွေကို ကြည့်ပေးမယ်။ နော် ဆရာမ ကျွန်တော်လိုက်မယ်နော်။ အမေ့ကိုပြောပြီး လိုက်ခဲ့မယ်'

ငွေဝန်းသော်တာ စိတ်ကသိကအောင့်ဖြစ်သွားသည်။

'ဘယ်လိုလုပ်ပြီး ဖြစ်မလဲ။ မင့်အမေကို ဘယ်သူက ဂရုစိုက်မှာလဲ'

'ကျွန်တော် မမကို မခွဲနိုင်ဘူး'

ငွေဝန်းသော်တာ အထိတ်တလန့်ဖြစ်သွားသည်။

'ဘာပြောတယ်'

'ကျွန်တော့်ကို ခေါ်သွားပါ။ ကျွန်တော် မမအနားမှာနေချင်တယ်။ ကျွန်တော် ထင်းခုတ်ပေးမယ်။ ရေခပ်ပေးမယ်။ ထမင်းဟင်းချက်ပေးမယ်။ မမရဲ့အိပ်ယာကိုခင်းပေးမယ်'

'ဟယ် ဒီကောင်လေး တောက်တီးတောက်တဲ့'

'မမကို ကျွန်တော် မခွဲနိုင်ဘူး။ မမပြန်သွားရင် ကျွန်တော် ဒီမှာသေမှာပဲ'

'ဟဲ့ ဘာတွေပြောနေတာလဲ။ ဒီကလေး မစသာ မနောက်သာဟယ်၊ တော်တော် ဒါတွေမပြောနဲ့။ ဆရာမ ထားရစ်ခဲ့တဲ့ရေဒီယိုလေးနဲ့ မင်း ကိုယ့်ပတ်ဝန်းကျင်မှာ ကမ္ဘာမှာ ဘာတွေဖြစ်နေသလဲလို့ သိအောင်ကြိုးစား။ လူဆိုတာ ကိုယ့်အိမ်ကွက်ကွက်လေးချည်း သိနေလို့မရဘူး မောင်လေးရဲ့'

ငွေဝန်းသော်တာအတွက် ချင်းတောင်နေ့ရက်များသည် နောင်တနှင့်ပဲ ပြီးဆုံးရတော့မှာလား။

ငါ့နှယ် မှားလိုက်တာ။

ဟိုးကချင်ပြည်နယ် ရေခဲတောင်က ခန်းတော[illegible]ကို မဒေါ်သင်းလဲ့ဝေနှင့်သွားတူးပြီး သုတေသနလုပ်ခဲ့တုန်း[illegible]တောင်

www.burmeseclassic.com

www.burmeseclassic.com



စွမ်းဆောင်နိုင်ခဲ့ရက်သား နဲ့ အခုမှ ဘာဖြစ်လို့ ဒီကျောက်တောင်ကို မတက်နိုင်ရတာလဲ။ ဘာဖြစ်လို့ ဒီလူငယ်လေးက ကူညီတာကို ခံလိုက်ရတာလဲ။ အခုတော့ သူက သံယောဇဉ်တွေတွယ်ကုန်ပြီ။ အဲဒါ ငါ မှားတာပေါ့။

ကချင်ပြည်နယ် ရေခဲတောင်ဒေသကို သွားစဉ်ကဆိုလျှင် ကြိမ်တံတားသေးသေးညွှတ်ညွှတ်လေးကို သက်စွန့်ဆံဖျားကူးရသည်။ ဟိုးအောက် ပေသုံးလေးရာအနက်ချောက်ထဲမှာက မြစ်။ ကြိမ်ကြိုးတံတားလေးက ခြေလှမ်းလှမ်းလိုက်တိုင်း ယိမ်းလိုက်တာမှ ခါနေခဲ့၏။ မြစ်ရေစီးကလည်း ကြမ်းတမ်း။ မြစ်ထဲက ကျောက်တုံးကြီးတွေကလည်း ကြီးမား။ အောက်များ ပြုတ်ကျလိုက်လို့ကတော့ အရိုးတစ်ခြား အသားတစ်ခြားဖြစ်မည်။

အဲဒါရော ဘာဖြစ်သေးလဲ။ ဘာမှမဖြစ်။ နယ်ခံ ယောကျ်ားတွေနှင့်အတူ ကြိမ်ကြိုးတံတားပေါင်းများစွာကို သူမတို့ ဆရာတပည့်နှစ်ယောက် အတူကူးခဲ့သည်။

အဲသည်တုန်းက ခန်းတောက်မြစ်ကို သုတေသနလုပ်ရခြင်းဖြစ်သည်။

ခန်းတောက်မြစ်ဟူသောနာမည်။

ကချင်ပြည်နယ် ရေခဲတောင်တွေဆီမှာ ရှိသည် ဟူသော အချက်။

သည်အချက်နှစ်ခုတည်းနှင့် ကချင်ပြည်နယ်သို့အရောက် သွားကာ လေ့လာထုတ်ဖော်ခဲ့ရသည်။

ခန်းတောက်မြစ်တဲ့။ တစ်ဘက်နိုင်ငံမှာ ဈေးကောင်းရသတဲ့။ ဆေးအဖြစ်သုံးသတဲ့။ ကဲ ဘာတွေလဲ။ ဘာဓါတုတန်ဖိုးရှိသလဲ။ သင်းလဲ့ဝေ သွားမလား။ သုတေသနလုပ်မလား။

ပါမောက္ခက မေးခဲ့သည်။

အိုး။ ဒေါ်သင်းလဲ့ဝေချက်ချင်းလက်ခံလိုက်သည်၊ တပည့်



ငွေဝန်းသော်တာကလည်း ဆရာမသွားရာလိုက်ဖို့ အဆင်သင့်။

ရေခဲတောင်တွေဆီသို့ မိန်းမသားတွေချည်းသွားဖို့ သင့်သလား။ ဘာမှမစဉ်းစား။

အဲသည်တုန်းက ငွေဝန်းအသက်ကလည်း ငယ်သေးသည်။ နောက်ဆုံးနှစ်ကျောင်းသူ။ စိတ်ဓါတ်ကပိုတောင် တက်ကြွနေခဲ့သည်။

ဆရာမဒေါ်သင်းလဲ့ဝေကလည်း ဆရာမဖြစ်ခါစ။

ဓာတုဗေဒအဓိကဘာသာကို ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်ခဲ့ပြီး တက္ကသိုလ်ဆရာအလုပ်ခန့်ဖို့စာမေးပွဲမှာ တစ်နိုင်ငံလုံး နံပါတ်တစ်အဆင့်ဖြင့် အောင်ခဲ့သူ ဒေါ်သင်းလဲ့ဝေ။

ယောကျ်ားတွေပင် သွားဖို့တွန့်ဆုတ်သောဝေးသီခေါင်ဖျားတောင်ပေါ်နယ်ခြားဒေသတွေကို ဆရာမသွားဖို့ အင်အားနှင့်သတ္တိအပြည့်။ ထိုအခါ ဆရာမ၏လက်ရွေးစင်တပည့် ငွေဝန်းသော်တာက ဘာကြောင့်မလိုက်နိုင်ရမလဲ။

ပူတာအိုမြို့မှ နောင်မွန်း။ နောင်မွန်းကနေ ရေခဲတောင်တွေဆီသို့ ငါးညအိပ်ခြောက်ရက် ခြေလျင်ခရီး။ အို ကျွတ်တွေကကိုက်။ ပုရွက်ဆိတ်ကြီးတွေဆို လူတောင်သေသွားတော့မလားအောက်မေ့အောင်ကိုက်သည်။

ကိုယ်ကာယဝေဒနာ။ စိတ်သောက ဝေဒနာ။

အင်းလေးက ကျွန်းမျောတွေကို သုတေသနလုပ်တုန်းကလည်း ငွေဝန်းသော်တာက ဆရာမဒေါ်သင်းလဲ့ဝေ၏ လက်ထောက်အဖြစ် တောင်ကြီးတက္ကသိုလ်မှာ။ တောင်ကြီးကနေ အင်းလေးသို့ သွားသည့်ဘတ်စ်ကားကို စီးရသည်။

အင်းလေးကန်ကြီးထဲမှာ ကျွန်းမျောဆိုပြီး ရေပေါ်မှာ ပေါ်နေတဲ့ မြေသြဇာကောင်းတဲ့မြေကြီးတွေဟာ ဘာတွေလဲ။ ဓါတုဗေဒတန်ဖိုး ဘာရှိလဲ၊ ရုက္ခဗေဒတန်ဖိုးဘာရှိလဲသိဖို့ သွားခဲ့ရသောခရီး။ စာကလည်း သင်ရသေးတာမို့ ကျောင်းပိတ်တဲ့အချိန်ကို သွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



အပင်တွေက အင်းသားများ၏အပြောအရ ရေထဲမှာပေါက်သော လျှာလုံးနှင့်လျှာပြားပင်များဖြစ်သည်ဟူ၏။ နှစ်အနည်းငယ်ကြာသောအခါ ထိုအပင်တွေဆီသို့ နောက်အပင်တစ်မျိုးလာကပ်သည်။ နောက်နှစ်အနည်းငယ်ကြာသော် တောင်ငွေပန်းဟူသော အပင်တစ်မျိုးလာတွယ်ပြန်သည်။ ထိုအချိန်တွင် ကျွန်းမျောသည် ရင့်ကျက်လာပြီ။ ရေထဲမှာပေါက်သော ဥယျာဉ်ပင်များအဆင့်သို့ ပြောင်းလဲသွားသည်။ ထိုအဆင့်သို့ရောက်ရန် အနည်းဆုံး ဆယ်နှစ်မှ ဆယ့်ငါးနှစ်အထိ ကြာသည်ဆို၏။ ထိုအချိန်တွင် အင်းသားများကပြောသည်မှာ ကျွန်းမျော၏အထုမှာ လေးပေမှငါးပေအမြင့်ရှိသည်။ ရေမှာပြေးနေသော ပင်စည်နွယ်များ၊ အမြစ်များ၊ ဥများ၊ ဆံပင်နွယ်လိုအမြစ်ဖျားများ ဖြစ်နေသည်။ ထိုအမြစ်များသည် တစ်ခုနှင့်တစ်ခုလိမ်ယှက်လျက် မွေ့ယာလိုဖြစ်သွားသည်။

ထိုကျွန်းမျောများကို ဖြတ်တောက်ပြီး ငွေဝန်းတို့ သယ်ယူလာခဲ့သည်။

အင်းလေးမှအပြန် အများပြည်သူစီးသော ဘတ်စ်ကားဖြင့် တောင်ကြီးအထိလိုက်ရသည်။ ကိုယ်ပိုင်ကားငှားရအောင်ထိ ခရီးစရိတ် များများမတတ်နိုင်။ မိမိတို့က အစိုးရဝန်ထမ်း။ သည်ကဲ့သို့ ခရီးထွက်ဖို့ သုတေသနလုပ်ဖို့ သူမသည် ကြိုတင်၍ ငွေစုထားရသေးသည်။ ကိုယ့်မှာပါလာတာက ရေထဲက အမြစ်ပုပ်တွေ။ ရေတွေ တစက်စက်စီးကျ။ ရွှံ့တွေပေ။ အမြစ်တွေက လှတပတလည်းမဟုတ်။ လူမြင်ရင် နှာခေါင်းရှုတ်ချင်စရာ။ စပယ်ယာက အမှိုက်တွေမှတ်လို့ဒါ ဘာကြီးတွေလဲ၊ ဘယ်သူ့ပစ္စည်းတွေလဲ အမေးခံရသေး၏။ ကျွန်မတို့ပစ္စည်းတွေပါ။ အပင်တွေပါ။ အမှိုက်တွေ မဟုတ်ပါဘူး ဟု ပြောလိုက်ရသည်။

တောင်ကြီးဝင်တော့ မိုးချုပ်နေပြီ။ တောင်ကြီးကောလိပ်က မြို့ပြင်မှာမို့ အဲဒီမှာပဲဆင်းကျန်ခဲ့တာ။ ဆင်းတုန်းကတော့ ဒီလောက်



စွန့်စားရလိမ့်မယ်မထင်။ လက်စသပ်တော့ ညရှစ်နာရီခွဲဆိုတာ တောင်ကြီးပတ်ဝန်းကျင်မှာ ပိန်းပိတ်အောင် မှောင်ပါလား။ ဆရာတပည့်နှစ်ယောက် လက်နှိပ်ဓါတ်မီးလေးတောင် မပါခဲ့။ ခလုပ်ထိလိုက် အမှားမှားအယွင်းယွင်းလျှောက်လိုက်။ တောကောင်တွေကို ကြောက်တာကတစ်မျိုး။ လူကိုကြောက်တာက တစ်မျိုး။ ချွတ်ခနဲ အသံကြားလျှင် ကိုယ့်ကို အန္တရာယ်ပေးမယ့်သူလား တထိတ်ထိတ်။

နှစ်ယောက်သား အမှောင်ကို ကျော်လွှန်နိုင်ဖို့ ရယ်စရာပြောမိကြသည်။

ဟင် လုပ်ချင်ဦးလေ။ သုတေသန။

စပ်စုချင်ဦး၊ လေ့လာချင်ဦးလေ။ ဘယ်သူမှ စိတ်မဝင်စားတဲ့အလုပ်။ ကိုယ့်အပြစ်နဲ့ကိုယ် ခံပေါ့။

ငွေဝန်းတို့ မငိုချင်၍ ရယ်မိကြပါသည်။

သို့သော် တကယ်တမ်း ထိုအပင်တို့ကို ဖြတ်တောက်ကာ အနုကြည့်မှန်ပြောင်းဖြင့်၊ ဓါတုဗေဒစမ်းသပ်ချက်တို့ဖြင့် စမ်းသပ်စစ်ဆေးပြီးနောက်တွေ့ရှိရသော အဖြေတို့ကို မြင်ရသောအခါမှာတော့ နောက်တစ်ကြိမ် သုတေသနလုပ်ဖို့ အဆင်သင့်စိတ်တက်ကြွရပြန်၏။

ယခုတော့ နတ်ဆေးဂမုန်း။

ချင်းတောင်တန်းသို့ ဆရာမဒေါ်သင်းလှဲ့ဝေနှင့်အတူ ရောက်လာရပြန်သည်။ သူမအသက်လည်း နှစ်ဆယ့်သုံးနှစ်ရှိပြီ။ သည်အချိန်ကျမှ သည်လူငယ်လေး၏ ချစ်ခင်စွဲလန်းမှုကို ခံရသတဲ့လား။

ငွေဝန်း ဘယ်လိုများ ဖြေရှင်းရပါ့မလဲ။

'ဖွန်ဒုလျှန်၊ ဆရာမပြောမယ်။ လူငယ်ဆိုတာ ဒီလိုပဲ စိတ်ကစားတတ်တယ်။ ခဏနေတော့လည်း ပြန်ပြီးအနည်ထိုင်သွားတာပါပဲ။ မင်းလည်း တစ်လနှစ်လကြာရင် ဆရာမကို မေ့တောင်မေ့သွားဦးမယ်။ အဲဒီကျမှ ကိုယ့်ကိုယ်ကို တအားရယ်ချင်သွားလိမ့်မယ်'

ငွေဝန်းသည် မိမိယုံကြည်ထားသည့်အတိုင်း သူ့ကို ရှင်း

www.burmeseclassic.com

www.burmeseclassic.com





ဖျမိသည်။

သူက မျက်ရည်ဝဲ့လည်သောမျက်ဝန်းများဖြင့် သူမအား မော့ကြည့်လျက်သာ နေလေသည်။

သူသည် နောက်ထပ် ဘာမှမတောင်းဆိုတော့ချေ။ သို့သော် မျက်နှာထားလည်း ကြည်လင်လှသည်တော့မဟုတ်။

ဖွန်ဒုလျန်သည် ငွေဝန်းတို့မပြန်ခင် သွားချင်သည့်နေရာတွေကို လိုက်ပို့သည်။ အဓိကသွားဖြစ်သည့်နေရာတွေကတော့ ဆေးဝင်ပင်တွေရှိနိုင်မည့် တောင်ကမ်းပါးယံများပင်တည်း။

လုံပီးတစ်ဝိုက်ကနတ်ဆေးဂမုန်း၊ ကနေဒီတောင်တစ်ဝိုက်က နတ်ဆေးဂမုန်း။ အမျိုးအစားတွေအစုံပါအောင် ဆရာမ ဒေါ်သင်းလှဲ့ဝေက လိုချင်ခဲ့သည်။

'မမပြန်ရင် ကျွန်တော်မမကို လက်ဆောင်ပေးလိုက်မယ်နော်'

ဖွန်ဒုလျန်သည် ငွေဝန်းအတွက် နံရံမှာအလှချိတ်သည့် ဦးထုပ်တစ်လုံးလက်ဆောင်ပေးလာသည်။ ဦးထုပ်ဆိုပေမယ့် အလွန်လှပသောအရာဖြစ်သည်။

ချင်းရိုးရာအသုံးအဆောင်ဟုပဲဆိုကြပါစို့။ သာမန်ဦးထုပ်မဟုတ်။ တိရစ္ဆာန်အမွေးကို ဦးထုပ်ချည်အဖြစ်အသုံးချထားသည်။ ထိုအမွေးပေါ်မှာမှ ဝက်စွယ်ကို ဘယ်တစ်ဘက်ညာတစ်ဘက် ကပ်တွဲထားသည်။ ထို့နောက် ထိပ်မှာတော့ ငှက်မွေးသုံးချောင်းကို ထိုးစိုက်ထားလေသည်။ အဖြူရောင်ခံမှာ အဖျားပိုင်းဆီ၌ အနက်စင်း တစ်စင်းပါသော ငှက်မွေးသုံးချောင်း။ ငှက်မွေးကို ကြည့်လျှင် ငှက်၏အရွယ်အစားကို သိနိုင်သည်။ ငှက်မွေးက တစ်ပေဝန်းကျင်လောက်ဆိုတော့ ငှက်သည် သုံးလေးပေတော့ ရှည်လိမ့်မည်။

'ဟယ် ဖွန်ဒုလျန်ရယ်။ မမကို ဒီလို အဖိုးတန်တာကြီးမပေးပါနဲ့။ ဒါက မင်းတို့ အလေးအမြတ်ထားတဲ့ ပစ္စည်းမဟုတ်လား'

ဖွန်ဒုလျန်က ပြုံးလျက်သာ ဇွတ်ပေးနေသည်။

ငွေဝန်းယူလိုက်ရသည်။

ဖလမ်းမှ တီးတိန်သို့အသွား ကနေဒီတောင်ကြောမှာတော့ ဖွန်ဒုလျန်သည် ပို၍တိတ်ဆိတ်လာခဲ့သည်။

သြော် သံယောဇဉ်တွယ်မိတော့လည်း ခွဲခွာရသည့်အခါ စိတ်သောကရောက်ရတာပဲပေါ့။ သည်လိုပဲ တွေးမိသည်။ ငွေဝန်းကိုယ်တိုင်လည်း ဖွန်ဒုလျန်အပေါ်မှာ မောင်ငယ်လေးတစ်ယောက်လိုပင် သံယောဇဉ်တွယ်မိသည်။

ခေါ်သွားဖို့ဆိုတာတော့ ဘယ်လိုမှမဖြစ်နိုင်။ စာသင်သည့်တာဝန်ကတစ်ဘက်၊ သုတေသနလုပ်ငန်းတွေက တစ်ဘက်။ နောက်ပြီး မိဘတွေက ဘယ်လိုထင်မလဲ။ ရည်းစားခေါ်လာတယ်ထင်ရင် ဘယ့်နှယ်လုပ်ရမလဲ၊

စိတ်တော့မကောင်းပါ။ သို့သော် လူတစ်ယောက်ကို ဘယ်လိုမှ ခေါ်မထားနိုင်။ အလုပ်လည်း ပေးမထားနိုင်။ ကိုယ်တိုင်တောင် မိဘဆီက ပြန်ပြန်လက်ဖြန့်ရသည့်အခါတွေ မကင်းသေး။

ငွေဝန်းသော်တာတို့သုံးယောက်သည် စစ်သုံးထရပ်ကားကြီး တစ်စီးပေါ်မှာ ဝက်တွေရော၊ ဆန်အိတ်ပဲအိတ်တွေရော တောင်လိုယာလိုပုံနေသည့် နောက်ဘက်မှာ ဖြစ်သလိုကြုံသလို လိုက်ပါစီးကြရသည်မို့ နတ်ဆေးဂမုန်းကိုသာ တွေ့ကြည့်။ တွေ့သည့်နေရာမှာ ရပ်ခိုင်းပြီး ဆင်းကျန်ရစ်ခဲ့မည်ဟု စိတ်ပိုင်းဖြတ်ပြီးသား။ နောက်ထပ်ခရီးမှာ နောက်ထပ်တွေ့သော ကားကို တားမှာပေါ့။ မတွေ့တော့လည်း အနီးအနားရွာတွေမှာ တစ်ညလောက်တည်းခိုမည်။ ဖွန်ဒုလျန်တစ်ယောက်လုံးပါလာသည်ပဲ။ စကားပြောဆက်သွယ်ဖို့ အခက်အခဲမရှိ။

ကနေဒီတောင်ကြောသို့ရောက်သည့်အခါ တောင်[illegible]အနီး

www.burmeseclassic.com

www.burmeseclassic.com



တွေ ဟိုမှာသည်မှာ ပွင့်စပြုနေပြီကို တွေ့ရသည်။

တောသည် ခြောက်သွေ့လိုက်။ စိမ်းစိုလိုက်။

နေသည် ပွင့်လာလိုက်။ တိမ်တွေနောက်မှာ ပြန်ငုတ်လျှိုးကာ အုံ့မှိုင်းသွားလိုက်။

ပတ်ဝန်းကျင်သည် လွမ်းဆွတ်ဖွယ်ရာဖြစ်နေသည်။

ဆိုဖမ်ရွာသို့မရောက်မီ တောင်ကြောမှာတော့ တောင်ခါးပန်းမှာ လိုက်ရှာရင်း နတ်ဆေးဂမုန်းပင်တွေကို တွေ့သွားသည်။ ဒေါ်သင်းလဲ့ဝေသည် အပင်လေး နှစ်ပင် တောင်နံရံမှာ ကပ်ပြီးပေါက်နေသည်ကိုမြင်တော့ အားလုံးကိုမေ့သွားကာ အားရဝမ်းသာပင် ကားကို ရပ်ခိုင်းလိုက်လေသည်။

သူတို့သုံးယောက်ကိုထားခဲ့ပြီး ကားသည် တောင်ကမ်းပါးယံလမ်းတစ်လျှောက် ခပ်ဖြည်းဖြည်းမောင်းနှင်သွားသည်။

ငွေဝန်းသော်တာသည် တောင်ပေါ်သို့မော့ကြည့်လိုက်သည်။ တောင်မြင့်ကြီးသည် ကောင်းကင်သို့မော့ကြည့်ရသလိုပင်မြင့်မားလှသည်။ ထိုတောင်နံရံဆီသို့ ကပ်သွားသည့်အခါ ဖွန်ဒုလျန်က သူမရှေ့မှာကာဆီးရပ်လိုက်သည်။ သူ့မျက်နှာက ခပ်ညှိုးညှိုး။

'မမ ဟိုနားက သစ်ပင်ရိပ်မှာ ဆရာမနဲ့အတူ ထိုင်နေခဲ့။ ကျွန်တော်ပဲ တက်လိုက်မယ်'

ငွေဝန်းသော်တာသည် အခုအခါ ဖွန်ဒုလျန်ကို တော်တော်အားနာနေသည်။

'မင်းတစ်ယောက်တည်းမဖြစ်ပါဘူးငါ့မောင်ရယ်။ မမ လည်း လိုက်မှာပေါ့။ မမသင်းက ဟိုအကွေ့မှာနေခဲ့။ ကျွန်မ တက်ယူမယ်'

'ဟဲ့ မဖြစ်ပါဘူး။ မမသင်းပဲ သွားမယ် ငွေဝန်းရယ်'

ဒေါ်သင်းလဲ့ဝေက လူကြီးပီပီ သူပဲ ရှေ့ဆောင်ရန်စီစဉ်သည်။

'အို မမသင်းက ခြေထောက်မှ သိပ်မသန်ဘဲ။ ကျွန်မ လိုက်သွားပါ့မယ်။ ဖွန်ဒုလျန် လာ'



ဖွန်ဒုလျန်က လက်မခံ။

'မမ တောင်ကို ဒီဘက်ကနေတက်လို့မရဘူးလေ။ ဟိုအကွေ့လေးကနေတက်မှ ရမှာပေါ့။ ဒီဘက်မှာက လမ်းမှမရှိဘဲ။ ကျွန်တော်က ယောက်ျားလေးပဲ။ ကျွန်တော်တက်မယ်'

နောက်ဆုံးတော့ နှစ်ယောက်လုံး တက်ဖြစ်ကြတော့သည်။ အပင်တွေရှိသည့်နေရာက လေထဲတွင် လွင့်နေသည်။ တောင်ထိပ်ထိတက်ပြီးမှ ထိပ်စွန်းဆီပြန်ဆင်းရမည်ဖြစ်သည်။

'ဟင် ဘယ်လိုလဲမသိဘူး။ အောက်ကနေကြည့်တော့ ဒီအပင်တွေက ဒီလောက်ခက်ခဲပုံမရှိပါဘူး'

ငွေဝန်း မကျေနပ်။

'မမကို ဒါကြောင့် ကျွန်တော်ပြောတာပေါ့။ ကျွန်တော်ပဲ တက်မယ်လို့'

ထို့နောက် နှစ်ယောက်သား တောင်အောက်ကိုငုံ့ကြည့်ကြသည်။ သစ်ပင်တွေတိမ်တွေဖြင့် အုပ်ဆိုင်းနေကာ ဒေါ်သင်းလဲ့ဝေထိုင်နေခဲ့ရာအောက်ခြေကိုပင် မမြင်ရ။

ငွေဝန်း ရုတ်တရက် ရင်ခုန်သွားသည်။

'မမသင်းရေ'

လှမ်းအော်လိုက်သည်။ ငွေဝန်း၏အသံသည် မျက်နှာချင်းဆိုင်တောင်နံရံတွေဆီမှ ပဲ့တင်ထပ်လျက် ပြန်လာခဲ့သည်။

'ဝေ'

အောက်ဘက်ဆီမှာ ဒေါ်သင်းလဲ့ဝေ၏အသံကို သဲ့သဲ့ကြားရသည်။

ကနေဒီတောင်သည် သည်နားတစ်ဝိုက်တွင် အမြင့်ဆုံးတောင်တန်းဖြစ်သည်။ ပေရှစ်ထောင်လောက်မြင့်သည်ဟု ဆိုသည်။ အခု ငွေဝန်းတို့ရောက်နေတာကတော့ တောင်ထိပ်ဘက်မဟုတ်။ နည်းနည်းပြန်ဆင်းသွားသည့်အပိုင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'မမ ဒီနားမှာ ခဏနေခဲ့နော်'

ဖွန်ဒုလျှန်က သူမကို ထားခဲ့ကာ တောင်ထိပ်အစွန်းသို့ ခပ်ဖြည်းဖြည်းတိုးသွားသည်။ ထို့နောက် အောက်ဘက်ကားလမ်းပေါ်မှ မြင်ခဲ့ရသော အပင်နှစ်ပင်ကို ဘယ်နားလောက်မှာရှိမလဲဟု စူးစမ်းရအောင် ငုံ့ကြည့်သည်။

'မြင်ရလား'

'မြင်ရတယ်ဆရာမ။ နေအုံး ကျွန်တော် သစ်ပင်မြစ်နဲ့တွယ်ပြီးဆင်းမယ်'

'ဟဲ့ ခက်ခက်ခဲခဲဆိုရင် မဆင်းနဲ့နော်'

'မခက်ပါဘူး။ လွယ်လွယ်လေး'

ငွေဝန်းသည် သူမှောက်လျားထိုးဝပ်ချလိုက်သည်ကို မြင်လိုက်ရသည်။ သူ တောင်စွန်းမှ လျှောဆင်းနေသည်ကို စောင့်ကြည့်နေရင်းက စိတ်နည်းနည်းပူလာသည်။

'ဖွန်ဒုလျှန် တော်ပြီ။ လွယ်တဲ့အပင်တွေ ရှေ့မှာအများကြီးတွေ့မှာ။ ထားလိုက်တော့၊ လာတော့'

'ရပြီမမ ဒီကောင်က တော်တော်မြဲတယ်'

သူ အံကြိတ်လျက် နှုတ်ယူလိုက်သည်။

'ရော့ မမ'

အလွန်ကြီးမားသော အမြစ်ပါဝင်သည့် နတ်ဆေးဂမုန်းပင်တစ်ပင် ငွေဝန်း၏ခြေထောက်ရှေ့တွင် ရောက်လာသည်။

'ဟယ် ကောင်းလိုက်တာ။ အကြီးကြီးပဲ၊ အမြစ်ကလည်း စုံလိုက်တာ။ ပြန်ရောက်ရင် အိုးနဲ့တောင်စိုက်ထားလို့ရလောက်တယ်'

သူမ ကောက်ကိုင်ကာ ဝမ်းသာသွားသည်။ ထိုအပင်ကို ပါလာသော ပလတ်စတစ်အိတ်ကြီးထဲသို့ ထည့်နေစဉ် ဖွန်ဒုလျှန်၏ ကိုယ်လုံးက ရှေ့သို့လျှောဆင်းသွားသည်ကို မြင်လိုက်ရသည်။

'ဟဲ့ တစ်ပင်ရရင်တော်ပြီ၊ ဘယ်သွားဦးမလို့လဲ ပြန်တက်ခဲ့



တော့'

ထိုအချိန်တွင် ဖြူဖွေးသော တိမ်ငွေ့တိမ်မှိုင်းတွေက သူမတို့ပတ်ဝန်းကျင်တစ်ခုလုံးကို လွှမ်းခြုံပစ်လိုက်သည်။

'မမ ကျွန်တော်လေ မမကို ချစ်တယ် သိလား'

'အို မတော်မနန်းတွေ'

ထိုစဉ် ချက်ချင်းပင် အေးစိမ့်စိုစွတ်သွားကာ ဘာဆိုဘာကိုမှ မမြင်ရတော့။ မှောင်အတိကျသည်ဟုတော့ ပြောလို့မရ၊ မဲမှောင်ခြင်းမှ မဟုတ်ဘဲ၊ အဖြူငွေ့ဖြင့် ပိန်းပိတ်အောင်မှောင်ခြင်းဖြစ်သည်။

ရှေ့တစ်လံအကွာကိုတောင် မမြင်ရ။

'ဖွန်ဒုလျှန်'

ခပ်လောလော ခေါ်ကြည့်သည်။

'တိမ်တွေကြားမှာနေရတယ်ဆိုတာ စိတ်ကူးယဉ်လို့တော့ကောင်းပါရဲ့ ဘာမှမမြင်ရတော့ ဆရာမကြောက်တယ်။ ပြန်ဆင်းရအောင်ကွယ်'

ဖွန်ဒုလျှန်ထံမှ ဘာသံမှ မကြားရ။

သူမ စိတ်က ထင့်ခနဲဖြစ်သွားသည်။

'ဖွန်ဒုလျှန်'

ခပ်ကျယ်ကျယ်ခေါ်ကြည့်သည်။

ဘာသံမှမကြားရ။

ဘုရားရေ။ သူမ ဦးခေါင်းက ရုတ်တရက် အဆမတန်ကြီးသွားသလိုပဲ။ ရင်ထဲမှာလည်း ပူပြင်းလောင်မြိုက်သွားသည်။

'ဟဲ့ ကောင်လေး။ ဆရာမကို လန့်အောင်မလုပ်နဲ့။ ဖွန်ဒုလျှန်'

တိမ်တို့သည် ပို၍ပင် ထူထပ်သိပ်သည်းလာကာ မျက်နှာဆီသို့ပင် တိုးဝင်ပွတ်တိုက်လာကြသည်။

ပါးပြင်များသည် အေးစိမ့်ထုံကျင်သွားသည်။ နှုတ်ခမ်းသော်

www.burmeseclassic.com

www.burmeseclassic.com



ရင်တစ်ခုလုံးကတော့ ပူလောင်လျက်။ ဘာဖြစ်သွားတာလဲ။ ဘာဖြစ်သွားတာလဲ။ မင်းဘယ်ရောက်သွားတာလဲ။

‘ဖွန်ဒုလျန်’

သူမအသံက အကျယ်ကြီးထွက်သွားသည်။

‘ဖွန် ဒု လျန် လျန် လျန်’

ဟိုဘက်တောင်နံရံတွေဆီမှ ပဲ့တင်သံတို့သည် မဆုံးနိုင်အောင် ထပ်ကာထပ်ကာမြည်နေခဲ့သည်။

နောက်ဆုံးမှာတော့ တိမ်တွေပြိုကွဲကာ လွင့်ပြယ်သွားသည်။ ငွေဝန်းသည် တောင်ထိပ်ကမ်းပါးစွန်းတွင် နတ်ဆေးဂမုန်းပင်ကို တွဲလွဲဆွဲလျက် မျက်လုံးအစုံမှ မျက်ရည်တွေတွေစီးကျလျက် အကြာကြီးငေးကြောင်ကာ ရပ်နေခဲ့သည်။

မလှုပ်မယှက်။

စက္ကန့်သုံးဆယ်... တစ်မိနစ်... ဆယ်မိနစ်...

လောကကြီးတစ်ခုလုံးတွင် လှုပ်ရှားနေသောအရာဟူ၍ သူမ၏လည်ပင်းမှ လေဖြင့်တဖျတ်ဖျတ်လွင့်ပါးနေသော ခေါင်းစီးပဝါလေးသာ ရှိတော့သည်။

◆



ညနေခင်းအား နေ့ခင်း၏အမှားများကို
ခွင့်လွှတ်စေပါတော့။
သို့ဖြင့် ကိုယ့်ကိုယ်ကို ငြိမ်းချမ်းမှုကို
ရှာပါစေတော့။

၂၂

ငွေဝန်းသော်တာသည် မိမိတစ်သက်လုံး မျိုသိပ်ဖုံးကွယ်ထားခဲ့သောလျှို့ဝှက်ချက်ကို ပထမဆုံးအကြိမ်ဖွင့်ပြောလိုက်မိသူမှာ ပိုင်စိုးဖြစ်လိမ့်မည်ဟု မထင်ခဲ့။

ထျန်းအုခ်ထန်ဖြစ်လိမ့်မလားဟု ထင်ခဲ့ဖူးသည်။

ပိုင်စိုးသည် အစ်မ၏မျက်ရည်တို့ကို စိတ်မကောင်းစွာ ငေးနေမိသည်။ လက်ဖြင့်ငြင်သာစွာသုတ်ပေးချင်ပါရဲ့။ သို့သော် မသင့်တော်။ သူ့လက်ထဲက လက်ကိုင်ပဝါလေးကို ထုတ်ပေးသည်။

‘စိတ်မကောင်းမဖြစ်ပါနဲ့အစ်မရယ်။ လောကကြီးမှာ ကိုယ်ပြောင်းလဲနိုင်တဲ့အရာတွေရှိသလို ကိုယ်မပြောင်းလဲနိုင်တဲ့ အရာတွေလည်း ရှိတယ်တဲ့။ ကိုယ်ပြောင်းလဲမပေးနိုင်တဲ့အရာတွေကို အရှိအတိုင်းလက်ခံနိုင်တဲ့ စိတ်တည်ငြိမ်မှုလိုအပ်တယ်။ အစ်မမှာ အဲဒီသတ္တိရှိပါတယ်’

ပိုင်စိုးသည် နောက်တစ်နေ့တွင် ငွေဝန်းသော်တာထံသို့

www.burmeseclassic.com

www.burmeseclassic.com



နံနက်အစောကြီးရောက်လာခဲ့၏။

ပိုင်စိုးရောက်လာချိန်တွင် သူမ အိပ်ရာမှ မနိုးသေး။ သူမ အနိုးကို သူက အောက်ဆုံးလှေကားထစ်တွင် ထိုင်ရင်းစောင့်နေ၏။

'ဟင် ပိုင်စိုး'

ပိုင်စိုးက ထိုင်ရာမှအသာအယာ ထရပ်လိုက်လေသည်။ နံနက်ခင်းကောင်းကင်အောက်တွင် ပိုင်စိုးမျက်နှာက တည်ငြိမ်အေးချမ်းလှသည်။ သည်လူငယ်လေးတွင် စိတ်လှုပ်ရှားမှုကို သူမ တစ်ခါမှမမြင်ဖူးခဲ့။ ဒေါသကိုလည်း တစ်ခါမှ မမြင်ဖူးခဲ့။ သွက်လက်သော စိတ်ပိုင်းဖြတ်မှုကိုသာ မြင်ခဲ့ရဖူးသည်။

သူ့လက်ထဲတွင် လှပသော ကျွန်းသားပြားလေးတစ်ခုကို ကိုင်ထားသည်။ ရင်ခွင်ထဲမှာပိုက်ထားခြင်း ဖြစ်သည်ဆိုလျှင် ပို၍မှန်ပါလိမ့်မည်။

'အစ်မအတွက် ကျွန်တော်လက်ဆောင်လာပေးတာ'

အို... စောစောစီးစီး။ သူမ အနည်းငယ် ရယ်မောလိုက်မိသည်။

'ထူးထူးဆန်းဆန်း ပိုင်စိုးရယ်'

'ဒီလက်ဆောင်ကို အစ်မအတွက် ဒီတစ်ခေါက်ဝယ်လာခဲ့တယ်။ ဒါပေမဲ့ ပေးလို့သင့်တော်ပါ့မလား လို့ စဉ်းစားနေတုန်းမို့လို့'

သူ့စကားကို ငွေဝန်း စိတ်ဝင်စားသွားသည်။

'လာလေ အိမ်ပေါ်တက်ကြရအောင်'

သူမ အိမ်ပေါ်သို့ရှေ့မှ ဦးဆောင်လျှက်တက်လာခဲ့သည်။ အိမ်ပေါ်ရောက်သည့်အခါ ပိုင်စိုးက သူ့လက်ထဲမှ ကျွန်းပြားကို သူမအား ကမ်းပေးသည်။ သူမ လှမ်းယူလိုက်သည်။

အရောင်တင်ဆီဖြင့်လက်နေသော ကျွန်းဝါရောင် သစ်သားပြားပေါ်တွင် လက်ရေးစာလုံးအင်္ဂလိပ်စာများကို မြင်ရသည်။ အဖြူရောင် သဘော်ဆေးဖြင့် ရေးထားခြင်းဖြစ်သည်။ ခရစ်ယာန် ချင်းအိမ်



များတွင် အိမ်အဝင် သို့မဟုတ် ညှော်ခန်းနံရံတွင် ချိတ်ဆွဲထားလေ့ရှိသော စာများဖြစ်သည်။ သူမ ပြတင်းမှအလင်းဖြင့် စာကို ဖတ်လိုက်၏။

God grant me
the serenity to
accept the things
I can not change,
courage to change
the things I can,
and wisdom
to know the difference

(Anonymous)

ကျွန်ုပ်အား ဘုရားသခင် ပေးသနားတော်မူပါ။
ကျွန်ုပ်မပြောင်းလဲနိုင်သောအရာများကို
လက်ခံရန် တည်ငြိမ်အေးဆေးသည့်စိတ်၊
ကျွန်ုပ်ပြောင်းလဲနိုင်သောအရာများကို
ပြောင်းလဲရန် ရဲရင့်သည့်သတ္တိ၊
ထို့ပြင် ထိုနှစ်မျိုး၏ခြားနားမှုကိုသိရန် ဉာဏ်ပညာ
ကျွန်ုပ်အား ဘုရားသခင် ပေးသနားတော်မူပါ။

(အမည်မသိ)

သူမ ရင်ထဲမှာ နွေးထွေးစွာပြည့်စုံသွားသည်။

သူမ ပိုင်စိုးကို မော့ကြည့်လိုက်မိသည်။ သူက ငွေဝန်းကို စိုက်ငေးကြည့်နေ၏။ လူငယ်လေး၏မျက်လုံးတွေက ငွေဝန်းအား သတ္တိတစ်ခုကို ပေးနေသလိုရှိသည်။

'ကျေးဇူးတင်လိုက်တာမောင်လေးရယ်၊ သိပ်ကောင်းတဲ့လက်ဆောင်ပဲ။ ဘာဖြစ်လို့များ စောစောစီးစီးကမပေးခဲ့တာလဲကွယ်'

ငွေဝန်း ကျွန်းပြားလေးကို ရင်ခွင်မှာမြတ်မြတ်နိုးနိုးပိုက်ထား

www.burmeseclassic.com

www.burmeseclassic.com



မိသည်။

ပိုင်စိုး၏မျက်နှာ လန်းဆန်းသွား၏။ သူက ငွေဝန်းလက်ထဲမှ ကျွန်းပြားကိုလှမ်းယူပြီး နံရံမှာချိတ်ဖို့ နေရာရှာသည်။

'ကျွန်တော့်အတွက် အဲဒါ ခွန်အားပဲအစ်မ။ အခုအချိန်မှာ ဒီစာတမ်းကို ကျွန်တော့်ထက် အစ်မက ပို လိုအပ်မယ်ထင်တယ်'

'ဟုတ်တယ်။ ကိုယ် ဒီစာတမ်းကို လိုနေတယ်။ လိုနေတာ ကြာလှပါပြီ'

သူ သံရိုက်စရာနေရာကို ရှာတွေ့သွား၏။ ငွေဝန်း၏နံရံကပ် သစ်ခွပင်လေး၏အထက်မှာ နေရာလွတ်တစ်ခု ရှိနေသည်။ ထိုနေရာမှာ သူသံရိုက်ရန်ပြင်၏။ သူ့အင်္ကျီအိတ်ထဲမှ အိမ်ရိုက်သံလေးတစ်ခုကို ထုတ်ယူပြီး ရိုက်လိုက်တော့ သူမ ပြုံးမိသွားသည်။

နံရံမှာချိတ်လိုက်တော့ ကျွန်းပြားပေါ်က စာတမ်းသည် ထင်ရှားကာ ပိုလှပခမ်းနားသွားလေသည်။

သူတို့နှစ်ယောက် ကျွန်းပြားပေါ်မှ စာပိုဒ်ကိုငေးစိုက်ကြည့် နေကြသည်။

'ကျွန်တော်တို့ပြောင်းလဲနိုင်တဲ့ကိစ္စတွေလည်း အများကြီးရှိ ပါတယ် နော်အစ်မ'

သူက ငွေဝန်းကို မကြည့်ဘဲ စာပိုဒ်ကို စိုက်ကြည့်နေရင်းက ပြောသည်။ သူမ ခေါင်းညိတ်လိုက်ပါသည်။

'အများကြီးပါကွယ်၊ အဲဒီအတွက်လည်း ကိုယ်တို့မှာ သတ္တိ တွေရှိပါတယ်'

ထျန်းအုခ်ထန်သည် အောက်ချင်းငှက်မ သေပြီးသည့် နောက်တွင် ငွေဝန်းသော်တာအား ပို၍ ဂရုစိုက်လာခဲ့သည်။

နံနက် တောင်ယာမသွားမီ ငွေဝန်းသော်တာဆီသို့ ဝင်လာ သည်။ ငွေဝန်းသော်တာအတွက် နံနက်စာကို ကိုယ်တိုင်လာပေး



သည်။ သူယူလာသော နံနက်စာမှာ အများအားဖြင့် ငှက်ပျောဖက်နှင့် ထုပ်ထားသည့် အငွေ့တထောင်းထောင်း ကောက်ညှင်းပေါင်းဖြစ်တတ် သည်။ တစ်ခါတစ်ခါလည်း ချင်းထုံးစံအစားအစာ ဆာဘူးသီး ပြောင်း ဖူးစေ့ပြုတ်ရည်ပူပူနွေးနွေး ဖြစ်သည်။

ငွေဝန်းအိမ်ရောက်လျှင် ငွေဝန်းဖျော်ထားသည့်ကော်ဖီကို သူသောက်မည်။

ခေတ်မီခြင်းနှင့် ရိုးရာဓလေ့ပစ်ပယ်ခြင်းကို တစ်မျိုးတည်း ဟု သတ်မှတ်ကာ ခေတ်မီသည့်အရာမှန်သမျှကို ငြင်းဆန်ဖယ်ထုတ် ချင်သော ထျန်းအုခ်ထန်သည် ငွေဝန်းဖျော်တိုက်သည့်ကော်ဖီကိုတော့ နှစ်သက်စွဲလမ်းစွာသောက်လေသည်။

'ကျွန်တော့်ဘဝမှာ လဘက်ရည်ဆိုင် တစ်ခါမှ မထိုင်ဖူးဘူး' ဟု သူပြောတော့ ငွေဝန်းက နှာခေါင်းရှုံ့၏။

'အရက်ဆိုင်တော့ ထိုင်တယ်မဟုတ်လား'

ပြုံးလျက် မေးမိသည်။

'ကပါးသေတုန်းက တစ်ခါပဲ အရက်ဆိုင်မှာအရက်သောက် ဖူးတယ်။ နောက်တော့ မသောက်တော့ဘူး'

ငွေဝန်းသော်တာက မယုံသလို မျက်မှောင်ကြုတ်နေဆဲ သူက. မလုံမလဲရယ်သည်။

'အိမ်မှာပဲ ခေါင်ရည်အိုးတည်ပြီးသောက်တာ'

'ကြည့်စမ်း'

ငွေဝန်းသော်တာ လွှတ်ခနဲ ရယ်မောမိသည်။

နံနက်စာစားချိန်များတွင် သူတို့နှစ်ယောက် တစ်နာရီလောက် အေးအေးဆေးဆေးစကားလက်ဆုံပြောခွင့်ရတာ များသည်။

သူက ပစ္စည်းတွေအထားအသိုမှာ စိတ်ချရလောက်အောင် စိတ်ရှည်ပြီး စနစ်ကျသည်။ ငွေဝန်းအိမ်မှာ ပစ္စည်းတွေ နေရာချတော့ လည်း သူပဲ။ ပြောင်းဖူးများ၊ ကြက်သွန်ဖြူများကို အတွဲလိုက် မီးဖို

www.burmeseclassic.com

www.burmeseclassic.com



ကြပ်ခိုးစင်မှာ၊ အိမ်တံစက်မြိတ်မှာ အစီအရီ လာ တင်ပေးသည့်အခါ သူအလွန်စိတ်ရှည်၏။ ငွေဝန်းအတွက် တစ်ဆောင်းတွင်းစာ ထင်းများကို လာပုံပေးစဉ်ကလည်း သူကိုယ်တိုင် ထင်းချောင်းများ၊ သစ်လုံးများကို ညီညီညာညာဖြစ်အောင် စိတ်ရှည်ရှည် ပြင်ဆင် ထပ်ပေးသွားခဲ့သည်။

သူ့မှာရှိသည့် ငွေဝန်းစိတ်ညစ်ရသော အားနည်းချက်ကတော့ အဝတ်အစားကို ညစ်ပတ်ပေရေအောင်ဝတ်တတ်သော အကျင့်ပေတည်း။

'အခုသဲ ဒီအင်္ကျီမလဲသေးဘူးလား ညစ်နေပြီမဟုတ်လား'

'အခုမှ ဒီအင်္ကျီက နှစ်ရက်ပဲရှိပါသေးတယ်' သူက ဆင်ခြေပေးတတ်သေး၏။

'အို ဘယ်နှရက်ဝတ်ချင်သေးလို့တုန်း' မေးလျှင် သူ ပြုံးစပ်စပ်ဖြစ်သွားတတ်သည်။

'ဘယ်လို ယောက်ျားပါလိမ့်ကွယ်' ဟု သူမ ညည်းညူသလို ရယ်မောလျှင် သူက သူ့ကိုယ်သူ

'ဒီလိုယောက်ျားပဲကွယ်' ဟု ပြန်ညည်းညူတတ်လေသည်။

'ဘွေပီးတို့များဖြင့် သပ်ရပ်သန့်ရှင်းပ'

သူ့ကို အားမလိုအားမရစိတ်ဖြင့် ဘွေပီးနှင့်နှိုင်းယှဉ်ပြောမိတော့ သူကမခံနိုင်။

'ဒါကတော့ ဆရာမရယ် ဘွေပီးမှာ သူ့အမေရှိတာကိုး'

'အလို၊ သဘောက သူ့အမေက လျှော်ဖွတ်ပေးမှာပဲ ဆိုချင်တာလား'

'ဟုတ်တယ်လေ၊ သူ့အမေက လျှော်မှာပေါ့၊ ကျွန်တော့်အမေ ရှိတုန်းက အမေပဲ အဝတ်တွေလျှော်ပေးတာပဲ၊ အခု အမေမှ မရှိတော့တာ'

'အော်အော်'



ယောက်ျားတွေ မရင့်ကျက်ပုံမှာတော့ ချင်းလည်းအတူတူ မြန်မာလည်း အတူတူပဲထင်ပါရဲ့။ အမေတွေ မရှိလျှင် သူတို့သည် ကိုယ့်အဝတ်ကိုယ်တောင် လျှော်မဝတ်တတ်ကြတော့ဘူးလား မသိ။

'ဆုန်ကျဲရ်လျန်ကရော လျှော်မပေးဘူးလား'

'အား သူလား။ သူ့အင်္ကျီတောင် ကျွန်တော်က လျှော်ပေးရဖူးတယ်'

'မဟုတ်တာနဲ့'

'ကျွန်တော် ဆရာမကို ဘာလို့ညာမလဲ။ မညာပါဘူး။ ညီမ ဆယ်တန်းစာမေးပွဲဖြေနေတုန်းက ကျွန်တော်သူ့အင်္ကျီတွေ၊ လုံချည်တွေကို လျှော်ပေးခဲ့တယ်။ သူ စာကျက်ပျက်မှာစိုးလို့လေ'

ငွေဝန်း အံ့သြသွားပါသည်။

'ယောက်ျားက မိန်းကလေးထမီတို့ဘာတို့ကိုင်ရင် ဘုန်းနိမ့်တယ်ဆိုလား အဲဒီအယူအဆရှိတယ်'

သူမ ပြောတော့ သူက ခပ်ပြုံးပြုံးပဲ။

'ဘုန်းဆိုတာဘာလဲ။ မေတ္တာနဲ့လုပ်ပေးတာ ဘာမှမနိမ့်ပါဘူး'

သူသည် ညီမကို တော်တော်ချစ်သည်။ သူကိုယ်တိုင်က ခေတ်မီခြင်းကို မလိုလားဘဲ တတ်နိုင်သမျှ ရှောင်တိမ်းပုန်းကွယ်ဇနေခဲ့သော်လည်း ညီမကို ကျွေးမွေးစောင့်ရှောက်ခဲ့ရုံမျှမက ပညာတတ်ဖြစ်အောင်ပင် ပုံစံသွင်းလိုက်နိုင်သေးသည်။

'ရှင့်အတွက် အဝတ်အစားတွေလျှော်ပေးနိုင်မယ့် မိန်းမတစ်ယောက်တော့ ယူခဲ့ဖို့ကောင်းတာပေါ့'

သူ့လိုယောက်ျားမျိုးအတွက် အိမ်ထောင်ပြုစရာအကြောင်းသည် အချစ်လား။ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာဖြည့်ဆည်းပေးမှုတွေလား။ သူ့ကို သဲသဲကွဲကွဲသိလိုသော ရည်ရွယ်ချက်ပါမပါ ကိုယ်တိုင် မသိပါ။ လွှတ်ခနဲပြောလိုက်မိတာပဲ။ သူပြန်ပြောလိုက်သည်က သူမ မျှော်လင့်

www.burmeseclassic.com

www.burmeseclassic.com



မထားသောစကား။

'ကျွန်တော့်မိန်းမကို ကျွန်တော် အဝတ်မလျှော်ခိုင်းပါဘူး ဆရာမရယ်။ ကျွန်တော်ကပဲ အစအဆုံးလုပ်ကိုင်ပေးမှာပေါ့'

ထို့နောက် ငွေဝန်းအား ခပ်စိမ်းစိမ်း ကြည့်လေသည်။ သူမ အနေခက်သွားချိန်တွင် သူက တစ်ခွန်း ထပ်ပြောလိုက်၏။

'ညီမနဲ့အတူတူ ချစ်နိုင်မယ့်မိန်းမကိုတွေ့ရင် ကျွန်တော် ယူမလို့ပါပဲ။ ဒါပေမဲ့ အဲဒီအချိန်တွေက မတွေ့ခဲ့ဘူးလေ'

အဲဒီအချိန်တွေက...။

ငွေဝန်းသည် အခုတော့ကော ဟု မေးလိုက်ချင်သည်။ သို့သော် မမေးကောင်းပါ။

◆



ကျွန်တော့်မှာ မျက်လုံးတွေမရှိတဲ့အခါ
ကျွန်တော် နားထောင်တယ်။
ကျွန်တော့်မှာ နားတွေမရှိတဲ့အခါ
ကျွန်တော် တွေးတယ်။
ကျွန်တော့်မှာ အတွေးမရှိတဲ့အခါ ကျွန်တော်စောင့်တယ်။

ရောဘတ်တ် ပင်စ်ကီး။

၂၃

'ဒီပညာသင်ထုးချွန်ဆု စကောလားရှစ်ကို မင်းကို ဘာကြောင့် ပေးထိုက်တယ်ဆိုတာ ရေးပြရမှာလေ။ တစ်နည်းပြောရရင် သူတို့ကိုယ့်ကို စကောလားရှစ်ပေးချင်လာအောင် ကိုယ့်ကိုယ်ကို အမွှမ်းတင်ရမှာ။ ကိုယ့်ကိုယ်ကို ရောင်းတယ်လို့ခေါ်တယ်။ စကောလားရှစ်ရရင် မင်း သူတို့ကျောင်းကို တက်မယ်။ တက်ပြီးရင် မင်းရဲ့နိုင်ငံသားတွေကို မင်းအနေနဲ့ ဘယ်လိုအကျိုးပြုမယ် ဆိုတာ ပြောပြနိုင်ရမယ်။ သူတို့ပေးတဲ့ ပညာသင်ဆုကို မင်းဟာအလဟဿမဖြစ်စေဘူး ဆိုတာ သူတို့ကို အာမခံနိုင်ရမယ်။ အက်ဆေးမှာ အဲဒီအချက်အလက်တွေ လိုတယ်'

ငွေဝန်း၏စကားသံများသည် အလုံးလိုက်လိပ်တက်လာသော အဖြူရောင်မှိုင်းငွေ့များအောက်တွင် မြုပ်ဝင်သွားသည်။ တိမ်တွေကို လှမ်းကြည့်ရန် ပြတင်းဘက်သို့အလှည့်တွင် အောက်ဘက်လမ်းအနိမ့်ဆီမှာ တိမ်ထဲ၌ရပ်နေသောသဏ္ဍာန်တစ်ခုကို တွေ့ရသည်။

'ဘွေပီး'

သူမ စိတ်ထဲမှသာ တိုးတိုးရေရွတ်မိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းစွပ်ပါသော မိုးကာဝတ်စုံနက်ပြာရောင်ကို ဝတ်ထားပေမယ့် နှင်းတွေရွှဲစိုနေဟန်ဖြင့် သူ့ဆံပင်တွေက နဖူးမှာစိုကပ်နေ၏။ သူမ စာသင်ရတာ စိတ်မဖြောင့်တော့ပေ။

သူ မကြာခင် သွားတော့မည်။

ဆုန်ကျဲ်ရ်လျှန်က ဘယ်လောက်ပဲတားတား သူသွားတော့မည်။ ဆုန်ကျဲ်ရ်လျှန်က အစွန်ဆုံးမြို့အထိ လိုက်ပို့ပေးချင်သည်ကို ဘွေပီးက လက်မခံ။ သည်ကလေးနှစ်ယောက်ကြားတွင် သူမ ဘာကို ဘယ်လို အကြံပေးရမှန်းမသိ။ ဘွေပီးသည် ဆုန်ကျဲ်ရ်လျှန်၏စိတ်ကို လှုပ်ခတ်စေလိုမှာ မဟုတ်။ ထို့ကြောင့် မသိလိုက်မသိဖာသာ ထွက်သွားလိုက်ချင်ပေလိမ့်မည်။ ဆုန်ကျဲ်ရ်လျှန်ဘက်ကို ကြည့်မိပြန်တော့ ဘွေပီးကို ဘယ်အချိန်မှာ ပြန်တွေ့ရမည်မှန်းမသိနိုင်ဘဲကိုး။ သုံးနှစ်ကြာချင်ကြာမည်။ လေးနှစ်ကြာချင်ကြာမည်။ ဒါမှမဟုတ်

ဘုရားရေ။ ဘွေပီး ပြန်တော့ လာမှာပါနော်။

အတန်းပြီးလို့ အပြင်ထွက်လာတော့ ဘွေပီးက ငွေဝန်းအား လက်လှမ်းပြသည်။ သူမ ခပ်သွက်သွက် လျှောက်သွားလေသည်။

'ဆရာမ'

ငွေဝန်းသည် ဘွေပီးလက်ထဲမှာ စာအုပ်တစ်အုပ်ကို မြင်လိုက်ရသည်။

'ဘာစာအုပ်လဲဘွေပီး'

'အစ်ကိုပိုင်စိုး ယူလာတဲ့စာအုပ်။ ကစ်ဆင်းဂျားရဲ့စာအုပ်လေ၊ ကျွန်တော် မှာလိုက်တာ'

'အော်'

စာအုပ်က ကဒ်ထူဖုံးအထူကြီးဖြစ်သည်။

'စာအုပ်ကရောက်နေ ဖတ်မယ့်သူကဖြင့် ခရီးထွက်ရတော့မယ်'



ငွေဝန်း စိတ်မကောင်းစွာ ပြောမိသည်။

အမြဲတမ်းတက်ကြွနေဟန်ရှိသော သူ့ပုံစံတွင် ယခုအခါ မာကျောမှုတွေကိုရောလျက်မြင်နေရသည်ဟု သူမထင်သည်။

'လာ ဆရာမအိမ်ကို လိုက်ခဲ့'

လမ်းတစ်လျှောက်လုံးမှာ စကားမပြောဖြစ်ကြ။ အိမ်ဝန်းထဲဝင်မှ ငွေဝန်းက စကားစသည်။

'ဘွေပီး၊ သန်ဘက်ခါ သွားမယ် ဟုတ်လား'

'ဟုတ်တယ်ဆရာမ'

သူ ခပ်သွက်သွက်ခေါင်းညိတ်သည်။

'ဆရာမမေးရဦးမယ်။ ကျောင်းစရိတ်ငွေရှာတာနဲ့စာရင် စကောလားရှစ်ရအောင် ကြိုးစားတာက ပိုမကောင်းဘူးလား။ စကောလားရှစ်ရတဲ့အထိ ထူးချွန်မယ်ဆိုရင် ဘွေပီးငွေမလိုဘဲ ကျောင်းတက်နိုင်မှာပေါ့'

'စကောလားရှစ်ရဖို့က ငွေရှာဖို့ထက် ပိုခက်ခဲပါတယ်။ ကျွန်တော်ရနိုင်မယ်မထင်ဘူး'

'စကောလားရှစ်ဖြေပုံဖြေနည်းတွေ ဆရာမ သင်ပေးမယ်ဆိုရင်ကောကွယ်'

ဘွေပီးက ပြုံးလေသည်။ ခေါင်းမာသောအပြုံးဖြစ်သည်။

'ဂျူလီယာ့ကိုသာ သင်ပေးလိုက်ပါ။ သူက ကျွန်တော့်လို အလုပ်သွားလုပ်ဖို့မသင့်တော်ဘူးလေ'

သူမ ရင်ထဲမှာ နွမ်းနယ်လေးလံသွားသည်။

'လူတိုင်းဟာ နယ်မြေသစ်တွေဆီကို သွားကြတာချည်းပါပဲ၊ ဒါပေမဲ့ ပြန်လာလို့မဖြစ်တဲ့လမ်းတွေတော့ မဟုတ်ရဘူး'

'ကျွန်တော်နားလည်ပါတယ်ဆရာမ၊ ကျွန်တော် ပြန်လာလို့ရတဲ့လမ်းကိုပဲ ရွေးမှာပါ။ ကျွန်တော်ဒီမှာ လုပ်စရာတွေ အများကြီး ရှိသေးတယ်'

www.burmeseclassic.com

www.burmeseclassic.com



ရိုးဆက်ကလေးဟုခေါ်သော အဖြူရောင်မှာခရမ်းနုရောင်သန်းနေသည့်(Vanda Kimballiana)သစ်ခွပွင့်များအောက်က ထင်းရှူးသစ်လုံးထိုင်ခုံတန်းပေါ်တွင် သူမတို့ ထိုင်လိုက်ကြသည်။

'ဆရာမက ဘယ်သူမှ မလာချင်တဲ့ ကျွန်တော်တို့ဆီကို ရောက်လာတယ်။ ဘယ်သူက ခိုင်းလိုက်တာမှလည်းမဟုတ်ဘဲ ကိုယ့်ဆုံးဖြတ်ချက်နဲ့ကိုယ် စာသင်ပေးတယ်။ စာသင်ရင်းကနေ လိုအပ်တဲ့ ဗဟုသုတအကြားအမြင်တွေကို မျှဝေပေးတယ်'

'ဟင့်အင်း ဆရာမ မင်းတို့အပေါ်စေတနာစိတ်သက်သက်နဲ့ ရောက်လာတာ မဟုတ်ပါဘူး။ အတိတ်နောင်တတစ်ခုအတွက် ဒီဒေသကို တတ်နိုင်သလောက် ပေးဆပ်ချင်တဲ့စိတ်နဲ့ လာခဲ့တာပါ'

တကယ်တော့ ဆရာမကသာ မင်းတို့တွေကို ကျေးဇူးတင်ရမှာပါ။ ဆရာမကို နားခိုခွင့်ပေးတဲ့မြေ။ ဆရာမကို စိတ်ဒဏ်ရာတွေကနေ သက်သာပျောက်ကင်းစေတဲ့မြေ။ ဆရာမကို နွေးထွေးလှိုက်လှဲမှုနဲ့ ကြိုဆိုခဲ့တဲ့မင်းတို့တွေကိုသာ ဆရာမက ကျေးဇူးတင်ရမှာပါကွယ်။

'ဆရာမနဲ့ ဒီပတ်ဝန်းကျင်ရဲ့အရိပ်က တကယ်အေးမြတာပါ။ အဲဒီအရိပ်ကနေ ကျွန်တော် နည်းနည်းမှမခွာချင်ပါဘူး။ ရှေ့မှာ ဘယ်လိုပူပြင်းကြမ်းတမ်းတဲ့နေရာတွေကို ကျွန်တော် ရောက်မှာလဲမသိဘူး။ အမှန်အတိုင်းပြောရရင် ကျွန်တော် တကယ်ကြောက်နေပါတယ်'

ပြောရင်းဘွေပီး၏အသံက တိမ်ဝင်သွားသည်။

သည်ကလေး၏ မာကျောဟန်ဆောင်ထားသော အပေါ်ယံမျက်နှာပြင်၏အောက်မှ နာကျင်အားငယ်သောဝေဒနာတို့ကို သူမ ခံ စားလိုက်မိပြီဖြစ်သည်။ သည်ကလေးသည် အသက်က ဆယ့်ရှစ်နှစ်သာရှိသေးသည်။ အသက်အရွယ်နှင့်မမျှသည့် တာဝန်သိမှုကို ပခုံးပေါ်မှာထမ်းပိုးထားရသော်လည်း တကယ်တမ်းက သူ မနိုင်။

သူမ သူ့လက်ဖျားတစ်ဘက်ကို အသာဆွဲယူလိုက်မိသည်။



'ဘွေပီး'

ငွေဝန်းသည် အားပေးနှစ်သိမ့်ခြင်းနှင့် ကျွမ်းဝင်သူတော့ မဟုတ်ခဲ့။ သို့သော် မိမိရှေ့မှာ စိတ်အားငယ်မှုကို မာကျောမှုနှင့် ဖွတ်အတင်းဖုံးအုပ်ကာကွယ်ထားသူလေးတစ်ယောက်ရှိသည်။ ထိုလူငယ်လေးကို ငွေဝန်းမေတ္တာဖြင့် အေးမြစေဖို့ မသင့်ဘူးလား။

သူ့လက်ဖျားတွေက ဆောင်းညနေခင်း၏ တိတ်ဆိတ်ခြောက်သွေ့မှုအောက်တွင် အေးစက်နေသည်။

'မင်း အခု ဒီပတ်ဝန်းကျင်ရဲ့အရိပ်အောက်မှာ ခဏတာနားခိုရပေမယ့် မင်းကိုယ်တိုင်က တစ်ချိန်မှာ ရောက်လာသူတိုင်းကို အေးမြလုံခြုံစေတဲ့ အရိပ်တစ်ခု ဖြစ်လာလိမ့်မယ်။ ဘွေပီး... လောကမှာ အရိပ်ခိုချင်သူတွေနဲ့ အရိပ်ပေးချင်သူတွေရှိတယ်။ မင်းက အရိပ်ပေးချင်တဲ့သူလေ။ အရိပ်ပေးရတဲ့သူဟာ ဘဝမှာ ကိုယ်တိုင်ခံစားခွင့်တော့ မရှိသလောက်နည်းလိမ့်မယ်။ အဲဒီအတွက်လည်း တုန်လှုပ်စရာမလိုဘူး။ ဝမ်းနည်းအားငယ်စရာမလိုဘူး။ ကိုယ့် ဘဝတန်ဖိုးကိုက သူများအတွက် ပေးဆပ်ကူညီရခြင်းပဲလေ။ အများအတွက်လူဖြစ်လာတဲ့ ဘွေပီးလိုလူငယ်လေးကို ဘုရားသခင် စောင့်ရှောက်မှာပါကွယ်'

သူ ငွေဝန်းကို မော့ကြည့်လိုက်သော မျက်ဝန်းတွေမှာ မျက်ရည်တွေ ရစ်ဝဲနေသည်။

'ဘွေပီးမှာ အိပ်မက်တွေ ရှိတယ်။ အဲဒီအိပ်မက်ကို အကောင်အထည်ဖော်နိုင်မယ်လို့ ဆရာမယုံကြည်တယ်'

◆

www.burmeseclassic.com

www.burmeseclassic.com

လူသားရဲ့ သဘာဝဟာ
တိတ်ဆိတ်ခြင်းရဲ့သဘာဝမဟုတ်ဘူး။
စကားလုံးတွေဟာ စိတ်ရဲ့ မိုးကြိုးတွေပဲ။
မေရီအိုလီဗာ

## ၂၄

ဂီတသံတိုးတိုးလေးက အိမ်ထဲတွင် ပျံ့လွင့်လျက်ရှိသည်။

'ကိုယ့်ရဲ့ချစ်သူ ငွေတောင်ပြည်ပြန်သွား ဇာတ်ထဲမှာတော့ ကိုယ် မင်းသားလေးငို'

ဆုန်ကျဲရ်လျန်သည် ဗန်ဘွေမှူးမ်၏ပခုံးကိုမှီပြီး ဘယ်သူမှ မမြင်နိုင်သည့်နေရာမှာ တိတ်တိတ်ကလေးကလေးသာ ငိုချလိုက်ချင်တော့သည်။

'ဂျူလီယာ ရှူး ၊ဟိုမှာ သူငယ်ချင်းတွေ မြင်ကုန်မယ်'

ဗန်ဘွေမှူးမ်က တိုးတိုးလေးနှစ်သိမ့်သည်။ ဆုန်ကျဲရ်လျန် သိပ်ငရုမစိုက်ချင်တော့ပေ။ သူငယ်ချင်းပဲ ကြည့်ကြည့် ဘယ်သူပဲကြည့်ကြည့် တကယ်ခွဲခွာရတော့မည်ဆိုတော့ ဘယ်သူချော့လို့မှ အလွမ်း မပြေနိုင်။

'ဆရာမကို သွားကူပေးလိုက် နော်။ ငိုချင်စိတ်ပျောက်သွားအောင်။ ညီမလေးက လိမ္မာပါတယ် နော်။ လာ လာ'

အိန္ဒြေပျက်တော့မည့် ဆုန်ကျဲရ်လျန်ကို မီးဖိုဆီသို့ ဗန်ဘွေမှူးမ်ချော့ခေါ်လာခဲ့သည်။



ငယ်စဉ်ကတည်းက မိဘတွေတောင်ယာသွားသည့်အခါ မိမိတို့ကလေးနှစ်ယောက်က အတူလိုက်ပါပြီး အတူဆော့ကစားနေကျ။

'ကြီးလာရင် ငါတို့နှစ်ယောက် အတူတူ တစ်အိမ်တည်းနေ ကြမယ်နော်'

ဆုန်ကျဲရ်လျန် တတွတ်တွတ်ပြောမိသည့်အရွယ်မှာ ဘယ် ကြီးသေးလို့လဲ၊ အသက် လေးငါးနှစ်ပေါ့။ သူတို့နှစ်ယောက် တစ်ချိန်မှာ လင်မယားဖြစ်လိမ့်မည်ဟု သူငယ်ချင်းတွေက မှတ်ချက်ချကြသည်။

မမျှော်လင့်ဘဲ ကံကြမ္မာက သူတို့နှစ်ယောက်ကို ခွဲခြားပစ် လိုက်သည်။ ဗန်ဘွေမှူးမ်ပါး၏ မတော်တဆထွက်သွားသော ကျည် ဆန်ကြောင့် ဆုန်ကျဲရ်လျန်ပါး သေဆုံးသွားသည်။ ထိုအချိန်ကတည်း က မိသားစုနှစ်စုအကြားမှာ တံတိုင်းကြီးတစ်ခုခြားခဲ့ရလေသည်။

ဒါပေမဲ့ ဆုန်ကျဲရ်လျန်အမြင်ကတော့ မတော်တဆပဲဖြစ်ဖြစ်၊ အစ်ကို စွပ်စွဲသလို တမင်ပဲဖြစ်ဖြစ်။ ဗန်ဘွေမှူးမ်ပါးက ဗန်ဘွေမှူးမ် မဟုတ်။

'ဆုန်ကျဲရ်လျန် လာ။ ဆာပြီလား။ အခုပဲ စားပွဲပြင်တော့ မယ်။ လာပြီး လိုတာလေးတွေ စီစဉ်ပါဦး။ ဘာလိုသေးလဲကွယ်'

ငွေဝန်းသော်တာက မီးဖိုထဲမှာ မတ်တတ်ရပ်ရင်း ကလေးမ ကို လှမ်းခေါ်သည်။

သည်ကနေ့ည သူတို့အုပ်စုသည် ငွေဝန်းသော်တာ၏အိမ်မှာ ဘွဲ့ပြီးအတွက် နှုတ်ဆက်ပွဲ ပြုလုပ်ကြသည်။

ချင်းရိုးရာကြက်သားစွပ်ပြုတ် လိုင်ချွမ်းဖြင့် ဧည့်ခံသည်။

ကြက်တစ်ကောင်လုံးကို အထဲက ကလီစာတွေနှုတ်ယူပြီး ကြက်သွန်ဖြူ၊ ဂျင်းတို့ဖြင့် ပြုတ်ရသည်။ ကြက် နူးလာသောအခါ ကြက်ကို ဆယ်ယူထားပြီး အရိုးအသားနွှင်ရသည်။ ကြက်သွန်ဖြူ၊ နနွင်း ဆီသတ်ပြီး ထိုဆီချက်ဖြင့် အသားကို လောင်းထည့်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ရသည်။ အရိုးပြုတ်ရည်ထဲတွင် မုန်ညင်းရွက်၊ ဂေါ်ရခါးညွန့်၊ မှျစ်စိမ်းတို့ကို ထည့်ပြုတ်သည်။ စားသောက်သည့်အခါ ဟင်းရည်ကသပ်သပ်၊ အသားပြုတ်သုပ်ကသပ်သပ် တွဲလျက်စားသောက်ရလေသည်။

ညှော်ခန်းတွင် ထင်းရှူးသားစားပွဲသုံးခုခင်းကာ ထမင်းပွဲများကို ပြင်ဆင်သည်။ စားပွဲအောက် ကြမ်းခင်းတွင် ခေါင်ရည်အိုးများကို စုပ်ယူသောက်ရန် ဝါးပြွန်တံလေးတွေထိုးလျက် ချထားသည်။

ဟင်းပွဲနှင့်ထမင်းပွဲတွေပြင်ဆင်သည့်အခါ ငွေဝန်းသော်တာသည် အိမ်အပြင်အမှောင်ရိပ်ထဲသို့ လှမ်းမျှော်ကြည့်မိသည်။

ထျန်းအုန်ထန် လာမှလာပါ့မလား။

ဗန်ဘွေမှူးမ်အတွက်ပြုလုပ်သည့် ညစာစားပွဲဖြစ်သဖြင့် ငွေဝန်းသော်တာသည် ထျန်းအုန်ထန်နှင့်အတိုက်အခံလုပ်ပြီး ဗန်ဘွေမှူးမ်ပါးနှင့် ဗန်ဘွေမှူးမ်နူးကိုပါ ဖိတ်ခေါ်သည်။

'ဒါဖြင့် အဲဒီပွဲကို ကျွန်တော် မလာဘူးနော်' ဟု ထျန်းအုန်ထန်ကပြောသည်။

'ရှင်မလာလို့ ဘွေပီးဝမ်းနည်းသွားတာကို ဂရုမစိုက်ဘူးဆိုရင်ပေါ့လေ'

'မစိုက်ပါဘူး ဘာလို့ ဂရုစိုက်ရမလဲ'

သူ ခေါင်းမာလိုက်သည်။

'ဘွေပီးနဲ့ ရှင်တို့ကျွန်မတို့နဲ့ ခွဲခွာရတာဟာ ဒီတစ်ခါနောက်ဆုံးလည်း ဖြစ်သွားနိုင်တယ်။ ကံကို ဘယ်သူမှ မမြင်နိုင်ဘူးလေ။ ရှင့်ဖခင်နဲ့ ရှင်အမဲလိုက်သွားတုန်းကလည်း ရှင့်မိခင်က သူ့ခင်ပွန်းကိုဒါ နောက်ဆုံးတွေ့လိုက်ရတာလို့ ဘယ်သိခဲ့မလဲ။ ကိုယ်ချစ်ခင်သူတစ်ယောက်နဲ့ခွဲခွာတိုင်း ဒါဟာ နောက်ဆုံးလည်း ဖြစ်နိုင်တယ်လို့ မှန်းဆခဲ့ရင် ကျွန်မတို့မှာ နောင်တတွေ နည်းသွားနိုင်တာပေါ့'

လေသံအေးအေးနှင့် မသိမသာပြောရသည်။

ထျန်းအုန်ထန်သည် ဗန်ဘွေမှူးမ်ပါးကို ဘယ်လိုမှ မျက်နှာ



ချင်းမဆိုင်နိုင်ဟု တင်းမာနေခဲ့၏။

ကောင်းပြီလေ။ သူမလာလည်း သူ့အတွက် ထမင်းဟင်းကို ဆုန်ကျဲရ်လျှန်နှင့် ထည့်ပေးလိုက်ရမည်။

မြန်မာထမင်းဟင်းကို နှစ်မျိုးလောက် ဆီနည်းနည်းနှင့်ချက်ထားပြီး ချင်းရိုးရာ ပြောင်းဖူးနှင့် ဖရုံရွက်ကြော်ချက်ကိုပါ ထည့်လိုက်သောအခါ ညစာစားပွဲလေးက မြိုင်ဆိုင်သွားလေသည်။

ဗန်ဘွေမှူးမ်ပါးနှင့်နူး၊ ငွေဝန်းသော်တာ၊ ဦးရွှန်စသည့် လူကြီးတွေ စားပွဲမှာနေရာယူလိုက်ချိန်တွင် အိမ်အပြင်မှ လူရိပ်တစ်ခုကိုမြင်လိုက်ရသည်။

'အစ်ကို'

ဘွေပီးက အပြေးအလွှားသွားကြိုဆိုသည်။

ပိုင်စိုးသည် အဖွဲ့နှင့်အတူ ထန်တလန်သို့ လိုက်သွားခဲ့ရသော်လည်း အပြန်တွင် ကမန်းကတန်းရေချိုးကာ ငွေဝန်းသော်တာအိမ်သို့ အချိန်မီပြေးလာခဲ့လေသည်။

ဆောင်း၏ခိုက်ခိုက်တုန်အေးချမ်းလှသော ညတွင် ညစာကိုလိုင်ချွမ်းပူပူလေးသောက်ရစားရသည်မှာ ရင်ထဲမှာနွေးသွားရသည်။

ပထမဆုံး ဘွေပီးက သူငယ်ချင်းတွေကို နှုတ်ဆက်စကားပြောသည်။ ရိုးရိုးရှင်းရှင်းပဲ ဖြစ်သည်။

'လူတိုင်းဟာ သူနေတဲ့နေရာဝန်းကျင် ပိုကောင်းအောင်လုပ်ဖို့အသိပညာလိုအပ်တယ်။ လူငယ်တိုင်းဟာ နောက်မျိုးဆက်ကို ပိုတော်တဲ့ကလေးတွေ ဖြစ်အောင် ဖန်တီးပေးချင်တဲ့အသိနဲ့ အသက်ရှင်ကြရမယ်။ အဲဒါ ငါ့ဘဝရဲ့ ရည်မှန်းချက်ပါ'

ဆုန်ကျဲရ်လျှန်သည် ဘွေပီးကို မကြည့်ဘဲ မီးဖိုမှာ တောက်နေသော ထင်းချောင်းများကိုသာ စိုက်ကြည့်နေခဲ့သည်။

ကျွန်မ၏နှလုံးသားကို မာကျောစေချင်လိုက်တာ။ သူသွားတော့မယ်တဲ့။ သူ့အတွက် ကျွန်မက လွမ်းစရာမဟုတ်ခဲ့။ [illegible]

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ခဲ့။ နောက်ဆံငင်စရာ နှောင်ကြိုးမဟုတ်ခဲ့။

'ဆရာမ'

ဘွေပီး၏အသံ။

ဆုန်ကျဲရ်လျှန် လှမ်းကြည့်လိုက်သည်။ ဘွေပီး၏အကြည့်က ဆရာမဆီမှာ။

'ကျွန်တော့်အတွက် စကားလက်ဆောင်တစ်ခုပေးပါဆရာမ'

ဆုန်ကျဲရ်လျှန်သည် ငေးလျက်ကြည့်နေရာမှ ကမန်းကတန်း မျက်နှာပြန်လွှဲပစ်လိုက်သည်။ ငါဘာဖြစ်နေတာလဲ။ ငါဘာလို့ ဝမ်းနည်းနေရတာလဲ။ ငါဝမ်းနည်းတာကို သူတို့တွေ မြင်ကုန်ပြီထင်တယ်။ ဆုန်ကျဲရ်လျှန်သည် မီးတောက်နေသောထင်းများကို မလိုအပ်ဘဲ နေရာရွှေ့လျက် အလုပ်ရှုပ်ဟန်ဆောင်ကာ ခေါင်းငုံ့ထားလေသည်။

ငွေဝန်းသော်တာ မတ်တတ်ရပ်လိုက်သည်။

'ဆရာမပြောမယ့်စကားဟာ ဘွေပီး တစ်ယောက်တည်းအတွက် မဟုတ်ပါဘူး။ အားလုံးနဲ့ဆိုင်တဲ့ စကားပါ'

သူတို့၏မျက်နှာလေးတွေကို တက်ကြွမှုဖြင့် တောက်ပနေစေချင်သည်။ နွမ်းနယ်ပင်ပန်းမှုဖြင့် ညှိုးနွမ်းမနေစေချင်။ သံသယတို့၏ ဖိစီးမှုဖြင့် မသေချာမရေရာသော အနာဂတ်ကို စိုးရိမ်ပူပန်မနေစေချင်။ ထိုမျက်နှာလေးများကို ဘွေပီးကဲ့သို့ပင် မျှော်လင့်ချက်အပြည့် ဦးတည်ချက်အပြည့်နှင့် တောက်ပ မာကြောနေစေချင်လှသည်။

'ပညာအပေါ်မှာ သံသယမရှိကြပါနဲ့။ ပညာရဲ့ ကျေးဇူးဂုဏ်သတ္တိဟာ အသက်မွေးဝမ်းကျောင်း အာမခံအနေနဲ့ အလုပ်တစ်ခုရဖို့ တစ်ခုတည်းမဟုတ်ဘူး။ ပညာဟာ တွေးခေါ်မြော်မြင်မှုကို သင်ကြားပေးပါတယ်။ နောက်ပြီး Civilization ဆိုတဲ့ လူ့ယဉ်ကျေးမှုကို မျိုးဆက်တစ်ခုကနေ နောက်မျိုးဆက်ကို လက်ဆင့်ကမ်းပေးတဲ့အရာ ဖြစ်တယ်။

'ပညာက ကိုယ့်ဆီကိုမလာရင် ကိုယ်က ပညာရှိတဲ့နေရာကို သွားချင်တဲ့စိတ်၊ သွားရဲတဲ့သတ္တိတွေ ရှိစေချင်တယ်။ ဆရာမတို့



အခုနေထိုင်နေတဲ့ ကမ္ဘာကြီးကို အနာဂတ်မှာ ဒါ့ထက်နေပျော်ဖို့ မင်းတို့ကို ဆရာမ အားကိုးချင်တယ်')

ပြောမည်ဟု ရည်ရွယ်မထားသော စကားတို့ကို ငွေဝန်း ပြောဖြစ်သွားပြီ။ ငွေဝန်းသည် ယခုအခါ ကိုတုန်းကလို လူငယ်တွေကို ပညာ လက်ဆင့်ကမ်းပေးချင်စိတ်ရှိသည့် တက္ကသိုလ်ဆရာမ ပြန်ဖြစ်သွားခဲ့ပြီ။ နောက်မျိုးဆက်အတွက် အလေးထားသော၊ အာရုံစိုက်သော တာဝန်သိစိတ်ကို သူမရင်ထဲသို့ ဘယ်သူ ပြန်ထည့်ပေးလိုက်ပါလိမ့်။

ဆုန်ကျဲရ်လျှန်ကတော့ သူတို့အားလုံးကို လှမ်းမကြည့်ဘဲ ခါးသက်စွာ စိတ်ထဲကသာ ပြုံးမိ၏။ ပညာ၊ ပညာ၊ ပညာ။ တစ်ခါ လာလည်းဒါပဲ။ တစ်ခါလာလည်း ဒါပဲ။

မိမိနှင့်ဘွေပီးကို ဝေးအောင်လုပ်လိုက်တာက အဲဒီပညာ ဆိုသောအရာပဲ။ ရည်မှန်းချက်တွေ၊ ငွေတွေ၊ စီးပွားရေးတွေ။ အားလုံးသည် သိပ်လွန်လွန်းလာလျှင် သဘာဝတရားကို ဖျက်ဆီးပစ်လိမ့်မည်။

'ဂျူလီယာ'

မိမိနာမည်ကိုခေါ်လိုက်သည့် ဘွေပီး၏အသံ။ ဆုန်ကျဲရ်လျှန် လန့်သွားသည်။

'ဟင့်အင်း'

ငါ့ကို မခေါ်ပါနဲ့။ သူမဆီသို့ အားလုံး၏အကြည့်တွေက ရောက်လာသည်။ သူမ မျက်လုံးလေးပြူးလျက် ကြောင်နေ၏။

'ဂျူလီယာ။ ငါ့ကို တစ်ခုခုပြောပါဦး။ ငါသွားတဲ့နေရာဆီ သယ်သွားဖို့စကားတစ်ခွန်း'

ဘွေပီး၏အသံက တည်ငြိမ်ရုံမျှမက အေးစက်နေ၏။ ဆုန်ကျဲရ်လျှန် ခေါင်းခါယမ်းမိသည်။

'မပြောဘူး'

'ပြောပါဟာ။ ငါ့အတွက် နင့်ဆီက စကားတစ်ခွန်း အရေးတကြီး လိုနေတယ်'

www.burmeseclassic.com

www.burmeseclassic.com



သြော။

နင်က ငါ့ဆီက ဘာစကားကြားရလိမ့်မယ်လို့ မျှော်လင့်နေလို့လဲ။

ဘွေပီးရယ်။ မြန်မြန်ပြန်လာပါ ဆိုတဲ့စကားလား။ ဒါမှမဟုတ် ငါစောင့်နေမယ် ဆိုတဲ့စကားလား။ ဒါမှမဟုတ် အောင်မြင်ပါစေ ဆိုတဲ့ စကားလား။

'ပြောလိုက်ပါ ဂျူလီယာရယ်'

သူငယ်ချင်းမလေးတစ်ယောက်က အနားသို့ရောက်လာပြီး ပေကပ်နေသော ဆုန်ကျဲရိလျန်ကို ဆွဲခေါ်သည်။

'အေးပါ အေးပါ ငါပြောပါ့မယ်ဟယ်'

သူမ မတ်တတ်ရပ်လိုက်သည့်အခါ အားလုံးက ကရုဏာမျက်လုံးများဖြင့် စိတ်ဝင်တစား လှမ်းကြည့်ကြသည်။

'ငါက စကားမှမပြောတတ်တာ။ ဒါပေမဲ့ နင်ကပြော ဆိုတော့ ငါ ကဗျာတစ်ပိုဒ် ဆိုပြမယ်လေ။ အဲဒါက ငါ့စကားပဲပေါ့။

ကလေးမသည် ခါးသီးစွာ ပြုံးပြလိုက်သည်။ ထို့နောက် ကဗျာကို စတင်ရွတ်လေသည်။

'ဆုံးရှုံးရခြင်း အတတ်ပညာဟာ တစ်ဘက်ကမ်းခတ် တတ်မြောက်ဖို့ မခက်ခဲပါဘူး။

အများစုအရာတွေဟာ ပျောက်ဆုံးဖို့သက်သက် ရည်ရွယ်ထားသလိုပဲမို့

သူတို့ကိုဆုံးရှုံးရလို့တော့ ဆောက်တည်ရာမရဖြစ်ဖို့မလို။

နေ့တိုင်းနေ့တိုင်း တစ်ခုခုတော့ ပျောက်ဆုံးနေကြတာပဲ။

တံခါးသော့ပျောက်တဲ့စိတ်တိုခြင်းတွေ၊

ဆိုးဆိုးရွားရွားကုန်ဆုံးသွားတဲ့ အချိန်နာရီတွေ။

ဆုံးရှုံးရခြင်း အတတ်ပညာဟာ တစ်ဘက်ကမ်းခတ် တတ်မြောက်ဖို့ မခက်ခဲပါဘူး။



ဒီတော့ နေရာတွေ နာမည်တွေ နောက်ထပ် နောက်ထပ် ဆုံးရှုံးဖို့ ပိုပြီးမြန်မြန်ဆုံးရှုံးဖို့ လေ့ကျင့်ရမှာပေါ့'

ဆုန်ကျဲရိလျန်သည် ကဗျာပြီးဆုံးသွားသည့်အခါ ဘွေပီးကို မဲနက်သောမျက်လုံးများဖြင့် စူးစူးစိုက်စိုက်တစ်ချက်ကြည့်ပြီး ပြုံးလိုက်၏။

တကယ်တော့ ဆုန်ကျဲရိလျန် ရွတ်ပြချင်သည်က အဲသည်ကဗျာထက်ပိုသေးသည်။ သူနှင့် နှစ်ယောက်ချင်းကျမှ ရွတ်ပြမည်ဟု မိန်းကလေးက ဆုံးဖြတ်လိုက်သည်။

နင့်မှာ ပြောစရာတစ်ခုခု ရှိနေသေးတယ် ဒါပေမဲ့ ငါ နင့်ကို နားမလည်ဘူး။ တို့နှစ်ယောက်ကြားမှာ အလွန်ကြီးမားတဲ့ အမှန်တရားက ဆွဲဆန့်ထွက်။ အမှန်တရားရဲ့ ခေါင်းပြတ်သွားတဲ့ ငှက်တိုကနေ အဖြူရောင်သွေးခဲတွေ အမြုပ်တစီစီ။

ဘွေပီး၏မျက်လုံးတွေ မှုန်မှိုင်းသွားတာကို သတိထားမိသည့်အခါ သူမ ကျေနပ်သွားပြီး မီးဖိုဘေးမှာ ပြန်ထိုင်ချလိုက်လေသည်။

ဘွေပီးသည် ဆုန်ကျဲရိလျန်အား တိတ်ဆိတ်စွာ ငေးနေမိသည်မှာ တော်တော်ကြာ၏။ အားလုံးက သတိထားမိလာသည်အထိ။ တော်တော်ကြာမှ ခပ်နွမ်းနွမ်းပြုံးလိုက်ကာ သူစကား ပြောသည်။

'ကျေးဇူးတင်ပါတယ် ဂျူလီယာ။ နင့်ကဗျာလေးကို ဘယ်နေရာသွားသွား သယ်သွားမှာပါ။ ငါ့ကိုယ်ငါ တစ်ယောက်ယောက်အတွက် ဆုံးရှုံးပျောက်ကွယ်သွားတာမျိုး မဖြစ်စေရအောင် ကြိုးစားမှာပါ'

ထို့နောက် ဘွေပီးသည် ပိုင်စိုးကို အကူအညီတောင်းသလို လှမ်းကြည့်သည်။

ပိုင်စိုးကိုလည်း စကားလက်ဆောင်တစ်ခုပေးပါဟု တောင်းဆိုကြသည်။ ပိုင်စိုးက သူ့ကို စကားပြောခိုင်းမည်မထင်သဖြင့် အံ့သြသွား၏။ ရယ်မောပြီး ယဉ်ကျေးဖွယ်ရာစွာ ငြင်းဆန်ကြည့်၏။ သို့သော်

www.burmeseclassic.com

www.burmeseclassic.com



အားလုံးက အစ်ကိုပြောပါ။ ဆရာပြောပါဟု ပူဆာကြတော့ သူ ပြောရတော့သည်။ ပြောမယ့်ပြောတော့ သစ်တော ထိန်းသိမ်းရေး။

'ကျွန်တော်တို့တောင်ယာစိုက်ဖို့ တောင်ယာခုတ်ရတယ်။ သစ်ပင်တွေခုတ်ပြီး မီးရှို့ရတယ်။ ဒါက နှစ်စဉ်ကျွန်တော်တို့ လုပ်နေရတဲ့အလုပ်လေ။ ဒီတောင်ယာကို မခုတ်လို့ ကျွန်တော်တို့ ဘယ်မှာသွားစိုက်မလဲ။ ဒီတော့ မြေဆီလွှာတွေ မိုးရေနဲ့အတူ စီးမသွားအောင် ကျွန်တော်တို့ တတ်နိုင်သမျှ သစ်ပင်တွေအတန်းလိုက်ချန်ကြရမယ်။ တချို့ချန်တယ်။ တချို့မချန်ဘူး။ မချန်တဲ့အတွက် မြေဆီလွှာကို ထိန်းမထားနိုင်ဘူး။ မြေဆီလွှာကို ထိန်းမထားတဲ့အတွက် နောက်သုံးလေးနှစ်မှာ စိုက်ပျိုးလို့မအောင်မြင်တော့ဘူး။ ဒီအခါ ကျွန်တော်တို့ နောက်ထပ် သစ်တောကွက်အသစ်ကို ထပ်ခုတ်တယ်။ အဲဒီလိုနဲ့ ကျွန်တော်တို့ရဲ့ တောင်ယာစိုက်ခင်းတွေက ရှေ့ကို ရောက်ရောက်လာပြီး သစ်တောတွေဟာ ကျဉ်းကျဉ်းလာတယ်'

ယခုစကားဝိုင်းတွင် ထျန်းအုခ်ထန်မပါဝင်သဖြင့် ပိုင်စိုးအား ပွင့်ပွင့်လင်းလင်း ပြန်လည်ဆွေးနွေးမည့်သူမရှိဟု ထင်ကြမည်။ သို့သော် ထျန်းအုခ်ထန်၏စိတ်ဓါတ်မျိုးဖြင့် ထျန်းအုခ်ထန်လိုပဲ ဆွေးနွေးသူတစ်ယောက် ရှိနေခဲ့သည်။ ဆုန်ကျဲရ်လျန်ဖြစ်သည်။

'ဒါဖြင့် ဆရာက သမီးတို့ကို သစ်ပင်တွေမခုတ်နဲ့လို့ ပြောချင်သလား'

စိမ်းမြသောအကြည့်နှင့်အေးစက်စက်အပြုံးတွေ ဘယ်အချိန်ကတည်းက ကလေးမဆီမှာ ရောက်နေခဲ့ပါလိမ့်ဟု ငွေဝန်း မှန်းဆရခက်နေသည်။ ပိုင်စိုး၏ သစ်တောအကြောင်းအရာသည် ဆုန်ကျဲရ်လျန်ဆန့်ကျင်လိုသော အကြောင်းရင်းအစစ် ဟုတ်ရဲ့လား။ ငွေဝန်း မသိ။

'ကျွန်တော် မပြောပါဘူး။ သစ်ပင်ဟာ ဒီဒေသအတွက် တစ်ခုတည်းသော လောင်စာစွမ်းအင်အရင်းအမြစ်ပဲလေ။ သစ်ပင်တွေကိုမှ မခုတ်ရရင် ကျွန်တော်တို့ ဘယ်ကစွမ်းအင်ရမလဲ။ ဒီမှာ



လျှပ်စစ်စွမ်းအင်က မလုံလောက်ဘူး။ ဓါတ်ငွေ့စွမ်းအင်လုံးဝမရဘူး။ ဒီတော့ ကျွန်တော်တို့ သစ်ပင်တွေကို ခုတ်ရမှာပဲ။ ဒါပေမဲ့ ကျွန်တော်တို့ ခုတ်လိုက်တဲ့သစ်ပင်တွေဟာ သစ်တောရဲ့ခုတ်ပတ်ကို မထိခိုက်တဲ့ အပင်တွေဖြစ်ရမယ်။ ဒါကတစ်နည်း။ နောက်တစ်နည်းက ကျွန်တော်တို့ ခုတ်လိုက်တဲ့ သစ်ပင်တစ်ပင်ချင်းအတွက် သစ်ပင်တစ်ပင်စီ ပြန်စိုက်မယ်'

ထိုအချိန်မှာ သူတို့တွေ လှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်။

'တောင်ယာစိုက်ပြီးသား မြေကတုံးကို သစ်ပင်ထပ်စိုက်လို့ ပေါက်မှာ မဟုတ်ဘူး'

တစ်ယောက်က ပြောသည်။

'ဟုတ်တယ်အစ်ကို ဘာမြေဆီလွှာမှ မကျန်တော့တဲ့ တောင်စောင်းမြေပြင်မှာ သစ်ပင်မပေါက်ဘူး'

'ခင်ဗျားတို့ စိုက်ကြည့်ပြီးပြီလား'

ပိုင်စိုးက ပြန်မေးသည်။ ဘယ်သူမှ မဖြေကြပါ။

'စိုက်မကြည့်ရသေးဘဲနဲ့တော့ အားမလျှော့နိုင်ဘူးလေ။ ကျွန်တော်တို့ စိုက်ကြည့်ကြမယ်။ အခု ကျွန်တော်တို့ သစ်ပင်တွေ ခုတ်ကြတော့မယ်မဟုတ်လား။ ဒီဘက်တောင်စောင်းမှာ တစ်ပင်ခုတ်ရင် နောက်တစ်နေ့ကျရင် တောင်ယာမသုံးတော့တဲ့ တောင်စောင်းမှာ တစ်ပင်စိုက်မယ်'

'ခင်ဗျားစကားက လှတယ်'

စကားဝိုင်းအပြင်ဘက်မှ အသံတစ်သံ။ ထိုအသံကြောင့် ငွေဝန်းသော်တာ ရင်ခုန်သွားသည်။

ဘုရားရေ ။ သူ လာတယ်။

အားလုံးသည် အသံလာရာသို့ လှည့်ကြည့်လိုက်ကြသည်။

တံခါးဝတွင် မတ်မတ်ရပ်နေသူက ထျန်းအုခ်ထန်။ [illegible] ချည်စောင်ကို ထုံးစံအတိုင်း ခြုံလျက်။ တစ်ခုပဲပိုလာသည်။

www.burmeseclassic.com

www.burmeseclassic.com



အမွေးထူထူသားရေတစ်ခုဖြင့်ချုပ်ထားသည့် ခေါင်းစွပ်ဦးထုပ်ကို ခေါင်းမှာဆောင်းထားသည်။ ရှေ့တွင်ဝက်စွယ်နှစ်ခုကို ဟိုဘက်သည်ဘက် မျက်နှာချင်းဆိုင်ပြီးတွဲကပ်ထားပြီး ထိပ်တွင် အောက်ချင်ငှက်မွေးတစ်ချောင်းကို စိုက်ထားသည့် ဦးထုပ်ဖြစ်သည်။

'လာ လာ။ ထျှန်းအုန်ထန် နောက်ကျတယ်နော်'

ငွေဝန်းက အိမ်ရှင်ပီပီ တံခါးဆီသို့ လျှောက်သွားပြီး ကြိုဆိုလိုက်သည်။

ထို့နောက် မျက်မှောင်ကြုတ်ကာပြုံးရင်း ဘယ်သူမှမကြားအောင် တိုးတိုးလေး

'ကြည့်စမ်း ကျွန်မ မီးပူတိုက်ပေးထားတဲ့ ချည်စောင်ကို ဘာဖြစ်လို့မခြုံခဲ့တာလဲ။ ဒါကြီးက တွန့်ကြေလို့'ဟု အပြစ်တင်လိုက်၏။

သူ့မျက်နှာမှ တင်းကြပ်မှုတွေလျော့ကာ ခပ်အမ်းအမ်းပြုံးလေသည်။

အဲသည်တော့မှ သူ့ကို လက်မောင်းမှ တွဲလိုက်ပြီး ဆွဲခေါ်လာသည်။

'လာ။ လူကြီးတွေစားပွဲမှာပဲ ထိုင်ပါနော်'

သူ ဒီပွဲကို တက်နိုင်သည်ဆိုလျှင် ဗန်ဘွေမှူးမ်ပါးနှင့် တစ်စားပွဲတည်း အတူထိုင်ဖို့ ခါးသီးစက်ဆုပ်မည်မဟုတ်တော့ပါ။

သူ ပထမတော့ ငြင်းတော့မလို မျက်မှောင်ကြုတ်လိုက်သေး၏။ သို့သော် ခဏအတွင်းမှာ ခပ်အမ်းအမ်းမျက်နှာဖြင့် ငွေဝန်းနေရာချပေးသည့်အတိုင်း ဝင်ထိုင်သည်။ ဗန်ဘွေမှူးမ်ပါးက သူ့အား တည့်တည့်မကြည့်ဘဲ နေရာပြင်ရွှေ့ပေးသည်။

ထိုင်ပြီးပြီးချင်း သူက စောစောကဝေဖန်စကားကို ထပ်ဆက်လိုက်သည်။

'လုပေမယ့် တကယ်အလုပ်ဖြစ်မှာမဟုတ်ဘူးဗျ'



ဖွန်းသံပန်းကန်သံတွေ ငြိမ်သက်သွားသည်။ အားလုံးသည် သတိအနေအထားဖြင့် တောင့်တောင့်ကြီးတွေဖြစ်သွားကြ၏။

ပိုင်စိုးက လက်မြှောက်ပြသည်။

'အစ်မ'

ပိုင်စိုးက သူမကို လှမ်းခေါ်လိုက်သဖြင့် ငွေဝန်း သူ့ဘက်သို့ လှမ်းကြည့်လိုက်ရသည်။

'အစ်မက မိန်းကလေးမို့ သစ်ပင်ခုတ်ဖို့တော့ အင်အားမရှိဘူး။ ဒါပေမဲ့ သစ်ပင်စိုက်ဖို့တော့ အင်အားရှိမှာပေါ့နော်'

သူ့စကားအဆုံးတွင် အခန်းထဲမှာ သိသိသာသာ တိတ်ဆိတ်နေ၏။ ထိုတိတ်ဆိတ်မှုကို ငွေဝန်းသော်တာက ဖြိုခွဲလိုက်သည်။

'သစ်ပင်ကြီးကြီးတော့ တစ်ခါမှတော့ မစိုက်ဖူးဘူးပိုင်စိုး။ ကိုယ်နိုင်ပါ့မလား မသိဘူး။ သစ်ခွပင်သေးသေးလေးတွေတော့ နိုင်တယ်လေ။ ဟောဟိုမှာ အများကြီးပဲတွေ့လား'

လူငယ်တချို့ အသံထွက်ရယ်ကြသည်။ ထျှန်းအုန်ထန်လည်း ပြုံးလေသည်။

'သစ်ခွပင်တွေထက် ပိုပြီးမလေးလှပါဘူးအစ်မရယ်။ ခုတ်တဲ့အပင်ပဲ ကျွန်တော်တို့ ပြန်စိုက်မှာပဲလေ။ ထင်းရှူးပင်လေးတွေ ဖြစ်ဖို့များပါတယ်။ ထင်းရှူးပင်လေးတွေကို စိုက်ရတာ ပျော်စရာကောင်းမယ်လို့ ကျွန်တော်ထင်တယ်'

'ကောင်းပြီလေ။ ကျွန်မ စိုက်နိုင်ပါလိမ့်မယ်'

'ကျွန်တော်မနှစ်တုန်းက ယိုးဒယားနိုင်ငံကို ခဏရောက်ခဲ့တယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာသင်တန်းတစ်ခု သွားတက်ဘာ။ အဲဒီမှာ အံ့သြစရာတစ်ခုမြင်ခဲ့ရတယ်'

ပိုင်စိုးက ပြုံးလျက် အားလုံးကို ပြောသည်။

'လွန်ခဲ့တဲ့နှစ်နှစ်ဆယ်တုန်းက ပြုန်းတီးသွားခဲ့ပြီးပြီလို့အားလုံးလက်လျှော့ထားတဲ့ လွင်တီးခေါင်မြေကြီးဟာ အခု သစ်တော

www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ ညှိ့နေပြီ။ အဲဒါ သူ့အလိုလို ပြန်ပေါက်တာတော့မဟုတ်ဘူး။ လူတွေပြန်စိုက်ထားတာ။ ကျွန်တော်ကိုယ်တိုင် မြင်ခဲ့ရတာပါ'

'ဒါပေမဲ့ ကျွန်တော်ပြောလိုက်မယ်။ အဲဒီသစ်တောက ကျွန်တော်တို့လို တောင်ပေါ်သစ်တောတော့ မဟုတ်နိုင်ဘူး'

ဗန်ဘွေမှူးမ်ပါးက တစ်ချိန်လုံး ငြိမ်နေရာမှ ခပ်တိုးတိုးဝင်ပြောသည်။

'ဒီလောက်မြင့်တဲ့တောင်တော့ မဟုတ်ဘူး။ ဒါပေမဲ့ မြေပြန့်သစ်တောတော့မဟုတ်တာ သေချာပါတယ်။ သစ်တောတစ်ခုကို ပြန်စိုက်မယ်ဆိုရင် ဘာမှ မဖြစ်နိုင်စရာမရှိပါဘူး။ အချိန်ကာလ အနှေးအမြန်ကိုတော့ ကြိုတင် တွက်ဆလို့ ရချင်မှရမယ်။ ဒါပေမဲ့ ကျွန်တော်တို့လက်ထက်မှာ သစ်တောမစိမ်းသေးရင် ကျွန်တော်တို့ရဲ့ သားတွေသမီးတွေလက်ထက်မှာ စိမ်းရမှာပေါ့'

ပိုင်စိုး၏မျက်လုံးများသည် မီးအလင်းရောင်ခပ်ဖျော့ဖျော့တွင် တောက်ပနေသည်။

'အစ်ကိုတို့က ပြောတာ လွယ်လွယ်လေး။ တကယ် လုပ်ရမှာက ကျွန်တော်တို့'

လူငယ်လေး တစ်ယောက်က လက်ညှိုးထောင်ပြပြီး အားမနာတမ်း ပြောသည်။

'ဟုတ်ပါတယ်။ ပြောတာလွယ်တယ်။ လုပ်တာက ခက်တယ်။ ကျွန်တော်တို့အားလုံးလက်ခံကြပါတယ်။ ဒါပေမဲ့ ဖြစ်လာနိုင်တဲ့ကိစ္စတစ်ခုကို မဖြစ်နိုင်ပါဘူးလို့ ကြိုတင်စိတ်ပျက်နေတာတော့ အရှုံးသက်သက်ပဲ။ ကိုယ့်ပတ်ဝန်းကျင်ကို တတ်နိုင်တဲ့ဘက်က ပြုပြင်ပြောင်းလဲပေးဖို့ ကျွန်တော်တို့ အားလုံးမှာ အသိကိုယ်စီရှိဖို့ပဲ လိုတယ်မဟုတ်လား။

'ကျွန်တော်တို့က ညှော်သည်တွေမို့ ညှော်သည်ပြော ပြောတယ်လို့ မသတ်မှတ်စေချင်ပါဘူး။ ကျွန်တော်တို့ကိုယ်တိုင် သစ်ပင်



တွေလာစိုက်ပါမယ်'

အားလုံး ဝိုင်းရယ်ကြသည်။

ပိုင်စိုး အနည်းငယ် ကြောင်သွားသည်။

'ဘယ်အချိန်မှာ စိုက်ရမလဲဆိုတာပြောပေါ့ဗျာ'

ရယ်မောကြပြန်သည်။

'စိတ်ချပါခင်ဗျာ။ ကျွန်တော်တို့ကိုယ်တိုင် ဟောဒီတောင်တန်းကို သစ်ပင်တွေလာစိုက်မယ်။ ကျွန်တော်တို့ရဲ့အစ်ကိုတွေအဖေတွေက သစ်ပင်စိုက်ဖို့မဖြစ်နိုင်ဘူးလို့ ငြင်းရင် ကျွန်တော်တို့ကိုယ်တိုင်စိုက်မယ်'

'အခုလား။ ဒီနှစ်လား'

ဆုန်ကျဲရှိလျှန်က မယုံသင်္ကာ မေးမိသည်။

'ကျွန်တော် ဒီနှစ် ခရီးထွက်ဖို့ရှိတယ်။ ပညာသင်တဲ့ခရီးပါ။ သေတော့ မသေချာသေးပါဘူး။ ကျွန်တော် ပိုက်ဆံမတတ်နိုင်ပါဘူး။ ပညာသင်ဆုရမှ သွားဖြစ်မှာပါ။ မသွားဖြစ်ရင် ကျွန်တော် ဒီကိုလာမယ်'

ပညာ။

ဆုန်ကျဲရှိလျှန်သည် ပိုင်စိုးအား တအောင့်လောက်ငေးနေမိသည်။ အဲဒီအစ်ကိုမှာ တွယ်တာရသည့်မိန်းမတစ်ယောက်ယောက်မရှိနေဘူးလား။

စနောက်တတ်သော ချာတိတ်တစ်ယောက်က လက်ညှိုးထောင်လျက် မေးလိုက်သည်။

'ကျွန်တော်မေးမယ်ဗျ။ ခင်ဗျားက မြန်မာပြည်အလယ်ပိုင်းကလူ၊ ဒီတောင်ပေါ်ကို ဘာဖြစ်လို့ သစ်ပင်စိုက်ချင်တာလဲ'

သူမေးပုံက တဲ့တိုးကျသဖြင့် မျက်နှာထားတည်နေသော ဆုန်းအုခ်ထန်ပင် ပြုံးသွားသည်။

'ဟားခါးမှာ အပျိုချောတစ်ယောက်တွေ့ထားပြီလား။ ချင်း

www.burmeseclassic.com

www.burmeseclassic.com



ဗမာ ချစ်ကြည်ရေးလုပ်မှာလား'

အားလုံး ဝိုင်းရယ်ကြပြန်သည်။ ပိုင်စိုးက ရယ်လျက် ခေါင်းကုတ်၏။

'မဟုတ်ဘူးဗျ။ ကျွန်တော်ပြန်လာခဲ့မယ်လို့ပြောတဲ့နေရာတွေကအများကြီး။ တကယ်လည်း ပြန်သွားတယ်ဗျ။ ကျွန်တော်နိုင်သလောက်တော့ ဝန်တစ်ခုကို ကူညီပြီးထမ်းပေးလိုက်တာပါပဲ။ ဒီသဘောပါ။ ဒါကြောင့် ကျွန်တော် နေရာအများကြီးကို သွားပါတယ်။ ခင်ဗျားပြောသလိုဆိုရင် ကျွန်တော် ချစ်ကြည်ရေးတွေ အများကြီးလုပ်နေရတော့မှာပေါ့။ မဖြစ်ဘူးဗျ'

ပိုင်စိုးမှာ ခေါ်သံတွေရှိသည်။ အဲသည်ခေါ်သံ တွေနောက်သို့ သူလိုက်မည်။ ခရီးတွေဆက်စရာ များလှသည်။

ပိုင်စိုးနှင့်ဘွေပီးသည် တစ်နေရာတည်းမှာ အမြစ်တွယ်နေမည့်လူမျိုးတွေမဟုတ်ဟု ငွေဝန်းသော်တာက ခပ်ငေးငေးတွေးသည်။ သူတို့မှာ ဆွဲငင်ထားသည့်အင်အားတွေ မရှိကြဘူးလား။ ဆုန်ကျဲ့ရှဲလျှန်လို အချစ်တွယ်တာမှုမျိုးကပင်လျှင် သူတို့ကို ဆွဲငင်မထားနိုင်ဘူးလား။

ဒါမှမဟုတ်။ မိန်းမတွေကပဲ ယောကျ်ားတွေနှင့်စာလျှင် သံယောဇဉ်တွေ ကြီးတတ်လွန်းနေတာလားမသိ။

ကျွန်မမှာရော။ သံယောဇဉ်ရှိနေသလား။

သံယောဇဉ်...။ ထိုစကားလုံးသည် သူမအတွက်တော့ နာကျင်မှုနှင့်တွဲလျက်သား ဖြစ်သည်။

'ဆရာရောက်လာပြီး သစ်ပင်တွေလာကူစိုက်ပေးမယ့်နေ့ကို ကျွန်မတို့ စောင့်နေမယ်ဆရာ''

ဆုန်ကျဲ့ရှဲလျှန်က ထိုစကားဖြင့် ပိုင်စိုးကို စိန်ခေါ်လိုက်သည်။

◆



နိဂုံးတစ်ခုဟာ နိဒါန်းအစရဲ့ ပြစ်ဒဏ်။
ဝမ်းနည်းမှုဟာလည်း ပျော်ရွှင်ခြင်းရဲ့ အပြစ်ဒဏ်။
ဒီးန်ယန်း။

၂၅

သူမ၏ရှေ့တွင် မြင့်မားခေါင်သီ ကာဆီးထားသော ကနေဒီတောင်ကြီးကို ငွေဝန်းသော်တာ မော့ကြည့်လျက် ရင်ထဲမှာ မူးနောက်တုန်ရီလာသည်။

ဖွန်ဒုလျှန်...

ရိုးသားထုံထိုင်းလှသော ကောင်လေးတစ်ယောက်။

မမ မရည်ရွယ်ခဲ့ပါဘူးမောင်လေးရယ်။ မမကို ခွင့်လွှတ်ပါ။

သူမ အသံမထွက်ဘဲ တောင်းပန်လိုက်မိသည်။

ထို့နောက် စိမ့်ခနဲတစ်ချက်အေးသွားသဖြင့် တုန်သွားလေသည်။

'ဆရာမ ချမ်းသလား'

သူမကိုအရိပ်ကြည့်နေသော ထျန်းအုခ်ထန်က ဂရုတစိုက်မေးသည်။

'အို မချမ်းပါဘူး'

သူက သူမအနားမှာ နီးကပ်လွန်းသည်ဟု ငွေဝန်း တွေးမိကာ

www.burmeseclassic.com

www.burmeseclassic.com



ခပ်ခွာခွာဆုတ်လိုက်မိသည်။ ဖွန်ဒုလျန်၏ ဝိဉာဉ်သာ သည်အနီးတစ်ဝိုက်မှာရှိနေခဲ့လျှင်...

သူမသည် နာကျည်းမုန်းတီးခံရမည်ကို အလွန်ကြောက်ပါသည်။

'ဟောဟိုမှာ တောင်ဇလပ်အနီတွေ။ ဆရာမလိုချင်တယ်ဆို။ ကျွန်တော် သွားချိုးလိုက်မယ်'

ထျန်းအုန်ထန်က ပြောတော့ သူမ နာကျင်ခါးသက်စွာ ငြင်းဆန်လိုက်သည်။

'ဟင့်အင်း ဟင့်အင်း မလုပ်နဲ့ မလိုချင်ဘူး'

ပိုင်စိုးက ငွေဝန်းအား တစ်ချက်လှမ်းကြည့်သည်။

တိမ်သစ်တောသည် ပေငါးထောင်၊ ခြောက်ထောင် မြင့်သော တောင်တန်းများမှာရှိပြီး အမြဲလိုလို တိမ်များဖြင့်လွှမ်းလျက်ရှိသဖြင့် တိမ်ငွေ့ဖြင့်အေးစက်စိုစွတ်ကာ မိုးသစ်တောလို ဖြစ်နေသည်။ မိုးသစ်တောလိုပင် သဘာဝချင်းဆင်တူသော အပင်များရှိသည်။ မိုးသစ်တောမှာ ကျင်လည်ကျက်စားတတ်သည့် သဘာဝတိရစ္ဆာန်များရှိသည်။

တီးတိန်မြို့သို့သွားလျှင် တိမ်သစ်တော ပေါက်ရောက်နေသော ကနေဒီတောင်ကို ဖြတ်ကျော်ရသည်။ ကနေဒီတောင်သည် အမြင့်ပေ ရှစ်ထောင်ကျော်ရှိသည်။ တောင်ကြောတစ်ခုလုံးသည် တောင်ဇလပ်နီပင်များဖြင့် ပြည့်နေသည်။

ချင်းပြည်နယ်တစ်ခုလုံးတွင် လူတွေ၏ အမြတ်ထုတ်ခြင်းကို ဆိုးဆိုးဝါးဝါး မခံရသေးဘဲ သဘာဝအကြွင်းအကျန်များ ရှိနေသေးသည့် သစ်တောဟူ၍ ကနေဒီတောင် တိမ်သစ်တောပဲ ရှိနေသလား မပြောတတ်။

တောင်ပေါ်တက်ကြသည့်အခါ နတ်ဆေးဂမုန်းပင်များကို



အလှမ်းဝေး၊ မြင့်မားလှသောကျောက်တောင်နံရံတွေပေါ်မှာ ကပ်လျက်ပေါက်နေတာ မြင်ရသည်။

ငွေဝန်းသော်တာအတွက်တော့ ဒီအစိမ်းရှက်ဝိုင်းတွေဟာ ခမ်းနားလှပသည့် ဒဏ်ရာတွေ။

သူမသည် ဘယ်သူနှင့်မှစကားမပြောဘဲ တစ်ယောက်တည်း တိတ်ဆိတ်စွာ ငေးမောနေချင်သည်။ ထို့ကြောင့် သူတို့ထက်အရင် တောင်ပေါ်သို့ ရောက်ချင်သည်။

'အစ်မရေ မောမယ်။ ဖြည်းဖြည်းတက်ပါလား'

ပိုင်စိုးက ငွေဝန်းကို မီအောင်လိုက်လာရင်း သတိပေးသည်။

'ရတယ်'

သူမကဖြင့် တောင်ခါးပန်းတစ်နေရာရာမှာ နားချင်လှပြီ။ တိမ်တောင်တိမ်လိပ်များ တောင်ခါးပန်းမှာ ပတ်လည်ဝိုင်းရံလျက် တိမ်ခါးပတ်စည်းထားသလို။ လွှမ်းဖွယ်တောင်တန်းတွေ။

တောင်ထိပ်သို့ရောက်ခါနီးလေ၊ ငွေဝန်းက ခြေလှမ်းသွက်လေ။

'အစ်မ ကျွန်တော့်ကို စောင့်ပါဦး'

ပိုင်စိုးသည် ငွေဝန်းနောက်သို့ ထပ်ချပ်မကွာ လိုက်သည်။

တိမ်တွေထဲသို့ တိုးဝင်ကာ နှစ်ယောက်သား သစ်လုံးအပြတ်တစ်ခုပေါ်မှာ ခဏနားကြသည်။

'အစ်မ လိုက်လာခဲ့ဖို့မကောင်းဘူး။'

ပိုင်စိုးက သက်ပြင်းချလျက်ပြောသည်။

'ရပါတယ်ကွယ်။ ကိုယ် ဒါကို ရှောင်နေခဲ့တာ ကြာလှပြီ။ တစ်ခါတစ်ခါကျတော့ ကိုယ်ကြောက်လန့်တဲ့အရာတွေဆီ တိုးဝင်ပစ်လိုက်ဖို့လိုတယ် ပိုင်စိုးရဲ့'

သူမ မောပန်းစွာ အသက်ပြင်းပြင်းရှိုက်ရှူနေရသည်။

'သတ္တိမွေးရတာတော့ အကြာကြီးပေါ့လေ'

www.burmeseclassic.com

www.burmeseclassic.com



'အစ်မ ဆယ့်ငါးနှစ်ဆယ့်ခြောက်နှစ်ကြာတဲ့အထိ အားတင်းရတာလား'

ပိုင်စိုးက မျက်နှာကို ခပ်ဆဆကြည့်လျက် မေးသည်။

'ဘယ်လိုပြောရပါ့မလဲ။ အရင်ကတော့ ကိုယ် ဒီအဖြစ်ကို မေ့တောင်မေ့နေခဲ့တယ်ကွယ်။ ဒီလိုပဲ ကောလိပ်တွေ တက္ကသိုလ်တွေ တစ်ခုပြီးတစ်ခုပြောင်း။ ဟိုအပင်ဒီအပင် သုတေသနလုပ် ပေါ့။

'ဒါပေမဲ့ လွန်ခဲ့တဲ့နှစ်နှစ်လောက်ကစပြီး ဘဝမှာ နေလို့မပျော်တော့တာပဲ။ ဒီနောင်တဟာ ကိုယ့်ဆီကို တဖြည်းဖြည်းနဲ့ဝင်လာတာ။ စိမ့်ပြီးဝင်လာတာကွယ်။ ကိုယ့်ကြောင့်လူတစ်ယောက် အသက်ဆုံးရှုံးရတယ်ဆိုတဲ့ နောင်တကြီးက တော်တော်ကို ပူပြင်းလောင်မြိုက်တာပါ'

သူမ အသံက တုန်ရီစပြုလာသည်။

ပိုင်စိုးသည် ငွေဝန်းသော်တာအား မငိုပါနဲ့ဟု တောင်းပန်လိုက်ချင်သည်။ သို့သော် ငိုကြွေးလိုက်လျှင်များ ပေါ့သွားမလားဟု ခပ်ဆဆငေးနေ၏။

'ဒါပေမဲ့ အစ်မကြောင့်သေတာမဟုတ်ဘူးလေ။ သူ့ဟာသူ ပြုတ်ကျသွားတာ။ ခုန်ချတာလည်း ဖြစ်နိုင်တာပဲ'

ပိုင်စိုးက နှစ်သိမ့်ပေးသည်။

'ခုန်ချတာကိုက ကိုယ့်ကြောင့်ပေါ့ဟယ်'

'ဟာအစ်မကလည်း မဖြစ်နိုင်တာ။ မိန်းမတစ်ယောက်က ကိုယ့်ကို ပြန်မချစ်တိုင်းသာ ယောကျ်ားတွေ ချောက်ထဲခုန်ချရရင် ဟောဒီကမ္ဘာကြီးမှာ ယောကျ်ားတွေတောင်ကျန်တော့မှာမဟုတ်ဘူး'

ပိုင်စိုးက ရယ်ကျဲကျဲဖြင့်စနောက်သည့်အခါ ငွေဝန်း အနည်းငယ်စိတ်ပေါ့ပါးသွား၏။

'အင်း အကုန်တော့မဟုတ်နိုင်ဘူး။ နှစ်ယောက်တော့ကျန်မယ်ကွဲ့'



'ဟင် ဘယ်က နှစ်ယောက်လဲ'

'မင်းနဲ့ ဘွေပီးပေါ့'

ပိုင်စိုး အသံထွက်ရယ်မောလိုက်လေသည်။

'မင်းတို့တွေက မိန်းမတွေကို သိပ်မတွယ်တာကြဘူး'

ပိုင်စိုးက သူမအား ခပ်ငေးငေးပြုံးကြည့်သည်။

'အစ်မက အဲလိုထင်သလား'

ထို့နောက် ချက်ချင်းပင် သူ့မျက်နှာထားက စနောက်သည့်ဟန် ပြောင်းသွား၏။

'ထားပါတော့လေ။ ကိုထန်ကတော့ အစ်မကို သိပ်တွယ်တာတာပါ'

'အလို ကိုရွှေပိုင်စိုး၊ ရှင် အောင်သွယ်ခ ဘယ်လောက်ရထားသလဲ'

သူမ ရယ်မိသည်။

စောစောက တောင်ခါးပန်းမှာရှိနေသော တိမ်များသည် အထက်သို့ တက်၍တက်၍လာလေသည်။ ငွေဝန်းတို့ ပတ်ဝန်းကျင်သည် ချက်ချင်းပင် အေးစိမ့်သော အဖြူငွေ့များဖြင့် ဖုံးလွှမ်းသွားတော့သည်။

'ကဲ ပိုင်စိုး သွား ဟိုလူစုဆီသွားပါ။ ကိုယ်ဒီမှာ တစ်ယောက်တည်း အေးအေးလေးနေချင်တယ်'

'တစ်ယောက်တည်း မနေပါနဲ့အစ်မရယ်။ ကျွန်တော် စိတ်မချဘူး'

ပိုင်စိုးက ရယ်နေရာမှ ချက်ချင်းပင် မျက်နှာတည်သွားသည်။

ငွေဝန်းဘာမှမပြောတော့ဘဲ အောက်ဘက်သို့ ငုံ့ကြည့်လိုက်သည်။ ဘာမှမမြင်ရ။

ဖွန်ဒုလျှန်ကို နောက်ဆုံးတွေ့မြင်လိုက်ရသည်မှာ ယခု ရာသီဥတုမျိုးပဲ။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဘေးပတ်လည်ကို သုံးလေးပေထက်ပိုမမြင်ရတဲ့ အနေအထား။

'ကျွန်မစဉ်းစားတယ်သိလား။ ဖွန်ဒုလျန်အတွက် ခမ် တစ်ခု လုပ်ပေးမလားလို့၊ သူနေခဲ့တဲ့ရွာ လုံပီးမှာလေ။'

ချင်းရွာများတွင် သေလွန်ပြီးသော ဆွေမျိုးသားချင်းအတွက် ကောင်းမှုကုသိုလ်အနေနှင့် ကျောက်ထိုင်ခုံနှင့်နောက်မှီကျောက်ပြား တိုင်တို့ တည်ဆောက်လေ့ရှိကြသည်။ ဖွန်ဒုလျန်အတွက် ငွေဝန်းက လုပ်ပေးရမှာပေါ့။ သူ့မိခင်က ဘာခမ်မှ လုပ်မပေးနိုင်ခင်မှာ သေသွားသည်။ ဖွန်ဒုလျန်၏ဝိဉာဉ်က လွင့်ပါးပြေးလွှားနေရမှာကို ငွေဝန်း မဖြစ်စေချင်ပေ။

'အစ်မ လုပ်ချင်လား။ လုပ်လို့ရတယ်လေ။ ကိုထန့်ကို ပြောပါလား'

'ရှင့်ကိုထန်က အကျိုးအကြောင်းသိရင် ကျွန်မကိုများ အထင်မှားမလား'

'အို သူအဲဒီလောက်ထိ မတုံးလောက်ပါဘူး'

သူမ တွေဝေသွားသည်။

'နောက်ပြီး တတ်နိုင်ရင် ဒီအဖြစ်ကို ဘယ်သူမှ မသိစေချင်ဘူး။ အထူးသဖြင့် ကျွန်မစိတ်ဓါတ်ကျနေတာတွေကို မသိစေချင်ဘူး။ ကျွန်မရှက်တယ်။ ပိုင်စိုး ကတိပေးပါနော်။ ဘယ်သူ့ကိုမှ ပြောမပြပါနဲ့'

ပိုင်စိုးသည် အင်တင်တင်ဖြင့် ခေါင်းညိတ်လေသည်။

'မင်းပဲ တာဝန်ယူပြီး လုပ်ပေးပါလား'

'ကျောက်ထိုင်ခုံကို။ အင်းလေ ရပါတယ်အစ်မရယ်။ ဖလမ်းမှာ ကျွန်တော့်အသိတွေ ရှိပါတယ်'

'ကျွန်မ ဒီနှစ်နှစ်မှာ တကယ်ကို နေလို့မပျော်ဘူး။ ကျွန်မရဲ့ ဘဝကြီးဟာ အချည်းနှီးပဲလို့မြင်လာတယ်'



သူမထက်ငယ်ရွယ်သောလူငယ်ကလေးကိုပင် အားကိုးတကြီး တိုင်တည်မိသွားသည်။

'အစ်မ စိတ်ဓါတ်ကျတာက လူကိုသိပ်ဆင်းရဲစေတယ်။ ကျွန်တော်ကလေ အစ်မကို ပျော်ရွှင်နေတာပဲမြင်ချင်တယ်။

'အစ်မချင်းတောင်ကိုလာခဲ့တာ မှားများမှားသွားသလား'

ပိုင်စိုးက ကရုဏာဖြင့်မေးသည်။

'ဟင့်အင်း မမှားဘူး။ ဒါမျိုးက နေရာဒေသနဲ့မဆိုင်ပါဘူး။ လွန်ခဲ့တဲ့တစ်နှစ်ခွဲလောက်ကဆိုရင် ကိုယ် ဂျာမနီမှာရောက်နေခဲ့တာ။ ဒါပေမဲ့ အဲဒီမှာ ဆရာမ ရင်ထဲကပူလောင်နေအောင် နောင်တတွေ ဖိစီးခံနေခဲ့ရတယ်'

သူမဘဝတွင် အမှားဆုံးကတော့ အဲသည်တုန်းက ချင်းပြည်နယ်ကို ဆရာမဒေါ်သင်းလဲ့ဝေနှင့်အတူလိုက်လာခဲ့မိခြင်းပေတည်း။

သူမ မျက်ဝန်းသည် ပူနွေးသောမျက်ရည်များဖြင့် စိမ့်အိုင်လာရာမှ မျက်တောင်ဖျားတွင် ခိုတွဲကာလိမ့်ဆင်းကျလာခဲ့တော့သည်။

သူမမျက်ရည်ကျမိနေပါလားဟု သတိရလျှင်ရချင်း ခေါင်းတစ်ချက်ဆတ်ခါပစ်လိုက်သည်။

'အစ်မ တစ်ယောက်ယောက်ကို၊ ကျွန်တော်မဟုတ်တဲ့တစ်ယောက်ယောက်ကို ဖွင့်ပြောရင်ပိုကောင်းမယ်ထင်တယ်'

'အို ဖွင့်ပြောပါတယ်။ ဆရာဝန်ကိုပြောတာပေါ့။ ဆရာဝန်က ဆေးကုပေးလို့ ဒီလောက်ခရီးထွက်နိုင်တာ'

'အစ်မရယ် ကျွန်တော် စိတ်တွေပူလိုက်တာ'

ပိုင်စိုးက ငွေဝန်းသော်တာကို ကြင်နာစွာငေးလျက် ရေရွတ်သည်။

'ဆရာမရယ် ကျွန်မအပြစ်တွေကို ကြေအောင်ဘယ်လိုချေရမလဲ'

ဆရာမဒေါ်သင်းလဲ့ဝေ၏ရင်ခွင်မှာ သူမ ခဏ[illegible]

www.burmeseclassic.com

www.burmeseclassic.com



ကြွေးခဲ့ဖူးသည်။

'ညီမလေးရယ်။ ဒါ မင်းအပြစ်မဟုတ်ဘူး။ မင်းလုပ်လိုက်တာမဟုတ်ဘူး။ မင်း စိတ်မကောင်းမဖြစ်ပါနဲ့'

ဆရာမက ငွေဝန်းကို ဖျောင်းဖျနှစ်သိမ့်လေသည်။

'မင်းမှာ အပြစ်ရှိတယ်ဆိုရင် အဲဒီအပြစ်မှာ ဆရာမလည်း တစ်ဝက်ဆိုင်တယ်လေ။ ဒီခရီးကို မင်းလိုက်လာတာက ဆရာမခေါ်လို့လေညီမလေးရဲ့။ ဆရာမသာ နတ်ဆေးဂမုန်းကို သုတေသနမလုပ်ဘူးဆိုရင် ဒါမှမဟုတ် မင်းကိုမခေါ်ဘဲ တခြားတစ်ယောက်ကိုခေါ်မယ်ဆိုရင် ဒီအဖြစ်မဖြစ်ဘူးလေ'

ဘာပဲဖြစ်ဖြစ် ဆေးမသောက်ရသေးမီက သူမသည် ညတွေမှာ လန့်လန့်နိုးကာ စိတ်တွေလေးလံလျက် ငိုကြွေးရပေါင်းများခဲ့ပြီ။

'မငိုပါနဲ့အစ်မရယ်။ ဒါက အစ်မပြန်ပြောင်းပေးလို့မရတဲ့ကိစ္စကိုး'

ဘဝကို လမ်းတစ်ဝက်မှသာ ပြန်စခွင့်သာရခဲ့ရင် သူမ၏ဘဝကို အသက်နှစ်ဆယ့်သုံးနှစ်ကနေပြန်စချင်သည်။ အသက်နှစ်ဆယ့်သုံးနှစ်။ ချင်းတောင်ကို မလိုက်ခဲ့နဲ့။ သူငယ်ချင်းဆရာမလေးတွေနှင့်အတူ ပုဂံမြို့ဟောင်းကိုပဲ လိုက်သွား။ ဒါမှမဟုတ် ဖွန်ဒုလျန်ကို ရန်ကုန်သို့ခေါ်သွားကာ ကားမောင်းသင်ပေး။ သူမ၏ဒရိုက်ဘာအဖြစ်ခန့်ထား။

ဖွန်ဒုလျန်က မမအနီးမှာဘာပဲလုပ်ပေးရပေးရ။ မမနဲ့အတူလိုက်ရရင်တော်ပါပြီ တဲ့။ ဘယ်နေရာမှာပဲထားထား။ သူနေမယ်တဲ့။

ဪ။ ဒီလိုမှန်းသာသိခဲ့မယ်ဆိုရင်

'ကန်တော့နော်အစ်မ'

ပိုင်စိုးက ငွေဝန်းမျက်ရည်ကို လက်ညှိုးဖြင့်အသာသုတ်ပေးလိုက်သည်။

'အို။ ကျေးဇူး'



ငွေဝန်းအခုမှ ပို၍ပင် ဝမ်းနည်းအားငယ်သွားတော့သည်။

မိန်းမတစ်ယောက်မှာ နောင်တတွေကို ဖွင့်ထုတ်အံလို့ ငိုချင်တဲ့အခါ မှီတွယ်ငိုနိုင်ဖို့အတွက် ရင်ခွင်တစ်ခုလိုတယ်။

**'ဒါ မင်းအပြစ်မဟုတ်ပါဘူး'** လို့ မျက်ရည်သုတ်ပြီးနှစ်သိမ့်ပေးမယ့်သူ။ အားမငယ်ပါနဲ့ကွယ် မင်းဘေးမှာ ကိုယ်အမြဲရှိနေမှာလေလို့ အတူမျှဝေခံစားမယ့်သူ။

သူမ တစ်ချက်ရှိုက်ငင်လိုက်မိသည်။

ထိုအချိန်တွင် ခြေသံတစ်ခုကို ကြားရသည်။ သူမ ကပျာကရာ မျက်ရည်သုတ်ပြီး လှည့်ကြည့်လိုက်၏။ တိမ်တွေလွင့်ပြယ်စ။

ထျန်းအုခ်ထန်ကို ခပ်ဝါးဝါးတိမ်မှိုင်းနောက်မှာ ရပ်နေတာမြင်ရသည်။ သူ ငွေဝန်းတို့ကို ငေးကြည့်နေသည်။

'ဆရာမ'

ထျန်းအုခ်ထန်၏ အသံကို သူမ မကြားရသော်လည်း နှုတ်ခမ်းအလှုပ်ဖြင့် ရေရွတ်လိုက်မှန်း သိလိုက်သည်။

သူ တစ်ခုခုကိုမေးချင်သည်။ ငွေဝန်းသိသည်။ သို့သော်ဘာမှမမေး။

ပိုင်စိုးက ငွေဝန်းအနားမှာထိုင်နေရာက ထရပ်သည်။

တိမ်တွေ တဖြည်းဖြည်းပါးလျားပြီး လင်းလာသည်။

'ကိုထန် အစ်မနေမကောင်းဘူး။ ခဏနားကြရအောင်လား'

ပိုင်စိုးက တည်ငြိမ်စွာ ပြောလိုက်သည်။ ထျန်းအုခ်ထန်၏ မျက်လုံးတွေက ပိုင်စိုးအား စူးစိုက်ကြည့်နေသည်။ ပူလောင်သည့်သောကတွေလား။ ခါးသီးသည့်အမုန်းတွေလား။

နာကျင်သည့်အားငယ်မှုတွေများလား။

နောက်မှ ဘွေပီးနှင့်ဆုန်ကျဲရ်လျန်အသံ။

တောင်ထိပ်သည် ပတ်ဝန်းကျင်တစ်ခုလုံးတွင် အမြင့်ဆုံး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရာ သူတို့အတွက် အလှပဆုံးသော သဘာဝ ရှုခင်းကို ဤနေရာမှ မြင်ရလေသည်။

'ဟောဟိုးမှာ တီးဒင်မ်ကို မြင်နေရတယ်'

ပိုင်စိုးပြသော အဝေးဆီမှ တောင်ပူစာပြန့်လေး တစ်ခုကို အားလုံးငေးမောကြည့်ကြသည်။ ထျန်းအုခ်ထန်က မျက်နှာခပ်မှုန်မှုန်။ ငွေဝန်းအနေခက်ရသည်။

'မဏိပူရမြစ်ကိုရော မြင်ရလား'

'မမြင်ရဘူး'

'မြင်ရတယ်လေ။ ဟောဟိုအစိမ်းကွက်လေးရဲ့ဘေးမှာ အချောင်းလေးတစ်ခုကိုမြင်လား'

'အင်း အင်း'

သစ်ခွပင်များသည် သစ်ပင်ကြီးများ၏ အကိုင်းထက်တွင် ရေညှိပင်များ၊ တွယ်ကပ်ပင်များနှင့်အတူ ပေါက်နေကြသည်။

ရှားပါးသောသစ်ခွပင်တစ်မျိုးကို အနီရောင် တောင်ဇလပ်တောတွင် မြင်ရသည်။ သွေးစက်တွေဖြန်းထားသလို အနီစက်စက်တွေပြည့်နေသောပွင့်ဖတ်များရှိသည့် သစ်ခွဖြစ်သည်။ ငွေဝန်း ထိုအပင်ကို ရအောင်ခူးမည်ဟု ဆုံးဖြတ်လိုက်သည်။

မိမိဘဝတွင် သူတစ်ပါးကို အကူအညီတောင်းဖို့ အလွန်ကြောက်ရွံ့စွာ သတိထားခဲ့မိတာ ကြာပါပြီ။ ကိုယ့်အရပ်နှင့်ဘယ်လိုမှ မမီ၊ သစ်ပင်တက်ဖို့လည်း ဘယ်တုန်းကမှ ကြိုးစားမကြည့်ခဲ့ဖူးသူမို့ ထိုသစ်ခွကို ဘယ်လိုများ ခူးရပါ့။ ယောကျ်ားတစ်ယောက်ကို ခိုင်း မလား။ သို့သော် တော်လောက်ပါပြီ။

သူမ မသိမသာ နောက်ချန်နေခဲ့သည်။

'အားလုံး ရှေ့ဆက်သွားချင်သွားနှင့်နော် ကျွန်မ ခဏကျန်ခဲ့ဦးမယ်''

ငွေဝန်း စကားကြောင့် သူတို့ ခြေလှမ်းတွေတန့်သွားသည်။



'အစ်မ ဘာလုပ်မှာလဲ။ စောင့်မယ်လေ။ Toillet သွားချင်လို့လား'

'ဟုတ်တယ် သွားနှင့်'

'မသွားဘူး။ ကျွန်တော်တို့စောင့်မယ်'

'ဟင့်အင်း သွားနှင့်'

သူတို့ ခပ်နှေးနှေး စတင်ထွက်ခွာကြသည်။ ခဏစောင့်ပြီးနောက် ငွေဝန်းအားတင်းလိုက်ကာ ကြမ်းရှသောကပ်ပါးပင်များ၊ ရေညှိပင်များ ဖုံးလွှမ်းနေသောသစ်ပင်ကြီးပေါ်သို့ တက်ရန်ပြင်လိုက်သည်။

'ဟာ အစ်မ၊ ဘာလုပ်မလို့လဲ'

ပိုင်စိုးက ချက်ချင်းပင် ငွေဝန်းအနားသို့ ရောက်လာသည်။ ငွေဝန်းသည် ပိုင်စိုးကို တောင်းပန်သည့်အပြုံးဖြင့် ကြည့်မိသည်။

'ကိုယ့်ဟာကိုယ်ခူးပါရစေကွယ် နော်' ဟု တိုးတိုးလေးတောင်းဆိုမိသည်။

သူက အပြုံးဖြင့် ခပ်သာသာခေါင်းယမ်းပါသည်။

'ကျွန်တော်တို့ပါနေရက်နဲ့ အစ်မက သစ်ပင်ပေါ်တက်ရမယ်ဆိုတာ နည်းနည်းမှသဘာဝမကျဘူးလေ'

ငွေဝန်းအတန်တန်တောင်းပန်သည့်ကြားမှ ပိုင်စိုးက အပင်ပေါ်သို့ ခက်ခက်ခဲခဲ တက်သွားသည်။

ဘုရား ဘုရား။

မျက်စေ့အောက်မှာပင် သူ အမြင့်ကြီးသို့ ရောက်သွား၏။ ရေညှိတွေဖြင့် ချော်နေမည့်သစ်ပင်။ လက်ဖြင့်ထိန်းဖို့လည်း ခက်၊ ခြေဖြင့်ထိန်းဖို့လည်း ခက်မည့်အပင်။

ငွေဝန်းသည် ကိုယ်တွင်းတစ်နေရာမှ တုန်ရီလှုပ်ခတ်မှုကို ခံစားလိုက်ရသည်။

ဖွန်ဒုလျှန်၏ အပြစ်ကင်းစင်သော မျက်နှာက သူမရှေ့ရှိ တိမ်တွေကြားမှာပေါ်လာသည်။ သူမ ဒူးတွေ ညွတ်ခွေယိမ်းယိုင်လာ

www.burmeseclassic.com

www.burmeseclassic.com



သည်။

ပိုင်စိုးသည် မမီတမီ သစ်ခွပင်ကို ရအောင်ခူးလိုက်သည်။

'ရော့ အစ်မ'

သူလှမ်းပေးသောသစ်ခွပင်ကို တွန့်ဆုတ်စွာ လှမ်းယူလိုက်သည့် ငွေဝန်း၏လက်တွေ အေးစက်ထုံကျင်နေသည်။

လက်ထဲသို့ရောက်လာသော အဖြူခံပေါ်တွင် သွေးစက်များဖျန်းထားသလိုရှိသော သစ်ခွပင်ကို ငုံ့ကြည့်မိသည့်အခါ ငွေဝန်းရင်ထဲက တုန်လှုပ်မှုတွေအားလုံး ပျက်ပြယ်သွားတော့သည်။

ဒါဟာ ဘုရင်မသစ်ခွဟု သိလိုက်သောကြောင့်ဖြစ်သည်။

'ဟယ် လှလိုက်တာ ပိုင်စိုးရယ်။ ကိုယ်သိပ်ကျေးဇူးတင်တာပဲ'

သူက လက်မှာ ပေကျံသွားသော ရေညှိစိမ်းအစွန်းအထင်းများကို ဘောင်းဘီမှာ သုတ်ရင်းက သိမ်သိမ်မွေ့မွေ့ပြုံးသည်။

'ရပါတယ်အစ်မရယ်။ အခုလို ထိတ်လန့်စရာ ခဲခဲယဉ်းယဉ်း ခူးနှုတ်ပေးတဲ့သစ်ခွကို ဒီတစ်ခါ အစ်မကျေကျေနပ်နပ်ယူတဲ့အတွက် ကျွန်တော်ဝမ်းသာတယ်'

သူ့စကားကြောင့် သိမ့်ခနဲခုန်သွားသောရင်ဖြင့် ငွေဝန်း ပြုံးမိသည်။

◆



ငါ့ကောင်းကင်မှာ တစ်စုံတရာအခြား
တစ်ပါးသောနေမင်းက လင်းမလာခဲ့ပါဘူး။
ငါ့တွက်တာ တစ်စုံတရာအခြား
တစ်ပါးသောဘယ်ကြယ်ပွင့်မှ
ဝင်းမလက်ခဲ့ပါဘူး။

## ၂၆

လင်းနို့များသည် သူတို့ကျောက်ဂူထဲမှ ထွက်လာပြီး သစ်တောထဲမှာ အစာရှာကြသည်။ ဖီးကွက်တွေကလည်း ညအခါကျမှ သစ်ခေါင်းတွေထဲမှ ထွက်ကာ အစာရှာကြသည်။

ပိုင်စိုးမှာ ညကြည့်မှန်ပြောင်းတစ်လက် ပါလာသဖြင့် ထိုမှန်ပြောင်းကို သူတို့ တစ်ယောက်တစ်လှည့်ယူကြည့်ကြသည်။

သူတို့ကို အမှောင်ထဲမှာ တိတ်တဆိတ်စောင့်ကြည့်နေသောလူသားတွေ ရှိနေသည်ဟု သူတို့ သတိထားမိဟန်မတူ။

'လှလိုက်တာ'

ဆုန်ကျဲရုံလျှန်က ဘွေပီးပခုံးကို မှီတော့မလို နီးကပ်လျက်ထိုင်နေရာမှ ရင်သပ်ရှုမောဟန်ဖြင့် တီးတိုးရေရွတ်လိုက်၏။

ငွေဝန်းသည် ကောင်းကင်က ကြယ်များကို လိုက်ရှာနေရင်းက စိတ်ထဲမှာ တစ်မျိုးခံစားလိုက်ရသည်။ တစ်ယောက်ယောက်မိမိကို ကြည့်နေလိမ့်မည်။ သူမ သိသည်။ ဘယ်သူ ဖြစ်မလဲ။ မလုံမလဲနှင့် နောက်ဘက်သို့ မျက်လုံးရောက် သွားသည်။

အုန်သဲ

www.burmeseclassic.com

www.burmeseclassic.com



သူ မိမိအား ငေးကြည့်နေသည်ကို အမှောင်ထဲမှာပင် သိသာနေသည်။ ငွေဝန်းရင်ထိတ်ခနဲခုန်သွားကာ ကောင်းကင်ဆီသို့ မျက်နှာပြန်လွှဲယူလိုက်ရပါသည်။

'ဘွေပီး နှင့် ဟိုမှာလိပ်စာအတည်ဖြစ်ရင် ငါ့ဆီ စာရေးမှာ မဟုတ်လား'

ဆန့်ကျဲရှိလျှန်က ခပ်တိုးတိုးမေးသည်။ သူ့အစ်ကိုတော့ ကြားဟန်မတူ။ ငွေဝန်းကတော့ ကောင်းကောင်းကြားလိုက်ရလေသည်။

'ရေးမှာပေါ့ဂျူလီယာရယ်။ နင်ကလည်း ပြောစရာလိုသေးလား'

'နင့်ကို ငါအံ့သြတယ် ဘွေပီး သိလား။ နင်လေ ငါတို့တွေနဲ့ အဝေးကြီးကို ခွဲပြီးသွားဖို့ အကြာကြီးသွားဖို့ နည်းနည်းမှ မတွေဝေဘူး နော်။ နင်တကယ်တော်တယ်'

ဆန့်ကျဲရှိလျှန်က မခံချင်စိတ်လေး ရောစွက်သံဖြင့် ချီးကျူး စကားပြောတော့ ဘွေပီးက အများကြားနိုင်လောက်အောင်ပင် သက်ပြင်းချလိုက်လေသည်။

'ဂျူလီယာ နင်ငါ့ကို တကယ်နားမလည်သေးပါဘူး။ ငါလေ ဒီနေရာကနေခွဲပြီး ဟိုးအဝေးကို သွားဖို့ပျော်နေတယ်လို့ ထင်လား ဟင်။ ငါပျော်နေတယ်ထင်လား'

ဘွေပီးက ဆန့်ကျဲရှိလျှန်အား ခပ်တိုးတိုးမေးသံကြားရသည်။

'နင် ထွက်သွားဖို့ တက်ကြွနေတာတော့ ငါမြင်တယ်လေ ဘွေပီး'

ဘွေပီးသည် ဆန့်ကျဲရှိလျှန်နှင့်ဘေးချင်းယှဉ်လျက် ထိုင်နေရာက မျက်နှာချင်းဆိုင်ဖြစ်အောင် အနေအထားပြင်လိုက်သည်။

'ဂျူလီယာ'

ဘွေပီးက တိုးတိုးလေးခေါ်သည်။ ထို့နောက် ဆန့်ကျဲရှိလျှန်



၏ပါးပြင်ကို လက်ညှိုးဖြင့် ခပ်ဖွဖွ ပွတ်သပ်လိုက်သည်။

ဆန့်ကျဲရှိလျှန်သည် ဘွေပီး၏လက်ကို မိမိလက်ဖြင့် မြဲမြဲ ဆုပ်ထားလိုက်သည်။

'ဂျူလီယာ ငါနင့်ကို ကဗျာတစ်ပုဒ် ရွတ်ပြမယ်နော်။ နားထောင်မလား'

ဆန့်ကျဲရှိလျှန် စကားမပြောဘဲ ခေါင်းတစ်ချက် ညိတ်လိုက်သည်။

'ရောဘတ်ဖရော့စ်တ် ဆိုတဲ့ အမေရိကန်ကဗျာဆရာကြီး တစ်ယောက်ရေးခဲ့တဲ့ကဗျာ။ နင့်ကို ငါ မြန်မာဘာသာပြန်ရွတ်ပြရမလား အင်္ဂလိပ်ဘာသာနဲ့ရွတ်ပြရမလား'

'လိုင်မီးလိုရွတ်ပြ'

သူတို့နှစ်ယောက် ကြိတ်ကြိတ်ရယ်မောကြသည်။

ထို့နောက် တိတ်ဆိတ်သောညတွင် ဖီးကွက်အော်သံသဲ့သဲ့မှ တပါး ဘာသံမှ မကြားရသော တစ်ခဏ၊ ဘွေပီး၏အသံခပ်ဝဲဝဲလေး သာ ပီပီပြင်ပြင် ထွက်ပေါ်လာခဲ့သည်။

Whose woods these are I think I know.
His house is in the village though;
He will not see me stopping here
To watch his woods fill up with snow.

ဟောဒါ ဘယ်သူ့တောအုပ်လဲ ကျွန်တော် သိတယ်လို့ ထင်ပါတယ်။

ဒါပေမဲ့ သူ့အိမ်ကတော့ ရွာထဲမှာပေါ့

ကျွန်တော်ဒီမှာရပ်ပြီး နှင်းတွေဖုံးလွှမ်းနေတဲ့ သူ့တောအုပ်ကို စောင့်ကြည့်နေတာကို သူ မြင်မှာမဟုတ်ဘူး။

My little horse must think it queer

www.burmeseclassic.com

www.burmeseclassic.com



To stop without a farmhouse near
Between the woods and frozen lake
The darkest evening of the year.
နှစ်ရဲ့ အမှောင်ဆုံးညနေခင်းမှာ
ရေခဲနေတဲ့ကန်နဲ့ သစ်တောအုပ်ကြားမှာ
နီးနီးနားနားမှာယာခင်းလည်း မရှိဘဲနဲ့ ရပ်နေမိတဲ့အခါ
ကျွန်တော့်မြင်းလေးကတော့ ထူးဆန်းလိုက်တာလို့ ထင်မှာပဲ။

He gives his harness bells shake
To ask if there is some mistake
The only other sound is the sweep
Of easy wind and downy flake
မြင်းလေးက ချူလေးတွေကို လှုပ်ခါပြီး
အမှားအယွင်းတစ်ခုခုများဖြစ်နေသလားလို့မေးတယ်။
တခြားအသံဆိုလို့ ပေါ့ပါးတဲ့လေတိုက်ခတ်သံနဲ့
နှင်းပွင့်နှင်းဖတ်လေးတွေ ကျဆင်းသံပဲရှိတယ်။

The woods are lovely, dark and deep.
But I have promises to keep,
And miles to go before I sleep,
And miles to go before I sleep.
သစ်တောအုပ်လေးက ချစ်စရာ၊ မှိုင်းညို့နက်ရှိုင်းစွာ
ဒါပေမဲ့ ကျွန်တော့်မှာ တည်ရမဲ့ကတိတွေနဲ့
နောက်ပြီး ကျွန်တော်အိပ်မပျော်မီသွားရမယ့်ခရီးမိုင်တွေနဲ့
နောက်ပြီး ကျွန်တော်အိပ်မပျော်မီ သွားရမယ့်ခရီးမိုင်တွေနဲ့။



ဘွေပီး၏ကဗျာရွတ်သံတွင် အာရုံစွဲနစ်လျက် ငွေဝန်း မျက်ရည် လည်လာခဲ့သည်။ ငွေဝန်းတစ်ယောက်တည်း နားထောင်နေတာမဟုတ်။ ကျန်သည့်လူအားလုံးလည်း ဘွေပီး၏ကဗျာကို နားထောင်နေခဲ့သည်။ အားလုံးသည် အသက်ပင် ပြင်းပြင်းမရှူဘဲ ငြိမ်သက်တိတ်ဆိတ်နေခဲ့ကြသည်။

'ဂျူလီယာ'

ဘွေပီးက တိုးတိုးလေး ခေါ်လိုက်၏။

'အင်...'

'ငါ့မှာလေ ရှေ့ဆက်သွားရမယ့်ခရီးမိုင်တွေက အများကြီးကျန်သေးတယ် ဂျူလီယာရဲ့။ ငါ့ကို နားလည်ပါနော်'

ချော့မော့တောင်းပန်သည့်အခါ ဆုန်ကျဲရ်လျှန် ခပ်သဲ့သဲ့ရှိုက်ငိုလိုက်လေသည်။

'ဂျူလီယာ'

ဆုန်ကျဲရ်လျှန်က ဘွေပီးအား မှီတွယ်လိုက်လေသည်။ သစ်ပင်ရိပ်အမှောင်ထဲမှာရှိသော ငွေဝန်းကို သူတို့ မမြင်မှန်း သိပေမယ့် အားနာသွားပြီး ငွေဝန်း ကမန်းကတန်းမျက်နှာလွှဲပစ်လိုက်ရသည်။ ထိုအခါ ငွေဝန်းနှင့် ပိုင်စိုးအကြည့်ချင်းဆုံသွားလေသည်။

ပိုင်စိုးက အမှောင်ထဲမှာ မိမိအား ပြုံးပြလိုက်သည်ဟု ငွေဝန်းခံစားလိုက်ရသည်။ သူမ ပြန်ပြုံးပြလိုက်ဖို့ကောင်းသည်။ သို့သော် သူမကို ဘယ်သူကမှ အထင်မလွဲ စေချင်ပါ။ ဟင့်အင်း။ သူမမျက်နှာ ပြန်လွှဲပစ်လိုက်ရသည်။

ငွေဝန်း ကောင်းကင်ကို မော့ကြည့်လိုက်သည်။ နှင်းတွေက ဘဖွဲဖွဲကျလျက်။ မီးသေသွားပြီဖြစ်သော မီးဖိုဆီမှ အပူငွေ့လေးက သူမတို့ကို အနွေးဓါတ်လုံလောက်စွာမပေးနိုင်ခဲ့။ ပတ်ဝန်းကျင်သည် စိမ့်၍စိမ့်၍ အေးလေသည်။

ငွေဝန်းရင်ထဲမှာ နင့်သည်းမှုတစ်ခုကို လေးလေးပင်ပင်ခံစား

www.burmeseclassic.com

www.burmeseclassic.com



နေရသည်။ ဝမ်းနည်းမှုလား။ ခါးသီးမှုလား။ အထီးကျန်မှုလား။

သူမထိုင်ရာမှ ထရပ်လိုက်သည်။ သွားအိပ်ဖို့အချိန်တန်ပြီ။

'ကျွန်မ အိပ်တော့မယ်နော်။ ဂွတ်ဒ်နိုက်တ်'

ဘယ်သူ့ရယ်လို့မဟုတ်ဘဲ အားလုံးကို ခြုံ၍နှုတ်ဆက်လိုက်၏။

ပိုင်စိုးက ပြန်နှုတ်ဆက်သည်။ ငွေဝန်းအိပ်ရမည့်တဲဆီသို့ အသာ လှည့်ထွက်လာခဲ့သည်။ ချမ်းလိုက်တာ။ တောင်စောင်းသည် အကာအကွယ်မဲ့လျက် တိမ်တို့ဖြင့် ဖုံးလွှမ်းနေသည်။ အအေးဓါတ်သည် အသားထဲမှအရိုးထဲထိ ဖောက်လျက်ဝင်လေသည်။ လေတစ်ချက် သုတ်ခနဲတိုက်ခတ်လိုက်သည့်အခါ ကြက်သီးထလျက် တုန်ခိုက်သွားသည်။

'ဆရာမ'

နောက်နားဆီမှ ထျွန်းအုခ်ထန်၏အသံတိုးတိုးလေး။ သူမကြားရသည်ဆိုရုံ တိုးတိုးလေး ဖြစ်သည်။ သူ့အသံ၏ တုန်ခါမှုကြောင့် ထိတ်ခနဲ ရင်ခုန်သွားသည်။ ငွေဝန်းခြေလှမ်းတုန့်ရပ်ပစ်လိုက်ရ၏။

'ဆရာမကို ကျွန်တော် ပြောစရာရှိလို့'

ဘုရားရေ။ ငွေဝန်း လှည့်ကြည့်လိုက်သည်။ သူက သူမနောက်မှာ ရပ်လျက်ရှိသည်။ သူမသည် အမှောင်ရိပ်မှာ မသဲကွဲသော သူ့မျက်နှာကိုမော့ကြည့်လျက် လက်ဖျားတွေအေးစက်လာတော့သည်။

'ကျွန်မ ... အိပ်တော့မလို့'

'ခဏလေးပါ ဆရာမ'

ငွေဝန်း ရပ်တန့်လိုက်သောအခါ သူကလည်း ရှေ့ဆက်လှမ်းမလာဘဲ နေရာမှာတင် ရပ်နေခဲ့သည်။

သူ ဘာပြောချင်သလဲ။ ငွေဝန်း သူ့ကို မော့မကြည့်ဘဲ မျက်လွှာချနေမိသည်။ သူ့ခြေထောက်ရှေ့မှ သတ္တဝါအငယ်လေး



တစ်ကောင် ဖြတ်ပြေးသွား၏။

'ကျွန်တော့်ကို ဆရာမ ရှောင်နေတယ်'

အို။

သူ့စကားကြောင့် နာကျင်စွာမော့ကြည့်လိုက်မိသည်။ သူသူမကို ငုံ့စိုက်ကြည့်နေသည်။ သူ့မျက်လုံးကိုသူမ မခွဲခြားတတ်။ အမှောင်ကြောင့်လား။ သို့မဟုတ် သူ့မျက်လုံးကိုက အဓိပ္ပါယ်ဖော်ရခက်နေလို့လား။

'ကျွန်မ မရှောင်ပါဘူးအုခ်သဲ။ ကျွန်မတို့ အချိန်ချင်း မတိုက်ဆိုင်တာ ဖြစ်ပါလိမ့်မယ်'

တုန်ခိုက်စွာပြုံးမိသည်။

သူ သူမ၏အပြုံးကို မြင်ရမလား။ သူမအပြုံးမှ တစ်ခုခုကို တွေ့သွားမလား။ ငွေဝန်း မသိ။ ရှေ့တော့ သူ တိုးလာခဲ့လေသည်။

သူမက နောက်မဆုတ်မိသဖြင့် သူမနှင့်သူ နီးကပ်သွားသည်။ သူ့ကိုယ်ငွေ့နွေးနွေးကြောင့် ချမ်းစိမ့်တုန်ခိုက်မှုပင် လျော့နည်းသွားသည်။ မိုးတစ်နံနက်ခင်းကို သတိရသွားသည်။ မိမိကို ပွေ့ချီလျက် ယာစောင့်တဲလေးဆီသို့ အပြေးခေါ်သွားသည့် နံနက်ခင်း။ တိမ်တွေပတ်လည်ဝိုင်းရံလျက် ဖြူဖွေးမှုန်မှိုင်းနေသော နံနက်ခင်း။ အဲသည်တုန်းကသူမ သူ့ရင်ခွင်နှင့် မျက်နှာအပ်မိသွားခဲ့ဖူးသည်။

သူမ မျက်လုံးတွေ စိုစွတ်လာ၏။

သူမ မျက်ရည်ကျမိတော့မလား။ ဟင့်အင်း။ မဖြစ်ပါဘူး။ သူ့ရှေ့မှာ မျက်ရည်မကျလို။

အမှောင်ရိပ်ထဲမှာတောင် သူမ၏မျက်ရည် အရိပ်အယောင်ကို သူ မမြင်စေရ။ ငွေဝန်းမျက်တောင်တဖျတ်ဖျတ်ခပ်လိုက်၏။

သူ နောက်ထပ် ခြေတစ်လှမ်းတိုးလိုက်သည်။

ငွေဝန်းနှင့်သူ ထိကပ်သွားသည်။

'အုခ်သဲ'

www.burmeseclassic.com

www.burmeseclassic.com



‘ကျွန်တော့်ကို ဆရာမနားမလည်ဘူးနော်။ ကျွန်တော်လေ’

ဘုရားရေ။ သူမရင်ထဲမှာ ဒိန်းခနဲဆောင့်ခုန်သွား၏။ ဟင့်အင်း မပြောပါနဲ့။

‘အခုသဲ ကျွန်မကို ဘာမှ မပြောပါနဲ့နော်’

သူမ တိုးတိုးလေး တောင်းပန်လိုက်မိသည်။ ထိုအခါ ထျန်းအုခ်ထန် ခပ်အုပ်အုပ်ရယ်မောလိုက်လေသည်။ သူ့ရယ်သံက ခါးသက်သက်မို့ သူမ အံ့သြသွားမိသည်။

‘ဩော် ဘာမှ မပြောရဘူးလား’

သူမ ခေါင်းငုံ့ပစ်လိုက်၏။

‘ကျွန်တော်ဘာပြောမယ်ဆိုတာ ဆရာမသိလို့လား’

သူ့အသံက စိန်ခေါ်သလို ခပ်ရှရှ။ ထိတ်ခနဲ လန့်သွားသော်လည်း သူမ မော့မကြည့်ပါ။

‘မသိဘဲနဲ့ မပြောရဘူးလို့ ပိတ်ပင်တားဆီးတာကောင်းလား’

သူမ၏လက်ကို သူက ခပ်ကြမ်းကြမ်းဆွဲယူလိုက်ပြီး တစ်စုံတစ်ခုကို လက်ထဲထည့်ပေး၏။ လက်ကို ကျင်ခဲသွားစေမတတ် အေးစက်သော၊ ပြီးတော့ မာကျောသောအရာ။

‘ဆရာမ မကြားချင်လောက်အောင်မုန်းနေတဲ့စကားဆိုရင် ကျွန်တော့်ကို အဲဒီဓါးနဲ့ တစ်ခါတည်းသာ ထိုးသတ်လိုက်’

အို။ သူမလက်ထဲတွင် ဆုပ်ကိုင်မိသောအရာမှာ ဓါးမြှောင်လက်ကိုင်ရိုးတစ်ခုဖြစ်မှန်း အခုမှသိသည်။

‘ဒီမယ်ဆရာမ နားထောင်စမ်းပါ’

ထျန်းအုခ်ထန်သည် အံကြိတ်လျက် တင်းမာစွာပြောသည်။

‘ကျွန်တော်အသက် ဆယ့်ငါးနှစ်သားတုန်းက အမဲလိုက်လို့ရတဲ့ပြောင်ခေါင်းကို အခုထိ ကျွန်တော့်အိမ်ရှေ့ခန်းမှာ ချိတ်ထားတုန်းပဲ။ အဲဒါကို ကျွန်တော် ဂုဏ်ယူတယ်။ ဒါပေမဲ့ အခု ကျွန်တော် ထောင်ချောက်တစ်ခုမှ မလုပ်တော့ဘူး’



သူ့အသံက အဝေးကြီးမှလာနေသလို ပြတ်တောက်တိုးတိမ်နေသည်။

‘အဲဒါဘာကြောင့်လဲ ဆရာမသိလား’

မမျှော်လင့်သောစကားကြောင့် ငွေဝန်းကြောင်သွားသည်။

ခေါင်းငုံ့ထားရာက သူ့ကို မော့ကြည့်လိုက်မိသည်အထိပင် ဖြစ်သည်။

‘ထောင်ချောက်မှာအမိခံရဖူးမှ ထောင်ချောက်မိတဲ့အကောင်တွေကို ကိုယ်ချင်းစာတတ်သွားတာကိုး။ သတ်စရာရှိရင် မျက်နှာချင်းဆိုင်ပြီး အားချင်းပြိုင် သတ်ပစ်လိုက်။ ကိုယ်လျှင်မြန်ရင် ကိုယ်နိုင်မယ်။ သူလျှင်မြန်ရင် ကိုယ်ရှုံးမယ်။ ဒါပဲ။ ထောင်ချောက်ဆင်တယ်ဆိုတာ ကောက်ကျစ်တာပဲ။ သတ္တိနည်းရာကျတယ်’

ဘယ်သူက ထောင်ချောက်ဆင်ပြီး ဘယ်သူကအဲဒီထောင်ချောက်မှာ မိခံရလို့လဲ။ ထျန်းအုခ်ထန်၏ခါးသီးမှုကို သူမ နားမလည်။ သူ ဘာကြောင့် ဒီလောက်ခါးသီးနေရတာလဲ။ သူမ တစ်ခုခုမေးလိုက်ဖို့ကောင်းသည်ဟု သိသည်။ သို့သော် တစ်ခွန်းမှ မမေးမိ။

‘အဲဒါကို ပြောမလို့ပါ။ အဲဒါ ဆရာမမုန်းတဲ့စကားဆိုရင် ကျွန်တော့်ကို အဲဒီဓါးနဲ့ထိုးသတ်လိုက်’

သူ့အသံက သူ့ဓါးထက်ပင် စူးရှချွန်မြသည်။

သူမ ခေါင်းခါယမ်းလိုက်မိ၏။

ထို့နောက် သူ နောက်သို့ဆုတ်လိုက်ပြီး သွားလိုက သွားနိုင်သည်ဟု အမူအရာဖြင့် လက်ဟန်ပြသည်။ သူမ မတုန်မလှုပ်ရပ်နေဆဲ။ သူကလည်း သူမ ခြေအလှမ်းကို စောင့်နေဟန်ဖြင့် နောက်ဆုတ်လျက်သား ရပ်နေ၏။ သူမသည် မိုးကောင်းကင်ကြီး မိမိအပေါ်ပြိုကျပိလာသလို လေးလံစွာမွန်းကျပ်လာသည်။

‘ရပြီလေ ဆရာမ သွားအိပ်မယ်ဆို’

ထျန်းအုခ်ထန်က တိုးတိတ်စွာပြောသော်လည်း သူမ မလှုပ်။

www.burmeseclassic.com

www.burmeseclassic.com



ထျန်းအုခ်ထန်က လူအုပ်စုရှိရာသို့ တစ်ချက်လှမ်းကြည့်ပြီးနောက် ထွက်ခွာရန် ခြေလှမ်းပြင်သည်။

'ဒါဖြင့် ကျွန်တော်သွားမယ်'

ခဏလေး။ သူမ သူ့ကို ဖြေရှင်းစရာလိုမည်။ အို ဘာကြောင့်ဖြေရှင်းရမှာလဲ။ သူနဲ့ငါနဲ့ ဘာမှမဆိုင်ဘူး။ သူမ စကားမပြောမိအောင် ဖွတ်ပေကပ်ကာ နှုတ်ခမ်းတင်းတင်းစေ့ထားလိုက်သည်။

လှည့်ထွက်မည့်ဟန်ပြင်ပြီးမှ ထျန်းအုခ်ထန် စကားဆက်၏။

'အော် ဒါနဲ့ တစ်ခုကျန်သေးတယ်။ ဆရာမ သိချင်မလားလို့။ ကျွန်တော် ဂျူလီယာနဲ့ဘွေပီးကို သဘောမတူဘူး။ ဘာကြောင့်လဲ သိလား။ ကျွန်တော့်အဖေကို သေအောင်လုပ်ခဲ့တဲ့လူရဲ့သားဖြစ်နေလို့လို့ ဆရာမထင်လား။ အဲဒါ မဟုတ်ဘူး။ ဘွေပီးက ကျွန်တော်တို့နဲ့ မျိုးနွယ်ချင်းမတူလို့။ ဒါပေမဲ့လေ။ ဘွေပီးက လိုင်မီးချင်းတော့ ဖြစ်နေသေးတယ်။ တော်သေးတာပေါ့။ ဂျူလီယာ့ကို လိုင်မီးချင်းမဟုတ်တဲ့ မြန်မာတစ်ယောက်နဲ့ မယူစေချင်ပါဘူး။ ကိုယ့်မျိုးနွယ်စုကို ကိုယ်ထိန်းသိမ်းရမယ်လေ'

ငွေဝန်းသည် ဘဝတွင် ခါးသီးနာကျင်မှုကို တစ်ခါမှ သည့်လောက်ပြင်းပြင်းထန်ထန် မခံစားခဲ့ရဖူးပေ။ ကောင်းကင်မှာ လကို တိမ်တစ်ဝက်တပျက် ဖုံးလွှမ်းသွားသဖြင့် သူ့မျက်နှာ ပိုမှောင်လာ၏။

'ဂွတ်ဒ်နိုက် ဆရာမ'

သူလှည့်ထွက်သွားသည့်ခြေသံ တိုးတိတ်သွားသည်အထိ သူမ မတ်တတ်ရပ်နေမိဆဲ။

ညသည် ရုတ်တရက် မှောင်မဲ တိတ်ဆိတ်သွားသည်။

◆



အချိန်သည် ဒဏ်ရာကို မကုစားနိုင်။
ချုပ်ရိုးတစ်ဝက် အမာရွတ်သာ ဖြစ်စေလိမ့်မည်။
တစ်ချိန်တွင် ထိုချုပ်ရိုးကွဲပြေ၍
သောကအလုံးစုံကို
နဂိုအတိုင်းပင် သင်ခံစားရမည်သာ။

အယ်လီဇာဘက် ဂျင်းနင်း

## ၂၇

နံနက်ခင်းတို့သည် လူသားအတွက် လန်းဆန်းတက်ကြွဖွယ်ကာလ ဖြစ်သလား။ ငွေဝန်းကတော့ လုံးဝမထင်ပါ။ သူမအတွက်က နံနက်ခင်းတော်တော်များများကို နောင်တဖြင့် ဖွင့်လှစ်ခဲ့ရသည်။ အခုလိုနံနက်ခင်းအပါအဝင်ဖြစ်သည်။

နိုးတော့မှသာ အိပ်မက်ဟုသိလိုက်ရသော်လည်း မက်နေစဉ်တုန်းကတော့ တကယ့်အဖြစ်အပျက်အတိုင်းပါပဲ။

သူမ စိတ်စွဲလမ်းတာပဲဟု ပညာတတ်အသိဖြင့် ချက်ချင်းကောက်ချက်ချလိုက်နိုင်သော်လည်း မသိစိတ်ကတော့ လေးလံထိုင်းမှိုင်းသွားသည်။

ချောက်ကမ်းပါးမြင့်သော မြစ် သို့မဟုတ် ချောင်းကျယ်ကို ဟိုဘက်သည်ဘက်တန်းထားသော တံတားကြီးတစ်ခု၊ ကြိုးတံတားကြီးဟု အိပ်မက်ထဲမှာ သိနေသည်။ တံတား၏သည်ဘက်စွန်းမှာက ငွေဝန်းသည် မြစ်ကို ဖြတ်ကူးဖို့ မဝံ့မရဲ ဖြစ်နေသည်။ ဟိုးဘက်အစွန်းမှာ လူတစ်ယောက်။ သူက လှမ်းအော်သည်။

'မကြောက်နဲ့လေ လာခဲ့။ ကျွန်တော်စောင့်နေတယ်'

www.burmeseclassic.com

www.burmeseclassic.com



ဖွန်ဒုလျန်။

အသံကြောင့်သာ ဖွန်ဒုလျန်ဟု သိလိုက်ရသော်လည်း သူမ ထိုသူကို ကောင်းကောင်းမမြင်ရ။ တိမ်ငွေ့တွေက တံတားအောက် ချောက်ကမ်းပါးထဲမှ အလိပ်လိုက် အလိပ်လိုက် တက်လာနေလိုက်တာ။ တံတားတစ်ဘက်စွန်းကလည်း အဖြူရောင်ငွေ့ထဲမှာ ဝိုးတဝါး။ သစ်ပင်သစ်ကိုင်းတွေလည်း ဝါး။ လူ သဏ္ဌာန်ကလည်းဝါးနေသည်။

သူမ တွန့်ဆုတ်စွာ တံတားပေါ် တက်လိုက်သည်။ တံတားက ညွှတ်ပဲ့ညွှတ်ပဲ့နှင့်။ သည်လောက်တံတားအကြီးကြီးက မိန်းကလေးတစ်ယောက်ရဲ့ ကိုယ်ခန္ဓာကိုတောင် မခံနိုင်တော့သလိုပါလား။ သူမ လန့်ဖျပ်သွားသည်။ ဆက်လျှောက်ဖို့ကို ကြောက်သွားသည်။ ပြုတ်ကျသွားခဲ့လျှင်...

သူမသည် ဟိုတစ်ဘက်ကမ်းသို့ ရောက်ချင်လှပြီတဲ့။ အိပ်မက်ထဲမှာ။ ဟိုတစ်ဘက်ကမ်းကို ရောက်ဖို့ကလည်း မဖြစ်နိုင်ဘူးဟု ဆိုရလောက်အောင် ဝေးလွန်းလှသည် တဲ့။ တိမ်တွေကို ဖြတ်ကျော်သွားရမှာ တဲ့။

'မမရေ'

အဲ အဲဒါ ဖွန်ဒုလျန်ပေါ့။ သေချာပါသည်။

သူမသည် လူတစ်ကိုယ်စာ ခံမည်မခံမည် မရေရာ မသေချာသော၊ ကြမ်းခင်းကိုပင် မမြင်ရသော၊ တိမ်တွေထဲတိုးဝင်သလိုသာ ခံစားရသော၊ တံတားတစ်ခုပေါ်မှာ မိုက်မဲစွာပင် တစ်လှမ်းချင်း တိုးသွားနေခဲ့သည်။ သည်ဘက်ကမ်းမှာက သူမကို မသွားပါနဲ့ဟု တားမြစ်မည့်သူ တစ်ယောက်မှမရှိ။ သူမသည် အိပ်မက်ထဲမှာပင် ဆုံးဖြတ်ချက်ကို ကူညီမည့်သူ ဝေဖန်ပိုင်းခြားပေးမည့်သူကို မျှော်လင့်နေသေးသည် ဒါကြောင့်သာပေါ့။ တံတား သည်ဘက်ထိပ်ကို လည်ပြန်ငဲ့ကြည့်ခဲ့မိသေးတာ။ ဝမ်းနည်းစရာ ကောင်းလှသည်က သူမနောက်မှာ ဘယ်သူမှမရှိ။ ဘာမှမရှိ။



နံနက်လင်းမှ သူမ သတိရသွားသည်မှာ ပိုင်စိုးက ဘယ်ရောက်နေလို့လဲ ဟူသောအတွေးဖြစ်သည်။ ပိုင်စိုးသာ အိပ်မက်ထဲမှာ ပါဝင်ခဲ့လျှင် သူမ တံတားကို ဖြတ်ကူးမိမည်မဟုတ်။ ပိုင်စိုးက တားမြစ်မှာပေါ့။ ကိုယ့်အိပ်မက်ထဲမှာ မင်းက ဘာကြောင့်မပါရတာလဲ။ မင်းသာ ပါခဲ့ရင် အခုလို...

အခန်းတံခါး ခေါက်သံတစ်ခုကြောင့် သူမအတွေးတွေ ရပ်တန့်သွားသည်။

'ဂျူလီယာ'

ထျန်းအုန်ထန်၏အသံ။ ဩော် သူမ အိပ်မက်ထဲမှာ ထျန်းအုန်ထန်လည်း မပါဘူး ဟု သတိရသွားသည်။

အိပ်ရာထဲမှ ဗြုန်းခနဲ ထထိုင်လိုက်ရင်း ဟိုဘက်ခုတင်က ဆုန်ကျဲရှလျန်ဆီသို့ လှမ်းကြည့်လိုက်သည်။ တံခါးခေါက်သံနှင့် ခေါ်သံကို ဆုန်ကျဲရှလျန် မကြားဘူးလား။ အိပ်ပျော်နေခြင်းတော့ မဟုတ်နိုင်။ နံနက် ရနာရီကမှ ပိုင်စိုးနှင့်ဆုန်ကျဲရှလျန်တို့ ဘွေ့ပီးကို ကားဂိတ်လိုက်ပို့ပေးခဲ့တာ။ ငွေဝန်းက အိပ်ရာထဲမှာပဲ ကျန်နေခဲ့သူ။ ဆုန်ကျဲရှလျန် ဘယ်တုန်းက အခန်းထဲပြန်ဝင်လာခဲ့မှန်းမသိအောင် ပြန်အိပ်ပျော်သွားခဲ့မိသည်။ အဲသည်နံနက်ခင်းအချိန်လေးမှာ အိပ်မက် မက်သွားခဲ့တာပါပဲ။

'ဂျူလီယာ'

တံခါးအပြင်မှ ထျန်းအုန်ထန်၏အသံက ခပ်တိုးတိုးဖွဖွ။

ဆုန်ကျဲရှလျန်၏ခေါင်းအုံးနားတွင် တောင်ဇလပ်အနီပွင့်လေးတစ်ပွင့်ကို မြင်နေရသည်။ တစ်ပွင့်တည်း။ ဘွေ့ပီးကပေးခဲ့တာလား။ သို့မဟုတ် ဘွေ့ပီးကို ဆုန်ကျဲရှလျန်က ပေးလိုက်သည့်ပန်း၏အမွှာညီမ တစ်ပွင့်ပေပဲလား။ ငွေဝန်းမသိ။ ကလေးနှစ်ယောက်သည် [illegible] ယောက်ကတစ်ယောက်ကို ပန်းတစ်ပွင့် ပေးခဲ့ပြီးတာ သေချာ[illegible]

ဆုန်ကျဲရှလျန် အိပ်နေတယ်ဟု ထွက်ပြောပေးဖို့ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ခဏာတွေဝေနေမိပြီးမှ ငွေဝန်း ကပျာကရာထ၍ တံခါးကို ဖွင့်လိုက်ရ၏။ အပြင်မှာ ချင်းစောင်ကို သိုင်းပတ်ခြုံထားသော ထျန်းအုခ်ထန်ကို တွေ့ရသည်။ ငွေဝန်းကို မျက်နှာချင်းဆိုင်လိုက်ရတော့ သူ့မျက်နှာ ခပ်အမ်းအမ်း ဖြစ်သွား၏။ သူမ နှုတ်ခမ်းမှာ လက်ညှိုးကို ကန့်လန့် ဖြတ်ပြလိုက်သည်။

'အိပ်နေတယ်'

'ဩ မအိပ်ရဘူးလေ။ စာအုပ်လှူတာက ပြီးတော့မယ်'

'ခေါင်းကိုက်နေလို့ မလိုက်တော့ဘူး လို့ ပြောပေးပါဆရာမ'

အိပ်ရာထဲက ဆုန်ကျဲရှီလျန်က လှမ်းပြောသည်။ ထိုစကားကို ထျန်းအုခ်ထန်လည်း ကြားသည်။ သူ့ညီမကို သူတို့ဘာသာစကားဖြင့် ချော့မော့သလို တစ်ခွန်းလှမ်းပြောသည်။ ညီမက နောက်ထပ် ဘာမှမပြောတော့ဘဲ စောင်ခြုံထဲမှာ ဆက်ကွေးနေသောအခါ သူ ခေါင်းကုတ်သည်။ ထို့နောက် ငွေဝန်းအနီးမှကပ်ကာ တံခါးမှ ခပ်ဆုတ်ဆုတ် ဝင်လာသည်။ မမျှော်လင့်ဘဲ သူဝင်လာသဖြင့် ငွေဝန်း ကမန်းကတန်း နောက်ဆုတ်ဖယ်ပေးလိုက်ရသည်။ သူ ဆုန်ကျဲရှီလျန်ခုတင်ဆီသို့ ရောက်သွား၏။ ထို့နောက် ခုတင်ပေါ်မှာ အသာဝင်ထိုင်လိုက်လေသည်။

'ဂျူလီယာ။ ထလေ ညီမလေး'

ထျန်းအုခ်ထန်သည် သူ့ညီမကိုတော့ တော်တော် ချစ်သည်ပါကလား။ ငွေဝန်းသည် အနားမှာရပ်နေရတာ အားနာလာသဖြင့် သွားတိုက်တံ၊ ဆပ်ပြာမွှေး၊ မျက်နှာသုတ်ပဝါ စသည်တို့ကို ယူကာ ရေချိုးခန်းဆီသို့ ထွက်လာခဲ့သည်။

ပိုင်စိုးတစ်ယောက်တော့ မမြင်။ စာကြည့်တိုက်မှာ စာအုပ်သွားလှူနေရောပေါ့။ ရေနွေးအဆင်သင့်မတွေ့သဖြင့် ရေမချိုးတော့ဘဲ မျက်နှာပဲ သစ်လိုက်သည်။ ပြီးတော့ အခန်းထဲပြန်မဝင်သေးဘဲ ညှိခန်းသို့ ထွက်လာခဲ့သည်။



ညှိခန်းစားပွဲပေါ်မှာ ကော်ဖီဖျော်စရာ ဓါတ်ဘူးနှင့် ပစ္စည်းအစုံကို တွေ့ရသည်။ သူမ ကော်ဖီသုံးခွက်ဖျော်လျက် တစ်ခွက်ကို သောက်လိုက်သည်။ ထို့နောက် ဝရံတာသို့ ထွက်လာခဲ့သည်။ တည်းခိုခန်းနှင့်မျက်စောင်းထိုးနေရာလောက်မှာရှိသော စာကြည့်တိုက်လေးကို ဤနေရာမှ လှမ်းမမြင်ရချေ။ အဲသည်မှာ ပိုင်စိုးရှိနေလိမ့်မည်။

နံနက်ကိုးနာရီခွဲပြီးသွားသော်လည်း နှင်းက မကွဲသေး။ နှင်းမြူတို့သည် လမ်းပေါ်မှာ အိမ်ထဲမှာ တိမ်နှင့်အတူရောလျက် အုပ်ဆိုင်းနေသည်။ ငွေဝန်း၏ရှေ့မှာ ကာဆီးနေသော အဖြူရောင်အငွေ့ထုထည်သည် နှင်းလား တိမ်လား။ မခွဲခြားတတ်။

ထို့နောက် မယုံကြည်နိုင်လောက်အောင် အံ့ဩစရာတစ်ခု။ သူမ၏ရင်သည် လှပ်ခနဲ တုန်လှုပ်သွား၏။ မြင်လိုက်ရသလား။ ဟုတ်မှဟုတ်ပါ့မလား။

အဖြူရောင်အငွေ့တွေကြားထဲမှာ လူတစ်ယောက်။ ခေါင်းငိုက်စိုက်ဖြင့် လျှောက်သွားနေသည်။ သူ့လက်ထဲမှာတန်းလန်းဆွဲလာသောအရာက အစိမ်းနုအရွက်ပိုင်းဖားဖားနှင့် အပင်ပေါက်တစ်ခု။ ငွေဝန်း ဘာကိုမှ မစဉ်းစားမဆင်ခြင်နိုင်သေးမီ လွှတ်ခနဲ အသံထွက်သွားသည်။

'ဖွန်ဒုလျန်'

သူမ၏အသံက ကိုယ်တိုင်ကြားနိုင်ရုံသာ ကျယ်၏။ အောက်ဘက်လမ်းဆီမှဖွန်ဒုလျန်က မကြား။ ထို့ကြောင့် ခပ်ဝေးဝေးသို့ ဆက်လျှောက်သွားနေသည်။ သူမ အသံကိုမြှင့်၍ အော်လိုက်ပြန်၏။

'ဖွန်ဒုလျန်'

ဘုရားရေ။ သူမအသံသည် တစ်လောကလုံး ကြားနိုင်လောက်အောင် ကျယ်လောင်လှပါလား။

သူမ ပါးစပ်ကို လက်ချောင်းများဖြင့် ယောင်မှားစွာ ပိတ်လိုက်မိသည်အထိပင်ဖြစ်၏။ သို့သော် ဖွန်ဒုလျန်ကမကြား။ ဟိုးအဝေးသို့ပင် ရောက်သွားပြီ။ အို မဖြစ်ဘူး။ အမီလိုက်မှ ဖြစ်မှာပေါ့။ သူမ

www.burmeseclassic.com

www.burmeseclassic.com



စိတ်မြန်လက်မြန်ပင် လှေကားဆီသို့ အပြေးအလွှားလှည့်ကာ တဒိုင်းဒိုင်း ပြေးဆင်းသွားမိသည်။ လမ်းပေါ်ရောက်သည့်အခါ မြူတွေကြားမှ သူ့ကို မှုန်ဝါးဝါးအရိပ်တစ်ခုအဖြစ်သာ မြင်ရတော့သည်။

'ဖွန်ဒုလျှန်'

ထိုအချိန်ကျမှပင် ငွေဝန်း အသိတစ်ခုဝင်လာသည်။

ဖွန်ဒုလျှန်က သေပြီးပြီ။ သို့မဟုတ် သေပြီးပြီဟု ယူဆရသည်။

ဟုတ်မှဟုတ်ပါ့မလား။

ထိုအခါ အပြင်းအထန်သိလိုစိတ်ဖြင့် သူမ အပြေးလိုက်ရ၏။ လမ်းမသည် တောင်ပေါ်လမ်းဖြစ်သဖြင့် အနိမ့်ဆီသို့ ဆင်းသွားသည်။ ထိုလမ်းမှ နောက်တစ်ချိုးကွေ့ပြီး တောင် နံရံတစ်ခုဆီတက်ရသည့် လမ်းကျဉ်းလေးဆီသို့ သူမ အမောတကော တက်လိုက်ရသည်။

'ဖွန်ဒုလျှန် ခဏလေး နေပါဦး'

သူမ၏ မောပန်းနွမ်းနယ်သောအသံကို ကြားသွားဟန်ဖြင့် ရှေ့မှ စိုက်စိုက် စိုက်စိုက်နှင့် ဘက်သွားနေသောလူက လှည့်ကြည့်သည်။ မြူငွေ့များ ပါးလျားသွားပြီ။ သူဝတ်ထားသည့် မီးခိုးရောင် ဂျာကင်အင်္ကျီကိုပင် သဲသဲကွဲကွဲမြင်ရပြီ။ သို့သော် သူ့မျက်နှာ...

အသက်အရွယ်ကြီးရင့်သွားသော၊ အသားရောင်ပိုညိုသွားသော၊ မျက်လုံးတွေ ပိုမှေးမှိန်သွားသော...

ဖွန်ဒုလျှန်လား။

'ဘာလဲဗျ'

ပြုံးချိုဖော်ရွေစွာမေးလိုက်သော ချင်းအမျိုးသားသည် ဖွန်ဒုလျှန်မှ မဟုတ်ပါဘဲလား။ ချက်ချင်းပင် နွမ်းခွေမောလျသွားသည့် စိတ်ကို ပြန်တင်းရင်း အသက်ကိုမနည်းရှူနေရသည်မို့ စကား တော်တော်နှင့်မပြောနိုင်။ သူ့လက်ထဲမှာ ဆွဲထားတာကတော့ နတ်ဆေးဂမုန်းပင် အစစ်။ လူကတော့ ဖွန်ဒုလျှန်မဟုတ်။



အိပ်မက်ကြောင့် ထင်ယောင်ထင်မှားဖြစ်တာ ထင်ပါရဲ့။

ချင်းအမျိုးသားက သူ့လက်ထဲမှ အပင်ဆီ ငွေဝန်း၏အကြည့် ရောက်နေသည်ကို သတိပြုမိဟန်ဖြင့် အပင်ကို ပြန်ငုံ့ကြည့်လိုက်၏။

'သြော် ဟို အဲဒီအပင်'

အပင်သည် ခုမှ လတ်လတ်ဆတ်ဆတ်ခူးလာခဲ့ပုံဖြင့် မြေကြီးနှင့် နှင်းစက်တွေရောကာ စိုစွတ်နေ၏။

'အဲဒါ နတ်ဆေးဂမုန်းပင်လား'

'ဟုတ်တယ်'

ဖွန်ဒုလျှန်က သေပြီပဲဟု သူမကိုယ်သူမ သတိပေးနေမိ၏။ ဖွန်ဒုလျှန်နှင့်ဆင်တူသောလူထံမှ နတ်ဆေးဂမုန်းပင်ကို ရနိုင်သလား။ သူမ၏ ဟားခါးအိမ်မှာ အမှတ်တရ စိုက်ထားလိုက်လျှင်ကောင်းမလား။

'အဲဒီအပင် ရောင်းဖို့လားဟင်'

'မရောင်းဘူးဗျ'

သူမ အားလျော့သွားသည်။

'ကျွန်တော့်အမေအတွက် ဆေးကျိုရမှာ'

'သြော်'

ဖွန်ဒုလျှန်နှင့်တူသူထံမှ ဖွန်ဒုလျှန်ခူးပေးသောအပင်မျိုးထပ်တူကို ဘယ်ရနိုင်ပါ့မလဲလေ။

'ဟိုဘက်တောင်ကြောမှာ ရှိတယ်လေ။ ခူးခိုင်းလို့ရတယ်'

ပြောပြီး သူလှည့်ထွက်သွားတော့ သူမ ငေးလျက်ကျန်ခဲ့သည်။

'ဆရာမ'

ဟင်။ သူမ အသံလာရာနောက်ဘက်သို့ လှည့်ကြည့်လိုက်သည်။

ထျန်းအုန်ထန်။

သူမအနီးတွင် ဘယ်အချိန်ကတည်းက ရောက်နေမှန်းမသိ။

www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်လုံးတွေက တင်းမာနေသည်လည်းမဟုတ်။ နူးညံ့ပျော့ပျောင်းသည်လည်းမဟုတ်။ စူးရှတောက်ပနေတာတော့အမှန်ပဲ။

'ဆရာမ အဲဒီအပင်ကို လိုချင်လို့လား'

သူမ မဖြေနိုင်။ ဘယ်လိုလုပ်ပြီး ဖြေရပါ့မလဲ။

'ကျွန်တော် ခူးပေးပါ့မယ်။ အလာလမ်းက ကျောက်တောင်တွေပေါ်မှာ ကျွန်တော် မြင်ခဲ့တယ်'

'အို နေပါစေ'

သူမ ကမန်းကတန်း ငြင်းလိုက်ရသည်။

'မငြင်းပါနဲ့။ ဆရာမလိုချင်တာကို ကျွန်တော်ပေးချင်တယ်'

ရိုးသားစွာပြောလိုက်သည့် စကားတွင် လေးနက်မှုကို သူမ ခန့်မှန်းမိ၏။

'နေပါစေ အခ်သဲရယ်။ ဒုက္ခများလှပါတယ်။ ကျွန်မ မလိုချင်ပါဘူး'

ကျောက်တောင်ပေါ်မှာ တွယ်ကပ်ပေါက်တတ်သော ဤအပင်ကို သူမအတွက် ဘယ်သူမှ ခက်ခက်ခဲခဲခူးမပေးစေလိုကြောင်းကိုတော့ ဖွင့်ပြောဖို့ မဝံ့ရဲပါ။

'မလိုချင်တဲ့လူက ဒီလောက် အဝေးကြီးထိ အပြေးလိုက်ပြီး ဝယ်မှာမဟုတ်ဘူးလေ'

ငွေဝန်း၏ အမောတကော ပြေးလိုက်မှုကို သူ နားလည်မှုလွဲသွားပြီ။ သို့သော် ဘယ်လိုနည်းဖြင့် ရှင်းပြရမှန်းလည်းမသိ။

'မဟုတ်ဘူး'

'ဟုတ်ပါတယ် ကျွန်တော် ခူးပေးမယ်'

ပြောပြောဆိုဆို သူပြန်လှည့်ထွက်သည်။ သူ့ပုံစံက အခုပင်သွားခူးတော့မည့်ဟန်မို့ ငွေဝန်း သူ့လက်မောင်းကို အမှတ်တမဲ့ ဖမ်းဆွဲထားလိုက်မိသည်။

'အခ်သဲ'



သူ့လက်မောင်းမှာ သူမလက်ထဲတွင် တောင့်တင်းမာကျောနေသည်။

'မသွားပါနဲ့'

သူမ မှားသွားသည်။ သူမ မှားသွားမှန်းကိုလည်း ထျန်းအခ်ထန် သူမနှင့်နီးကပ်သောမျက်နှာချင်းဆိုင်မှာ ရပ်လိုက်တော့မှ သိသည်။

တစ်ဘက်မှာ တောင်နံရံ။ တစ်ဘက်မှာက နိမ့်ဆင်းသွားသော ချောက်ကမ်းပါးလေးမှာ အိမ်တချို့ ပန်းပင်တချို့။ ထင်းတချို့။ သို့သော် လူသူကင်းရှင်းနေ၏။ ထိုအဖြစ်က သူမတို့ နှစ်ယောက်အား ပိုမိုနီးကပ်စွာ နွေးထွေးစေသည်။ ထို့ထက်ပို၍ တောင်နံရံက သူတို့အား ပို၍နီးကပ်စေသည်။ ခပ်ဝေးဝေးမှ နှင်းဆီနံ့တစ်ခု လေဖြင့်ဝေ့ကာဝဲကာ ရောက်လာသည်။

'မခူးပါနဲ့ ကျွန်မ မလိုချင်ဘူး'

'ဩ'

သူ ခဏ မျက်မှောင်ကြုတ်သွားပြီးမှ

'ကျွန်တော် ခူးပေးတာကို မလိုချင်ဘူး။ တခြားလူ ခူးတာကိုပဲ လိုချင်တာလား' ဟုမေးသည်။

တိမ်ငွေ့တွေက သူတို့နှစ်ယောက်ကို ဖြတ်ကျော်တိုးတိုက်သွားကြသည်။ ထိုအချိန်တွင် ညတုန်းကသူပြောခဲ့သော ခါးခါးသီးသီးစကားများကို သတိရသွား၏။ ရင်ထဲမှာ ကျင်ခနဲနာသွားသည်။

မှန်းလိုက်တာ။

ရုတ်တရက် သူ့အနီးမှ လှည့်ထွက်လာခဲ့လေသည်။

ငွေဝန်းသည် ပိုင်စိုးနှင့်အတူ တောင်ပေါ်ရွာတွေသို့ မလိုက်လို။ စိတ်တွေလေးနေသည်ဟု အကြောင်းပြရအောင်လည်း ကျိုးကြောင်းဆီလျော်မှုမှ လွတ်နေသည်။

'အဲဒီနေရာတွေမှာ တံတားရှိသလား' ဟုတော့ မေးမြန်း

www.burmeseclassic.com

www.burmeseclassic.com



'မရှိဘူး။ အစ်မက တံတားဖြတ်ချင်လို့လား။ ဒါဆိုရင်တော့ မဏိပူရကြိုးတံတားရှိတယ် တော်တော်ဝေးတယ်'

ကြိုးတံတား။ သူမ တအံ့တသြငေးမိသွားသည်။ မဏိပူရ ကြိုးတံတားတဲ့။ ဟင့်အင်း။

'မဖြတ်ချင်ပါဘူး'

'လိုက်ခဲ့ပါအစ်မရယ်။ တစ်ယောက်တည်း တည်းခိုခန်းမှာ ကျန်ခဲ့ရမှာ ပျင်းစရာကြီး။ အစ်မ လိုက်လာခဲ့ရင် ချင်းထမင်းဟင်း စစ်စစ်ကို စားရမယ်။ လမ်းကလည်း တောနဲ့တောင်နဲ့ ရေတံခွန်လေး တွေနဲ့ သိပ်သာယာပါတယ်။ သစ်ခွတွေလည်း အများကြီး'

ပိုင်စိုးက ဆွဲဆောင်တတ်သည်။ ငွေဝန်း အားတင်းကာ လိုက်သွားသည်။

သစ်ခွတွေတဲ့။ အလကား။ ဘာသစ်ခွမှ လမ်းမှာမတွေ့။ နတ်ဆေးဂမုန်းလည်းမရှိ။ တောင်ပေါ်မှာအနေကြာသောငွေဝန်း အတွက် တောင်ပေါ်လမ်းက ဒုက္ခမပေးပါ။ ဆုန်ကျဲရ်လျန်နှင့် အတူ သူတို့နောက်မှ တရွေ့ရွေ့လိုက်လာရင်း ပန်းပွင့်လေးတွေခူးလိုက်၊ လိပ်ပြာလှလှလေးတွေကြည့်လိုက်နှင့် အိပ်မက်၏ခြောက်ခြားစရာ ဇာတ်သိမ်းကို မေ့သွားသည်။

ရွာကိုရောက်သည့်အခါ ပိုင်စိုးက ရွာလူကြီးအိမ်တစ်အိမ်မှာ လူငယ်တွေနှင့် ဆွေးနွေးစကားဝိုင်းတစ်ခု ပြုလုပ်သည်။ ဒေသခံချင်း အမျိုးသားလေးတစ်ယောက်က ပိုင်စိုးအတွက် စကားပြန်လုပ်ပေးဖို့ မြို့မှ လိုက်လာသည်။ သို့သော် လူငယ်တော်တော်များများသည် သွက်သွက်လက်လက် မပြောတတ်လျှင်သာရှိမည်။ မြန်မာစကားကို ပြောနိုင်ကြသည်။ သူတို့စကားထဲမှ သင်းခွေချပ်၊ မျောက်ဝံ၊ မြွေ၊ သစ်ခွ၊ လိပ်ပြာတို့အား တစ်ချက်တစ်ချက်မှသာ စိတ်ဝင်စားနိုင်လျက် ရီဝေမှုန်မှိုင်းသောပတ်ဝန်းကျင်ကိုညည်းငွေ့လာသော အမျိုးသမီး နှစ်ယောက်သည် အပြင်ထွက်လာခဲ့ကြသည်။



'ဂျူလီယာ ဝေးဝေးမသွားနဲ့နော်'

ထျုန်းအုခ်ထန်က ဆုန်ကျဲရ်လျန်ကို ဦးတည်ပြောတာမဖြစ် နိုင်။ မြန်မာလိုပြောလိုက်ခြင်းမဟုတ်လား။ ငွေဝန်းအတွက်ပါ ရည်ရွယ် ပြီး ပြောလိုက်ခြင်းဖြစ်ပါလိမ့်မည်။

သူမတို့နှစ်ယောက်သည် ခပ်လှမ်းလှမ်းက နေ့ကလေးထိန်း အဆောက်အအုံ ထင်းရှူးသားအိမ်ကလေးဆီသို့ လမ်းလျှောက်သွား ကြသည်။ ခပ်လှမ်းလှမ်းက တောင်ကြောမှာ တောင်ယာခုတ်ထားပြီး မီးရှို့ထားသည်။ သည်ဘက်ထိအောင် မီးခိုးနံ့က ရောက်လာသည်။ မီးခိုးနံ့နှင့်အတူ မွှေးရနံ့တစ်ခု။

'မွှေးလိုက်တာဆုန်ကျဲရ်လျန်ရယ် ဘာပန်းတွေများ ပွင့်နေ ကြပါလိမ့်'

ဆုန်ကျဲရ်လျန်က အနီးရှိချုံပင်တွေထဲသို့ တိုးဝင်ကာ ရှာဖွေ သည်။ ထွက်လာသည့်အခါ လက်ထဲမှာ အဖြူရောင်တောပန်းကလေး တစ်ပွင့်ပါလာသည်။ အဖြူရောင်ပွင့်ချပ်လေးတွေက ချွန်ချွန်မြမြ။

'ဆရာမ မွှေးကြည့်'

ငွေဝန်း ပန်းကလေးကို ရိုးတံမှကိုင်ကာ မွှေးကြည့်လိုက်၏။ စပယ်နံ့လေးနှင့်တူသည်။ တောစံပယ်ဆိုတာများလား။

'ကြယ်ကလေးနဲ့တူတယ်'

သူမ ရေရွတ်မိသည်။

သစ်ပင်အစိမ်းရောင်ထဲမှာ အဖြူရောင်ကြယ်လေးပေါ့။ သူမ တွေးနေခိုက် ဆုန်ကျဲရ်လျန်က စကားပြောလာသည်။ ကောင်းကင်က ကြယ်လေးနှစ်လုံး အကြောင်းပါသော ချင်းပုံပြင်တစ်ပုဒ် ဖြစ်ပါသည်။

မိဘကဖျက်သဖြင့် ကွဲကွာသွားရသော ချစ်သူနှစ်ဦးသည် သေခါနီးတွင် စိတ်နာကျင်စွာ ဆုတောင်းခဲ့သတဲ့။ ကောင်းကင်မှာ ကြယ်လေးတွေဖြစ်ပြီး သုံးနှစ်မှာတစ်ခါ ပြန်ဆုံပါရစေ တဲ့။

'ငန်ဘော်မ်က နေထွက်တဲ့အရှေ့ဘက် ကောင်းကင်အဖျား

www.burmeseclassic.com

www.burmeseclassic.com



မှာရှိတယ်။ ဇော်လ်တလိန်းဂ်ကတော့ နေဝင်ရာ ကောင်းကင်ရဲ့အဖျား မှာနေရတယ်။ ဒီတော့သူတို့ဟာ ကြယ်လေးတွေဖြစ်သွားတာတောင် ကောင်းကင်တစ်ခုတည်း အတူမနေရဘူး။ သူတို့ဟာ သုံးနှစ်မှာ တစ်ခါပဲ ကောင်းကင်ထက်မှာ ဆုံရတယ်။'

ဆုန်ကျဲရ်လျန်၏လေသံတိုးတိုး အေးအေးလေးက သူမကို ချော့သိပ်နေသလိုရှိသဖြင့် ကရဝေးနှင့်တူသော အပင်ကြီးအောက်မှာထိုင်နေရင်း ငိုက်မြည်းချင်လာသည်။ ရာသီဥတုက စောစောကလောက် မအေးတော့သလိုပဲ။ တိမ်တွေလည်း အနားမှာမရှိ။ လေကတော့ တိုက်နေပါရဲ့။ လေကိုက နွေးနေသလို။ စိတ်ထင်လို့များလား။

'မနက်တုန်းက သမီး ဖိုင်အွန်ဘုရားကျောင်းတစ်ခု တွေ့တယ်။ ဘွေပီးတို့ကားထွက်သွားတော့ အပြန်မှာ အစ်ကိုပိုင်စိုးကိုပူဆာပြီး ဘုရားကျောင်းထဲဝင် ဖယောင်းတိုင်ထွန်းပြီး ဆုတောင်းခဲ့တယ်'

ကျွန်မလည်း ဆုတောင်းချင်တယ်။ ဆုတောင်းချင်တယ်။

'သမီး ဘာဆုတောင်းလဲ သိလား ဆရာမ'

'ဘာဆုတောင်းလဲ'

'သမီးတို့ သေသွားရင် ကောင်းကင်မှာ ကြယ်လေးနှစ်လုံး ဖြစ်ချင်တယ်။ ဒါပေမဲ့ ငန်ဘော်မ်တို့ ဇော်လ်တလိန်းဂ်တို့လိုတော့ သုံးနှစ်မှာတစ်ခါပဲ ဆုံတဲ့ကြယ် မဖြစ်ချင်ပါဘူး။ နေ့တိုင်းညတိုင်းဆုံတွေ့နေဖို့ နီးနီးလေးမှာ အတူရှိနေတဲ့ ကြယ်လေးနှစ်လုံးဖြစ်ပါရစေလို့ ဆုတောင်းတယ်'

ဆုန်ကျဲရ်လျန်၏အသံမှာ တိမ်တိမ်လေးဖြစ်သွားသည်။ ငွေဝန်း သူမ၏ပခုံးလေးကို အသာဖက်ပွေ့လျက် ဖျစ်ညှစ်လိုက်လေသည်။

ဖွန်ဒုလျန်ရော။ သူသေခါနီးဆဲဆဲတွင် ဘယ်လိုများဆုတောင်းခဲ့ပါလိမ့်။ ငွေဝန်းသည် ဖွန်ဒုလျန်၏နောက်ဆုံးအချိန်များကို တစ်ခါမှ စိတ်လိုလက်ရ စဉ်းစားမကြည့်မိခဲ့ပေ။



သူ ပြုတ်ကျသွားတာလား။ ခုန်ချသွားတာလား။

သူမနှင့်အတူ ကောင်းကင်တစ်ခုတည်းမှာ ကြယ်လေးနှစ်ပွင့်ဖြစ်ပါရစေလို့များ...

သူမ မေးခွန်းဖြစ်သွားသည်မှာ သိပ်မကြာလိုက်။ မကြာလိုက်ဘူးဟု ထင်ပါသည်။

'ဆရာမရေ ထ ထ။ မီးတွေလာနေပြီ'

အထိတ်တလန့်အော်လိုက်သော ဆုန်ကျဲလျန်အသံစူးစူးကြောင့် သူမမျက်လုံးဖွင့်ကြည့်လိုက်တော့ တောင်ယာမီးသည် တောင်ကြောတစ်လျှောက် ဆင်းလာနေပြီကို မြင်လိုက်ရသည်။

သူမ ဘဝတွင် မီးတောက်မီးလျှံတွေကို အခုလောက် တစ်ခါမှ အနီးကပ်မမြင်ဖူးခဲ့။ သိပ်ကြောက်စရာကောင်းလိမ့်မည်ဟု ထင်ထားခဲ့သော မီးတောက်တို့သည် လှပင်လှသေးတော့သည်။ တောင်ယာခုတ်ပြီး နေလှန်းထားသည့် သစ်ကိုင်းခြောက်များ၊ သစ်ငုတ်တိုများကို ရှို့သည့်မီးသည် ချန်ထားရစ်ခဲ့သော သစ်ပင်သေးသေးများဆီသို့ ကူးလိုက်သည်မှာ အနီရောင်ဝတ်ရုံစများ လေတွင် အုပ်စုလိုက် ဝေ့ဝဲဖြန့်လာသလိုပဲ။

မီးတောက်များသည် အနီရောင်မပီ၊ အဝါရောင်မကျ။ ခပ်မှိုင်းမှိုင်းမီးခိုးတွေနှင့်ရောနေသည်။ နေပြင့်သွေ့နေသော သစ်ရွက်သစ်ခက်ခြောက်တွေက ရွာအနီး နေရာအနှံ့တွင် ပြန့်ကျဲနေသည့်အခါ လေဖြင့်ဝေ့ဝဲလျက် မီးကူးလေသည်။

မီးတောက်မီးလျှံတွေက ဟိုးအဝေးမှ အသံမြည်လျက် ပြေးကပ်လာနေသော်လည်း ငွေဝန်းသည် နေရာမှ မထမိ။

'ဆရာမ လာလေ'

ဆုန်ကျဲရ်လျန်က ကြောက်လန့်တကြားထပြေးရင်း ငွေဝန်းအား လှည့်ခေါ်သည်။ ငွေဝန်းသည် ညှို့ခံထားရသလို ကြောင်ငေးလျက် ထိုင်နေဆဲ။ ဆုန်ကျဲရ်လျန်သည် ငွေဝန်းကို နားမလည်နိုင်

www.burmeseclassic.com

www.burmeseclassic.com



စိတ်လည်းမရှည်နိုင်။ မီးသည် မိမိတို့အနားသို့ ချက်ချင်းကူးလာတော့မည်ကို ဆရာမမယုံကြည်ဘူးလား။ ပြင်းထန်သောတောင်ပေါ်လေဖြင့် မီးတောက်မီးလျှံများ အော်မြည်သည့်အသံကို ကြားလိုက်ရစဉ်မှာတော့ ဆုန်ကျဲရိလျှန်သည် ဘာကိုမှ ထပ်စဉ်းစားမနေတော့ဘဲ နေရာမှပြေးတော့သည်။ မြေပြန့်ကွက်လပ်ကျယ်လွင့်သောနေရာဆီ။

ပတ်ဝန်းကျင်တစ်ခုလုံး ပြေးလွှားအော်ဟစ်သံတို့ဖြင့် ချက်ချင်းဆူညံလာသည်။ အသံတော်တော်များများက မိန်းမသံနှင့် ကလေးသံများဟု သိနေသည်။ ကလေး။ ဟုတ်ပါရဲ့။ မိမိတို့အနားမှာက မူကြိုကျောင်းကလေးရှိသလားမသိ။ ငွေဝန်းမမှတ်မိတော့။ သူမ သိနေတာက တစ်ခုတည်း။ ခမ်းနားလှပသော သို့သော် ပူပြင်းတောက်လောင်နေသော မီးလျှံများသည် ခပ်လှမ်းလှမ်းမှ အလုံးအရင်းနှင့် ဖြတ်သွားနေကြပြီ ဟူသော အသိ။ ကျွန်မရော လွတ်နိုင်ပါ့မလား။

'ဆရာမ'

မောကြီးပန်းကြီးခေါ်လိုက်သောအသံသဲ့သဲ့။ သူမ ကြားဖူးနေကျအသံ။ အခုအချိန်မှာတော့ ငွေဝန်းသည် ဘာကိုမှ အသိစိတ်ဖြင့် ခွဲခြားမသိတော့။ သူမမှာရှိသည့် တစ်ခုတည်းသောအာရုံမှာ ကလေးငိုသံများ။ မီးတောက်လောင်သဖြင့် သစ်ပင်တို့၏တဖျစ်ဖျစ်မြည်သံများ။ ထို့နောက် အပူ။ အပူရှိန်က သူမဆီထိတောင် ဟပ်လာသည်ဟု သူမ အံ့သြတကြီးဖြစ် နေသော်လည်း ခြေတစ်လှမ်းမှ မလှမ်းမိ။

'ဆရာမ နောက်ကိုဆုတ်လေ။ အောက်ကိုဆင်းလေ'

ထျန်းအုခ်ထန်၏အသံလား။ ဖွန်ဒုလျှန်၏အသံလား။

အသံလာရာကို ကြည့်မိတော့ မီးကန့်လန့်ကာခြားထားသော မျက်နှာများ။ ဝေ ဝါး အငွေ့ပုံ။ ကလေးတစ်ယောက်ကို ပွေ့ချီပြေးသွားသော လူတစ်ယောက်။ ဖွန်ဒုလျှန်...။

မဖြစ်နိုင်ဘူး။ ဖွန်ဒုလျှန်က သေပြီးသားပါ။

ဟင့်အင်း ကျွန်မ ချောက်ထဲမဆင်းချင်။ ကျွန်မ ဒီနေရာမှာ



ပဲ နေမယ်။

'အစ်မ'

အလောတကြီးအသံနှင့်အတူ သူမထံသို့ ရိပ်ခနဲပြေးလာသောသဏ္ဌာန်တစ်ခု။ ထို့နောက် သူမ၏ကိုယ်ခန္ဓာမှာ လှုပ်ယမ်းဆွဲခါခံလိုက်ရသည်။ သူ့ကိုယ်ခန္ဓာက မီးလောင်နေသလို ပူလိုက်တာ။

'အစ်မ။ ထ ဒီမှာ နေလို့မဖြစ်ဘူးလေ'

အော်ဟစ်လိုက်သည့်အသံ။

သူမ၏ကိုယ်ခန္ဓာသည် ကျောက်တုံးတစ်ခုလိုပင် လေးလံနေသည်။

'ဟင့်အင်း'

'အစ်မ ဘာဖြစ်နေတာလဲ အစ်မကြောင့်မဟုတ်ဘူး'

သူက သူမပခုံးနှစ်ဘက်ကို ဆောင့်ဆောင့်ပြီး လှုပ်ခါပစ်၏။

'အစ်မမှာ အပြစ်မရှိဘူးလေ။ အစ်မ စိတ်မလျှော့ပါနဲ့'

ဆွဲထူခံလိုက်ရသည့်အခါ သူမ မတ်တတ်ရပ်မိသွားသည်။ သူမသည် အသိစိတ်ကင်းမဲ့နေသူပမာ ဆွဲခေါ်ရာသို့ တယည့်တိုက်လျက်ပါလာ၏။ ထို့နောက် ကိုယ်ခန္ဓာက မြောက်ခနဲ လေမှာလွင့်သွားသည်။ သူမကို တစ်ယောက်ယောက်က ပွေ့ချီလိုက်တာပဲ။ အို ပူလိုက်တာ။ သူမသည် မီးလျှံကြားထဲသို့ တစ်ကိုယ်လုံး ရောက်သွား၏။ ထို့နောက် မီးနှင့်တဖြည်းဖြည်းပြန်ဝေးသွားသည်။

'ဖွန်ဒုလျှန်က သူ့ဟာသူသေတာ'

တတွတ်တွတ်ပြောနေသောအသံနှင့် တရွေ့ရွေ့ခိုစီးနေရသော လှုပ်ရှားမှုကြောင့် ပြန်အားတင်းလိုက်မိသည်။

'အစ်မကြောင့် ဘယ်သူမှ မသေဘူး။ ကြားလား'

မျက်နှာအထက်တည့်တည့်မှ စကားသံ။ ကောင်းကင်ဘုံက အသံတစ်ခုခုကို ကြားနေရတာတော့မဟုတ်ပါဘူးနော်။

'အစ်မဟာ စိတ်မာမလိုနဲ့ သိပ်ပျော့တာပဲ'

www.burmeseclassic.com

www.burmeseclassic.com



ပိုင်စိုး။ သူမ မျက်လုံးမှိတ်ထားမိသဖြင့် မျက်လုံးအိမ်မှာ ပြည့်လျှံလာသော မျက်ရည်တို့သည် စီးကျသွား၏။

'ညက အိပ်မက်မက်တယ်'

သူမသည် အိပ်မက်ယောင်သူလိုပင် ပိုင်စိုးအား တိုးတိမ်သောအသံဖြင့် တိုင်တည်မိသည်။

ခဏချင်းပင် လေအေးအေးတိုက်ခတ်နေသော ကမ္ဘာလေး တစ်ခုပေါ်သို့ သူမ အလိုက်သင့် ထိုင်လျက်သားရောက်သွားသည်။ သူမ မျက်လုံးဖွင့်ကြည့်လိုက်သောအခါ မိမိကို စိုးရိမ်တကြီးကြည့်နေသော ပိုင်စိုးကို မြင်လိုက်ရသည်။

'ဘာကို အိပ်မက်မက်လို့လဲအစ်မ'

'ဖွန်ဒုလျှန်'

ပိုင်စိုး နူးညံ့စွာပြုံးလျက် ခေါင်းယမ်းပြီး နှစ်သိမ့်သည်။

'တော်ပြီ။ ဘာမှမတွေးနဲ့တော့။ ခဏလေး နားလိုက်။ ကျွန်တော် ပြန်လာခဲ့မယ်။ ဒီမှာပဲနေနော် ကြားလားအစ်မ'

သူ အပြေးပြန်ထွက်သွားသောအခါ တဝုန်းဝုန်း တိုက်ခတ်နေသောလေနှင့်အတူ သူမ ကျန်ရစ်ခဲ့သည်။

အိပ်မက်။ အိပ်မက်ကဘယ်လို အဆုံးသတ်သွားပါလိမ့်။

သူမ တံတားပေါ်မှာ တရွေ့ရွေ့လမ်းလျှောက်နေခဲ့သည်။ ထို့နောက် ...။ ကြောက်စရာအဖြစ်။ ဘာဖြစ်သွားပါလိမ့်။ ဆက်တွေးကြည့်သည်။ မရ။ အတွေးက တံတားထက်ပိုပြီး ကျော်လွန်မသွား။ သို့သော် အိပ်မက်အဆုံးက အဲဒါမဟုတ်ဘူးဆိုတာတော့ သူမ မှတ်မိနေသည်။

◆



သေသောသူတို့အဖို့
မသေနိုင်သော ဂုဏ်သတင်း ရှိစေသတည်း။
ရှင်သောသူတို့အဖို့
မသေနိုင်သောအချစ် ရှိစေသတည်း။

## ၂၈

ဂျစ်ကားလေးသည် နောက်ဘက်မှာ တောင်နံရံတွေကို ရိပ်ခနဲ ကျန်ခဲ့စေလျက် ကြမ်းတမ်းစွာပြေးလေသည်။

ဆောင်းတွင်းဖြစ်ပါလျက် မိုးက သည်းထန်စွာရွာနေသည်။ အလွန်အေးမြလှသော ဆောင်းလေသည် မိုးနှင့်ရောလိုက်သည့်အခါ မခံမရပ်နိုင်အောင် အေးခဲထုံကျင်နေတော့သည်။ ထို့ထက်ပိုဆိုးစေသည်မှာ ငွေဝန်းတို့စီးလာသည်က ဂျစ်ကားဖြစ်သည်မို့ လေမလုံခဲ့။ အမိုးအကာသည် မိုးကာစသာဖြစ်သည်။ တိမ်ရော၊ မိုးရော၊ လေရောပေါင်းလိုက်သည့်အခါ လက်ဖျားတွေခြေဖျားတွေ ထုံကျင်နေအောင် အေးလှသည်။

အနွေးထည်ကို နှစ်ထပ်ဝတ်ထားလျက်က ခိုက်ခိုက်တုန်အောင် ချမ်းနေသည်။

မိုးရေတွေက ကားမှန်မှာ အဆက်မပြတ် ပက်ဖျန်း စီးဆင်းနေသဖြင့် ကားရေသုတ်တံက မနိုင်ပေ။ ရှေ့ကားမှန်ကို ဖောက်လျှင် မြင်ရသည့်မြင်ကွင်းက ဝါးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီး ဘာသံမှမကြားရဘဲ တိတ်တိတ်ဆိတ်ဆိတ် ပျောက်ကွယ်သွားခဲ့သော ဖွန်ဒုလျှန်။

သူမ ကြက်သီးဖျန်းခနဲ ထသွားသည်။

ပိုင်စိုးတို့ကားကို အရိပ်အယောင်တောင် မမြင်ရသေး။

ရေသုတ်တံကို အားမလိုအားမရဖြစ်နေသော ကားသမား လေးက မချင့်မရဲ ဆဲရေးလိုက်သည်။

'ခွေးကောင် ဝိုက်ပါကို လဲပေးပါဆိုတာ လဲမပေးဘူး'

'အုန်သဲ ကားမှန်မှာ လူငွေ့နဲ့လည်း မှုန်ဝါးနေတယ်။ မှန်ကို တဆိတ်လောက် သုတ်ပေးလိုက်ပါလား'

'ရတယ်ဆရာမ မလိုဘူး။ မစိုးရိမ်ပါနဲ့'

တစ်ဘက်တောင်ကြောမှာ အစိမ်းရောင်သစ်ပင်တွေနှင့် အနီရောင်ပန်းပွင့်တွေရောလျက် ဝါးနေသည်။ မိမိမျက်လုံးတွေက ဝါးနေတာလား။ ပတ်ဝန်းကျင်ကိုက မှုန်ဝါးနေတာလား။

ထိုခဏ၌ ကားသည် တောင်အကွေ့တစ်ခုကို ကွေ့လိုက်၏။ သို့သော် ကားတစ်စီးလုံးသည် လေထဲသို့လွင့်သွားသည်။ ဝုန်းခနဲ တိုးတိုက်သံနှင့်အတူ ကိုင်မြှောက်ခံ လိုက်ရသလို ခုန်သွားသည်။

ဘုရားရေ။

သူမတစ်ကိုယ်လုံး လွင့်ခနဲလိုက်ပါသွားသော အသိနှင့် အတူ အောက်သို့ စောက်ထိုးမိုးမျှော်ကျနေပြီ ဟု သိလိုက်တော့သည်။

'အမေ'

သူမ ဘေးမှာ အားခနဲ အော်ဟစ်သံကို ကြားလိုက်ရပေမယ့် မိုးခြိမ်းသံလို ကျယ်လောင်လှသော ပေါက်ကွဲသံတစ်ခုအောက်တွင် အော်သံက နစ်မြုပ်သွားတော့သည်။

လူတစ်ယောက် ရိပ်ခနဲ ကားပေါ်က လွင့်ကျသွားသည့် အချိန်တွင် ငွေဝန်းသည် သွေးရူးသွေးတန်း ကားအမိုးစွန်းကို လက်ဖြင့် တင်းကြပ်နေအောင် ဆုတ်ကိုင်ထားမိသည်။



ငွေဝန်းနှာခေါင်းထဲသို့ အေးစက်ထုံပျစ်သောလေတွေက ဝင်လာသည်။

ငွေဝန်း ခေါင်းက အဆမတန် ကြီးမားသွားသည်။ မီးလောင် မြိုက်လိုက်သလိုလည်း ပူထူသွားသည်။

ကျွန်မ သေရတော့မယ်။

ယခုလို အဖြစ်မျိုး သူမ ကြုံရလိမ့်မည်ဟု တွေးမထားမိ။

အုန်သဲ။ သူမ အသံထွက်ခေါ်လိုက်မိသည်ဟု ထင်ပေမယ့် တကယ်တော့ သူမ နှုတ်ခမ်းတွေက လုံးဝဖွင့်လို့မရခဲ့။ ကားသည် တကျိန်းကျိန်းမြည်လျက် တစ်ဆင့်ပြီးတစ်ဆင့် ကျနေသည်ကိုတော့ ငွေဝန်း သိသည်။ ငွေဝန်းကိုယ်သည် မြောက်ခနဲ မြောက်ခနဲခုန်လျက် ကုရှင်နှင့်ဆောင့်မိသည်မှာ အကြိမ်ပေါင်းများစွာ။

ငွေဝန်းဘေးမှာ အော်ဟစ်သံ စူးစူးဝါးဝါးကို အဆက်မပြတ် ကြားနေရသည်။ မိမိအသံလား။ ဟင့်အင်း မဟုတ်ဘူး။ သူမ အသံ မဟုတ်။

သတိလက်လွတ်မဖြစ်ရ။ မြတ်စွာဘုရားကိုသာ တရမည် ဟု တွေးသည်။ သရဏဂုံရွတ်ရမည်။ သို့သော် သရဏဂုံဆိုတာ ဘာပါလိမ့်။ သူမ၏ဦးနှောက်တွေသည် စက္ကန့်ပိုင်းအတွင်း ထုံပူနေ တော့သည်။

နောက်ဆုံးတွင် သူမကိုယ်ခန္ဓာသည် လှုပ်ခုန်ကျဆင်းနေမှု ရပ်သွားသည်။မျက်စိမှိတ်ထားရာက ဖွင့်ကြည့်လိုက်သည့်အချိန်တွင် တစ်ကိုယ်လုံး အေးစက်သွားတော့သည်။ ငွေဝန်းတို့ကားသည် လေ ထဲမှာ တန်းလန်းကြီး ရပ်တန့်လျက်...။

'ဘုရားသခင်'

သူမ နားနားမှာကပ်ပြီးအော်နေသည့်အသံသည် ပျောက် မသွားသေး။ အဲဒါမိမိအသံမဟုတ်။

ဆုန်ကျဲရှ်လျှန်

www.burmeseclassic.com

www.burmeseclassic.com



သူမ ကိုယ်ခန္ဓာကို လှုပ်ကြည့်သည်။ နာကျင်မှုကို မခံစားရ။ တစ်ကိုယ်လုံး ပေါ့ပါးသွားသည်။

သူမ မသေဘူး။ ငွေဝန်းမသေသေးဘူး။

သို့သော် ငွေဝန်းမျက်လုံးတွေကို စေးကပ်သော အရာများက ဖုံးအုပ်သွားသည်။

တစ်လောကလုံး လေတိုက်ခတ်သံမှတစ်ပါး ဘာသံမှ မကြားရ။

'လုပ်ကြပါဦး ကျတော့မယ်။ ကားကြီးကျတော့မယ်'

ဆုန်ကျဲရှ်လျှန်

ထျန်းအုခ်ထန်ရော

မှုံဝေနောက်ကျိနေသော ခေါင်းကို ရှင်းလင်း ကြည်လင်အောင် ယမ်းခါပစ်လိုက်သည်။ ထိုအခါ ငွေဝန်း တစ်ကိုယ်လုံး ငြိမ့်ခနဲ လှုပ်သွားလေသည်။

စက္ကန့်ပိုင်းအတွင်း အဖြစ်အပျက်ကို ငွေဝန်း ပြန်စုစည်းမိသွားသည်။ သူတို့ကားသည် ချောက်ထဲသို့ ပြုတ်ကျသွားသည်။ ချောက်အောက်ခြေထိတော့ မရောက်သေး။ သူတို့ဘေးတွင် သစ်ပင်တွေ အကိုင်းတွေရှိသော်လည်း ဒါက တောင်နံရံတစ်ခုသာ ဖြစ်သည်။ ကားထဲသို့ သစ်ကိုင်းသစ်ရွက်တွေနှင့်အတူ တိမ်တွေပါ ဝင်နေပြီ။

ကားသည် သစ်ပင်တစ်ခုပေါ်တွင် တဲတဲလေးတင်နေခြင်း ဖြစ်မှန်း သိလိုက်သည့်အချိန်တွင် ငွေဝန်းတစ်ကိုယ်လုံး အေးခဲထုံကျင်သွားလေသည်။

သူမတစ်ကိုယ်လုံးကို ယိမ်းယိုင်သွားအောင်လှုပ်ခါ ယမ်းနေသည်။ ဘယ်သူက လှုပ်နေတာလဲ။

မိမိကို လှုပ်ခါနေသောအရာမှာ လူမဟုတ်။ လေဖြစ်သည်။ ပြင်းထန်သောလေသည် ကားတစ်စီးလုံးတင်နေသော သစ်ကိုင်းကို ဟိုဘက်သည်ဘက် ယိမ်းခါနေအောင် တိုက်ခတ်လျက်ရှိလေသည်။



သူမ ရှေ့တွင် အနက်ရောင်။ ထျန်းအုခ်ထန်။ ထျန်းအုခ်ထန်သည် ကားရှေ့ခန်းတွင် ခေါင်းငိုက်စိုက်ကျလျက် ရှိသည်။

ဘုရားရေ။ ရှင်မသေနဲ့။ ကျွန်မတို့ကို ထားခဲ့ပြီး ရှင်မသေနဲ့။

'ဆုန်ကျဲရှ်လျှန်'

ဆုန်ကျဲရှ်လျှန်သည် သူမ ဘေးမှာ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်လျက် ငိုကြွေးနေသည်။ သူမကို မှီလျက်ငိုနေသဖြင့် ကိုယ်ခန္ဓာချင်းထိကပ်နေသော မိမိကိုယ်ကပါ တုန်ခါနေခြင်းဖြစ်သည်။

'ဂျူလီယာ မငိုနဲ့ တို့တွေဘာမှ မဖြစ်ဘူး။ တို့ အပေါ်ကို ပြန်တက်ရမယ်'

ဆုန်ကျဲရှ်လျှန် တုန်ခိုက်စွာငိုနေဆဲ။

'ဂျူလီယာ'

နေစမ်းပါအုံး။ ငွေဝန်း အသံတစ်ခုခုကြားရသလိုပဲ။ လေတိုးသံလား။ သစ်ရွက်တွေလှုပ်ခတ်သံလား။ ခေါ်သံလား။

'အစ်မ'

အပေါ်ဘက်ဆီမှ အသံသဲ့သဲ့ကို သူမ တကယ်ကို ကြားလိုက်ရသည်။

'အစ်မရေ'

ပိုင်စိုး၏အသံဟု မှတ်မိသွားသောအခါ သူမတစ်ကိုယ်လုံး စိတ်သက်သာရာရမှုဖြင့် ပေါ့ပါးလွင့်မျောသွား၏။

'ကိုထန်ရေ'

အသံလာရာသို့ သူမ မော့ကြည့်လိုက်သည်။ သို့သော် အထက်တည့်တည့်မှာ မဲနက်သော တောင်ကမ်းပါးယံကြီးက စီးမိုးနေသည်။ ထိုနံရံကြီးမှလွဲ၍ တခြားဘာမှမမြင်ရ။

'ဟေး'

သူမ ပြန်လည်ဟစ်အော်၍ အသံပေးလိုက်သည်။

'ပိုင်စိုးရေ'

www.burmeseclassic.com

www.burmeseclassic.com



သူ့နာမည်ကို သူမ အသံကုန်ဟစ်အော်လိုက်သည်။

'ကြိုးချပေးလိုက်မယ်။ ကြိုး။ ကြားလား ကြိုး'

အထက်က အသံကြောင့် သူမ ဝမ်းသာသွားသည်။ ကြိုးချပေးမည်။ ကြိုးကိုတွယ်လျက် တက်သွားလျှင်...

ကားသည် သူမ၏လှုပ်ရှားမှုကြောင့် အိခနဲ ညွတ်ဆင်းသွားသည်။ သစ်ပင်က လေဖြင့်လှုပ်ခတ်နေရသည့်အထဲ လူက ဟိုဘက်သည်ဘက်အလှည့်ကိုပင် ကားက ငြိမ်မနေဘဲ လိုက်ညွတ်နေလေသည်။

'ဆုန်ကျဲရ်လျှန် မငိုနဲ့တော့နော်။ အပေါ်က ကြိုးချပေးနေပြီ။ မင်းအစ်ကိုကို လှုပ်နိုးကြည့်ဦး မမနဲ့စာရင် မင်းဘက်က ပိုနီးတယ်'

'ဟင့်အင်း ဟင့်အင်း ကျွန်မကြောက်တယ်'

'မကြောက်ပါနဲ့ ဆုန်ကျဲရ်လျှန် ဒီမယ်ကြည့်စမ်း။ ကိုယ်တို့ တောင်ပေါ်ကို ပြန်တက်နိုင်ကြမှာ သိလား'

မလှုပ်မယှက်ပုဝပ်နေသော ဆုန်ကျဲရ်လျှန်ကို အရဲစွန့်လျက် ကျော်ကာသူမ ထျန်းအုန်ထန်ကို ထိကိုင်ကြည့်လိုက်သည်။

အို ဘုရားဘုရား။

သူ့မျက်နှာတစ်ခုလုံးမှာ သွေးတွေချည်းပါလား။ သူ့လည်ပင်းက ခွေခေါက်လျက်။

'အုန်သဲ'

သူမ သူ့ပါးပြင်ကို ခပ်ဆဆတိလျက် ခေါ်ကြည့်သည်။ မလှုပ်ပါ။

ရင်ထဲမှာ ဒိန်းခနဲဆောင့်ခုန်သွားသည်။ ဟင့်အင်း မတွေးနဲ့။ သူမ လက်လှမ်းမီရာ သူ့လည်ပင်းကိုထိကိုင်ကာ သွေးစမ်း ကြည့်လိုက်သည်။

လှုပ်နေတယ်။

ငွေဝန်း စိတ်ထင်လို့များလားမသိ။ ငွေဝန်း မျက်စိကို မှိတ်ပြီး



စိတ်ကို အသာလေးဖျော့ချပစ်လိုက်သည်။

နောက်တစ်ကြိမ် ထပ်စမ်းကြည့်သည်။

သူမသေသေးဘူး။ သူ့လည်ပင်းသွေးကြောက ခပ်ဖျော့ဖျော့ လှုပ်နေပါသည်။ သူ့မျက်နှာကသွေးတွေကို သူမလက်ဖြင့် အသာဖွဖွ ပွတ်သပ်ကြည့်သည်။ နဖူးက ဟက်တက်ကွဲဒဏ်ရာ။ ပါးပြင်မှ ဟက်တက်ကွဲဒဏ်ရာ။ တော်တော်တော့ ကြီးမားသည်။

'အုန်သဲရေ'

သူ သတိလစ်နေတာပါ။

'အစ်ကိုသေပြီလား။ သေပြီလား'

ဆုန်ကျဲရ်လျှန်က အိပ်မက်ယောင်သူလို တတွတ်တွတ် မေးနေသည်။

'မသေဘူး။ မသေဘူး'

ထိုခဏ၌ ငွေဝန်းတို့ကားဘေးသို့ ကြိုးတစ်ချောင်းလျှော ဆင်းလာသည်။ ထိုကြိုးကို မြင်လိုက်ရသောအခါ သူမ သွေးရူးသွေး တမ်း မျက်ရည်ကျမိလေသည်။

'ကဲ ဂျူလီယာ တို့ အပေါ်ကိုတက်ကြမယ်။ ဒီကြိုးကို သတိထားကိုင်နော်။ ဒီကြိုးလွတ်သွားရင် တို့ သုံးယောက်လုံး သေပြီ'

ဆုန်ကျဲရ်လျှန်က ပုဝပ်နေရာမှ ဗြုန်းခနဲအားတက်သရော ထလိုက်သည်။

သူမ ထလိုက်သည့်အရှိန်ဖြင့် ကားသည် သစ်ကိုင်းပေါ်မှာ ညွတ်ကျ လှုပ်ယမ်းသွားသည်။

'ဖြည်းဖြည်း' ငွေဝန်း အော်ပစ်လိုက်မိ၏။

ထို့နောက် ဆုန်ကျဲရ်လျှန်သည် တောင်နံရံဆီမှာ မပီတပီ လှုပ်ယမ်းနေသောကြိုးစကို အားယူ၍ဆွဲလိုက်သည်။ ပထမ တစ်ခါ မရ။

'ဆုန်ကျဲရ်လျှန် ဖြည်းဖြည်း။ ခဏစောင့် ဒီဘက်ကို မြ

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာမှ ဆွဲ'

သူမက ထျန်းအုခ်ထန်ကို ပခုံးမှ ဆွဲမထားရင်း ပြောရသည်။ ငွေဝန်းတစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေသည်မှာ ကြောက်လန့်မှု ကြောင့်လား။

ကျွန်မ သေမှာကြောက်သတဲ့လား။

ဆုန်ကျဲရှလျှန်လက်ထဲသို့ ကြိုးကို မိသွားသည်။

'ကျွန်မတက်နှင့်မယ်'

'အေး'

ဆုန်ကျဲရှလျှန်ကားထဲမှ လွတ်ထွက်သွားသည့်အခါ အလေးချိန် ပြောင်းလဲမှုကြောင့် ကားသည် တစ်ဘက်သို့ နိမ့်ဆင်းသွားသည်။

'အစ်မ ရှိနေရဲ့လားဟင် အစ်မ'

အပေါ်မှ ပိုင်စိုး၏အသံသဲ့သဲ့။

'အစ်မရေ ကျွန်တော့်ကို အသံလေးပြုပါဦး'

ငွေဝန်းသည် ပိုင်စိုး၏အသံကို ကြားလိုက်ရသောအခါ ဝမ်းသာလွန်းသဖြင့် လှိုက်ခနဲတုန်ရီယိမ်းယိုင်သွားတော့သည်။

သူမသူ့အား အသံလှမ်းပြုရန် အော်ကြည့်သည်။ အော်လို့မရ။ အသံက ဆို့နင့်နေလေသည်။

ပိုင်စိုး။ သူမအသံက လည်ချောင်းထဲတွင်ပင် တိမ်ဝင်သွားသည်။

'အစ်မရေ ကျွန်တော်ဆင်းလာခဲ့ပြီနော် မကြောက်နဲ့'

ဆုန်ကျဲရှလျှန်တက်သွားသော ကြိုးသည် တအိအိတက်နေသည်မှာ စိတ်မရှည်နိုင်စရာပင်ဖြစ်သည်။

ကလေးမရယ် မြန်မြန်တက်ပါ။ ကားက ချောက်ထဲကျတော့မယ်။

ငွေဝန်း အော်ပြောလိုက်ချင်ပေမယ့် အသံက ထွက်လို့မရတော့။ နှုတ်ခမ်းတွေကလည်း ဆတ်ဆတ်တုန်နေခဲ့ပြီ။

BURMESE CLASSIC .com



'အစ်မ ကျွန်တော် လာပြီ။ မကြောက်နဲ့နော်'

အသံသည် ဝေးလွန်းနေသလိုပဲ။ မျှော်လင့်လို့မရနိုင်အောင် ဝေးနေသည်။ ရှင် ဘယ်ရောက်နေလဲ။ ရှင်ဘယ်မှာလဲ။

ဆုန်ကျဲရှလျှန်သည် မြင်ကွင်းထဲမှ ပျောက်သွားသည်။ သူ အပေါ်ရောက်သွားပါစေတော့။ မြန်မြန်အပေါ်ရောက်သွားပါစေတော့။

လေဟာနယ်ထဲရောက်နေသလိုပင် သူမတစ်ကိုယ်လုံး လွင့်မြောနေရင်း တစ်ချိန်တည်းမှာပင် လေးပင်သောကျောက်ခဲကြီး ဆွဲခံထားရသလိုပဲ လေးလံနေခဲ့သည်။

ဘုရားရေ။ သရဏဂုံကို ဘယ်ကစရွတ်ရသလဲ။

ဘာမှ ခေါင်းထဲပေါ်မလာတော့ပေ။

ထျန်းအုခ်ထန်၏ ခြေထောက်က ကားထိုင်ခုံအောက်မှာ ညပ်နေသလား။ သူမ ဆွဲထုတ်ကြည့်ရမည်ဟု စဉ်းစားသော်လည်း မလှုပ်ဝံ့။ ကားသည် သစ်ပင်ယိမ်းတိုင်း တကျိုကျိုမြည်နေပြီဖြစ်သည်။

'အစ်မရေ၊ အဲဒီမှာ ကြိုး အစ်မတက်ခဲ့တော့'

ဝေးလွန်းလှပေမယ့် ပိုင်စိုး၏အသံမှာ သာယာလိုက်တာဟု တွေးနေမိ၏။ ကြိုးက ငွေဝန်းအနီးသို့ ဘုတ်ခနဲ ထိလာလေသည်။ သူမ ထိုကြိုးကို လက်ဖြင့်လှမ်းကိုင်လိုက်သည်။ ကြိုးကိုထိလိုက်ရသည့်အခိုက်အတန့်၌ သူမတစ်ကိုယ်လုံး ပေါ့ပါးသွားသည်။ ငါ မသေတော့ဘူး။

ကြိုးကိုဆုပ်ကိုင်ကာ ကားထဲမှအထွက်တွင် ထျန်းအုခ်ထန်ထံမှ ညည်းသံသဲ့သဲ့ကြားလိုက်ရသည်။

အုခ်သဲ

သူမ ကြိုးဖြင့်တက်သွားပြီးနောက် ကြိုးပြန်ချပေးသည့် ထိုင်...

အောင် သူ သတိရပါ့မလား။ သတိမရခဲ့လျှင် သူဘယ်လို...

အပေါ်သို့ရောက်နိုင်ပါ့မလဲ။

သူ့ကို သူမ ကိုယ်တိုင်မှ ကြိုးနှင့်ချည်မပေး... သူဘယ်

www.burmeseclassic.com

www.burmeseclassic.com



တော့မှ အပေါ်သို့ရောက်မှာမဟုတ်။

သူမ ကိုင်ထားသော ကြိုးကို နှမြောတသစွာဖြင့် ထျန်းအုန်ထန်ကို ချည်နှောင်ပေးရန်ပြင်မိသည်။ ဟင့်အင်း။ ကားသည် အချိန်မရွေး ပြုတ်ကျသွားတော့မည်။ သည်တစ်ဆင့် ထပ်ပြုတ်သွားလျှင် ဟိုး အောက်ခြေ ချောက်ထဲသို့ ကျတော့မည်။

မဖြစ်ဘူး။ ကျွန်မ သေလို့မဖြစ်ဘူး။ ကျွန်မမှာ ဆောင်ရွက်စရာတွေ အများကြီးရှိသေးသည်။

ငွေဝန်းသည် ထျန်းအုန်ထန်ထံမှ မျက်နှာလွှဲလိုက်ပြီး ကြိုးကို တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်လိုက်မိသည်။

ကြိုးတစ်လျှောက်တွယ်တက်ရန် သူမကိုယ်ကို ကားထဲမှ ထွက်လိုက်သည့်အချိန်တွင် ကားသည် နောက်တစ်ကြိမ် ယိမ်းခါသွားသည်။ ပို၍ ပို၍ ကြမ်းတမ်းစွာ။

ကျွန်မကို ခွင့်လွှတ်ပါအုန်သဲရယ်။ သူမ မျက်လုံးတွေမှာ မျက်ရည်တွေဖြင့်ဝေဝါးလာသည်။

ငွေဝန်းသည် မျက်ရည်တွေကို ညှစ်ခါထုတ်ပစ်လိုက်၏။

မမရယ် ကျွန်တော် မမကို ချစ်တယ်။

ဖွန်ဒုလျှန်။

သူမ ပင့်သက်တစ်ချက်ကို ကြောက်လန့်တကြား ချလိုက်မိ၏။ ထို့နောက်မှာတော့ ထျန်းအုန်ထန်၏ကိုယ်ခန္ဓာကို ကားထဲမှ အားကုန်သုံးလျက် မယူဆွဲထုတ်လိုက်သည်။

နိုးပါတော့ အုန်သဲရယ်။ ကျေးဇူးပြုပြီးနိုးလိုက်စမ်းပါ။

သတိလစ်နေသော ခန္ဓာကိုယ်တစ်ခုသည် အလွန်အမင်းလေးလံလှသည်ပါလား။

ငွေဝန်းသည် ကြိုးကို ထျန်းအုန်ထန်၏ ခါးမှသိုင်းလျက် ပတ်လိုက်ပြီးမှ ပေါင်နှစ်ဘက်ကို ကွင်းသိုင်းသိုင်းလျက် ချည်လိုက်သည်။



တစ်ထပ်နှင့်စိတ်ချရမလား။ မသေချာ။ နောက်တစ်ထပ် ထပ်ရစ်ချည်နှောင်လိုက်သည်။ စိတ်ချရလောက်ပြီဟုယူဆတော့မှ ကြိုးကို လှုပ်ခါပြလိုက်သည်။

'ပိုင်စိုး'

အသံက ခြောက်ကပ်တိုးတိမ်နေသဖြင့် ပထမတော့ အသံက မထွက်။ သူမလည်ချောင်းတွေ ဘာဖြစ်နေပြီလဲ။

'ပိုင်စိုး'

သည်တစ်ခါတော့ အသံက ခပ်ကျယ်ကျယ်ထွက်လာ၏။ သူမ အားတက်သွားသည်။

'ဆွဲပါ။ ဆွဲပေးပါ'

'အစ်မ'

'ဆွဲပါ'

'ဆွဲပြီ'

ထို့နောက် ခွေခေါက်နေသော ကိုယ်လုံးက ကြိုးနှင့်အတူ တရွေ့ရွေ့ပါလာတော့သည်။ ဆွဲပါ။ မြန်မြန်လေးဆွဲပါပိုင်စိုးရယ်။ ထျန်းအုန်ထန်တစ်ကိုယ်လုံး ကားထဲမှလွတ်သွားသည်။

အလေးချိန်တစ်ခုလျော့သွားသည့်အတွက် ကားသည် တစ်ဘက်သို့ ဝုန်းခနဲ စောင်းနိမ့်သွားသည်။

အမေ။

ငွေဝန်းကြောက်လန့်တကြား မျက်စိမှိတ်ထားလိုက်ရသည်။

တစ်နေရာရာမှ တုန်ခါနေသံကို ကြားရသည်။ ထိုနေရာသည်မိမိကိုယ်တွင်းတစ်နေရာဖြစ်သည်။ ငွေဝန်းကိုယ်ထဲမှာ တဆတ်ဆတ် တုန်ရီနေခြင်းဖြစ်သည်။

သူမ အပေါ်သို့မော့ကြည့်လိုက်သည်။

အလို။ နေ့လှချည်ရဲ့။ ကြိုးတန်းလန်းနှင့်ထျန်းအုန်ထန်သည် သူမအထက် ခေါင်းပေါ်မှာပဲရှိသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ငွေဝန်းမော့ရာမှ ခေါင်းပြန်ငုံ့လိုက်သည့်အခါ ကားသည် ယိမ်းထိုးသွား၏။ ယိမ်းထိုးရာမှ စောင်းခါလာသည်။ သူမ ကြောက်လန့်တကြား ကားသံတန်းကို ဆုပ်ညှစ်ကိုင်ထားမိသည်။

ဟင့်အင်း။ အဲဒီကို မကိုင်နဲ့လေ။

ဘေးက သစ်ပင်ကို ကိုင်မှ ဖြစ်မည်။ သို့သော် ကားကို လက်လွှတ်လိုက်ဖို့ သူမ ကြောက်နေပြန်၏။

ထိုအခိုက် ဝုန်းခနဲ လေပြင်းတစ်ချက်တိုက်ခတ်လိုက်ချိန်တွင် သူမ တည်ရှိနေသော ကမ္ဘာမြေကြီးတစ်ခုလုံး တုန်ခါသွားသည်ကို ခံစားလိုက်ရသည်။

အမေ။

ကိုယ်ခန္ဓာကျန်ခဲ့ပြီး ကားက ကျယ်လောင်သောအသံဖြင့် ပြုတ်ကျသွားလေသည်။

'အစ်မ'

နီးကပ်လာသော ထိုအသံကို ငွေဝန်း ကြားဖူးသလိုလို။ အစ်မဆိုတာ ဘယ်သူလဲ။

'အစ်မ ကျွန်တော်ဒီမှာ။ လက်လှမ်းလိုက်'

သူမ သစ်ပင်အကိုင်းကို ဆွဲမိဆွဲရာဆုပ်ကိုင်လိုက်သည်။ အို နာလိုက်တာ။ ငွေဝန်း လက်ကို စူးရှသောဝေဒနာကလွှမ်းမိုးသွားသည်။ သူမ အလန့်တကြားလွှတ်ချလိုက်မိ၏။

သူမသည် ထို နာကျင်မှုဝေဒနာမှ လွတ်သွားပြီ။ သို့သော် ထိုဝေဒနာသာမက အရာအားလုံးကနေ လွတ်သွားခြင်းဖြစ်သည်။

'အစ်မ'

သူမ နှာခေါင်းထဲသို့ လေတွေ တိုးဝင်လာသည်။ အေးလိုက်တာ။

'အစ်မရေ'

အလောတကြီး ခပ်ဝါးဝါးအသံသည် သူမ နောက်ဆုံးကြား



လိုက်ရသော အသံပါပဲ။

အဲသည်နောက်တော့ တစ်လောကလုံး တိတ်ဆိတ်သွား၏။

အသူတရာနက်လှသောချောက်ကမ်းပါးကြီးဟူသည့် အသုံးအနှုန်းကို သူမ ကြားဖူးနေတာ ခဏခဏပါပဲ။ သို့သော် မိမိ၏နောက်ဆုံးအချိန်သည် ထိုစကားလုံးနှင့် ဆက်စပ်နေလိမ့်မည်ဟု မနေ့က အထိ ကြိုတင်တွေးမကြည့်မိခဲ့။

မိုးကောင်းကင်ကြီးက ဖောက်ထိုးမိုးမျှော် ဖြစ်သွားသည်။ လေတွေက သူမ နှာခေါင်းထဲသို့ ကြမ်းတမ်းပြင်းထန်စွာ တိုးဝင်လာသည်။ သူမသည် အောက်သို့ လွင့်စဉ် ထိုးစိုက်ကျနေခဲ့သည်။

တိမ်တွေကို ထိတွေ့ချင်၊ ခံစားချင်လွန်းသည့် မိန်းမ၊ တိမ်တွေကြားထဲသို့ အဆီးအတားမရှိ တစ်ကိုယ်လုံးထိုးစိုက်ဆင်းပြီး ဝင်သွားနေခဲ့ပြီ။ သူမ ပျော်ရွှင်ပါရဲ့လား။ ကျေနပ်ပါရဲ့လား။

အေးလိုက်တာ။

**ဖွန်ဒုလျှန်။ မမကို စိတ်မဆိုးပါနဲ့နော်။**

**ထိုအချိန်မှာပင် မိမိအိပ်မက်၏နောက်ဆုံးဇာတ်သိမ်းကို သူမ သတိရသွားသည်။**

**တံတားအောက်သို့၊ ချောက်ကမ်းပါးနက်သောမြစ်ထဲသို့ သူမ ထိုးစိုက်ဆင်းကျသွားလိုက်တာ။ အိပ်မက်ပါ။ အဲဒါ အိပ်မက်ပါ။**

အသဲနှလုံးက မူလနေရာမှ ခုန်ထွက်။ လည်ချောင်းမှာ အသက်ရှူလို့မဝအောင် ကျပ်ခဲဆို့နစ်။တစ်ကိုယ်လုံး ထုံကျင် အေးခဲ။ ခေါင်းထဲမှာတော့ ပူပြင်းလှသည်။ နားနှစ်ဘက်မှာ လေတိုးသံက တဝေါဝေါ။ အခုဟာက အိပ်မက်မဟုတ်။ ဒါ အိပ်မက်မဟုတ်။

ဘုရားရေ။ ကျွန်မ ဘယ်လောက်ထိ နာကျင်ရမှာလဲ၊ ကြောက်လိုက်တာ။ ဖွန်ဒုလျှန် မင်း ဘယ်မှာလဲ။

အောက်သို့ကျဆင်းချိန် ဘယ်လောက်ကြာမှာလဲ၊ ကြောက်

www.burmeseclassic.com

www.burmeseclassic.com



မိနစ်၊ ရှစ်မိနစ်။ တောင်ကဘယ်လောက်မြင့်ပါလိမ့်။ ပေ ငါးထောင်၊ ခြောက်ထောင်။ မရောက်သေးဘူးလား။

တိမ်ငွေ့တွေက အေးစက်လွန်းသဖြင့် တုန်ခိုက်လာသည်။ သူမ ဘယ်လိုအရာမျိုးအပေါ်ကျသွားမှာလဲ။ ကျောက်သားအတိ ပြီးသည့် ကျောက်နံရံစောင်းတစ်ခုပေါ်လား။ သို့မဟုတ် မြေကြီးနှင့် ကျောက်သား ရောနေသည့် မာကျောသည့် အစိုင်အခဲတစ်ခုပေါ်လား။ သို့မဟုတ် ယခုလိုပဲ နူးညံ့အေးခိုက်လှသည့် အဖြူရောင်တိမ်ခိုးတိမ်ငွေ့ တွေပေါ်သို့လား။

မကြောက်နဲ့။

သေရတော့မည်။

မကြောက်ပါနဲ့။

လောကကြီးမှာ မိမိကို စုပ်ယူ ဝါးမြိုထားသောအရာတွေက များလှသည်။ ထိုအရာများမှ လွတ်မြောက်ဖို့မှာ သေခြင်းတစ်ခုကိုသာ အားကိုးစရာရှိတော့သည်။ သေခြင်းသည် သူမအား ကယ်တင်မည့် ကယ်တင်ရှင်။ မတုန်လှုပ်ပါနဲ့။

နာကျည်းတုန်လှုပ်မှုတွေဆီမှ လွတ်မြောက်အောင် သူမကို ကယ်တင်လိမ့်မည်။ နောင်တတွေထံမှလွတ်မြောက်အောင်။ စိတ်ပျက် အားလျော့မှုတွေထံမှ လွတ်မြောက်အောင်။

သည်တော့ သူမ ဘာကိုများ ကြောက်လန့်တုန်လှုပ် နေရ ဦးမှာလဲ။ ကျပေစေပေါ့။

နာကျင်မှုလား။ အိုး အောက်သို့ မရောက်မချင်း သူမ နာကျင်မှုကို ခံစားရဦးမှာမဟုတ်။ နောက်ဆုံးအချိန်အထိ တိမ်စိုင် တိမ်လိပ်များကို စီးပြီး တရွေ့ရွေ့ ခရီးနှင်နေသည် ဟု သဘော ထားနိုင်သည်။ အောက်ခြေအမာခံတစ်ခုနှင့် အရှိန်ပြင်းစွာ ထိပြီး အရိုးအစုအဝေးအဖြစ် ကွဲကြေ ကျိုးပြတ် မသွားမချင်းပေါ့။

တစ်ခုပဲရှိပါသည်။

BURMESE CLASSIC .com



သူမ ဤကမ္ဘာလောကမှ မထွက်ခွာမီ နောက်ဆုံး အချိန်၊ နောက်ဆုံးမိနစ်၊ နောက်ဆုံးစက္ကန့်တွင် မိမိချစ်သောသူတစ်ယောက်၏ ရင်ခွင်မှာ ရှိသွားနိုင်ဖို့ ခဏခဏ စိတ်ကူး ယဉ်ခဲ့ဖူးသည်။ အခုတော့ ထိုစိတ်ကူးသည် ဘယ်လိုမှမဖြစ်နိုင်တော့မှန်း သူမ သိလိုက်ရပြီ။

ချစ်သူ၏ရင်ခွင်မှာ ခိုဝင်မှေးစက်ခွင့်လေးကိုတောင် မရနိုင် တော့သည့်အဖြစ်မို့ သူမ ဝမ်းနည်းလှပါသည်။

ဒါပေမဲ့ ကျွန်မ ချစ်သူက ဘယ်မှာလဲ။ ဘယ်သူလဲ။

◆

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

၃၀

တိမ်တွေဟာ သိပ်လှတာပဲလို့ ကိုယ်ပြောရင်
မင်းယုံလိုက်ပါ။

ချူး

www.burmeseclassic.com